www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## နင်ရယ် ငါရယ် သူတို့ရယ်


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၆၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၇၅၁၆၁၁

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၁၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်

၈၉၅.၈၃

လမင်းမိုမို

နင်ရယ် ငါရယ် သူတို့ရယ်/လမင်းမိုမို၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) နင်ရယ် ငါရယ် သူတို့ရယ်


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို



နှင်ရယ်

ငါရယ်

သူတို့ရယ်



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ကုန်တိုက်ကြီးတစ်ခုရဲ့ စားသောက်ဆိုင်တန်းကွေ့ကွေ့ကလေးမှာ ရေခဲမုန့်ဆိုင်အတွင်း ရေခဲမုန့်ပွဲကြီးတစ်ပွဲမှာ၍ ကောင်မလေးတစ်ယောက်က ထိုင်စားနေရင်း သူ့ရှေ့ချထားတဲ့ Laptop မှာလည်း အာရုံများနေပါသည်။ ကြိုးမဲ့ Wi-Fi စနစ်နှင့် အင်တာနက်ဖမ်းမိတဲ့ ကုန်တိုက်ကြီးဖြစ်၍ ဟိုနေရာ ဒီနေရာ နေရာတချို့မှာလည်း Laptop ကိုယ်စီနှင့် အင်တာနက်သုံးနေတဲ့ လူတချို့ ရှိနေသည်။

Face book ထဲမှာ ဂိမ်းမ်တစ်ခု စိတ်ပါဝင်စားစွာ ကစားနေတဲ့ ကောင်မလေးရဲ့ Laptop မျက်နှာပြင်ပေါ်မှာ ညာဘက်အောက်နားက အချက်ပြနေတာလေးတစ်ခု ပေါ်လာပါသည်။ ဘဲစ်စုံတစ်ယောက်က သူမကို Face book မှတစ်ဆင့် Chat လုပ်ဖို့ လှမ်းခေါ်နေတာပင်။

ကောင်မလေးက လှမ်းဖွင့်ကြည့်လိုက်လျှင် ...

"ဟိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့ မေးတာလဲ"

"သိချင်လို့ပါ"

"ကိုချမ်းမြေ့ သူငယ်ချင်းဆို ...၊ ကိုချမ်းမြေ့က ကျွန်မနာမည်ရင်းကို သိတာပဲဟာ၊ ဒါ ကျွန်မနာမည်ရင်း ဟုတ်မဟုတ် ရှင်လည်း သိမှာပေါ့"

"ချမ်းမြေ့နဲ့ ခင်ခဲ့ပေမယ့် မတွေ့တာကြာပြီ၊ သူငယ်ချင်းဟောင်းတွေမို့လို့ FB မှာ Add ထားပေမယ့် အဆက်အသွယ် မရှိပါဘူး၊ မင်းကိုလည်း မင်းပုံလေးမြင်လို့ ခင်ချင်တာနဲ့ လှမ်း Add ထားလိုက်တာပါ၊ ချမ်းမြေ့ဆီမှာ ဘာမှမမေးမိဘူး၊ အခု မင်းကိုပဲ တိုက်ရိုက်မေးတာပါ"

"မဝါနဲ့လည်း သိတာပဲ မဟုတ်လား"

"ဝါဝါ့ကိုလည်း မမေးပါဘူး၊ မင်းနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ ဘာမှ စကားစပ်ပြီး မမေးဖူးဘူး"

"ကောင်းတယ်"

"မင်းကိုယ်တိုင်ပဲ ဖြေလေ"

"ရှင့်ကိုမှ ကျွန်မ မသိဘဲ"

"Friend ဖြစ်နေပြီပဲ"

"ဒါက ရှင့်သူငယ်ချင်း စာရင်းထဲမှာ ကိုချမ်းမြေ့တို့ မဝါတို့ ဒေါက်တာစောလှတို့ ဖေဖေ့မိတ်ဆွေ အန်ကယ်သော်ကြီးတို့ အန်တီယုတို့ပါ ပါနေတော့ ကလေကချေ အဖေ




ဝ
စီစဉ်သူ မောင်ကျော်လှိုင်
စေတနာစာပေ၏ စင်တင်စာစောင်သစ်
စာရေးဆရာမ
ကုဋေကုဋာ
အဆိပ်ချိုချိုအချစ်ခါးခါး

မျှော်ပါ......... ထွက်တော့မည်။

www.burmeseclassic.com

စိမ့်ဦးသူ မောင်ကျော်လှိုင်
စေတနာစာပေ၏ ဝင်တင်ကလောင်သစ်
တရေးဆရာမ
ကုဋေကုဋာ
ခုံးနွားညှိတဲ့ နှောင်ကြိုးမဲ့ချစ်ခြင်း



မကြာမီ........ထွက်တော့မည်



အတေတော့ မဟုတ်ဘူး ဆိုပြီး Accept လုပ်လိုက်တာပါ၊ ဒါပေမဲ့ ရှင့်ကို ကျွန်မ မသိသေးဘူးလေ"

"ကိုယ့်အကြောင်း သိချင်တာရှိရင်မေးပါ၊ Message ပို့ပြီး ဖြေပါ့မယ်၊ လူပုံကို မြင်ဖူးချင်ရင်လည်း Message မှာ ဓာတ်ပုံပါ ထည့်ပို့ပေးပါ့မယ်"

"ပို့လိုက် ... ရှင့်အကြောင်းတွေ အကုန်ပို့လိုက်"

"အကုန် ? ? "

"ဒါပေါ့၊ သိခွင့်ရှိသမျှပေါ့၊ ဒါမှ ခင်မင်နိုင် မခင်မင်နိုင် တကယ်သိရမှာ"

"အားလုံး သိခွင့်ရှိပါတယ်၊ အားလုံးပို့ပေးပါ့မယ်၊ နေပါ လိုက်မယ်လေ၊ အခုတော့ မင်းအကြောင်း ပြောပါပဲ။ တယ်"

'လး

ဗ

"ဘာပြောမှာလဲ"

"ရည်းစားရှိလား"

"OMG ! ဘာတွေ လာမေးနေတာလဲ"

"သိချင်လို့ပါဗျာ"

"ရှင် သိချင်တိုင်း ဖြေရမှာလား"

"ဒါဖြင့် အခု တစ်ယောက်တည်း လာတာလား"

"အင်း ... ရှင် တစ်ယောက်တည်း မြင်တယ် မဟုတ်လား"

"တစ်ယောက္ခ်ယောက်ကို စောင့်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မစောင့်ပါဘူးနော်"

"ဘယ်သူ လာစရာရှိလဲ"

"ဘယ်သူမှ လာစရာမရှိဘူး၊ ဒီနေ့ အိမ်မှာ ဖေဖေ့မိတ်ဆွေတွေလာစုပြီး ချက်ပြုတ်စားသောက်ကြလို့ လူတွေများ၊ နားတွေငြီးနေတာနဲ့ ဒီကိုထွက်လာတာ၊ ကဲ ... ရပြီလား၊ ဂိမ်းမ်ဆော့နေတယ်"

"ဘာဂိမ်းမ်လဲ"

"Cafe world"

"ဒါများ ဆက်တိုက်နှိပ်နေရတာမှ မဟုတ်ဘဲ၊ ပစ်ထားလို့ရတာပဲဟာ"

'ဟိုဘက်မှာလည်း အပင်တွေ စိုက်နေသေးတယ်၊ မအားဘူး"

"ကလေးလည်း မဟုတ်ဘဲနဲ့ ဈေးဂိမ်းဆော့နေတယ်"

"အမယ် ! ကျွန်မရဲ့ Cafe world အိမ်နီးနားချင်းထဲမှာ အသက် ၆၀ အဘွားကြီးတောင် ပါသေးတယ်၊ ဒီအရွယ်တောင် ဆော့တာ"

"တစ်ခု မေးဦးမယ်၊ ခွင့်ပြုပါ"

"ခွင့်မပြုလည်း ဆက်တိုက်မေးနေပြီးတော့များ"

"မင်းမှာ စေ့စပ်ထားတဲ့သူ ရှိတယ်ဆိုတာ တကယ်လား"

"........."





"ဟိတ် ... ဖြေလေ"

"........"

"ရှင် ဒါတွေပဲ စိတ်ဝင်တစား မေးနေတယ်၊ ရှင် မရိုးသားဘူး"

"ဒါတွေ သိချင်တာဟာ မရိုးသားတာ ဆိုရင်တော့ မရိုးသားဘူးပဲ ထားလိုက်ပါတော့၊ ကိုယ် မင်းအကြောင်း စိတ်ဝင်စားလို့ပါ၊ ဘာမှမမေးမမြန်းဘဲ ကိုယ်ဆန္ဒရှိတာတွေပဲ ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ လုပ်နေမိရင် မယဉ်ကျေးရာ ရိုင်းရာကျသွားမှာစိုးလို့ မေးကြည့်တာပါ"

ကောင်မလေးက တစ်ခဏကြာမျှ စဉ်းစားနေပါသည်။ တကယ်တော့ သူက ရှင်းရှင်းပဲ ရိုးရိုးပဲ မေးနေတာပါပဲ။ သူ စိတ်ဝင်စားတဲ့ မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က ရည်းစားရှိ,မရှိ စေ့စပ်ထားသူ ရှိတယ်ဆိုတာ ဟုတ်မဟုတ် မေးကြည့်တယ်ဆိုတာ တကယ်တော့ အကြောင်းပြချက် ခိုင်လုံသားပင်။

ပိုင်ရှင်ရှိရင် နောက်ဆုတ်မယ်၊ ပိုင်ရှင်မရှိရင် ရှေ့တိုးမယ်ဆိုတဲ့ သဘောမျိုး သက်ရောက်တယ် မဟုတ်လား။

"ရှင် ဘယ်က ကြားတာလဲ"

"အမှန်အတိုင်း ဖြေရရင် ဦးမင်းသော်ဆီက"

"ရှင့်ကို ဘယ်လိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုတော့ တိုက်ရိုက်ပြောပြစရာ အကြောင်းမရှိပါဘူး၊ ကျွန်တော်လည်း မမေးဖူးပါဘူး၊ ဒါပေမဲ့ အန်ကယ်ဦးမင်းသော်နဲ့လည်း အလုပ်ချင်းပါ အဆက်အစပ်ရှိပြီး ခင်မင်နေတော့ အစည်းအဝေးတစ်ခုမှာဆုံတုန်း တခြားတစ်ယောက်က ဦးမင်းသော်ကို မေးတာပါ၊ ဦးစိုးမိုးသမီးကို ဦးတင်ထွဋ်သားနဲ့ စေ့စပ်ထားတယ်ဆိုတာ ဟုတ်လားတဲ့၊ အဲဒီလူက ဦးတင်ထွဋ်ဘက်က ဒီသတင်းကြားလာတဲ့သဘောပါ၊ အန်ကယ်ဦးမင်းသော်က လူကြီးချင်းတော့ စကားပြောသံ ကြားတယ်တဲ့၊ ပြန်ဖြေတာ သေးကကြားလိုက်ဖူးတာပါဗျ"

"အွန် ... ဒီလူကြီးတွေကလည်း ဘာလို့ ကျွန်မအကြောင်း သတင်းလုပ် ပြောနေကြတာတဲ့တုန်း"

"ကြည့်ရတာ မေးတဲ့ပုဂ္ဂိုလ်က မင်းကို သူ့သားနဲ့ စိစဉ်ချင်လို့လားမှ မသိတာ"

"ဟား ဟား ... ရှင် ဆိုလိုတဲ့သဘောက ကျွန်မကို သားရှင်တွေက အလုအယက် စဉ်းစားခန်း ဝင်နေကြတဲ့သဘောပါလား"

"ဒါပေါ့ဗျာ၊ ဦးစိုးမိုး သမီးဆိုတာ စီးပွားရေးလောကမှာ နာမည်ကြီးပါ၊ စီးပွားဥစ္စာအရ အဖေက နာမည်ကြီးပြီး သမီးက အချောအလှမှာ သတင်းမွှေးလေတော့ သားရှင်





တွေရော သားတွေကိုယ်တိုင်ရော စိတ်ကူးတော့ ယဉ်ကြည့်ဖူးကြမှာပါ"

"ရှင်က ဘာလဲ၊ စီးပွားရေးလောကဂျာနယ်က အတွင်းရေးသတင်းထောက်လား"

"ဟား ဟား ... ကိုယ်က ဒီလောကထဲက တစ်ထောင့်တစ်ချောင်က ပါမွှားလေးပါ အမြွှစိမ်းရယ်"

"အန်ကယ်သော်ကြီးတက်တဲ့ အစည်းအဝေးမှာ ရှင်လည်း ရှိတယ်ဆိုတဲ့အချက်နဲ့ စဉ်းစားလိုက်ရင် အန်ကယ်သော်ကြီးက သူ့ရဲ့ကိုယ်ပိုင်ကုမ္ပဏီအပြင် တခြားဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်ဖြစ်တယ်ဆိုတာ ကျွန်မသိထားတယ်၊ ဒါဖြင့် ရှင်က Asia Beauty ဆောက်လုပ်ရေးမှာ အလုပ်လုပ်နေတဲ့သူ တစ်ယောက်လား"

"ဟင်း ဟင်း ... မင်း တော်တယ်၊ ဟုတ်ပါတယ်။ ကိုယ်က Asia Beauty မှာ လုပ်တယ်"

"အဲဒါ တော်တာမဟုတ်ပါဘူး၊ အန်ကယ်သော်ကြီး Asia Beauty မှာ ရှယ်ယာပါတာ သိထားလို့ ပြောနိုင်တာပဲဟာ"

"ဒါဖြင့် မင်းနဲ့ ဦးတင်ထွဋ်သားကို စေ့စပ်ထားတာ မှန်လား"

"စေ့စပ်ထားတဲ့အထိ ကျွန်မဘက်က အတည်မပြုရသေးပါဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးချင်းတော့ သဘောတူထားတာပေါ့နော်"

"ဖေဖေကတော့ တိုက်တွန်းဖူးတယ်"

"ဦးတင်ထွဋ်သားက ဘယ်ကလဲ၊ ဘာလုပ်လဲ"

"ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ရှင်ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး၊ စပ်စုတာ သက်သက်ပါ"

"ရှင် တော်တော်စပ်စု၊ ရှင့်ကိုဖြင့် ကျွန်မက မသိရဘူး၊ ရှင် အခု ဒီနားမှာ ဘယ်မှာထိုင်နေလဲ၊ အင်္ကျီဘာဝတ်ထားလဲ၊ မဖြေရင် စကားဆက်မပြောတော့ဘူး၊ တော်ပြီ"

"ပြောလို့ရပါတယ်"

"ရရင်ပြောလေ"

"ကိုယ်က မင်းရဲ့ညာဘက်စောင်းစောင်းနားက နားနေခုံလေးမှာ၊ မင်းနဲ့ ပေသုံးဆယ်လောက်လှမ်းတယ်၊ လက်ဖက်စိမ်းရောင် စပို့ရှပ် ဝတ်ထားတယ်"

ကောင်မလေးက ခေါင်းလေး မသိမသာမတ်ပြီး စာကြည့်မျက်မှန်လေးပေါ်မှကျော်ကာ ညာဘက်စောင်းစောင်းကို ကြည့်လိုက်ပြန်ပါသည်။ ဟော ...။ ဟိုနားက နားနေခုံလေးမှာ။ လက်ဖက်စိမ်းရောင် စပို့ရှပ်နဲ့တဲ့။ ဆံပင်လေးတွေတိုပြီး ဖြူသန့်နေတဲ့လူရွယ်က နှုတ်ခမ်းလေး ခပ်လွန့်လွန့် တွန့်ပြုံးနေကာ သူမကို လက်လေးတစ်ဖက် ထောင်ပြနှုတ်ဆက်လိုက်ပါသည်။





အသားဖြူဖြူ ... မှောင်ပုပ်ပုပ်အစိမ်းရောင်စပို့ရှပ် ပုဆိုးခပ်မှောင်မှောင်လေးနှင့် ကတ္တီပါဖိနပ်မည်းမည်းကပါ ခြေဖမိုးဖြူဖြူဝင်းဝင်းမှာ ထင် နေတဲ့လူရွယ်ကို ကောင်မလေးက တစ်ခဏ စိုက်ကြည့်နေမိသည်။ ကြည့်ကောင်းတဲ့ သူ့အသွင်အပြင်လေးကိုလည်း ချက်ချင်းပဲ နှစ်လိုမှုတစ်မျိုး ဖြစ်မိသည်။

"ဟိတ်"

"………"

"ဟိတ် ... ကြည့်လှချည်လား"

"အနားမှာ နောက်တစ်ခါမြင်ရင် မှတ်မိအောင် ကြည့်ရတာပေါ့"

"နောက်တစ်ခါမြင်ရင် ခေါ်မှာလား"

"ရှင်ခေါ်ပေါ့"

"ကိုယ်ကခေါ်မှာ သေချာတာပေါ့၊ မင်းက လက်ခံတုံ့ပြန်စကား ပြောမှာလား"

"အဲဒီအချိန် အခြေအနေအရပဲ"

"အခြေအနေက ဘယ်ပေါ်မူတည်လဲ"

"ဖေဖေက ကျွန်မကို ယောကျ်ားလေးအပေါင်းအသင်းထားတာ မကြိုက်ဘူး၊ ရှင်နဲ့စကားပြောဖို့ အဆင်ပြေရင်ပြောမယ်၊ အဆင်မပြေရင် မပြောဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေတယ် မပြောဘူး ဆိုတာက !! "

"ရှင် နောက်တော့ သိလာမှာပေါ့"

"ခုလည်းသိသလိုလိုပဲ"

"ရှင် ဘာကိုသိတာလဲ"

"မင်းရဲ့သွားလေရာနောက် အမြဲတမ်းလိုလို တကောက်ကောက်ပါနေတဲ့ လူတစ်ယောက် ရှိမှန်းတော့ သိတယ်"

"ဟား ဟား"

"ဟုတ်တယ် မှလား"

"ရှင်က ပတ်ဝန်းကျင် စူးစမ်းလေ့လာမှု ကောင်းသားပဲ"

"ကိုယ်တို့ထက် အသက်နည်းနည်းကြီးတဲ့အရွယ်၊ အမြဲတမ်း ရှိုးကျစမတ်ကျ သပ်ရပ်နေတဲ့သူလေ၊ မင်းကလည်း သူနဲ့တူတူ သွားလာတာ များတယ်၊ ဟုတ်တယ်မှလား"

"အင်း"

"သူက ဘယ်သူလဲ"

"ရှင် နောက်တော့ သိလာမှာပေါ့"

"အခု သိခွင့်ပြုတော့ရော ဘာဖြစ်မှာမို့လို့လဲ"

"ရှင့်ဘာသာရှင် စုံစမ်း"

"အဲဒါ ဦးတင်ထွဋ်ရဲ့သားလား"

"ကိုယ့်ဟာကိုယ် သိချင်ရင် စုံစမ်းပေါ့"





"ကိုယ်က မင်းအကြောင်းပဲ စုံစမ်းချင်တာ၊ ကိုယ်နဲ့ပြိုင်ဘက်ဖြစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကြောင်းကို မစုံစမ်းချင်ပါဘူး၊ စိတ်လည်းမဝင်စားပါဘူး"

"ရှင်နဲ့ ပြိုင်ဘက်ဖြစ်နိုင်တဲ့ ယောကျ်ား ? ဟုတ်လား"

"ဘာလဲ ... ကိုယ်က ဦးတင်ထွဋ်သားရဲ့ပြိုင်ဘက် မဖြစ်နိုင်ဘူးလို့ ဆိုလိုချင်တဲ့သဘောလား အမြဲစိမ်း"

"ဘာမှ မဆိုလိုရပါလားရှင်"

"ဒါဖြင့် ဘာဖြစ်လို့ ရယ်ချင်တဲ့အသံမျိုး ပေါက်နေတာလဲ"

"ရယ်ချင်သံ ပေါက်မိလို့လား၊ မဟုတ်ရပါဘူး ကိုဇဝရတ်ရယ်၊ ရှင်က ပြိုင်ဘက်ဆိုတဲ့ စကားလုံးကို အတိအလင်း သုံးစွဲပြီး ကျွန်မကို ဘာသဘောနဲ့ ချဉ်းကပ်တယ်ဆိုတာ ကြေညာလိုက်မိတာ ကိုယ့်ကိုယ်ကိုယ် သတိပြုမိရဲ့လား"

"ဟုတ်သားပဲ ... ဟဲ ဟဲ"

ကောင်မလေးက ဇဝရတ်ရှိရာဘက် လှမ်းကြည့်ကာ စောင်းရွယ်လိုက်လျှင် ဇဝရတ်က ရယ်ကျဲကျဲလေး နှာခေါင်း ...နေလေသည်။

"တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"မင်းက အဲဒီ ရှိုးကျကျလူကို မလိုလားတဲ့ပုံတော့ တစ်စက်ကလေးမှ ပေါက်မနေဘူးနော်" ပြုံပါ ...

www.burmeseclassic.com



"ဟုတ်လား"

"မင်းနားမှာ သူ ရှိတတ်တာ၊ သူ ရောက်လာတာ အေး မှာပါနေတာတွေအတွက် နည်းနည်းပါးပါး တစ်ခါတစ်ရံ စိတ်အနှောင့်အယှက်ဖြစ်တဲ့ပုံ ပြတတ်ပေမယ့် မင်းပုံစံက ဒီလူ့အပေါ် ခင်မင်ရင်းနှီးမှု အတော်ရှိတယ်"

"ဟုတ်လား"

"မင်းထက်လည်း အသက်ကြီးတော့ တစ်ခါတစ်ရံ ဆိုးချင် နွဲ့ချင်တဲ့ အမူအရာ အရိပ်အရောင်မျိုးတောင် တွေ့ရတယ်"

"ရှင် အတော်လေ့လာထားတာပဲ၊ ဘယ်တုန်းကတည်းက ကျွန်မနောက်ကို ရှင်လိုက်ကြည့်နေတာလဲ"

"အမြဲတော့ မဟုတ်ပါဘူး၊ အလုပ်တစ်ဖက်လည်းရှိသေး တော့ ရံဖန်ရံခါလောက်ပါ၊ ဒါတော့ဗျာ ကိုယ်စိတ်ဝင်စား တဲ့ မိန်းကလေးတစ်ယောက်အတွက် အချိန်ပေးရမှာ သဘာဝ ပဲပေါ့"

"တဖြည်းဖြည်းနဲ့ ရှင့်အတွင်းသဘောတွေ အကုန်ထွက်ပေါ် လာပြီ"

"ဟား ဟား ... ဒါပေမဲ့မင်းမှာ မင်းကြည်ဖြူပြီးသား စိတ်ချင်းညီတူပြီးသား ရွေးချယ်ပြီးသားလူ ရှိပြီးပြီဆိုရင် တော့ ကိုယ်က လူရိုင်းမဟုတ်ပါဘူး၊ နားလည်မှုရှိပါတယ်၊ မရှိသေးဘူးဆိုရင်တော့ အကြိမ်ကြိမ် ဆုတောင်းနေတာပါ"





"မရှိသေးပါဘူးလို့ ကျွန်မက ရှင့်ကို လမ်းဖွင့်ပေးသလို ဖြေလိမ့်မယ်လို့ ရှင် ထင်နေလား"

"ရှိပြီးရင်တော့ မရှိသေးပါဘူးလို့ မညာဘူး မဟုတ်လား၊ ပိုင်ရှင်ရှိပြီးကြောင်း မင်း ပွင့်ပွင့်လင်းလင်း ပြောမှာပဲလေ"

"ရှင် လူလည်မကျနဲ့"

"အဲဒီလူကို မင်း ဘယ်လိုသဘောထားလဲ"

"ဘယ်သူလဲ"

"မင်းအေးနား ကပ်ကပ်နေတဲ့ ရှုံ့ကျကျလူလေ"

"အဟင်း ... အဲဒါ ကိုကြီးဗသက်"

"ကိုကြီးဗသက် !!၊ ခေါ်တာကိုက ချစ်စနိုးကြီးပါလား"

"ဟား ဟား၊ ကျွန်မတို့က ငယ်ငယ်ကတည်းက ရင်းနှီး ခင်မင်လာတာကိုးရှင့်"

"မင်းရဲ့ချစ်သူတော့ မဟုတ်သေးဘူး မဟုတ်လား"

"မဟုတ်သေးပါဘူး"

"ဒါဆို ရတယ်"

"ဘာရတာလဲ"

"ဘယ်လောက်ပဲ ရင်းနှီးနှီး ခင်မင်မင် ဘယ်နှယောက် ရှိရှိ မင်းမှာ လက်ခံထားပြီးသားချစ်သူ မရှိသေးဘူးဆိုရင် ရပါတယ်၊ ကိုယ့်ကို ကြိုးစားခွင့်ပြုပါ ... နော်"



www.burmeseclassic.com

www.burmeseclassic.com



"ချင် တော်တော်ခွကျပါလား၊ ကျွန်မက ဟုတ်ကဲ့ရှင့်လို့ ပြောပါ့မလား"

"ခွကျတာ မဟုတ်ပါဘူးဗျ၊ ပွင့်လင်းရိုးဖြောင့်တာပါ၊ ဒါမှ မင်းလည်း ကိုယ့်ကို အရှိအတိုင်း ရှင်းရှင်းနားလည် စဉ်းစားလို့ ရမှာပေါ့၊ ဘော်ဒါဖြစ်ချင်သလိုလို အပျော်သဘော ပေါ့တီးပေါ့ဆလိုလို မင်း ထင်နေဦးမယ်၊ ရှင်းရှင်းသိသွားတော့ ကောင်းတာပေါ့၊ ရိုးသားပွင့်လင်းတာ အကောင်းဆုံး မဟုတ်လားဗျ"

"ကဲ ... ဟော်စို့တော့၊ ကိုကြီးဗသက် လာနေပြီရှင့် ... ဟင်း ဟင်း"

ဇဝရတ်က ခေါင်းမော့ကာ ဟိုဒီကြည့်လိုက်လျှင် Mall ထဲကို ဘိုင်ကျကျ လျှောက်ဝင်လာတဲ့ အဲဒီလူကို ထင်းခနဲ လှမ်းမြင်လိုက်ရပါသည်။ ပြောင်လက်နေတဲ့ဆံပင်၊ ခါးသိမ်ထားတဲ့ ဖဲန်စီကုတ်အင်္ကျီအနက်၊ စတိုင်ကျကျ ဘောင်းဘီရှည်အနက် ရှူးအရောင်လက်လက်နှင့် သန့်ကြော့နေတဲ့ ဒီလူကို မိန်းကလေးတွေ လှည့်ပြန်ငေးကုန်ကြပါသည်။

❤ ✌ ❤





၁

"ဟယ်လို"

"ဟဲ့ ... မိပိုး၊ ဖုန်းကိုင်တာ ကြာလိုက်တာဟယ် တဂွဲ အကြာကြီး ခေါ်နေရတယ်၊ နင် ဘယ်ရောက်နေလဲ"

သိမ့်သိမ်မွှေ့က ဖုန်းထဲကို စိတ်မရှည်နိုင်စွာ ညည်းညူ ပြောဆိုလိုက်ပါသည်။

"ဘယ်မှ မရောက်ဘူးဟေ့၊ အနားမှာထိုင်နေရင်းကကို ငါ့ဖုန်းသံ မထင်တာ၊ တီဗီက သီချင်းသံပဲ ထင်နေကာ"

"အဲဒါက ဘယ်လိုဖြစ်ရတာလဲ"

"ဖုန်းအသစ် လဲလိုက်လို့ဟေ့၊ Ring Tone ပေါ့က ငါနဲ့ Familia မဖြစ်သေးတဲ့ အသစ်တွေချည်း ဖြစ်နေတာနဲ့ ငါ့ဖုန်းသံ မထင်မိတာဟေ့၊ ဘာရယ်ဟုတ်ပါဘူးဟယ်၊ ဟူ



www.burmeseclassic.com

www.burmeseclassic.com



ဘာကာ အိုင်ဖုန်း အိုင်ဖုန်း ဆိုတော့ ငါလည်း အိုင်ဖုန်းလဲ လိုက်တယ်၊ အပျင်းပြေပေါ့ဟယ်"

ဟွန်း ...။

မိပိုးတို့ကတော့။ သိမ့်သိမ်မွှေ့က နှုတ်ခမ်းလေးကို ရွဲ့လိုက်ပါသည်။ ဖုန်းလဲတာတောင် အပျင်းပြေတဲ့။ တစ်လုံး မဟုတ် တစ်လုံးတော့ ကြွားလုံးတင်ရမှ။

"ကဲ ... ဘာတုံး၊ ပြောလေ မိသိမ့်"

"နောက်အပတ် Stage show ကြည့်မယ်နော်၊ ငါ လက်မှတ်မှာလိုက်ပြီ"

"အာ ... နင်ကလည်း မပြောမဆိုနဲ့၊ ငါ့ကို မေးပါဦးလား"

"အမြဲကြည့်နေကျပဲ ထပ်မေးနေစရာလား"

"ဒီပွဲက ဈေးကကြီးတာ လွန်လွန်းအားကြီးတယ်၊ မတန်တဆကြီးတာ"

"ဘာပဲဖြစ်ဖြစ် ကြည့်ရခဲ့ပါတယ်ဟယ်၊ ဘာလဲ ... နင် အိုင်ဖုန်းဝယ်လိုက်ရလို့ အသုံးအစွဲ ချွေတာနေရတာလား၊ ဒါဆိုလည်း ငါ ပြပ့ါမယ် ငါ့သူငယ်ချင်းရယ်"

သိမ့်သိမ်မွှေ့က တမင်အသာစီးယူ ပြောလိုက်ကာ ကိုယ့်ဟာနှင့်ကိုယ် ကုပ်လေးပုပြီး ဝမ်းသာကျေနပ်နေသလောက် တစ်ဖက်မှာ ပိုးပုလဲက မျက်နှာရှုံ့တွသွားရရင်း ...





"အမယ်လေးဟယ်၊ ဖုန်းဝယ်မိတာနဲ့ပဲ ချွေတာနေရစရာလား၊ နင်ပဲ ပြီးခဲ့တဲ့တစ်ပတ်က စိန်လက်စွပ် အသစ်ဝယ်တယ်ဆို၊ နင် အကုန်အကျတွေ များနေလို့ ငါက နင့်အတွက်ငဲ့ပြီး ပြောတာပါဟဲ့၊ ချွေတာရမှာက နင် မဟုတ်လား"

"ကဲပါ ... တစ်ယောက်ကိုတစ်ယောက် နှိပ်ကွပ်မနေနဲ့၊ ဒီ Stage show လက်မှတ်ဖိုးလေးများ နင်လည်းပြနိုင်တယ်၊ ငါလည်းပြနိုင်တယ်၊ ဒါပေမဲ့ ထုံးစံအတိုင်း အမေရိကန် စစ္စတမ်မ်၊ ကိုယ့်စရိတ်ကိုယ်ရှင်းပဲပေါ့၊ ငါ ပိုက်ဆံစိုက်ပေး လိုက်ပြီ ကြားလား၊ ဒီတစ်ခါဆုံရင် သုံးသောင်းပြန်ပေးဖို့ သတိရဦး မိန်းမ ... ဟွန်း"

သိမ့်သိမ်မွှေ့နှင့် ပိုးပုလဲ သူငယ်ချင်းနှစ်ယောက်တို့ ဟာ ခြောက်တန်း ခုနစ်တန်းကတည်းက ပေါင်းခဲ့ တွဲခဲ့တဲ့ သူငယ်ချင်းတွေပင်။ ပေါင်းသင်းလာကြတဲ့ သက်တမ်း ၁၅-နှစ် ကျော်လာချိန်မှာတော့ တစ်ယောက်ကိုတစ်ယောက်လည်း အတော် သံယောဇဉ် ကြီးကြသလို ငယ်ကတည်းက တစ်ယောက်နဲ့တစ် ယောက် အပြိုင်အဆိုင် မနာလိုဝန်တိုခဲ့ကြတဲ့ ဝသီလေးတွေကို လည်း ဖျောက်မရနိုင်ကြသေးတာပါ။

အခင်ဆုံးလည်း သူတို့နှစ်ယောက်အပြင် မရှိ။ ပြိုင်ဆိုင်ကြတဲ့နေရာမှာလည်း ကျောင်းစာ၊ အလှအပ၊ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ကောင်လေး အနည်းအများ၊ အဝတ်အထည်၊ လက်ဝတ်လက်စား၊ ကား။ ကျောင်းပြီးလို့ ကိုယ်ပိုင်အလုပ်ထူထောင်ကြမယ် ပြင်တော့လည်း လုပ်ငန်းချင်း ငါ့ထက်သူ မသာအောင်၊ သူ့ထက် ငါ မျက်နှာမငယ်ရအောင် ကြံဆရသေးသည်။

ခုတော့ ပိုးပုလဲက ခြေဆုံးခေါင်းဖျား ပြုပြင်ဆင်ယင်နိုင်တဲ့ Beauty Spa တစ်ခု ဖွင့်ထားသလို သိမ့်သိမ့်မွှေ့က လက်ကိုင်အိတ်နှင့် ဖိနပ်တွေရောင်းတဲ့ဆိုင်ကို နေရာသုံးနေရာမှာ ဆိုင်ခွဲသုံးခု ဖွင့်လှစ်ထားပါသည်။

အခုအချိန်မှာ နောက်ဆုံး အကြိတ်အနယ် အသေအလဲ ပြိုင်နေရတာကတော့ အပျိုကြီးဖြစ်တဲ့ နှစ်ယောက်စလုံး ဘယ်သူက အိမ်ထောင်ရက်သား ကောင်းကောင်း အရင်ကျမလဲ ဆိုတာပင်။ ကိုယ်က အရင်ဖူးစာဖက်ရဖို့လည်း အရေးကြီးသလို ကိုယ့်ဖူးစာဖက်ကလည်း အကောင်းစား အပျံစား အမြင့်စားဖြစ်ဖို့ လိုပါသေးသည်။

မိဘတွေကလည်း ပြည့်စုံသူတွေဖြစ်သလို ကိုယ်တိုင်တွေကလည်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလေး ဆိုင်လေး ကန္တားလေးတွေနဲ့ဆိုတော့ တော်ရုံတန်ရုံ သူများဝန်ထမ်းအဆင့်လောက်ကိုလည်း စိတ်ကူးထဲ မထည့်လိုပါ။ ကိုယ်တိုင်လုပ်ငန်းရှင်ဖြစ်တဲ့ သူမျိုးလောက်ကိုမှ မှန်းချင်တာဖြစ်ရာ ခေါင်းခေါက်ရွေးစရာကလည်း ဘောင်ကျဉ်းလှသည်။





ယယ်ယယ်ကလို ကိုယ့်ကိုလိုက်တဲ့ကောင်လေး များတာနည်းတာ ပြိုင်ဖို့မလိုတော့ဘဲ လိုက်သလောက်လူက တူတူတန်တန် ခန့်ခန့်ညားညား မြင့်မြင့်မားမားထဲကဖြစ်ဖို့ ပြိုင်လာရပါသည်။ ပြိုင်သာပြိုင်ရ ဒါမျိုးလူကလည်း ရှားပါးသေးသည်ဖြစ်ရာ တစ်ခါတစ်ရံတော့ အပိုဆာဒါးလေးတွေ လန့်ကြွတ်လေးတွေ လက်ထိုးဓာတ်လမ်းတွေထွင်ပြီး ကိုယ့်အမွှန်း ကိုယ်တင်ရတာကလည်း အလုပ်တစ်ခုပင်။

“နင်က Stage show အတင်းကြည့်ခိုင်းနေတာ ကိစ္စမရှိဘူး၊ အဲဒီ Stage Show ညပဲ ကိုကျော်စွာက ငါ့ကို ဒင်နာကျွေးချင်တယ် ပြောနေတာ၊ ဘယ်လိုလုပ်ရကောင်းမလဲတောင် မသိဘူး”

သိမ့်သိမ့်မွှေ့က တစ်ဖက်မှာ ကျိတ်နှာခေါင်းရှုံ့ရင်း...

“ဒင်နာကျွေးချင်တာပဲဟယ်၊ ဘယ်နေ့ကျွေးကျွေးပေါ့၊ ဒီ Stage show ရက်ပေါ်မှတဲ့လား၊ ဒီရက်မှ လိုက်မစားရင် ထပ်ချိန်းပြီး မကျွေးဘူးပေါ့၊ ဒီလိုလား၊ သူအားတဲ့ရက် ထွက်ရမှာလား၊ နင်အားတဲ့ရက် ထွက်စားပေါ့၊ ငါတော့ မရဘူး မိပိုး၊ ကိုသိန်းတန်ကို ငါမအားရင် မအားဘူးပဲ၊ သူအားတဲ့ရက်ပဲ ကိုယ်ကပါ ခယယ လိုက်အားမနေနိုင်ပါဘူး၊ ယောက်ျားတစ်ယောက်ကိုဟယ် အောက်ကျနောက်ကျတော့ ချော့ပြီး ဆက်ဆံမနေနိုင်ဘူး၊ သိတယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



အာလူးမ ... လျှောက်ကြွားမ။ မသိရင် ခက်မယ်။ ဟွန်း ... သူကများ အထက်စီးကတဲ့လား။ ပိုးပုလဲက တစ်ဖက်ကနေ ရှုံ့မဲ့ပွစိ ရေရွတ်နေမိပါသည်။ သူ မအားရင် မအားဘူးပဲ ပြောရအောင် ဟိုကကော သူ့ကို ချိန်းချက်ကျေးမွေးတာမျိုးရှိလို့လား။ မိသိမ့်များ ပါးစပ်ဟလိုက်ရင် အူဘယ်နှခွေလဲ ပိုးပုလဲတို့က သိပါ။ ရေတွက်နေဖို့မလို။ ဘာလို့ဆို ကိုယ့်အူခွေနဲ့ထပ်တူ ဖြစ်နေလို့လေ။

ကိုယ်က ကိုကျော်စွာဆို သူကလည်း ချက်ချင်း ဒက်ခနဲ ကိုသိန်းတန်တဲ့။ ကိုယ်က ကိုမင်းသူ ဆိုရင် သူက ကိုကိုအောင်၊ ဂုဏ်ငယ်မကျန်ရစ်စေရ။ ဒါတွေဟာ ဘယ်ကလူတွေလဲဆိုတော့ တကယ်တော့ အသိုင်းအဝိုင်းထဲက ကိုယ်နဲ့လည်းသိကျွမ်းသော လူလွတ်လည်းဖြစ်သော ခပ်ဟန်ဟန်လူတွေကို ဆွဲလွဲနာမည်တပ် ကြွားဝါပြောနေကြတာဆိုတာ ပိုးပုလဲလည်းသိ၊ သိမ့်သိမ်မွေ့လည်းသိ။

ဒါကြောင့်လည်း ဘယ်သူ့ ဘယ်သူကမှ ဘယ်သူ့ကိုမှ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ပေးနိုင်စွမ်းခြင်းမရှိ။ ကိုယ်ကြွားဝါထားသလောက်ကြီးမှ မရင်းနှီးတာကို။

"အေးပါဟဲ့ ... ငါကလည်း သူငယ်ချင်းနဲ့ သွားရလာရတာပဲ ပိုပျော်တာ၊ သင်းတို့ကို စိတ်မဝင်စားလို့ကို ခုထိ တစ်ယောက်တည်းနေတာ ကြည့်ပါလား"





နှစ်ယောက်နေချင်လို့ရော ရတာမို့လား။ ဒါမျိုးက ကိုယ်စလို့ရတဲ့ကိစ္စကျလို့။ စိတ်ထဲက ကျိတ်ဟားရသော်လည်း နှုတ်ကတော့ ...

"ဒါပေါ့ဟယ်၊ ငါအသိဆုံးပေါ့။ ငါလည်း ထို့အတူပဲဟာ"

"အော် ... ဒါနဲ့ ကိုဂျင်မီ အမေရိကားက ပြန်လာလို့၊ ငါ့ကို ချောကလက်တွေ လာပေးထားတာ၊ ငါက သိပ်မကြိုက်တတ်တော့ နင့်ကို ပြန်ပေးရဦးမယ် သိလား၊ နင်ကချောကလက်ကြိုက်တဲ့သူ မဟုတ်လား"

နင် City Mart က သွားဝယ်မှာ ငါသိပါတယ်ဟယ်။ ပိုက်ဆံကုန်ခံ သွားဝယ်ပြီး ကိုဂျင်မီပေးတဲ့ဟာလို့ ပြောပြီး လာပေးရင် ငါကလည်း စားရချည်သေးရဲ့။ အလကား စားရတာပဲဟာ ဘယ်ကရရ။

"ကျေးဇူးတင်လိုက်တာဟယ်၊ နင့်ကိုလည်း ငါ စင်ကာပူဝက်အူချောင်း ပြန်ပေးဦးမယ်၊ ကိုမျိုး ပါလာတာလေ"

တကယ်တော့ ဟိုးတစ်ခေါက် ဖေဖေ စင်ကာပူသွားကတည်းက ပါလာတာ။ မကုန်သေးဘဲ ရေခဲသေတ္တာထဲမှာ ရှိနေသေးတာ။ Expired Date လည်း ဝေးပါသေးတယ်။ ဒါကို ကိုမျိုး ပါလာတာလို့ပြောပြီး ပေးတော့လည်း နင် ဘာပြောနိုင်လဲ။ သင်းအဖေ သွားကတည်းက ပါလာတာဖြစ်မှာလို့ နင်တွေးနေမှာဖြစ်သလို နင်တွေးနေမှာကိုလည်း ငါ သိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးတွေနဲ့ ပိပိရိရိ တစ်ယောက်ကိုတစ်ယောက် အထင်မခံ အကြောမခံ ကိုရွှေပျားပိတုန်းတွေ ဝိုင်းဝိုင်းလည်နေသလို မျက်နှာပြောင်ပြောင်လေး ကြွားရဝါရတာကိုက သူမတို့နှစ်ယောက်အကြားက ထုံးစံမပျက်တဲ့ ဝတ္တရားလေးတွေပဲ မဟုတ်လား။

အဲဒီအပြိုင်အဆိုင် အနိုင်အရှုံးလေးတွေက လွဲရင်တော့ ပိုးပုလဲကလည်း သိမ့်သိမ်မွှေ့ကို အလွန်ခင်မင်သလို သိမ့်သိမ်မွှေ့ကလည်း ပိုးပုလဲကို အင်မတန် သံယောဇဉ်ကြီးပါသည်။ မတွေ့ဘဲ မနေနိုင်၊ မတွဲဘဲ မနေနိုင်၊ ဖုန်းမပြောဘဲ မနေနိုင်။ တစ်ယောက်ကို တစ်ယောက် ချစ်လည်းချစ်၊ ခင်လည်းခင် နာလည်းမနာလို ဆိုသလို သိမ့်သိမ်မွှေ့နှင့် ပိုးပုလဲတို့နှစ်ယောက်ရဲ့ အဖြစ်က မရိုးမဆန်း ဇာတ်လမ်းလေးတစ်မျိုးပင်။

Stage show ကျင်းပရာ ခန်းမရဲ့ဝင်ပေါက်အပြင်ဘက် ကော်ရစ်ဒါမှာ လူတွေက ရှုပ်ယှက်ခတ်နေသည်။ ပွဲစဖို့လည်း အချိန်က လိုသေးတာမို့ ကြိုရောက်နှင့်တဲ့ သူတွေကလည်း ခန်းမထဲ ဝင်ထိုင်နှင့်တဲ့သူ ခပ်ရှားရှား။ ကိုယ်လှလှပပ ဝတ်စားပြင်ဆင်ထားတာလေးတွေ ရှိုးပြရင်း ဟိုလျှောက် ဒီလျှောက် လတ်လျားလတ်လျား လုပ်နေကြတာပင်။





ယောကျ်ားသားတွေက ဝ လှလှပပ မိန်းမသားတွေကို မျက်စိစားပွဲထိုင်ဖို့ မျက်စိ၄ လုံးနဲ့မလောက် ဆိုသလို ဖြစ်နေသည်။ တစ်ယောက်တစ်မျိုး၊ မရှိ နိုင်အောင် ဝတ်ကြ စားကြ ပြင်ဆင်ထားကြတာမို့ ဟိုဘက်လေးကြည့်လိုက်ရ ဒီဘက်လေး ကြည့်လိုက်ရ။ ဟိုဖော်ဒီဖော် ပေါ်ပေါ်လော်လော်လေးတွေ တွေ့ရင်လည်း မသိမသာ ငမ်းလိုက်ရ။

မိန်းမသားတွေကလည်း တကယ်ဆိုတော့ အကြည့်ခံရမှာသိလို့လည်း နဂိုထက်ပိုကာ လှလှပပ ပြင်ဆင်မွမ်းမံလာကြတာပင်။ အဲဒီထဲမှာ နှစ်ယောက်တစ်တွဲ ပါဝင်နေတဲ့ သူတွေကတော့ ပိုးပုလဲနှင့် သိမ့်သိမ်မွှေ့ပင်။

“မိသိမ့် ... ငါ့စကတ်က တအားကျပ်လား”

“သိပ်မကျပ်ပါဘူးဟ့”

“နည်းနည်းတော့ တစ်တယ် မဟုတ်လား”

“နည်းနည်းတော့ တစ်မှာပေါ့၊ နင်က ဝချင်ပြီဆိုရင် ဖင်ကစ,ကြီးတာကိုး”

“ကောင်မစုတ်”

ပိုးပုလဲက သိမ့်သိမ်မွှေ့ကို မျက်စောင်းခုတ်လိုက်ပါသည်။

“ဟုတ်တယ်လေ၊ မဝစေနဲ့ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"သူများကိုပဲ ပြောနေနော် မိသိမ့်၊ နင့်ကျတော့ လက်မောင်းက စ,ဝတာလေ၊ နင့်လက်မောင်းကို နင်လျှော့ဦး၊ နို့မို့ ဒီလို လက်ပြတ်လေးတွေ ကြာကြာဆက်ဝတ်ရတော့မှာ မဟုတ်ဘူး"

သိမ့်က ချိုင်းပြတ်ပြတ်လေးဝတ်ကာ ပခုံးကစ,ဖော်ထားတဲ့ သူ့ရဲ့အင်္ကျီအနက်ရောင် ပြတ်ပြတ်လေးကို ငုံ့ကြည့်ရင်း လက်မောင်းလေးကို ယောင်ယမ်းကိုင်ကြည့်မိသည်။ ဟုတ်တော့ ဟုတ်ပါရဲ့။ လက်မောင်းသားက ပြည့်ပြည့်လာနေတာ။

သူတို့နှစ်ယောက်လုံး အသက်တွေက နှစ်ဆယ့်ရှစ် နှစ်ဆယ့်ကိုး။ ဘာပဲဖြစ်ဖြစ် သုံးဆယ်တွင်းတွေပေါ့။ သုံးဆယ်ထဲ ဝင်ပြီဆိုတော့ ဟိုနား ဒီနားလေးတွေမှာ မသိမသာ အဆီအသား လေးတွေ တိုးလာစပြုပြီ။

ကျောနဲ့လက်မောင်းမှာ အသားတိုးလာတဲ့အတွက် ဆံပင်ကျောလယ်လောက်ကို သိမ့်ကမဖြတ်ရဲ။ ဒစ်ဂျစ်တယ်ကောက် ကောက်ကာ ကျောပေါ်ဖြန့်ချပြီး ကျောနဲ့ပခုံးများကို မသိမသာ ကွယ်ထားရတာပါ။ မိပိုးကတော့ ပေါင်တွေ တင်ပါးတွေ ဝတတ် တဲ့ အမျိုးအစား။

ပိုးက ဆံပင်လေးကို ကုပ်ပိုးနားတစ်ဝိုက်မှာတင် စတက်ပ်ဖွာဖွာလေး ညှပ်ထားသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းက သိပ်မဝ၍ နည်းနည်းပိုကြည့်ကောင်းသလို သိမ့်က တွေးယှဉ်ကြည့်





မိသည်။ အင်း ,,, သို့ပေမယ့် မျက်နှာကျတော့ ကိုယ်ကပဲ ပိုလှတာပါလို့ ကိုယ့်အမွှန်းကိုယ်တင် တွေးလိုက်ပါသည်။

ပိုးမျက်နှာက ခပ်ပြားပြားလေ။ မျက်ရစ်လည်း ဘယ်မှာ သေချာရှိလို့လဲ။ ဒါကြောင့် အိုင်းလိုင်နာကို ခပ်မည်းမည်း ပြားပြားကြီး ဆိုးပေးထားရတာ ကြည့်ပါလား။ မျက်အိမ်လည်းမကျယ် မျက်ခုံးကလည်းပါးပါး။ အသားဖြူတာတစ်ခုလောက်ပဲ အားသာချက်ရှိတာ မဟုတ်လား။

သိမ့် ဤသို့ ကြည့်တွေးနေခိုက် ပိုးကလည်း သိမ့်နှင့် ကိုယ့်ကိုယ်ကိုယ် ယှဉ်တွေးနေမိပါသည်၊ သိမ့်က ကိုယ့်လို ဘင်ပါးမကြီးတော့ ဘောင်းဘီဝတ်ရင် ပိုကြည့်ကောင်းတာပေါ့။ အပေါ်ဘက်က ဝ,ချင်ပေမယ့်လည်း ဆံပင်ခွေကောက်ကောက်တွေနဲ့ မသိမသာ ဖုံးဖိထားတော့ မပေါ်လွင်လှဘူးပေါ့။

ကြည့်လိုက်ရင် သူကပိုပြီး ပေါ့ပေါ့ပါးပါးပုံတော့ ဆါက်သည်။

ဒါပေမဲ့ အသားက ကိုယ့်လောက်မဖြူတော့ ခုလို အနက်ရောင်ယှဉ်ဝတ်လိုက်ရင် ကိုယ်ကပိုပြီး ဝင်းစက်တယ်ထင်သည်။ ပြီးတော့ သိမ့်ရဲ့နှုတ်ခမ်းက တစ်ဆိတ် ထူလွန်းအားကြီးချင်တာကို သူက နီညိုပုပ်ရောင် အမြဲဆိုးတော့ သူ့မျက်နှာကြည့်လိုက်ရင် အရင်ဆုံး အဲဒီနှုတ်ခမ်းအနီညိုပုပ်ကြီးကိုပဲ ပြူးခနဲ တန်းမြင်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး မျက်ခုံးလည်း ကိုယ့်ထက်ပိုလှပေမယ့် ပါးပြင်အောက်ဘက် မေးရိုးစောင်းလေးတွေနားမှာ ဆယ့်နှစ်ရာသီ ပေါက်နေတဲ့ ဝက်ခြံဖုလေးတွေက တစ်ခါအလှဖျက်ပြန်သေးရာ အင်း ... ယှဉ်တွေးလိုက်တိုင်း သူသာတယ် ကိုယ်နာတယ် ကိုယ်သာတယ် သူနာတယ် အဖြေမထွက်။

"အထဲဝင်တော့မလား ပိုး"

"အထဲမှာ လူမှသိပ်မရှိသေးတာ"

"အေး ... လှောင်လည်း လှောင်ပါတယ်နော်"

"အပြင်မှာမှ လူတွေမြင်ရသေးတယ်၊ အထဲမှာ ပျင်းစရာကြီးပါဟာ"

"ဒီနားလေးပဲ ခဏရပ်နေသေးတာပေါ့"

"အေး ... ဟဲ့ ... သိမ့်၊ ဟို ... နီညိုရောင်က ဘိုဘို့ညီမ မဟုတ်လား"

"ဘယ် ဘိုဘိုလဲ"

"ဩော် ... တီတီစီကလေဟယ်၊ ဆယ်တန်းပြီးတာနဲ့ ဩစတြေးလျား ထွက်သွားတာ၊ ပြန်လာတော့ ဟိုအဆိုတော်နဲ့ ယူမလိုဖြစ်ပြီးမှ ..."

"ဩော် ... အေး၊ ဘိုဘို့ညီမလား"

"ဟုတ်တယ်လေ၊ သူ့အေးက တွဲလာတာက ကျောက်စိမ်းအန်တီတင့်သားပေါ့"





"ဩော်"

စုံတွဲလေးတွေမြင်ရင် ပိုအကဲခတ်မိသည်မှာ ကိုယ့်မှာတော့ စုံတွဲရယ်လို့ တွဲပြစရာ မရှိသေးလို့လား မသိပါ။ ဘယ်သူ့သားနဲ့ ဘယ်သူ့သမီး၊ ဘယ်သူ့ညီမနဲ့ ဘယ်သူ့အစ်ကို၊ တွေ့တဲ့အထဲက လူသိတွေကို တီးတိုးဝေဖန်နေမိကြပါသည်။

အဲဒီတုန်းမှာ ပိုးနှင့် သိမ့် နှစ်ယောက်လုံး သတိပြုမိသည်မှာ လေကားလက်ရန်းနား ရပ်နေတဲ့ စတိုင်ကျကျ ရှိုးကျကျ လူတစ်ယောက်ကိုပါ။ အဲဒီလူဟာ လေကားလက်ရန်းကို ကျောမှီရပ်ပြီး နှုတ်ခမ်းကိုစေ့၍ ပီကေကို ခပ်ဖြည်းဖြည်းဝါးနေသည်။ လက်နှစ်ဖက်ကို ပိုက်ထားကာ မသိမသာ တွန့်ထားတဲ့ မျက်ခုံးမျက်မှောင်အောက်က မျက်လုံးတွေက ပိုးနှင့် သိမ့်တို့ဘက် စူးစူးရဲရဲ ကြည့်နေပါသည်။

ဖျတ်ခနဲ ထိုသူနှင့် မျက်လုံးချင်း သွားရင်ဆိုင်မိလိုက်ကြတဲ့ ပိုးပုလဲနှင့် သိမ့်သိမ်မွေ့သည် စူးစူးရဲရဲ ရှိလှတဲ့ ထိုသူ့ရဲ့မျက်ဝန်းများကြောင့် ရှက်အမ်းအမ်း ကြောင်အက်အက်ဖြစ်သွားကြရကာ သူ ဘယ်သူ့ကိုကြည့်ပါလိမ့်လို့ အဖြေထုတ်လို့မရနိုင်သေးမီ ဟန်ကိုယ့်ဖို့လေး အသီးသီး တင်းဆယ်လျက် ကိုယ်တွေအချင်းချင်းလည်း တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးက သိမ့်ကို အကဲခတ်လိုက်လျှင် သူ့ကို သူ့လိုပဲ ပြန်အကဲခတ်လိုက်တဲ့ သိမ့်ရဲ့မျက်လုံးများကို အကြောင်းသိချင်းပီပီ ရိပ်မိလိုက်နိုင်ပါသည်။

ထို့ကြောင့် ချက်ချင်းပင် ...

"ဟဲ့ ... မိသိမ့်"

"ဘာလဲ"

"ဟိုနားကလူ နင့်ကို ရှိုးနေတယ်"

"အောင်မယ် ... ငါက ပြောမလို့ဟာကို သူက ဦးသွား[illegible] ပြန်ပြီ၊ ဘယ်က ငါ့ကိုဖြစ်ရမှာလဲ၊ နင့်ကိုဟဲ့ နင့်ကို"

"အပိုတွေ လျှောက်ပြောမနေနဲ့၊ ဒီလောက်တောင် မျက်တောင်မခတ် ကြည့်နေတာ"

"အဲဒါနဲ့ ငါ့ကို ဖြစ်ရောလား"

"ဒီဘ[illegible]ကိုပဲ ကြည့်နေတာပဲဟာ"

"အေး ... လုံး[illegible]အမှန်တရားကို ပြောရမယ်ဆိုရင် နင့်ကို[illegible] လား ငါ့ကိုလား ဆိုတာ သေသေချာချာ သဲသဲကွဲကွဲ မသိ[illegible] နိုင်ဘူး"

"အေး [illegible] ဟုတ်တယ်၊ နင့်စကား အမှန်ပဲ၊ နင့်ကိုလာ[illegible] ငါ့ကိုလား မသိနိုင်ဘူး၊ ဒါပေမဲ့ ဒီနေ့ ငါ့သူငယ်ချင်းလေ[illegible] က လှနေတော့ ငါက နင့်ကိုလို့ ထင်လိုက်မိလို့ပြောတာ"

"[illegible]ူကတော့ ဖြောင့်ဖြောင့်ပဲ"





"အင်း"

"ခုထိကို စိုက်ကြည့်နေတုန်းဟေ့၊ အကြည့်ကလည်း ရဲလိုက်တာ"

"ဟုတ်ပါ့၊ သူ ကြည့်နေမှန်း ဒီမိန်းကလေးတွေ သိတယ် ရိပ်မိတယ် ဆိုတာလည်း သိနိုင်ရဲ့သားနဲ့ အားနာပြီး မျက်နှာလွှဲမသွားဘူး"

"ကျော့ချို ကလူနီနဲ့ မတူဘူး[illegible]"

"လာပြီ၊ နင်ကြိုက်တဲ့မင်းသားနဲ့ တူတယ်လို့ နင်သတိမှတ်လိုက်ကတည်းက နင့်စိတ်ထဲမှာ သူ့ကို နှစ်သက်မှုရှိနေပြီ"

"အောင်မယ် ... ကျော့ချို ကလူနီ နင်ရော မကြိုက်လို့လား"

"ကြိုက်ပါတယ်"

"သူနဲ့ မဆင်ဘူးလား၊ ပြော"

"အေးဟဲ့၊ နင်ပြောမှ သတိထားမိလာတာ၊ တော်တော်ဆင်တယ်"

သိမ့်နှင့် ပိုးသည် အဲဒီလူကို တိုက်ရိုက်ကြီး မကြည့်[illegible]ဘော့သော်လည်း အမှတ်တမဲ့ ကိုယ့်ဟာကိုယ် စကားပြောရင်း[illegible]ရင်း မျက်လုံးဝေ့ဝဲမိသယောင်မျိုးနှင့်တော့ ဖျတ်ခနဲ ဖျတ်ခနဲ [illegible]ည့်မိကြပါသည်။

ဟုတ်အကျီ ဘောင်းဘီရှည် ရှူးစ်တို့နှင့် တစ်ကိုယ်[illegible] ဘယ်နားမှ ချို့ယွင်းချက်မရှိအောင် ပြည့်စုံသားနားသပ်ရ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အဲဒီလူဟာ ရုပ်ကလည်းသန့်ပြီး လင်းထွက်နေသည်။ အသားဖြူဖြူ မျက်ခုံးမျက်လုံးတွေ နက်မှောင်မည်းစိမ်းလျက် နားရွက်ရှေ့ကဒေါက်ကို ပုံသွင်းရိတ်သင်ထားသည်က မေးစွန်းထိ ရောက်ကာ မေးရိုးတစ်လျှောက်က ပါးမြိုင်းမွေး ရိတ်သင်ထားတဲ့ အစက်အပြောက်လေးတွေနှင့် ဆက်သွားသည်။

နှစ်ယောက်သားဟာ ထိုသူရဲ့ရုပ်ရည် ဟန်ပန် စတိုင်လ် ပုံစံအားလုံးကို သဘောတကျရှိနေမိပြီး သူ ဘယ်သူ့ကို များကြည့်နေတာပါလိမ့် ဆိုတာကို အသေအလဲ သိချင်နေမိကြ ပါသည်။

"တွီ ... တွီ ... တွီ"

စက်ရုပ်သံလို အသံဆန်းတစ်မျိုးနှင့် ဖုန်းမြည်သံ တစ်ခုက မလှမ်းမကမ်းမှ ထွက်ပေါ်လာပြီးလျှင် အဲဒီလူရဲ့ဘေး နားမှာရပ်နေတဲ့ လူရွယ်တစ်ယောက်က ဖုန်းကို ဖွင့်နားထောင် လိုက်ပါသည်။ ခေါင်းညိတ် ဟုတ်ကဲ့လုပ်ပြီးလျှင် ဖုန်းကို ထိုသူ ထံ ရိုရိုသေသေ ကမ်းပေးလိုက်တဲ့အတွက် သူက ဖုန်းလှမ်းယူ ကာ စကားတစ်ခွန်းနှစ်ခွန်း ပြောနေပါသည်။

အဲဒီနောက် ဖုန်းကိုပိတ်ကာ လူရွယ်ထံ ပြန်ပေး လိုက်လေသည်။

"အမယ်လေးဟဲ့ ... ဖုန်းထောင် တပည့်က ကိုင်ပေးရတယ်"

"ဟုတ်ပါ့တော်၊ မြင့်ပါ့"





ပိုးနှင့် သိမ့်က ပြုံးစိစိလေး အတင်းအုပ်နေကြပါ သည်။

"အသက်က အရမ်းမငယ်ဘူးနော်"

"သုံးဆယ့်ငါးနဲ့ လေးဆယ်ကြားလောက်ရှိမှာ"

"အေး ... ဟုတ်တယ်"

"ဒီအရွယ်ဆို ပါပါဖြစ်နေလောက်ပါပြီဟာ"

"ဟဲ့ ... ကလေးတို့ မိန်းမတို့ရှိရင် အနည်းဆုံး မိန်းမတော့ Stage show ကို ပါလာမှာပဲ၊ ဒီပွဲကလည်း အမျိုးသမီးဆို တဲ့ပွဲလေ"

"သူကြိုက်တဲ့ အဆိုတော်မို့ တစ်ယောက်တည်း လာကြည့် တာ ဖြစ်ရင်ဖြစ်မှာပေါ့"

နှစ်ယောက်သားဟာ ထိုသူရဲ့ပုံကို သဘောလည်း ကျတတမို့ ခန်းမထဲ မဝင်မချင်း အကဲခတ် ဝေဖန်မဆုံး။ သူက တော့ ပိုးနဲ့သိမ့်ကို ကြည့်လိုက် မကြည့်လိုက်။ ဒါပေမဲ့ တခြား မိန်းကလေးတွေကိုတော့ ပိုးတို့ သိမ့်တို့ကို ကြည့်သလောက် စူးစိုက်စိုက် လှမ်းစောင့်ကြည့်နေတာမျိုး မရှိပါ။

ဒီတော့လည်း မိန်းကလေးပျိုတွေပီပီ ပါးစပ်ဂ ဆဖန်တာ ပြောချင်ရာပြောနေတာတွေက တစ်ကဏ္ဍ။ တစ်ပြိုင် တည်မှာ ကိုယ့်ကိုယ်ကိုယ် တင့်တယ်အောင် စမတ်ကျအောင် လှအောင် ဂိုက်လေးတွေ ကိုယ်စီထုတ်နေရတာကတစ်ကဏ္ဍ။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်နေတာ သူ့ကိုလား၊ ဒါ့ကိုလား၊ သဲကွဲအောင် အဖြေရှာနေရတာကလည်း တစ်ကဏ္ဍ။

ပွဲစချိန်နီးတော့ ထိုလူက ခန်းမထဲ အရင်ဝင်သွားပါသည်။ ပိုးနှင့် သိမ့်တို့ ဝင်လာကြတဲ့အခါ သူ့ကို ရုတ်တရက် မတွေ့။ မကြာခင် မီးတွေလည်း မှောင်လာတဲ့အခါ မသိမသာ ဟိုရှာဒီရှာ ကြည့်ရင်းကမှ ဝင်ပေါက်တစ်ပေါက်မှာ လက်ပိုက်ရပ်မှီရင်း နေရာမှာဝင်မထိုင်တဲ့ သူ့ကိုတွေ့ပါသည်။ Stage show အပြီး ပြန်ကြတော့ ကားပါကင်မှာ ကိုယ့်ကားဆီ ကိုယ်အရင်မသွားနိုင်သေးဘဲ အဲဒီလူနဲ့တွေ့ဦးမလား၊ သူ ဘာကားနဲ့လာသလဲ ကျိတ်ပြီးရှာဖွေစူးစမ်းမိတဲ့အခါ သန့်ပြီးတောက်ပြောင်လှတဲ့ ပရာဒို ကားနက်ကြီးတစ်စီးနဲ့အေး ဖျတ်ခနဲ တွေ့ကြရပြန်သည်။





## ၂

"စိမ်းရေ"

"ရှင်"

"ကိုကြီးဗသက် ခေါ်နေတယ်"

အောက်ထပ်မှ မကြည် လှမ်းအော်သံကြောင့် အမြဲစိမ်းက အပေါ်ထပ်လှေကားမှ အပြေးလေး ဆင်းလာပါသည်။

"ကိုကြီးဗသက်"

"ရော့ ... ဒီမှာ၊ ညည်း စားချင်တဲ့ ဂဏန်းသက်မပေါင်း"

"အချိုဟုတ်ဘူးနော်၊ သမီးက သံပရာနဲ့ပေါင်းတာ စားချင်တာ"

"သံပရာနဲ့ ပေါင်းတာပါ၊ ညည်း တော်တော်လျှာရှည်ပါလား၊ ညည်းကြိုက်တာကို ငါမသိဘဲ နေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဟဲဟဲ ... ဒါကြောင့် ကိုကြီးဖသက်ကို အရမ်းချစ်တာ၊ စားမယ် ... စားမယ် ... အခုစားမယ်"

အမြစိမ်းက ကလေးတစ်ယောက်နှယ် ခုန်ပေါက်မြူးတူးနေတာကို ဖသက်က ကျေကျေနပ်နပ်ကြည့်ရင်း ...

"ကြည်ကြည်"

"ရှင်"

"မြမြ"

"ရှင်"

"သွား ... ခြံထဲမှာ နေရိပ်မှာ စိမ်းဖို့ စားပွဲဝိုင်းပြင်ပေး။ ဟိုးနောက်ဘက်ထဲ သွားမပြင်နဲ့၊ ဟိုကောင် မောင်တူး ပန်းပင်တွေ ရေလောင်းထားတာ ဘယ်လိုလောင်းမှန်း မသိဘူး၊ ရေဗွက်နဲ့ အိုင်နေတယ်၊ ရေကူးကန်နားပဲ ပြင်လိုက်"

"ဟုတ်ကဲ့"

"အချဉ်ကို သတ်သတ်ထည့်၊ ပြောင်းဖူးပုဇွန်လုံးကြော်လေးတွေကို မိုက်ကရိုဝေ့ဗ်မှာ ခဏနွေးလိုက်၊ ပြီးမှထည့်ခဲ့"

"ဟင် ... အများကြီးပဲ၊ စိမ်းတစ်ယောက်တော့ ဒီညနေလည်း ညနေစာ မစားဘူး လုပ်ဦးမယ်၊ ဒီလိုသုံးနာရီလေး နာရီကြီး ကိုကြီးဖသက်က တစ်ခုခု ဝယ်လာကျွေးလိုက်ရင် သူက ညနေစာလွှတ်ရော၊ ထမင်းကို မစားဘူး"





"ထမင်းမစားလည်း ဘာဖြစ်လဲ၊ သူကြိုက်တာ သူစားပြီး ဗိုက်ပြည့်သွားလည်း ပြီးတာပဲ၊ အဓိက,က ဗိုက်ပြည့်ဖို့ လိုရင်းမဟုတ်လား"

"အဟိ"

အမြစိမ်းက စောဒကတက်နေတဲ့ ကြည်ကြည့်ကို ကြည့်ကာရယ်သည်။ သူ ဝင်ပြောဖို့မလို၊ သူ့ဘက်ကနေ ကိုကြီးဖသက်က ကာကွယ်ပြောဆိုလိမ့်မည်။

"ဒါပေမဲ့ ထမင်းမှမစားတာ၊ ထမင်းမပါတော့ အားမဖြစ်ဘူးပေါ့"

"ထမင်းမပါလို့ အားမဖြစ်ရင် အင်္ဂလန် အမေရိကန်က လူတွေ အားပြတ်နေမှာပေါ့"

"အဟိ"

"သွားထည့်ခဲ့စမ်းပါ၊ ကလေးစားချင်တာ စားပါစေ"

"ဟီး ဟီး ... သွား ကြည်ကြည်၊ သွား ... ထည့်သာထည့်ခဲ့၊ ကိုကြီးဖသက်ဖို့ ဘီယာတစ်ပုလင်းပါယူခဲ့၊ ကိုကြီးဖသက် သောက်မယ်နော်"

"သောက်မှာပေါ့"

အတိုင်အဖောက် ညီညွတ်လှတဲ့ ဖသက်နဲ့ အမြစိမ်းတို့ ချစ်စနိုးနှင့်ပဲ မဲ့ရွဲ့ကြရင်း အိမ်ပြင်မှာ စားပွဲခင်းဖို့ ပြေးလွှား ပြင်ဆင်ကြရပါသည်။ အမြစိမ်းရော အမြစိမ်းရဲ့ဖခင် ဦးစိုးမိုးပါ



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုဗသက် တစ်ယောက်ကို ချစ်ခင်ကြလှသည်ဖြစ်၍ ကျန်တဲ့ အိမ်တော်သား အားလုံးလည်း ဗသက်ကို ချစ်ကြောက်ရိုသေရ ပါသည်။

ဗသက်က ရေကူးကန်နား လာပြင်တဲ့ စားပွဲငယ် ပေါ်မှာ အဖြူရောင်ဆွတ်ဆွတ် ဇာနားစားပွဲခင်းကို ကိုယ်တိုင် ခင်းကျင်းလိုက်ပြီး ပန်းကန်တွေ လာချတာကိုလည်း သူက ပြင် ဆင်ကြီးကြပ်သေးကာ ...

"စိမ်းစိမ်း ... လာထိုင်တော့"

"ကိုကြီးဗသက်လည်း လာထိုင်လေ"

"ငါ့ဟာငါ ဟိုဘက်သွားသောက်မယ်"

"အာ ... မရပါဘူး၊ ပြောစရာရှိတယ်၊ လာပါ"

"အေး ... ပြီးရော၊ ငါလည်း ပြောစရာရှိတယ်"

စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်ပြီးတဲ့နောက် အမြဲစိမ်း က ဂဏန်းလက်မပေါင်းနှင့် ပြောင်းဖူးပုစွန်လုံးကြော်ကို လိမ္မော် ရည်နှင့်မြည်း၊ ဗသက်က ဂဏန်းလက်မကိုတော့ မစားတော့ဘဲ ပြောင်းဖူးပုစွန်လုံးကိုပဲ ဘီယာနှင့်မြည်း။

"ကိုကြီးဗသက် အရင်ပြော"

"ခုတလော ညည်းနားမှာ မလှမ်းမကမ်းမှာ ကောင်တစ် ကောင်ကို ရိုးခနဲ ရိတ်ခနဲ တွေ့နေတယ်"

အမြဲစိမ်းက မျက်လုံးလေး ပြူးသွားရင်း ...





"ဟုတ်လည်း ဟုတ်ဘဲနဲ့"

"ဘာမဟုတ်ရမှာလဲ၊ ဟုတ်တယ်"

"သမီး မသိပါဘူး"

"မဖြစ်နိုင်ပါဘူး"

"အန် ... မယုံနေပေါ့၊ မသိပါဘူး၊ သမီးမှ ဒါတွေစိတ် မဝင်စားတာ"

ဗသက်က အမြဲစိမ်းကို မျက်ထောင့်နှင့်ကြည့်ရင်း ...

"ညည်းပြောချင်တာပြော၊ ငါက ငါယုံချင်မှ ယုံမှာ"

"မယုံနေ ... ဂဠုန်မြွေ"

"ဖုန်းလည်း ပိုပြောလာတယ်"

"သူငယ်ချင်းတွေနဲ့ ပြောတာပဲဟာ"

"ညည်းသူငယ်ချင်းတွေက စင်ကာပူရောက်ကုန်ကြတာများ တာ၊ ဒီမှာ နှစ်ယောက်လား ရှိတာမဟုတ်လား၊ ခါတိုင်း တုန်းက ဒီနှစ်ယောက်နဲ့ ဒီလောက် ဖုန်းမပြောရပါဘူး၊ ခုတလောကျမှ သိပ်ပြောနေရတာ ဘာဖြစ်လို့လဲ"

"ပြောစရာကိစ္စလေးတွေ ရှိလို့ပေါ့"

အမြဲစိမ်းက ဂဏန်းလက်မကိုက်ရင်းက ကိုကြီး ဗသက်ကို မျက်စောင်းထိုးရင်း ဖြေပါသည်။

"မှန်မှန်ပြောနော်၊ ငါ Call list တွေ ထုတ်ကြည့်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … ကိုကြီးဗသက်နော်၊ လူကို အဲ့လို စစ်လားဆေးလားတွေ မလုပ်နဲ့နော်၊ မကြိုက်ပါဘူး၊ တော်ပြီ ဟောဒီ ဂဏန်းလက်မတွေ ဆက်မစားတော့ဘူး"

"ဘာဆိုင်လို့လဲ"

"တော်ပြီ မစားဘူး"

"တကယ်မစားတော့ဘူးလား၊ တကယ်မစားရင် ပေး၊ ငါလည်း ကြိုက်တာပဲ၊ ငါ အကုန်ဆက်စားလိုက်တော့မယ်"

"အမ်း"

အမြစိမ်းက အော်ဟစ်ရင်း သူ့ပန်းကန် လာဆွဲနေတဲ့ ကိုကြီးဗသက် လက်ဖမိုးကို ရိုက်ထုတ်လိုက်ရပါသည်။ ဒီလို ခြိမ်းခြောက်မှုက အကျိုးမရှိ၊ သူ့စိတ်ကို မထိခိုက်စေတာ သိသွားပြီး ကိုယ့်ဟာကိုယ် စားစရာရှိတာ ဆက်စားနေရင်း …

"ခုခေတ်က ကောင်လေးတစ်ယောက်ယောက်နဲ့ စကားပြောချင်ရင် ဖုန်းနဲ့မှ ပြောလို့ရတာ မဟုတ်ဘူး၊ နော် … သိထားဖို့က"

"သိပါတယ်၊ ဒါကြောင့် ညည်း Laptop လေးတကိုင်ကိုင်နဲ့ တစ်ချိန်လုံး အင်တာနက် Online ပဲ တက်နေတာ ငါမသိဘူးများ မှတ်နေလား၊ ညည်း ငါ့ကို ဘာမှလိမ်လို့ ဘတ်လို့ ရမယ် မထင်နဲ့"

"မထင်ပါဘူး"





"ညည်း ငါ့ကို ပြောမလို့ဆိုတာ ဘာပြောမှာလဲ"

"ဟွန်း … သူ့ကိုတော့ သူများက အကောင်းပြောမှာပါနော်"

"ငါကကော မကောင်း ပြောလို့လား၊ ကဲ … ပြော၊ ဘာလဲ"

"Stage show နေ့ကလေ …"

"ဘာဖြစ်လဲ"

"ဟွန်း … ရုပ်ကြီးက၊ ပိရိနေမယ်များ ထင်နေလား မသိဘူး၊ ဘယ်က မဒီနှစ်ယောက်ကို သွားရှိုးနေတာလဲ၊ ဟွန်း … မြင်တယ်နော်၊ လာမရှုပ်ချင်လို့"

"ညည်း ဘာတွေ လာပြောနေတာလဲ"

ဗသက်ရဲ့မျက်နှာက ရုတ်ခြည်း သွေးနှင့်ပက်ဖျန်းလိုက်သလို ရဲတက်သွားပါသည်။ အမြစိမ်းက အဲဒီမျက်နှာကြီးကို ကြည့်ကာ သဘောတွေကျပြီး ရယ်မဆုံးပါ။

"ဟား ဟား … ကိုကြီးဗသက် … ကိုကြီးဗသက်၊ သူ့ကို အဲလိုပြောလိုက်ရင် ဒီလောက်တောင် ရှက်ရအောင် အသက်က ဘယ်လောက်တောင် ရှိနေပြီလဲ … ဟင်၊ ဒီအရွယ်ကြီး ဒီစကားကြားတာ ဒီလောက် မျက်နှာကြီးရဲစရာလား ဟား ဟား"

"မရှက်ပါဘူး၊ ဘယ်မှာရှက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးဗသက်ရယ်၊ အသက်ငါးလေးဆယ်ပြည့်တော့မယ်"

"ဟိတ်ကောင်မလေး၊ ငါ ဘယ်မှာ လေးဆယ်ရှိလို့လဲ၊ တယ်လေနော်၊ ငါ အုပ်ပစ်လိုက်ရ ဒီကောင်မလေးတော့"

"လေးဆယ်မဟုတ်ရင် ဘယ်လောက်လဲ"

"သုံးဆယ့်ရှစ်တောင် မပြည့်သေးဘူး"

"ဒါ လေးဆယ်တွင်းပဲပေါ့"

"ဘာမှ လေးဆယ်တွင်း မဟုတ်ဘူး၊ လာမပြောနဲ့၊ သုံးဆယ်ကိုးနှစ်ကျော်မှ လေးဆယ်တွင်းလို့ ပြောလို့ရတာ၊ ငါ သုံးဆယ့်ခုနစ်ပဲ ကျော်သေးတယ်၊ ညည်းအဖေထက် ဆယ်နှစ်တိတိငယ်တယ်၊ ဒါဖြင့် ညည်းအဖေကို ညည်း ငါးဆယ်တွင်းလို့ သွားပြောကြည့်ပါလား၊ နှရင်းအုပ်ခံရအောင်"

"ဟား ဟား … ဖေဖေရော ကိုကြီးဗသက်ရောက ရယ်ရတယ်၊ ယောကျ်ားတွေက အရမ်းနုချင်တာလား ဟုတ်လား၊ ဟုတ်မယ် မထင်ပါဘူး လူတိုင်းတော့၊ ဖေဖေနဲ့ ကိုကြီးဗသက်ပဲ လူလွတ်တစ်ကိုယ်တည်းတွေ ဖြစ်နေတော့ ချစ်သူရည်းစားလေးများ ရလိုရငြားဆိုပြီး နုကလည်းနုချင် ရှိုးတွေလည်း ပေးသလား မမေးနဲ့"

"ဘယ်မှာဟုတ်လို့လဲ"





"ဟုတ်တာပဲဟာ၊ ကိုကြီးဗသက်ကို ဆိုရင် လမ်းမှာလူတွေကမြင်ရင် မင်းသားလားထင်ပြီး ကြည့်ကြတာ၊ နေကာမျက်မှန်များ တပ်ထားလိုက်ရင် ပြီးပြီ၊ မျက်နှာတစ်ဝက်နီးပါး ကွယ်သွားတော့ ရုပ်ရှင်မင်းသား တစ်ယောက်ယောက်ပဲ ထင်ကြတာ၊ ငေးလိုက်ကြတာ လည်တွေပြန်၊ ခလုတ်တွေတိုက်လို့၊ ကိုကြီးဗသက်တို့ကလည်း ဒီလိုအကြည့်ခံချင်တာ မဟုတ်လား"

ဗသက် မျက်နှာက ရဲလာပြန်ကာ …

"မဟုတ်ပါဘူးဟာ"

"ဘာမဟုတ်ရမှာလဲ၊ အဲဒီနေ့ကလည်း အဲဒီလေဒီနှစ်ယောက်ကို ကိုကြီးဗသက် ကျွေးနေတာ မြင်ပါတယ်နော်၊ ရှုပါတွေကျွေးနေတာ၊ သမီးက ပွဲမစခင် အထဲမှာထိုင်နေရင်းက အိုက်ပြီး ပျင်းလာလို့ အပြင်ထွက်လာမလို့၊ ကိုကြီးဗသက်ဂိုက်ပေးနေတာတွေ့တော့ သြော် … မလာတော့ပါဘူးလေဆိုပြီး နေလိုက်တာ၊ တော်ကြာ ကိုကြီးဗသက်ဘေး သမီးလာရပ်နေလိုက်ရင် ဘာဘိပိတ်သွားမှာစိုးလို့ … ဟွန်း"

"အေး … လိမ္မာတယ် နင်၊ နောက်လည်း အဲလိုပဲ အရိပ်အခြည်ကြည့်ပြီးနေ"

"အင်းပါ … နေပါဦး၊ အဲဒီနေ့ညက ကိုကြီးဗသက်က ဘယ်သူကို ရိုတ်နေတာလဲ"

"အာ … ညည်းကလည်း။ မရိုတ်ပါဘူး"

www.burmeseclassic.com



"မပိုပါနဲ့ သိချင်လို့ မေးနေတာ ပြောပါ"

"ဟာ ... ညည်းကို ငါက ပြောစရာလား"

"ဘာလို့ မပြောရမှာလဲ"

"ကလေးကို"

"ဒါ ကလေးမဟုတ်ဘူး၊ အသက်နှစ်ဆယ့်သုံးနှစ်တောင် ရှိနေပြီဟာ၊ ကလေးလား၊ ဖေဖေဆို ဒီအရွယ်မှာ မေမေနဲ့ ယူပြီးနေပြီ"

"ဒါက ညည်းအမေရဲ့မိဘတွေက အိုမင်းပြီး သိပ်လည်း မကျန်းမာကြတော့ မြန်မြန်စီစဉ် ပေးစားလိုက်မယ်ဆိုပြီး လူကြီးတွေက ပေးစားလိုက်လို့ပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ အဲဒီအရွယ်ဟာ ကလေးမဟုတ်ဘူး ဆိုတာ ပြောပြနေတာ"

"ကလေးမဟုတ်တော့ ညည်းက ဘာလုပ်ချင်လို့လဲ"

"ကလေးမို့ မပြောဘူးဆိုပြီး ဒိုင်လျှိုမနေနဲ့၊ ပြော"

"ကျွတ် ... ပြဿနာပဲ၊ ဘာပြောရမှာလဲဟ"

"အဲဒီနှစ်ယောက်ထဲက ဘယ်သူ့ကို သဘောကျတာလဲ၊ နှစ်ယောက်လုံးက အနက်တွေဝတ်ထားတာ၊ အင်း တစ်ယောက်က ဆံပင်အတိုစတက်ပ်၊ နောက်တစ်ယောက်က ဒစ်ဂျစ်တယ်ကောက် အရှည်နဲ့။ ကိုကြီးဗသက် ဘယ်တစ်ယောက်ကို သဘောကျတာလဲ"





"မသိဘူးဟ ... ဟဲ ဟဲ"

"ဘာမသိဘူးလဲ၊ ဘာကိုမသိတာလဲ"

"ဘယ်သူ့ကို သဘောကျတယ် မဟုတ်ပါဘူးဟာ၊ ဒီလိုပဲ ကြည့်လိုက်တာပါ"

"ဒီလိုပဲ ကြည့်လိုက်ရုံတော့ မကပါဘူး၊ ခဏတဖြုတ်ကြည့်တာမှ မဟုတ်တာ၊ အပြင်မှာတစ်မျိုး၊ ပွဲစတော့လည်း သူတို့လိုင်းနားကနေ အနီးဆုံးတံခါးပေါက်နားရပ်ပြီး ကိုကြီး ဗသက် ကြည့်နေတာ"

"Stage show ကို ကြည့်တာပါဟာ"

"Stage Show ကြည့်တာနည်းနည်း၊ သူတို့ကိုကြည့်တာ များများပါ ... ဟွန်း၊ သမီးတင်မကဘူး ချောချောလည်း ရိပ်မိတယ်"

"အောင်မာ ... ညည်းနဲ့ ချောချောက ငါ့ကိုကြည့်ပြီး ဝေဖန်အတင်းပြောနေကြတာပေါ့လေ"

"ကြည့်ပြီး ရယ်နေတာပါ ... အဟီး"

ဗသက်က အမြဲစိမ်းကို ချစ်စနိုးနှင့် မျက်လုံးပြူးပြီး ကြည့်ကာ လက်တစ်ဖက်က "ရိုက်ပစ်လိုက်ရ"ဆိုတဲ့ပုံ မြောက် ဟန်ရွယ်လိုက်ပြီး ...

"တော်တော့ ... တော်တော့၊ ဒါတွေ ဆက်ပြောမနေနဲ့၊ ကလေး ကလေးလိုနေစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ကလေး မဟုတ်ဘူးလို့ ပြောပြီးပြီ မဟုတ်လား၊ ကိုကြီး ဗသက်ကို မေးနေတာကလည်း တမင်တကာ စပ်စုရုံသက် သက် မေးနေတာ မဟုတ်ပါဘူးနော်"

"ဒါဖြင့် ဘာအတွက် မေးနေတာလဲ"

"အဲဒီအစ်မကြီး နှစ်ယောက်ကို သမီး သိတယ်"

"ဟင် ... ဘယ်လိုသိတာလဲ၊ ညည်းနဲ့ ခင်မင်တဲ့စာရင်း မှာ ဒီအမျိုးသမီးတွေ မပါပါဘူး"

"အဲလိုကြီးတော့ မခင်မင်ပါဘူး၊ ဒါပေမဲ့ ကောင်းကောင်း တော့ သိတယ်၊ သူတို့က လူသိများတဲ့သူတွေပါ"

"သူတို့က ဘာတွေလဲ၊ ဆယ်လဘရစ်တီးစ်တွေလား"

"ဟင့်အင်း၊ ဒါပေမဲ့ ဆယ်လဘရစ်တီးစ်တွေကတော့ သူ တို့နဲ့သိပ်မကင်းကြဘူး၊ အဲဒီအစ်မကြီး နှစ်ယောက်ထဲက တစ်ယောက်က မပိုးတဲ့၊ Beauty Spa ဖွင့်ထားတာ ကိုကြီးဗသက်ရဲ့၊ သူ့ဆိုင်က နာမည်ကြီး၊ ဆယ်လဗရစ်တီး တွေ လာလာလုပ်ကြတာ၊ သူ့ဆိုင်မှာ Step ဆံပင်ညှပ် ရင် အရမ်းလှတာ၊ ယောက်ျားလည်း ညှပ်လို့ရတယ် သွားညှပ်ပါလား ကိုကြီးဗသက်ရဲ့"

"နောက်တစ်ယောက်ကကော"

"နောက်တစ်ယောက်က မသိမ့်၊ သူက အိတ်နဲ့ဖိနပ်ရွေ ရောင်းတဲ့ဆိုင် ဖွင့်ထားတာ၊ သူ့ဆိုင်က ပစ္စည်းတွေ





သစ်တယ် ဆန်းတယ်၊ မြင်နေကျတွေ မဟုတ်ဘူး၊ မိုက် တယ်၊ သူ့ဆိုင်လည်း ဆယ်လဘရစ်တီးစ်တွေ သွားကြရ တာပဲ၊ သူ့ဆိုင်မှာတော့ ယောက်ျားလေးအသုံးအဆောင် ရှားတယ်၊ လည်သာဝေါ့လက်လေးတွေတော့ ရှိတယ်၊ ကိုကြီးဗသက် ဝေါ့လက်ဝယ်မလို့နဲ့ သွားရင်တော့ ရတယ်"

"ဘယ်ဟာက မပိုး၊ ဘယ်ဟာက မသိမ့်လဲ"

"အင်း ... ဘယ်လိုပြောရမလဲ၊ ဟိုလေ ... ဟို ... တင်ပါး ကြီးကြီးတစ်ယောက်က မပိုး"

"အာ ... ညည်းကလည်း၊ ငါက အဲလိုပြောရင် ဘယ်သိ ပါ့မလဲ"

"အမယ်လေး ... ဘာလို့မသိရမှာလဲ၊ မျက်စိမပါတာကျ နေတာပဲ၊ ဖုံးဖိမနေနဲ့၊ ကိုကြီးဗသက် ပြူးနေအောင်ကြည့် နေပြီးတော့၊ တင်ပါးကြီးကြီး ဆံပင်တိုတို စတက်ပ်နဲ့က မပိုး၊ ဆံပင်အရှည်အကောက်နဲ့ နှုတ်ခမ်းကို နီညိုပုပ်ဆိုး ထားတာ မသိမ့်"

"သြော် ... အင်း ... အင်း ... ခွဲနိုင်ပြီ၊ မျက်စိထဲမြင်ယောင် လာပြီ"

ဗသက်က ပြုံးစိစိနှင့် ဖြေသည်။

"ကိုကြီးဗသက်က ဘယ်သူ့ကို သဘောကျတာလဲပြော"

"မသိဘူးဟ၊ ငါက ဒီလိုပဲ ကြည့်လိုက်တာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို ကိုကြီးဗသက် အရမ်းကြည့်မှန်း သူတို့လည်းသိတယ်နော်"

"ဟုတ်လား ... ဟဲ ဟဲ"

အမြဲစိမ်းက သူချစ်သော ကိုကြီးဗသက်ကို ချစ်စနိုးမျက်စောင်းထိုးလိုက်ပါသည်။ မိန်းမတွေကို သိပ်ပြီးစိတ်ဝင်တစားမရှိတတ်တဲ့ ကိုကြီးဗသက်က ဒီအစ်မကြီးနှစ်ယောက်ကို ရှိတ်နေတာကိုပဲ အမြဲစိမ်းက သဘောတွေကျ အားရကျေနပ်နေမိတာပါ။ လူကိုကြည့်လိုက်ရင် ရှိုးစမိုးနဲ့ စတိုင်ဖြောင့်လှကာ ရုပ်သန့်သန့်ရယ်၊ အဝတ်အစား အဆင်အပြင် အသုံးအဆောင်တွေရယ်၊ စီးတော်ကားရယ် အားလုံးပေါင်းလိုက်ရင် ဘယ်ကုမ္ပဏီပိုင်ရှင်သူဋ္ဌေးမင်းပါလိမ့်ဟု သံသယမရှိ ယုံကြည်လောက်ဖွယ်ရှိသော ကိုကြီးဗသက်ဟာ တကယ့်တကယ်တော့ လူတောမတိုးလှ။

ကိုကြီးဗသက်က အိမ်ကျယ်သက်သက်။ သူ့အသံက အိမ်မှာနှင့် သူတပည့်တွေထဲမှာပဲထွက်တာ။ သူစိမ်းတွေကြား ကိုကြီးဗသက်အသံ တိတ်နေတတ်သည်။ ဒါက အသိုင်းအဝိုင်းကောင်းထဲ လူလူသူသူ ဆက်ဆံဝင်ဆန့်ရမယ်ဆိုလျှင် ပြောတာပါ။ ဥပမာ အမြဲစိမ်းကို ကောင်လေးတွေ စ,လာ၊နောက်လား နောင်ယှက်လား ဆိုတာမျိုး ဆိုရင်တော့ ကိုကြီးဗသက် အသံမတိတ်ပါ။ ကြမ်းပြီ ရမ်းပြီသာ မှတ်ပေတော့။ လေမုန်တိုင်းကျသည်ဖြစ်ပြီသာ မှတ်ပေတော့။





ကိုကြီးဗသက်ရဲ့အဖေဟာ ဖေဖေ့အဖေရဲ့လူယုံတော်ဖြစ်ပါသည်။ ခြံဝင်းတစ်ဝင်းထဲမှာပဲ ခြံထောင့်မှာ အိမ်တစ်အိမ်ဆောက်ကာ အတူနေထိုင်စေခဲ့ကြတာဖြစ်ပြီး ဖေဖေ ဆယ်နှစ်သားအရွယ်မှာ ကိုကြီးဗသက်ကိုမွေးတော့ ဖေဖေက ကိုကြီးဗသက်ကို အလွန်ချစ်ခင်လေသည်။

ညီအစ်ကိုရင်းချာလို ချစ်ခင်သံယောဇဉ်ကြီးကာ ဝန်ထမ်းလို မဟုတ်ဘဲ ဆွေမျိုးလို ကြီးပြင်းစေခဲ့တာပါ။ ကိုကြီးဗသက်တက္ကသိုလ်တက် ဘွဲ့ရပြီးတော့လည်း ဖေဖေကပဲ သူ့အလုပ်ထဲမှာ ရာထူးတစ်ခု ဆိုတာထက် အရေးပါတဲ့ လူယုံနေရာမျိုးမှာပဲ ထားခဲ့သည်။ အရေးကြီးတဲ့ အလုပ်ကိစ္စမျိုးတွေမှာပဲ ကိုကြီးဗသက်ကို ခိုင်းသည်။ နေ့စဉ်ရုံးတက်မနေရ။

အမြဲစိမ်းကို မွေးလာတော့လည်း အသက်ဆယ့်ဆေးငါးနှစ်ကျွာတဲ့ ကိုကြီးဗသက်က သူ့မိဘတွေလည်း ကွယ်လွန်သွန်ကာ တစ်ကိုယ်တည်းကျန်တဲ့အချိန် ဖြစ်လေရာ အမြဲစိမ်းကိုသုန်နေအောင်ချစ်ကာ သူပဲ ချီပိုးထိန်းကျောင်းလာတာ။ မေမေကချာသူဖြစ်ကာ အမြဲစိမ်း ငါးနှစ်သမီးလောက်ကတည်းက ဆုံးပါသည်။ အမိမဲ့တဲ့ အမြဲစိမ်းလေးကို ကိုကြီးဗသက်က အလွန်ကြင်နာချစ်ခင်ကာ သူ့သမီးကလေးအလား ဖြစ်နေတဲ့ မေတ္တာစေတနာတွကို သိနေတော့ ဖေဖေက အမြဲစိမ်း အရွယ်ရောက်ပြီးကတည်းကသွားလေရာ စောင့်ရှောက်ဖို့ ကိုကြီးဗသက်ကိုပဲ ထည့်လွှတ်ကာဘော်ဒီဂတ် ကိုယ်ရံတော်လို လုပ်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဗသက် Bank account ထဲ လစာရယ်လို့ မဟုတ်တဲ့ ငွေကြေးတစ်ရပ် ဖေဖေက ဖောဖောသီသီ အမြဲထည့်ပေးထား၍ ကိုကြီးဗသက်ဟာ သူ့တစ်ကိုယ်တည်း ဝတ်နိုင်စားနိုင် သုံးဖြုန်းနိုင်သည်။ ဖေဖေက ကိုကြီးဗသက် စကားကို အမြဲစိမ်းအပါအဝင် တစ်အိမ်သားလုံး ဘယ်သူမှ မပယ်ရှားရဲဘူး အမိန့်ထုတ်ထားတာ။

စီးပွားပဲ ရှေ့မှာကုန်းရုန်းရှာနေ ဘာ နောက်ကြောင်းတစ်ချက်မှ လှည့်မကြည့်ဘဲ အားလုံး အားလုံးကို ကိုကြီးဗသက် ခြေလက် လွဲအပ်စိတ်ချထားလိုက်တော့တာပါ။

❤ ❤





၃

ဝေရတ်က လက်ပတ်နာရီကို ငုံ့ကြည့်လိုက်လျှင် မိုးဆန်းက ...

"ဘာလဲ ... ကိစ္စရှိသေးလား ဝေရတ်"

"ကိစ္စတော့ မရှိပါဘူး၊ ရပါသေးတယ်"

"ဘာလဲ ... မင်းကောင်မလေးနဲ့ ချက်တင်လား"

"ဟင်း ဟင်း ... သူက ဂျီတော့ခ်ချက်တင် မလုပ်ဘူးကွ၊ ဖေ့ဘွတ်ပဲ သုံးတယ်၊ အဲဒီမှာ တစ်ခါတလေ ချက်တယ်၊ သူ အွန်လိုင်းမှာမရှိရင်လည်း ဖုန်းပဲဆက်ရတာပေါ့"

"အခြေအနေရော ထူးလား"

"မထူးသေးပါဘူး မိုးဆန်းရာ"

"အေးပေါ့ကွာ၊ ဦးစိုးမိုးသမီး ဆိုတော့လည်း ဘယ်အလွယ်တကူလေးနဲ့တော့ ရပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ကလေးလိုပဲကွ၊ ရယ်စရာတွေပဲ ပြောနေရယ်နေတာပဲ၊ စကားကို လွှဲလွှဲပစ်တယ်"

"ဒါပေမဲ့ မင်းကို လက်ခံစကားပြောတာကပဲ အခြေအနေကောင်းလှပြီ၊ ငါသူငယ်ချင်းနှစ်ကောင် သူ့ကို ဖရဲင်းဒ်လုပ်ဖို့ လှမ်း Add တာ လက်မခံဘူးကွ၊ သူ့ဟာသူပဲနေတာ၊ Friend list ကလည်း နည်းနည်းလေးရယ်၊ အဲဒီထဲမှာ မင်းပါတာပဲ တော်လှပြီ"

"အေးပါ ... ဒီလိုပဲ ကျေနပ်ထားပါတယ်"

"မင်းသွားချင်ရင် သွားကြမယ်လေ၊ ငါတို့လည်း ပြီးနေပြီပဲ"

"အေး ..."

ဝေရတ်က ပိုက်ဆံရှင်းရန်အတွက် စားပွဲထိုးလေးတွေကို Bill တောင်းဖို့ လှည့်ကြည့်လိုက်ပါသည်။ သူ လှည့်ကြည့်လိုက်တဲ့ မြင်ကွင်းတွင် စားပွဲထိုးကောင်လေးက ဟိုးခပ်ဝေးဝေးကို ရောက်နေပြီး မလှမ်းမကမ်းမှာ တွေ့လိုက်ရသူက ...

ကိုကြီးဗသက်။

အမြဲစိမ်းရဲ့ တရင်းတနှီး ခေါ်သံကလေးကိုပါ နားထဲကြားယောင်လာသလိုပင်။ ဒီလူ့နာမည်က ဗသက်။ အမြဲစိမ်းနားမှာ ရှိနေခွင့်ကို တစ်ဦးတည်း အပိုင်ရရှိထားတဲ့သူ။ မင်းရဲ့ချစ်သူလား ဆိုတော့လည်း မဟုတ်ဘူးတဲ့။





ဒီလူ ဘယ်သူလဲဆိုပြီး ဝေရတ်ရင်ထဲ ထောင့်အင့်အင့် ဖြစ်ရသည်။ လူကြည့်လိုက်တော့လည်း ကိုယ်တွေထက် ဆယ်နှစ်လောက် ကြီးနိုင်ပေမယ့် ကိုယ့်ထက် အဆများစွာ သားနားကြော့မော့ သပ်ရပ်နေတဲ့သူ။

ကိုယ်တိုင်ဟာလည်း အနိမ့်အပါး အစုတ်အပေ မဟုတ်။ ဒါပေမဲ့ ကြီးပြင်းလာခဲ့တဲ့ ထိန်းကျောင်းသွန်သင်မှုပုံစံအရ ဒီလိုပဲ နေထိုင်ဝတ်စားတတ်ခဲ့သည်။ အရောင်ဖျော့ အဆင်ရှင်းတဲ့ ရှပ်လက်တိုလေးတွေနှင့် ပိုးတွဲပုဆိုး။ ပွဲလမ်းဆိုရင် ရှပ်အင်္ကျီကို လက်ရှည်ဝတ်လိုက်သည်။ ဘောင်းဘီရှည်ကတော့ ဝတ်ခဲလှပါသည်။

ကျောင်းတက်စဉ် လူပျိုဘဝကပင် သိပ်မကြိုက်ခဲ့ မဝတ်ခဲ့တာ။ ခုလို လူကြီးတစ်ပိုင်းထဲ ဝင်စပြုလာပြီဆိုတော့ ပိုဘောင်းမဝတ်ဖြစ်။ ဘောင်းဘီဝတ်သင့်တဲ့ အချို့သော ဒင်နာပွဲမျိုးတွေမှာ ရံဖန်ရံခါ ဝတ်ရတာကလွဲပြီး အမြဲဝတ်ဆင်သွားလာဖြစ်တာက ပုဆိုးနှင့်ပါပဲ။

ဒီတော့ ဘယ်လိုမှ ထူးထူးထွေထွေ သားသားနားနား ဖြစ်မနေ။ သာမန်လူတစ်ယောက် ပုံစံပင်။ အဲဒီ ဗသက် ဆိုတဲ့လူကတော့ အချိန်တိုင်းမှာ သန့်ပြန့်ပြီး လျှမ်းလျှမ်းတောက်နေတော့တာပါပဲ။ ရှပ်ကလည်း ဖြူးသလား မမေးနဲ့။ ဝေရတ်က ဗသက်ကိုကြည့်ရင်း သက်ပြင်းမောတောင် ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူနဲ့ ပြိုင်ဆိုင်ရမယ့် သဘောမျိုး ဖြစ်နေတာ ထင်ပါရဲ့။ ဒီလူကတော့ သူ့ရှေ့ကနေ နှာတစ်ဖျားမက ကိုယ်တလျားလည်းမက အဝေးကြီး အကြောကြီး ဦးနေတော့တာပဲ။ ဝေရတ်က ဗသက်ကိုကြည့်နေရင်း ဗသက်ရဲ့အာရုံများ တစ်နေရာဆီကိုရောက်နေတာ သတိပြုမိသွား၍ အဲဒီတစ်နေရာကို လှမ်းအကဲခတ်လိုက်ပါသည်။

အမျိုးသမီးနှစ်ယောက်။

တောက်တောက်ပြောင်ပြောင် သားသားနားနား အဆင့်အတန်းမြင့်မြင့် ပြင်ဆင်ထား၍ နဂိုရှိရင်းစွဲ ရုပ်ရည်ထက်ပိုပြီး အရောင်ထွက် ပြောင်လက်နေတဲ့ သဘောရှိသော အမျိုးသမီးနှစ်ယောက်ကို တွေ့လိုက်ရပါသည်။

သူမတို့နှစ်ယောက်က ဘေးဘီပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်၊ အာရုံမထား၊ ရှိုးတိုးရှန့်တန့် မဖြစ်ဘဲ သူတို့နှစ်ယောက်တည်း စားလိုက်၊ စကားတွေ ဖောင်ဖောင်ကြဲပြောလိုက်၊ ရယ်မောလိုက်၊ တစ်ယောက်ကိုတစ်ယောက် ရိုက်ပုတ်လိုက်၊ မျက်စောင်းချိတ်လိုက်။ အစားအစာတွေက တူနဲ့ညှပ်ရခက်နေရင် လက်နဲ့ပဲ ကောက်ကိုင်ဖဲ့ရွဲ့စားဖို့လည်း ဘယ်လိုမှမနေ ပကတိကိုယ့်အိမ်ကိုယ့်ရာမှာ လွတ်လွတ်လပ်လပ် စားခွင့်ရနေသလိုပင်။

အဲသလို ဘယ်သူ့မှ ဂရုမစိုက် တလွတ်တလပ် စားသောက်နေပေမယ့် စားသောက်ပုံတွေကလည်း ဖြစ်ကတတ်ဆန်း အဆင့်မနိမ့်ပါ။ သူတပါးကို ဂရုမစိုက်ကြတာ သက်သက်ပင်။ လက်နဲ့ဖဲ့လိုက် ပေတဲ့လက်ကို တစ်ရှူးနဲ့သုတ်လိုက်၊ စကားတွေများလိုက်။ တကယ့်ကို အေးအေးလူလူ စိတ်တိုင်းကျ နေနေကြတာ။ အဲဒီနေပုံတွေကိုက တစ်မျိုးဆန်းသစ်ပြီး ကြည့်လို့ကောင်းနေပါသည်။

အသက်တွေကတော့ ဝေရတ်နှင့်ရွယ်တူ ပတ်ချာလည်လောက်ရှိမှာပင်။ ကျောင်းသူတွေလောက်မကေ။ အလုပ်ခွင်က အမျိုးသမီးတွေဖြစ်ဖို့များသည်။ အလုပ်ဆင်းချိန်မှာ စားသောက်ဆိုင်မှာ သူငယ်ချင်းနှစ်ယောက် ပေါ့ပေါ့ပါးပါး အပန်းဖြေလာရောက်စားသောက်နေပုံမျိုးပင်။

အဲဒီအမျိုးသမီးနှစ်ယောက်ကို ဟိုငနဲက ရူးရူးရဲရဲကို အကဲခတ်နေတာပါလား။ တောက်လျှောက်ကို ကြည့်နေတာ။ ကိုဗသက်က ဆော်ဒါတွေနှင့် လာတာဟုတ်ပုံမရ။ သူနှင့်အဖော်ပါသော ချာတိတ်နှစ်ယောက်ဟာ သူ့တပည့်အဆင့်သာဖြစ်မည်ဆိုတာ နေပုံထိုင်ပုံကို တစ်ချက်လှမ်းကြည့်တာနှင့် သိသာနေပါသည်။

သူတို့သုံးယောက်ရှေ့မှာ ဘီယာဂျားနှင့် အမြည်းစုံစုံသင်လ [illegible]။ ကောင်လေးနှစ်ယောက်က သူတို့အချင်းချင်း စကားပြောနေပြီး ဗသက်က တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် [illegible]အမျိုးသမီးနှစ်ယောက်ဝိုင်းကိုပဲ ကြည့်နေသည်။ တစ်ချက်တစ်







www.burmeseclassic.com

www.burmeseclassic.com



ချက် တူနဲ့လှမ်းညှပ်စားလိုက်၊ ဘီယာနည်းနည်းမော့လိုက်၊ ဟို နှစ်ယောက်ကိုကြည့်လိုက်။ ဟိုအမျိုးသမီးနှစ်ယောက်ကတော့ ဗသက်ကို မြင်သေးပုံမရ။

"ခဏနေလိုက်ဦးမယ်ကွာ မိုးဆန်း"

"နေလေ၊ ဘယ်သူ့တွေ့လို့လဲကွ"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ စိတ်ဝင်စားစရာလေး တစ်ခု တွေ့လို့ပါ"

ဇဝရတ်က အပြုံးလေးနှင့် ပခုံးတစ်ချက် တွန့်လိုက်ပါသည်။

သူ့နေရာကနေ သိပ်ကြီးလည်ပြန်ကြီး ကြည့်နေစရာမလိုဘဲ အလိုက်သင့် မြင်နေရတဲ့ အမျိုးသမီးနှစ်ယောက်ဝိုင်းကိုလည်း လှမ်းပြီးအာရုံစိုက်ထားမိလိုက်ပါသည်။

"ဗိုက်တွေတင်းလိုက်တာဟယ်၊ ဒီနေ့အဖို့တော့ နင်လုပ်တာနဲ့ ကယ်လိုရီတွေ အတော်တက်သွားပြီ"

"ငါက ဘာလုပ်လို့လဲ"

"နင်ပဲ ထွက်စားဖို့ စ,ချိန်းတာလေ"

"ချိန်းတာက ချိန်းတာပဲလေ၊ ဒီပုစွန်ထုပ်ကြီးမရောနိစ်ကို ဘယ်သူမှာတာလဲ"

"ငါ ... အဟိ"

"နင်လုပ်လို့သာ ငါပါ နှစ်ကောင်စားလိုက်မိပြီ"





"ငါ့ကျ ပြောနေတယ်၊ နင့်ရဲ့ဝက်အူစုံသီးမျိုးပေါင်းက အိတာ"

"အီပေမယ့် ကောင်းတယ်လေ"

"ကောင်းတာကတော့ အားလုံးကောင်းတာချည်းပေါ့ဟဲ့"

"လုပ်ပါဟယ်၊ သံပရာရည် မှာစမ်းပါ"

"ကိုယ့်ဟာကိုယ်မှာလည်း ရသားနဲ့ အပျင်းကိုကြီးတယ်"

"ငါ သိပ်တောင် မလှုပ်နိုင်တော့လို့ပါဟာ"

"ဟွန်း"

ပိုးက သိမ့်ကို မျက်စောင်းရွယ်ပြီး မလှမ်းမကမ်းမှ စားပွဲထိုးကောင်လေးကို လက်ခုပ်လှမ်းတီးကာ ...

"ဟိတ် ... ဟိတ်"

ကောင်လေး အပြေးရောက်လာလျှင် ...

"သံပရာရည်နှစ်ခွက်"

"ဟုတ်ကဲ့"

"သံပရာသီးအစစ်နဲ့ သကြားအစစ်နဲ့နော်"

"အဟဲ ... ဟုတ်ကဲ့၊ ကျွန်တော်တို့ သံပရာသီးအစစ် သကြားအစစ်ပဲ သုံးပါတယ်"

"ပြီးရော၊ ရေခဲပဒေသာ လုပ်မလာနဲ့၊ အေးရုံပဲအေး၊ ရေခဲတွေနဲ့ ဖန်ခွက်ပြည့်နေတာမျိုး ယူလာရင် ပိုက်ဆံမရှင်းဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"Bill ပါ တစ်ခါတည်း တွက်ပေးခဲ့တော့"

"ဟုတ်ကဲ့ အစ်မ"

ရဲရဲတင်းတင်း နှုတ်သွက်သွက်နှင့် စားပွဲထိုးကို သူ့အိမ်ကအလုပ်သမားအလား ပြောချင်သလိုပြောနေသော အဲဒီမိန်းကလေးတွေကို ဗသက်က သဘောတွေကျနေပါသည်။ ဘယ်သူ့မှ ဂရုမစိုက်တဲ့ အမူအရာ အပြောအဆိုတို့ သူ ကြိုက်သည်။ လူကြားသူကြားထဲမှာ တစ်ချက်မှ ရှိုးတိုးရှန့်တန့် မရှိပုံကိုလည်း ကျေနပ်အားရနေပါသည်။

ဗသက်က နေရာအသစ် အစိမ်းတစ်ခုကို ရောက်ရလျှင် အမြဲရှိုးတိုးရှန့်တန့် ဖြစ်တတ်တဲ့အကျင့် ရှိပါသည်။ အဲဒီရှိုးတိုးရှန့်တန့်ဖြစ်မှုကို သူ့ရဲ့မျက်နှာကို ခပ်တင်းတင်းပြုရင်း ဖုံးဖိကာကွယ်ရတတ်သည်။

ဒီမိန်းကလေး နှစ်ယောက်ကတော့ သူတို့ပုံစံတွေက နဂိုနေအရှိအတိုင်း ဆန်လှသည်။ ဝင်ဝင်ဆန့်ဆန့် ပြောရဲဆိုရဲလုပ်ရဲကိုင်ရဲ သတ္တိရှိရှိပုံစံတွေက မိန်းမသားတိုင်းမှာ တွေ့ရဖို့ခဲယဉ်းတဲ့ပုံပင်။ များသောအားဖြင့်တော့ မိန်းကလေးတွေဟာ မသိသလိုလို မတတ်သလိုလို ကြောက်သလိုလို ရှိန်သလိုလို ရှက်သလိုလို အေးသလိုလိုပုံတွေ ဖမ်းထားတတ်ကြတာ မဟုတ်လား။





"အစ်မ ... သုံးပရာရှည်ရပြီ ခင်ဗျ"

"အင်း"

"Bill ပါခင်ဗျ"

ကောင်လေးက သားရေပြား ကတ်ပြားလေးကြားမှာ ညှပ်ယူလာတဲ့ ဘီလ်စာရွက်ကို ပိုးရဲ့လက်သို့ ကမ်းလိုက်ပါသည်။ ပိုးက ဖွင့်ကြည့်ရင်း ...

"နှစ်သောင်းရှစ်ထောင့်နှစ်ရာ၊ ဟဲ့ ... သိမ့်၊ ဟိုတစ်ခါလောက်တောင် မကျဘူး အဟိဟိ"

"ဟုတ်လား၊ တန်တန်လေးပေါ့"

"နင် မလှုပ်နိုင်ဘူး မဟုတ်လား မိန်းမ၊ မလှုပ်နဲ့၊ ငါပဲ ပေးထားလိုက်မယ်၊ ငြိမ်ငြိမ်လေးသာ အနားယူ"

ဆိုဖာမှာ ခပ်မှိုမှိုလေးရှိနေတဲ့ သိမ့်က ပြုံးစိစိလုပ်နေပါသည်။ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ အစစအရာရာကို အမေရိကန်စစ်စတဲမ်ပဲမို့ ဘယ်သူစိုက်ရှင်းထားထား တစ်ချိန်မှာ ဘာစ်ဝက်ပြန်ရှင်းကြရစမြဲမို့ ဘယ်သူပေးထားရ ပေးထားရ ကိစ္စမရှိပါ။

သူ့ပိုက်ဆံအိတ်ကို ဖွင့်လိုက်တဲ့ ပိုးသည် ပါးစပ်လေးအဟောင်းသားဟာကာ ...

"ဟိုက် ... သေပြီဟဲ့"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်ပြန်ဝင်ပြီး ရေမိုးချိုး အင်္ကျီလဲပြီးတော့ ဒီအိတ်အသစ်လေး နင့်ကိုကြွားချင်ဇော နဲ့ ယူလာတာ၊ ပိုက်ဆံထပ်မထည့်လာမိဘူးဟဲ့ ... ဟီး ဟီး ဟီး။ ဟိုတစ်နေ့က ကိုင်တုန်းက အိတ်ထဲကပ်ကျန်နေတဲ့ ထောင်တန်အသစ်လေးတစ်ရွက်တည်းပဲ ဒီမှာကြည့်၊ ဒါပဲပါလာတယ် ဟား ဟား"

ပိုးက ရယ်မောနေလိုက်သေးပြီးမှ ...

"မလှုပ်ချင်လည်း လှုပ်တော့၊ နင်ပဲ ပေးလိုက်တော့"

"ရော့ ... နင်ပေးလိုက်"

သိမ့်က မှီရာမပျက်မှ သူ့ခါးနံဘေးချထားတဲ့ လက်ကိုင်အိတ်လေးကို ပိုးထံလှမ်းပေးလိုက်လျှင် ပိုးက သိမ့်ရဲ့အိတ်ကို ယူဖွင့်လိုက်ပါသည်။ အိတ်ထဲ ဟိုအကန့်မွှေ ဒီအကန့်မွှေ မွှေနှောက်နေပြီးသော် ...

"ဟဲ့ ... ပိုက်ဆံလည်းမပါဘူး၊ ဒီဘက်ဘေးအိတ်ကပ်ထဲမှာ တစ်ရာတန် နှစ်ရာတန် အစုတ်လေးတွေပဲ ရှိတယ်"

"နင်ကလည်း၊ သားရေပင်နဲ့ ပတ်ထားတဲ့ အထပ်လေး ငါးရာတွေရော ထောင်တန်ရော ရောရာပဲ"

"သားရေပင်နဲ့လည်း မပတ်ဘူး၊ ကြိုးနဲ့လည်း မစီးဘူး၊ ဘာမှလဲ မရောဘူး၊ တစ်ပြားမှကို မပါတာ"

"ဟင် ... ဘယ်ရောက်သွားလဲ"





"ငါက ဘယ်လိုလုပ်သိမလဲ"

"ဟယ် ... သြော် ... ငါသိပြီ မိစူး ... မိစူး၊ ဒီနေ့ စာရင်းပေါင်းတဲ့ ပိုက်ဆံတွေကို မီးခံသေတ္တာထဲပဲ ထည့်လိုက်လို့ ငါခိုင်းလိုက်တာ၊ အဲဒီတစ်ထပ်ကိုပါ မီးခံသေတ္တာထဲ ရောထည့်လိုက်ပြီနဲ့ တူတယ်"

မိစူး ဆိုတာ သိမ့်ဆိုင်က သိမ့်ရဲ့လက်ထောက် ကောင်မလေးပါ။

"ဟဲ့ ... ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

ပိုးနှင့်သိမ့်ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကာ အခြေအနေ ပြဿနာကို စိတ်ရှုပ်တာထက် ရယ်ချင်စိတ်က ပိုကဲသွားကာ ခွက်ထိုးခွက်လန်ပင် ရယ်ချလိုက်မိကြပါသည်။ စားပွဲထိုးလူငယ်က သူတို့နှစ်ယောက်ကို ကြောင်ကြည့်နေလေသည်။

"မိပိုး ... နင်ဟာလေ နမော်နမဲ့ပဲ"

"နင်ကျတော့ရော၊ ငါ့ကို အပြင်ထွက်စားဖို့ လှမ်းချိန်းတဲ့သူက အိတ်ထဲပိုက်ဆံမပါဘူး ... ဟား ဟား"

"ရယ်မနေနဲ့တော့၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ ပိုက်ဆံမှ မပါတဲ့ဟာ"

ပိုးက သံပရာရည်ကို ကုန်အောင်စုပ်သောက်လိုက်ကာ စားပွဲထိုးဘက်လှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မောင်လေး၊ မြင်တဲ့အတိုင်းပဲ ငါတို့နှစ်ယောက် လုံး ပိုက်ဆံအိတ်ထဲမှာ ပိုက် လုံးဝမပါဘူး ... ဟား ဟား"

"အလျော်အစား ပေးခဲ့ရအောင်လည်း ငါတို့ရဲ့လက်စွ နားကပ် လက်ကောက်တွေက အားလုံး Fancy တွေချည်း ပဲ၊ ဟား ဟား ... ဘာမှ တန်ဖိုးမရှိဘူး"

"အဲဒီတော့ နောက်များမှပဲ ... ဟား ဟား"

နှစ်ယောက်သားဟာ သူတို့ရဲ့အဖြစ်ကိုပဲ အူမြူးရယ် ချင်နေကာ မျက်နှာပိုးမသတ်နိုင်အောင် ဖြစ်နေကြပါတော့သည် တကယ်တော့လည်း သူတို့နှစ်ယောက်ဟာ ပိုက်ဆံနှစ်သော သုံးသောင်းဆိုတဲ့ ပမာဏအပေါ် တစ်စက်ကလေးတောင် ဂရုစိ စရာမရှိတဲ့ အဆင့်အတန်းမှာ ရှိသူတွေပီပီ ပိုက်ဆံပါမလာ အတွက် ရှက်သွားတာ စိုးရိမ်သွားတာမျိုး လုံးဝမဖြစ်မိကြတာပ

"မနောက်ပါနဲ့ အစ်မရယ်"

"ဟဲ့ ... ဘယ်မှာနောက်လို့လဲ၊ နင်လည်း အမြင်ပဲဟ မောင်လေးရယ်၊ နှစ်အိတ်စလုံး ပိုက်ဆံမှမပါတာကို"

"မပါလို့တော့ မရဘူးလေ အစ်မ"

"ရရ မရရလေ၊ မပါတာကတော့ မပါတော့ဘူး၊ အဲဒီတော ဘယ်လိုလုပ်မလဲ ... ကဲ"

"အစ်မတို့ ဘယ်လိုလုပ်ပေးမလဲ"





"အဲ ... ဒီလိုလုပ်၊ ဟောဒီမှာ အစ်မရဲ့ဗစ်ဇစ်တင်းကတ် ရော၊ အိမ်လိပ်စာရော ဆိုင်လိပ်စာရော ဖုန်းနံပါတ်တွေရော ပါတယ်"

ပိုးက သူ့ကတ်လေး ကမ်းပေးလိုက်၍ စားပွဲထိုးက ကြောင်နနနှင့် လှမ်းယူလိုက်ပါသည်။

"အဲဒါ ယူထားလိုက်၊ နောက်နေ့မှ ပိုက်ဆံလာပေးမယ်၊ ပိုက်ဆံလာမပေးရင် ဒီလိပ်စာဖုန်းနံပါတ်တွေနဲ့ လိုက်လို့ ရတာပေါ့"

"အဲသလို မရဘူးလေ အစ်မ"

"ရော ... ငါကတ်ပါ ယူထား၊ နှစ်နေရာလုံး လိုက်တောင်း လို့ရတယ်၊ လိုလည်းမလိုပါဘူး၊ နက်ဖြန်မနက် ဝင်ပေး မယ်လေ ... နော်"

"မရဘူး အစ်မ"

"ဘာလို့ မရတာလဲ၊ ငါတို့လိပ်စာတွေ ဖုန်းနံပါတ်တွေ အတိအလင်း ပါနေတာပဲ"

"အေးလေဟယ်၊ အစ်မတို့က ကိုယ့်ဆိုင်ကိုယ်ဖွင့်ထားတဲ့ ဒီဆိုင်ပိုင်ရှင်တွေပါ၊ ပိုက်ဆံလေး ဒီလောက်နဲ့ အရှက်ကွဲခံ နာမည်ပျက်ခံပါ့မလား"

"မဟုတ်ဘူးလေ အစ်မ၊ ဒီကတ်တွေက အစ်မတို့ကတ်တွေ ပါလို့ ဘယ်သူက အာမခံနိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အစ်မကတ်လေ၊ အာမခံပါတယ်"

"အစ်မ အာမခံလို့ မရဘူး ခင်ဗျ၊ အစ်မကိုလည်း ကျွန်တော်က သိတာမှ မဟုတ်တာ၊ အစ်မက ဒီကတ်ထဲက Beauty Spa မှာ ဆံပင်ဝင်လျှော်လာပြီး ဆိုင်ကတ်တောင်းလာပြီးတော့ အခု ကျွန်တော့်ကို ပေးတာဆိုရင်ကော"

"ဟောတော်၊ ဒါ ငါ့ကတ်နဲ့ ငါ့ဆိုင် အစစ်ပါဟယ်"

"အေးလေဟယ်၊ ငါတို့ရုပ်တွေလည်း ကြည့်ပါဦး၊ လူလိမ်မရုပ်တွေ ပေါက်နေလို့လား၊ ဒုက္ခပါပဲ"

"အဲဒီသဘော မဟုတ်ပါဘူး၊ ဒါပေမဲ့ ..."

"နှစ်သောင်းရှစ်ထောင်ဖိုးလောက်ကို ငါတို့က လိမ်ပြီးဝင်စားပြီးတော့ သူများကတ်ပေးပြီး ပေါ်မလာတော့ဘဲ နေမယ်ထင်နေလို့လား"

"ဘယ်လိုမှ မထင်ပါဘူး အစ်မ၊ ဒါပေမဲ့ စားသောက်ပြီးကတ်လေးထားခဲ့ပြီးတော့ ပိုက်ဆံမပါလို့ နောက်နေ့ လာရှင်းမယ် ဆိုတာမျိုးတော့ ဖြေရှင်းလို့ မရလို့ပါ"

"ကဲဟယ် ... ငါတို့က ပေါ်မလာတော့ရင်တောင် နင်တို့ဆိုင် နှစ်သောင်းရှစ်ထောင်မရတာနဲ့ မွဲသွားမှာမို့လား စိတ်တိုလာပြီ၊ မိန်းကလေးတွေပဲဟယ်၊ အစားတစ်လုတ်နဲ့ ဝင်လိမ်ပြီး စားပါ့မလား"

"မိန်းကလေးလည်းပဲ လူလိမ်တွေရှိပါတယ် ခင်ဗျ"



"ဘာ"

သိမ့်က တော်တော်ဒေါပွသွားကာ ဒေါသတကြီး အော်လိုက်ပါသည်။ ခုနက ရယ်ချင်နေတာ အူမြူးနေတာတွေ ပျောက်ပြီး ခုမှပဲ လူက မွန်ထူလာပါတော့သည်။

"ကျွန်တော် ဘယ်လိုသဘောမှ မဟုတ်ပါဘူး၊ မျက်နှာမြင်ရုံနဲ့ လူလိမ်ဟုတ်တယ် မဟုတ်ဘူး ဆုံးဖြတ်လို့ မရပါဘူး အစ်မ၊ ပြီးတော့ ဗစ်စစ်တင်းကတ်ဆိုတာကလည်း ကိုယ့်လက်ထဲရောက်ထားရင် ဘယ်လိုပြန်သုံးသုံး ရသလိုဖြစ်နေတာပါ"

"ဟဲ့ ... ဒါပေမဲ့ ငါတို့က လူကြီးလူကောင်း အမျိုးသမီးတွေ ဖြစ်တယ်ဆိုတာကို နင် နည်းနည်းပါးပါး ထောက်ထားပြီး ဒီအရေးမပါတဲ့ နှစ်သောင်းရှစ်ထောင်ဖိုးလောက်ကိစ္စကို လေးစားသမှုလေးလောက်တော့ထားပြီး ဖြေရှင်းပေါ့၊ ငါတို့ကို နှစ်သောင်းရှစ်ထောင်ဖိုးတောင် မယုံကြည်တဲ့သဘော ဖြစ်မနေဘူးလား"

အခြေအနေက တင်းမာလာပါသည်။ စားပွဲထိုးလည်း စိတ်ညစ်လာပုံရပါသည်။

"ကတ်လေးပဲ ထားခဲ့ဖို့တော့ မဖြစ်နိုင်ပါဘူး အစ်မ"

"ဒါဖြင့် ဘာလဲ၊ ငါတို့က ဒီကမခွာဘဲ မင်းတို့မျက်စိအောက်ထိုင်နေပြီး အိမ်ကလူတွေကို နှစ်သောင်းရှစ်ထောင်နဲ့ လာရွေးပါလို့ လှမ်းအကြောင်းကြားရမယ့် သဘောလား"

www.burmeseclassic.com



"တစ်ခုခုတော့ အစ်မတို့ကိုယ်စား ထားခဲ့ပေးရမှာပါ"

ပိုးနှင့်သိမ့်ဟာ အလုပ်ကြီး အကိုင်ကြီး ဆိုင်ကြီး ကနားကြီးလုပ်နေတဲ့ သူတို့ကို လုံးဝအယုံအကြည်မရှိနိုင်တာကိုပဲ မခံစားနိုင် ဖြစ်နေတာပါ။ အတ္တစိတ်လေးတွေ မာန်လေးတွေ ပိုကဲနေမိကြတာပင်။ သိန်းဂဏန်းလည်း မဟုတ်။ ငွေလေးနှစ်သောင်းရှစ်ထောင်အတွက် ဒီလောက် အခြေအတင် မယုံမကြည် ပြောဆိုနေရတာကိုက သူတို့အတွက် အောင့်သက်သက် အောက်နေရတာပါ။

စားပွဲထိုးက သိမ့်လက်ထဲကဖုန်းကို မျက်လုံးဝေ့ကာ ...

"အစ်မတို့ ဖုန်းတွေ ဘာတွေ ထားခဲ့ပေးနိုင်မယ် ဆိုရင်လည်း ..."

"ဘာလို့ ထားရမှာလဲ၊ နှစ်သောင်းရှစ်ထောင်ဖိုး စားတာကို ငါတို့က ဆယ့်ငါးသိန်းတန်ဖုန်း ထားခဲ့ပေးစရာလား၊ ငါ့ဖုန်းဟဲန်းဒ်ဆက်နဲ့ဆိုရင် နှစ်ဆယ့်ငါးသိန်းလောက်တန်တယ်၊ နင်တို့တောင် ငါတို့ကို နှစ်သောင်းရှစ်ထောင်ဖိုး မယုံကြည်နိုင်သေးတာ ငါတို့က နင်တို့ကို သိန်းအစိတ်ဖိုး ယုံကြည်စရာလား ...

နောက်နေ့ ပိုက်ဆံလာပေးတော့မှ ဘယ်တုန်းက ဖုန်းထားခဲ့လို့လဲဆိုပြီး နင်တို့က ပြန်မပေးဘဲ အပျောက်ရိုက် ဘတ်ဖိုကြရင် ဘယ်လိုလုပ်မလဲ"





"ဟာ ... ကျွန်တော်တို့ဆိုင်က ဒီလိုအစား မဟုတ်ပါဘူး"

"ဘယ်ပြောနိုင်မလဲ၊ မျက်နှာကြည့်ရုံနဲ့ ငါတို့လည်း ဘယ်သိပါ့မလဲ၊ နင်တို့လိမ်မယ် မလိမ်ဘူးကို၊ တရားကျလိုက်တာ၊ သူတို့နှစ်သောင်းရှစ်ထောင်ကိုတောင် မျက်စိမှိတ်ပြီး မစွန့်စားဝံ့တဲ့သူက သူများဖုန်း သိန်းအစိတ်ကို မျက်စောင်းထိုးနေသေးတယ်၊ မထားနိုင်ဘူး"

"ဒါဖြင့် အစ်မတို့ မန်နေဂျာနဲ့ ရှင်းပါ"

"ရှင်းစရာ မလိုပါဘူး၊ နင်တို့မန်နေဂျာလည်း နင်တို့လေသံပဲ ထွက်မှာပေါ့၊ ငါဟာငါ တစ်နေရာကို ဖုန်းဆက်ပြီး ပိုက်ဆံလာပို့ခိုင်းမယ်"

သိမ့်ရော ပိုးရောက စိတ်တိုတိုနှင့် နေရာကထကာ ထွက်ဟန်ပြင်သည်။

"အစ်မတို့ထွက်သွားလို့ မရပါဘူး"

"ဘာလို့မရရတာလဲ၊ နင်တို့ဆိုင်ထဲမှာ လိုင်းကမိတာမှ မဟုတ်တာ၊ ဒီမှာကြည့်ပါလား၊ ဆစ်ဂနယ်က ဘယ်နှတုံးမှ မရှိဘူး၊ အပြင်ထွက်ဆက်ရမှာ"

"မရပါဘူး အစ်မ၊ အပြင်မထွက်ရပါဘူး"

ကောင်လေးက သူတို့ရှေ့ လက်ဆန့်တန်းလိုက်ပါသည်။ သိမ့်က ဒေါသတကြီးနှင့် ကောင်လေးလက်ကို တိုးတိုက်ကျော်ဖြတ်ထွက်မည်ပြုစဉ် ကောင်လေးက သိမ့်ရဲ့လွယ်ထားတဲ့ အိတ်ကိုင်းကို လှမ်းဆွဲလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ ရှန်းရှင်းဆန်ခတ်ပုံစံ ဖြစ်သွားရကာ ရုတ်တရက် ကြားဝင်လာတဲ့ လူတစ်ယောက်က စားပွဲထိုးကောင်လေးရဲ့ လက်တစ်ဖက်ကို ဆွဲဆောင့်လိမ်ပစ်လိုက်ကာ ကောင်လေးရဲ့ကျောဖက်ကို လှန်ပစ်လိုက်တဲ့အတွက် ကောင်လေးက အီးအီးအားအားအော်ကာ ကျောကော့နာကျင်သွားရပါသည်။

စားပွဲထိုးတွေလည်းဝိုင်းလာ လူတွေလည်း ဝိုင်းကြည့်နေတဲ့ကြားမှာ ဗသက်က ကောင်လေးရဲ့လက်ကိုနာအောင် တစ်ချက်နှစ်ချက် လှုပ်လိုက်ပြီးမှ လွှတ်လိုက်ရင်း ...

"ဟေ့ကောင် ... ဂုဏ်သရေရှိ မိန်းကလေးတွေကို မင်းအဲဒီလောက် ရုပ်ပျက်ဆင်းပျက် လုပ်စရာ မလိုဘူး"

ဗသက် အသံက မာကျောကျော အေးစက်စက်။

ရောက်လာတဲ့ စားပွဲထိုးလေးတစ်ယောက်က လက်လိမ်ချိုးခံရတဲ့ စားပွဲထိုးလေးကို ဆွဲဖယ်ကာကွယ်ပေးလိုက်ကာ _

"တောင်းပန်ပါတယ် အစ်ကို၊ တောင်းပန်ပါတယ် အစ်မတို့၊ စကားပြောတာ နားလည်မှုလွဲရတာပါခင်ဗျာ၊ တောင်းပန်ပါတယ်"

ပိုးနှင့် သိမ့်သည် မျက်လုံးတွေ အဝိုင်းသား ပါးစပ်လေးတွေ အဟောင်းသားနှင့် သူတို့နား လျှပ်ပြက်သလို ရောက်လာတဲ့ ဗသက်ကို အငေးသား အကြောင်သား ကြည့်နေမိကြလျက်သားပါ။





"အမယ်လေးလေး ... ချောလိုက်တာ၊ သန့်လိုက်တာ၊ ခန့်ညားလိုက်တာ၊ ရင့်ကျက်လိုက်တာ၊ သတ္တိကောင်းလိုက်တာ၊ အားကိုးထိုက်လိုက်တာနော်"လို့ အသံတိတ်ရေရွတ်နေမိကြကာ ပစ်စလက်ခတ်အခြေအနေကိုတောင် မေ့လျော့နေမိကြပါသည်။

"ဘာဖြစ်တာပါလဲခင်ဗျာ"

ချက်ချင်းရောက်လာတဲ့ ဆိုင်မန်နေဂျာက မေးလိုက်လျှင် လက်နာသွားတဲ့ စားပွဲထိုးက ကတုန်ကယင်နှင့် အဖြစ်အပျက်ကို ပြန်ပြောပြသည်။ ပိုးနှင့် သိမ့်မှာ စကားပင်ဝင်မထောက်နိုင်ပါ။ ဗသက်ကိုသာ ကြက်သေငှက်သေ ငေးမောနေမိကြလျက် ပတ်ဝန်းကျင်ကို မေ့လျော့နေမိကြပါသည်။

"အဲ ... အဲဒါ အခု ဒီအစ်မတွေက ဆိုင်အပြင်ကို ထ,ထွက်တော့ ..."

"ဟေ့ကောင် ... သူတို့ဖုန်းဆက်ပြီး ပိုက်ဆံလှမ်းတောင်းမလို့လို့ပြောတာ ငါလည်းကြားတယ်၊ ဒီနားကလူတွေလည်း ကြားပါတယ်၊ မင်းက ဖုန်းလိုင်းမိတဲ့နေရာထိ ဖုန်းထွက်ဆက်ဖို့လောက်တောင် ယုံကြည်မှုမရှိတာတော့ ကိုယ့်ဆိုင်ရဲ့ ကပ်စ်တမ်မာအပေါ် လုံးဝစော်ကားရာမကျလွန်းဘူးလား ဟင်"

"ကျွန် ... ကျွန်တော်က ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့၊ နှစ်သောင်းရှစ်ထောင်နှစ်ရာ ဟုတ်လား၊ ရော့ ... သုံးသောင်း၊ ပိုတဲ့ထောင့်ရှစ်ရာ မင်းယူလိုက်၊ ငွေနှစ်သောင်းရှစ်ထောင်နဲ့များကွာ၊ ရော့ ... ယူထား ... ဟော့ကောင်"

မန်နေဂျာက ဗသက်ရဲ့ ငွေကိုင်ထားတဲ့လက်ကို အသာတွန်းကာ ...

"နေပါစေခင်ဗျာ၊ ဒီကအစ်ကိုကြီးလည်း မစိုက်ပါနဲ့ခင်ဗျာ၊ အစ်မတို့လည်း ကျေနပ်ပါခင်ဗျာ၊ စိတ်မရှိပါနဲ့၊ ကလေးကလည်း ဝန်ထမ်းသစ်မို့လို့ တာဝန်ကျေချင်ဇောလွန်ပြီး ခုလိုဖြစ်ရတာပါ၊ စိတ်မရှိပါနဲ့ဗျာ၊ အစ်မတို့ ဗစ်ဇစ်တင်းကတ်တွေပဲ ပေးခဲ့ပါ၊ လက်ခံထားလိုက်ပါ့မယ်၊ နောက်ကြုံမှပဲ ငွေဝင်ရှင်းပေးပါ ခင်ဗျာ"

ပိုးနှင့် သိမ့်က ...

"ဒါဖြင့် ကျွန်မတို့ ပြန်လို့ရတယ်ပေါ့"

"ဟုတ်ကဲ့ ... ရပါတယ်၊ ပြန်နိုင်ပါတယ် အစ်မ၊ မပြီးသေးရင်လည်း ဆက်သုံးဆောင်ပါ ခင်ဗျာ၊ အစ်မတို့ကတ်လေးတွေပဲ"

သိမ့်နှင့် ပိုးက သူတို့ရဲ့ဗစ်ဇစ်တင်းကတ်ကိုယ်စီကို ထပ်ထုတ်ပေးလိုက်ကြပါသည်။

"ဒီကအစ်ကိုလည်း စိတ်ပြေပါ ခင်ဗျာ"





"ပြေပါတယ်ဗျ၊ မျက်စိရှေ့မှာ မကိုးမကားတွေ့နေရတာ အရုပ်ဆိုးနေလို့ ဝင်ပါတာပါ ငွေနှစ်သောင်းရှစ်ထောင်နဲ့ဗျာ၊ ဒီမိန်းကလေးတွေကို ကြည့်လိုက်တာနဲ့တင် မိကောင်းဖခင်သားသမီး လူကြီးလူကောင်း လူယဉ်ကျေး အဆင့်အတန်းတွေဆိုတာ သိသာနေတဲ့ဟာကို"

"ဟုတ်ပါတယ် အစ်ကို၊ အစ်ကို ပြန်ထိုင်ပါဦး၊ လာပါ အစ်ကို"

လူရှဲသွားပြီဖြစ်၍ သိမ့်နှင့် ပိုးလည်း ပြန်ဖို့ထ,ပြီးသား ဖြစ်နေတာမို့ ရှေ့ဆက်ဖို့ရာ ဗသက်ကို ရင်တဖိုဖိုနှင့်ကြည့်ကြရင်း ...

"ကျေးဇူးတင်ပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

"ရပါတယ်"

ဗသက်သည် ကြမ်းကြမ်းရမ်းရမ်း တင်းတင်းထန်ထန် ပြုမူဖို့ဆိုရင် ဘယ်လိုမှ လက်မနှေးသော်လည်း အနုအရွသုပ်ဖို့တော့ မျက်နှာနီမြန်း ရှက်အမ်းတတ်သူ ဖြစ်ရကား သိမ့်နှင့်ပိုးကို ပြန်မကြည့်ရဲဘဲ မျက်လွှာစိုက်ချ၍ ...

"ရပါတယ်"တစ်ခွန်းသာ အာခေါင်ခြောက်ခြောက်ကြားက ဖျစ်ညှစ်ပြောလိုက်ပြီး ကိုယ့်နေရာကိုယ် ကမူးရှူးထိုးပြန်သွားလိုက်ပါသည်။ လှည့်ထွက်လာကြတဲ့ ပိုးနှင့်သိမ့်သည် ဘွားခနဲ



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်လာတဲ့ လူစွမ်းကောင်း လူရည်သန့်ကြီးကိုပဲ မျက်လုံးထဲကမထွက် အသည်းတလှပ်လှပ် ရင်တဖိုဖိုနှင့် လက်ဖျားလေးတွေပင် အေးစက်ခဲ့ကြရလေသည်။

❤ ❤





၄

သိမ့်သည် ဖိုးဖိုးဖုဖု ခုန်နေတဲ့ရင်နှင့် ဗသက်အနားမှာ မခို့တယို့ ချိုရွှင်ကြည်သာစွာ ရပ်နေရင်းက ...

"အစ်ကိုကြီးကိုင်ဖို့ဆိုရင် ဒီဘက်မှန်ဗီရိုထဲက အိတ်လေးတွေက သင့်တော်ပါတယ် အစ်ကိုကြီး"

ဗသက်က မှန်ရှိုးကေ့စ်ထဲက Brand ကောင်းကောင်းသေါ့လက်လေးတွေ ယောကျ်ားလူကြီးကိုင် ပိုက်ဆံအိတ်တွေတချို့ကို မျက်လုံးဝေ့ကြည့်ရင်း ...

"ကျွန်တော့်ဖို့ မဝယ်သေးပါဘူး"

"သြော် ... ဟုတ်ကဲ့၊ လက်ဆောင်ပေးဖို့လား အစ်ကိုကြီး"

"လက်ဆောင် ! ... အင်း ... လက်ဆောင်ပဲ ဆိုပါတော့၊ ဒီလိုပါ ကျွန်တော့်ကောင်လေးတွေ တပည့်လေးတွေသုံးယောက်ကို ပေးချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် … ဟုတ်ကဲ့ အစ်ကိုကြီး၊ ဒါဆိုရင်တော့ ဒီဘက်က ဟာလေးတွေ"

"အင်း … ဒါလေးတွေလည်း ကောင်းသားပဲ၊ ဈေးလည်း သောင်းရစ်ထောင်လောက်ဆိုတော့ မဆိုးဘူး၊ အသင့်အတင့်ပဲလေ"

"ဟုတ်ကဲ့ … သူ့ဈေးနဲ့သူ သင့်တော်ပါတယ်"

"ဒီလည်သာလေးတွေလည်း ကောင်းတာပဲ၊ အိနေတာပဲနော်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ဒါ Genuine Leather လေးတွေပါပဲ၊ အစစ်လေးတွေပါ၊ ထိုင်ဝမ်မိတ်လေးတွေပါပဲ၊ ဒါပေမဲ့ Brand က နာမည်ကြီးမဟုတ်လို့သာ ဒီဈေးဖြစ်တာပါ"

"သြော်"

"အစ်ကိုကြီး ဘယ်သုံးလုံးယူမလဲ မသိဘူး"

"ဒီကပဲ ကြည့်ရွေးပေးလိုက်ပါ မ …"

"သိမ့်ပါ … အစ်ကိုကြီး၊ သိမ့်ပဲခေါ်ပါ"

ဗသက်က ရှက်ပြုံးပြုံးနှင့် ဖျတ်ခနဲတစ်ချက်ကြည့်ကာ …

"သိမ့် … နော်"

"ဟုတ်ကဲ့ … နာမည်အပြည့်အစုံက သိမ့်သိမ်မွေ့ပါ"

"သိမ့်သိမ်မွေ့၊ နာမည်က အရမ်းကောင်းတာပဲဗျ"





"သဲင့်ခ်ယူးပါ အစ်ကိုကြီး၊ အစ်ကိုကြီးနာမည်ကော ဘယ်လိုခေါ်ပါလဲ၊ ကိုယ့်ဆိုင်ရဲ့ ဖောက်သည်ဖြစ်လာမယ့်သူမျိုးကို နာမည်တော့ မှတ်ထားရဦးမယ် … အဟင်းဟင်း"

"အဟင်း … ကျွန်တော့်နာမည် ဗသက်ပါ"

"ဗသက် … ! "

"ဟုတ်ကဲ့"

"အစ်ကိုကြီးနာမည်က အရမ်းမိုက်တာပဲ၊ ကြားရခဲတယ်၊ ဆင်တူရှိမှာ မဟုတ်ဘူး"

"ရှိပါတယ်ဗျာ၊ နာမည်က ရိုးရိုးပါပဲ၊ ဟိုးအရင်ခေတ်က လူကြီးတွေ ဦးဘသက်တို့ ဘာတို့ ရှိတတ်ပါတယ်"

"ခုခေတ်မှာတော့ မှည့်တာနည်းသွားပြီလေ အစ်ကိုကြီး၊ နာမည်က ရိုးလွန်းတာကပဲ ဆန်းနေတာလေ"

"သိမ့်ပြောမှပဲ ကျွန်တော့်နာမည် မဆိုးပါလားလို့ ထင်မိတော့တယ် … ဟဲ ဟဲ"

သိမ့်သည် ပါးစပ်ကလည်းပြောရင်း လက်ကလည်း ရွေးချယ်ရင်း …

"အစ်ကိုကြီး ဒါလေးသုံးလုံး ယူလိုက်ပါလား၊ ကာလာလေးတွေလည်း ကွဲတယ်လေ၊ ဘလက်ခ်လေးကတစ်လုံး၊ ဒါကတော့ အုန်းခွံရောင် ခေါ်မလားပဲနော်၊ ဒါကတော့ ချောကလက်ရောင်ရင့်ရင့်လေး အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်ဗျာ၊ သိမ့်ရွေးထားတာလေးတွေ လှပါတယ်"

"ဒါလေးတွေ သူ့ဘူးလေးတွေနဲ့ ထည့်ပေးပါ သမီးတို့ရေ"

သိမ့်က ကောင်မလေးတွေကို လှမ်းပေးလိုက်ပြီး ...

"အစ်ကိုကြီး ကော်ဖီသုံးဆောင်ပါဦးလားရှင်"

"အာ ... နေပါစေဗျာ၊ အားနာပါတယ်၊ သိမ့်တို့ဆိုင်က ဈေးဝယ်တဲ့သူတွေကို ကော်ဖီတိုက်တဲ့ ဝန်ဆောင်မှုရှိလို့လား"

သိမ့်က ရင်လေးတခုန်ခုန်နှင့် ချစ်စဖွယ် ပခုံးတွန့်ရယ်မောလိုက်ရင်း ...

"ဟင်း ဟင်း ... အဲဒီဆားဗစ်စ်တော့ မရှိဘူးပေါ့ အစ်ကိုကြီးရယ်၊ ဒါပေမဲ့ အစ်ကိုကြီးကတော့ ဘယ်တူမလဲ၊ အစ်ကိုကြီးက သိမ့်တို့ကို အကူအညီပေးဖူးတယ်လေ"

"အာ ... ဒါလေးက ဘာမဟုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးပါဗျာ"

"အစ်ကိုကြီးက အသေးအဖွဲ့ ကူညီလိုက်တာတော့ ဟုတ်ပါတယ်၊ သိမ့်တို့အဖို့ကတော့ မကြုံစဖူး မျက်နှာပျက်အရှက်ကွဲတော့မလို ဖြစ်နေတာလေ"

"ဒီကောင် တော်တော်ဆိုးတဲ့ကောင်ပါဗျာ"





သိမ့်က ဗသက်ထိုင်ဖို့ သူ့စားပွဲမှာ ခုံတစ်ခုပြင်ပေးလိုက်ရင်း ကောင်မလေးတစ်ယောက်ကိုလည်း ကော်ဖီယူခဲ့ဖို့ လက်ဟန်နှင့် ပြလိုက်ပါသည်။

"သိမ့်တို့က အဲသလိုလည်း တစ်ခါမှ မဖြစ်ဖူးတော့ ရယ်ပဲရယ်ချင်နေတာ အစ်ကိုကြီးရဲ့၊ ပိုက်ဆံက သိန်းချီနေရင်တော့လည်း ဆိုင်ကိုအားနာပြီး စိတ်ညစ်မိဦးမယ်၊ ပိုက်ဆံလေး နှစ်သောင်း သုံးသောင်းဆိုတော့ အားလည်းမနာမိဘူး၊ ရယ်ပဲရယ်ချင်နေတာပေါ့၊ အဲဒီကောင်လေးက ဆိုင်ကတ်ကိုတောင်မှ သူက သူများကတ်ကို ကိုယ့်ကတ်လိုလိုလာပြနိုင်တာပဲ ဆိုပြီး လုံးဝယုံကြည်မှု မပေးတာ"

"အေးဗျ၊ အဲဒီ မယုံမကြည် ဆက်ဆံမှုက ဆိုးတာ"

"ဟော ... အစ်ကိုကြီး၊ ကော်ဖီရပြီ၊ ကော်ဖီသုံးဆောင်ပါဦး"

"ဟာ ... ဘာဖြစ်လို့ ဖျော်လိုက်ရတာလဲ"

"အစ်ကိုကြီး ဝင်ကူညီထားတာနဲ့ ဒီကော်ဖီလေးတစ်ခွက်တိုက်ရတာက နောက်သလိုတောင် ဖြစ်နေတာပါ အစ်ကိုကြီးရာ၊ ဒီထက်ကောင်းကောင်းလေး ကျွေးမွေးချင်တာပါ"

"မလိုပါဘူး သိမ့်ရယ်"

သိမ့်သည် သူ့လောက်တောင် ရဲရဲတင်းတင်းမရှိတဲ့ ...ိုးရှုံ့တန့်ဟန်လေး တစ်မျိုးနှင့် ကြည့်တာရှုတာကိုက ရှက်



www.burmeseclassic.com

www.burmeseclassic.com



ကိုးရှက်ကန်းဟန် မစင့်တဲ့ ဗသက်ကြောင့် ရင်တွေဖိုရသည်။ သူ့ပုံစံက မရိုးသားတာ ဒီလောက် သိသာနေတဲ့ဟာ။

ပြီးတော့ ... တစ်ခါတစ်ရံများ စကားပြောရင်းက ပါးပြင်ကျေကတောင် ရဲကက်လာတတ်သေးသည်။ သူ့ဟန်ပန်မှာ အတွေ့အကြုံ သိပ်မရှိလှတဲ့ပုံမျိုး ပေါက်နေပါသည်။ အသက်က သုံးဆယ့်ငါးနဲ့ လေးဆယ်ကြားလောက် ရှိနိုင်တာဖြစ်၍ ဒီအရွယ် ဒီရုပ်ရည် ဒီစည်းစိမ်ချမ်းသာနှင့် ယောကျ်ားတစ်ယောက်ဟာ လူလွတ်တစ်ယောက် ဖြစ်နိုင်ပါ့မလား ဆိုတာပင် ဇဝေဇဝါဘဝင် မကျစရာ ဖြစ်နေရပါသည်။

မိုးထံလာတယ်လို့ သတင်းမကြားရဘဲ သူ့ဆီပဲ ရောက်လာတဲ့အတွက်လည်း ရင်ထဲမှာ ဘယ်လိုခံစားရတယ် ပြောပြတတ်အောင် တလှပ်လှပ် တထင့်ထင့် ဖြစ်နေပါသည်။ တကယ်ဆို သူလိုအဆင့်နှင့် လူတစ်ယောက်ဟာ တပည့်တပန်း ကိုပေးဖို့ ပစ္စည်းအတိုအထွာကလေးတွေကို ခုလို ကိုယ်တိုင်ကိုယ် ကျဝယ်ဖို့ လိုအပ်သလား။

တစ်ယောက်ယောက်ကိုပဲ ခိုင်းလိုက်မှာပေါ့။ ခုတော့ သိမ့်ရဲ့ဆိုင်ကို ဒီပစ္စည်းလေးတွေဝယ်ဖို့ သက်သက်ရောက်လာခဲ့ သည်လေ။

"သိမ့်က နောက်ထပ် ဆိုင်ခွဲနှစ်ဆိုင် ရှိသေးတယ်၊ ဒါပေမဲ့ သိမ့်က ဒီဆိုင်ပဲ အမြဲလို ထိုင်ပါတယ်၊ ဒါက Main ဆိုင်





ကြီးပေါ့။ အစ်ကိုကြီး လိုချင်တာရှိရင် ဒီဆိုင်ကိုပဲ လာခဲ့လေ။ လည်သာရှူးစ်တွေလည်းရှိတယ် အစ်ကိုကြီး၊ အမျိုးသမီးစီးတွေကို အဓိကရောင်းတော့ အမျိုးသားစီးတွေတော့ နည်းတော့နည်းပေမယ့် Brand အကောင်း မော်ဒယ်အသစ် လေးတွေတော့ နည်းနည်းပါးပါး တင်ပါတယ်"

"ဟုတ်ကဲ့"

ဗသက်ရဲ့ခြေထောက်မှာ စီးထားတဲ့ဖိနပ်ကို ကြည့်လိုက်တာနှင့် သူဟာ နာမည်ကြီးဈေးကြီး Brand ကောင်းကောင်း ဖိနပ်မျိုးစီးတဲ့သူဆိုတာ တန်းသိနိုင်ပါသည်။

"တကယ်လို့ အစ်ကိုကြီး ကတ်တလောက်တွေ ဘာတွေ မှာတွေ့ပြီး ဒီမှာဝယ်မရတဲ့ ဖိနပ်မျိုးရှိရင်လည်း သိမ့်ကို ပြောလေ၊ သိမ့် လှမ်းမှာပေးလို့ရတယ်၊ ယူအက်စ်အေအစစ် မှာပေးလို့ရတယ်၊ ဟိုမှာ အစ်ကိုရှိတယ်လေ အစ်ကိုကြီး"

"ဪ"

"အစ်ကိုကြီးက ဖိနပ်ကောင်းကောင်း စီးတတ်လို့ ပြောတာ ပါ"

"ဖိနပ်က တစ်ခါတလေ သိပ်ကောင်းတာ မစီးမှဗျ"

"ရှင် ... ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"တကယ့်ဈေးကြီးကြီး ဖိနပ်ကောင်းကောင်းတွေက တော်ရုံနဲ့မပျက်မစီးတော့ဘူးလေ၊ စီးရင်းနဲ့ ဖိနပ်က ဟောင်းချင်



www.burmeseclassic.com

www.burmeseclassic.com



လာပြီ နည်းနည်းလေးမှ မပွန်းဘူး မပါးဘူး၊ ချုပ်ရိုးမပျက်ဘူးဆိုတော့ ပစ်ရမှာလည်း နမြောပြီး ဆက်စီးနေရရော၊ အဲဒီတော့ ရှိုးပွဲတာပေါ့ဗျာ ဖိနပ်ဟောင်းကြီးနဲ့"

"ဩော် ... ဟင်း ဟင်း၊ အစ်ကိုကြီးက ရယ်ရတယ်"

"အဲဒါကြောင့် တစ်ခါတလေလည်း ဈေးပေါပေါပဲ စီးချင်တော့တယ်"

"အပြောင်းအလဲ ဖြစ်တာပေါ့ အစ်ကိုကြီးရဲ့"

ဗသက်က ကုန်သွားတဲ့ ကော်ဖီပန်းကန်ကို ချကာ နာရီတစ်ချက် မသိမသာကြည့်ရင်း ...

"ကျွန်တော် ပြန်မှထင်တယ်"

"ရပါတယ် အစ်ကိုကြီး"

"ကျွန်တော့်ကို ဧည့်ခံနေရတာ သိမ့်လည်း အလုပ်ပျက်နေပြီ၊ သွားမှဗျ"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ နောက်လည်း သိမ့်တို့ဆိုင်ကိုအားပေးပါ"

"အားပေးမှာပေါ့ဗျာ"

"ဟိုလေ ... နောက် အစ်ကိုကြီးတင် မကပါဘူး၊ အစ်ကိုကြီးရဲ့ မစ်စစ်စ်တို့ ဘာတို့လဲ အိတ်တွေ ဖိနပ်တွေလိုချင်ရင် သိမ့်ဆိုင်ကို ညွှန်းပေးပါဦးနော်၊ မိချောင်းအစစ်တို့ ငါးလိပ်ကျောက်အစစ်တို့ ရှိပါတယ် အစ်ကိုကြီး"





"မိချောင်းတို့ ငါးလိပ်ကျောက်တို့က ဘာလုပ်တာတုံးဗျ"

"အမျိုးသမီးလက်ကိုင်အိတ်တို့ ဘာတို့ လုပ်တာလေ အစ်ကိုကြီး၊ မိကျောင်းရေအိတ်တို့ ငါးလိပ်ကျောက်ရေဒ်ဘ်တို့"

"ဩော် ... ကျွန်တော်က အကောင်အစစ်ကြီးတွေ ဘာလုပ်ဖို့လဲလို့ ... ဟား ဟား"

"အဲဒါတွေ အစ်ကိုကြီးရဲ့ မစ်စစ်စ် လိုချင်ရင်လေ"

သိမ့်က ကိုယ်လိုချင်တဲ့စကားကို အစပြန်ဆွဲရသည်။

"သိမ့်ဆိုင်ကို အားတော့ပေးချင်ပေမယ့် ကျွန်တော့်မှာက မစ်စစ်စ် မရှိဘူးဗျ၊ ကျွန်တော် တစ်ကိုယ်တည်းသမားပါ"

ကိုယ့်ကိုယ်ကိုယ် ကြော်ငြာထိုးရင်း ဗသက် မျက်နှာနီမြန်းရပါသေးသည်။ သိမ့်တစ်ယောက်မှာလည်း "ဩော်" ဟူသော အစ်လုံးတည်းပဲ ကျေကျေနပ်နပ် ရေရွတ်နိုင်ပြီး ရင်ထဲဘုရားပွဲသည့်တယ်ဆိုတာမျိုး ဆိုင်းသံဗုံသံ တညံညံ၊ ဆူညံဝဲလှည့်ပျော်နေရပါတော့သည်။

နေဦး ...။ သူ ဘာလဲသိဖို့ လိုသေးတယ်။

"အစ်ကိုကြီး"

လှည့်ပြန်တော့မည် ပြင်နေတဲ့ ဗသက်က ဖျတ်ခနဲလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးရဲ့ ဘစ်စ်နက်စ်ကတ်လေးလည်း ပေးပါဦး။

ဒီမှာ သိမ့်ရဲ့ကတ်လေးလည်း ယူထားပါဦး အစ်ကိုကြီး"

သိမ့်က သူ့ကတ်လေး ထိုးပေးကာ ဗသက်ကတ်ကို တောင်းလေသည်။ ဗသက်က ဘောင်းဘီအိတ် အကျီအိတ်များကို လက်နှင့်စမ်းရင်း ဘောင်းဘီနောက်အိတ်ထဲက ဝေါလက်ပြားပြားကလေးကို ထုတ်ယူဖွင့်လိုက်ကာ ကတ်လေးတစ်ခု ထုတ်ပေးလိုက်ပါသည်။

"Ba Thett

SM Trading"

ဟင် ...။

သိမ့်က မျက်လုံးလေးပင် ဝိုင်းသွားရပါသည်။ SM Trading ဆိုတာ နာမည်ကြီး ကုမ္ပဏီတစ်ခုပဲ။ ဘာမှမပြောနိုင်ဘဲ ဆွံ့ဆွံ့အအလေး ဖြစ်သွားရတဲ့ သိမ့်ကို ဗသက်က လက်တစ်ဖက် နှုတ်ဆက်သလို ထောင်ပြကာ ဆိုင်ခန်းထဲက ထွက်သွားပါတော့သည်။ ကြောင်အအလေးနှင့် အတန်ကြာအောင်ရင်တခုန်ခုန် ဖြစ်ကျန်ရစ်ခဲ့တဲ့ သိမ့်က ရုတ်တရက် သတိရကာစားပွဲပေါ်တင်ထားတဲ့ဖုန်းကို အပြေးသွားယူလိုက်ပါသည်။

သူ့မှာ ဒီကိစ္စကို ချက်ချင်းလက်ငင်း အသိပေးကြားဝါရမည့်သူရယ်လို့ မိပိုး တစ်ယောက်ပဲ ရှိတာလေ။ သိမ့်က ပိုးရဲ့ဟန်းဒ်ဖုန်းနံပါတ်ကို နှိပ်သည်။ အရေးထဲ သူ့ဖုန်းကလည်း



အားလပ်ပဲ ရှိနေ၍ ပြောချင်လွန်းလှတဲ့ သိမ့်ဟာ အဆက်မပြတ်ဆက်နှိပ်ကာ ခေါ်နေရပါသည်။

ငါးမိနစ်လောက်နေမှ ဖုန်းက အားသွားကာ ...

"ဟယ်လို"

"ဟဲ့ ... မိပိုး"

"အေး ... ပြော မိသိမ့်"

"အမယ်လေး ... ရင်တွေတုန်လိုက်တာ၊ ခုထိ တကယ်တုန်တုန်းပဲ"

"ဘာဖြစ်တာလဲ"

"ငါ့ရင်တွေ ဒုန်းဒုန်း ဒုန်းဒုန်းနဲ့ တုန်နေတာကို ရှော်နေတာ၊ ခဏလေးနေဦး၊ နင့်ကို မပြောနိုင်သေးဘူး"

"မပြောနိုင်သေးရင် ဘာလို့ဆက်သေးလဲ၊ ငါအသုပ်တွေ ရှုပ်နေတယ်ဟဲ့၊ လူကြီးကတော်တစ်ယောက် လာစရာရှိတယ်၊ ဖုန်းဆက်ထားတယ်၊ သူ့အတွက် အားလုံး ရယ်ဒီလုပ်ထားရဦးမယ်၊ နောက်မှပြန်ဆက်"

"မဖြစ်ဘူး၊ နောက်မှပြန်ဆက်လို့ မဖြစ်ဘူး၊ အခု တစ်ခါတည်းပြောမှဖြစ်မယ်၊ နည်းနည်းစိတ်ရှည်ဂမ်းပါဟယ်၊ နင်လည်း အံ့သြသွားမယ့် သတင်းထူးပါ မိန်းမရဲ့"

"ပြော ... ပြော"

"ငါ့ဆီကိုလေ ... ငါ့ဆီကို"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ကျော့ချိကလူနီ လာသွားတယ်"

"ဟင်"

ပိုးသည် ထိုစကားလုံးက နားစည်ကိုရော ဦးနှောက်ကိုပါ တစ်ခေါင်းလုံးကို ဆောင့်လိုက်သလို ခံစားရကာ ခေါင်းတွေပင် ထူပူအုံခဲသွားရသည်။ တုတ်တိုနဲ့ ပြင်းပြင်းနှက်လိုက်တာထက် အခံရဆိုးပါသေးသည်။

"ဘာ ... မိသိမ့်၊ နင်ဘာပြောတာ"

နားကြားပဲ လွဲသလားတောင် တွေးမိသည်။

"ဩော် ... ကျော့ချိကလူနီ လာသွားပါတယ်ဆိုဟယ်၊ ရှင်းရှင်းလေး၊ နောက်တစ်ခေါက်ပြောမယ်၊ ကျော့ချိကလူနီ လာ ... သွား ... တယ်"

"ဟင် ... ဘယ် ... ဘယ် ... ဘယ်တုန်းကလဲ"

"ခုနပဲ ပြန်သွားတာ၊ ဒါကြောင့် ငါ့ရင်တွေ တုန်နေ ခုန်နေတာပေါ့၊ နင့်ဆီ ဖုန်းဆက်နေတာ နင့်ဖုန်းကမအားလို့ နည်းနည်းတောင် ကြာသွားပြီ"

"ဘာလာလုပ်တာလဲ"

ပိုးက လည်ချောင်းထဲ တစ်ဆို့လာတာကို အားယူပြီး မေးလိုက်ပါသည်။

"သူ့တပည့်တွေဖို့ ဝေါလက်လေးတွေ"





"ဩော် ... ပစ္စည်းလာဝယ်တာလား၊ ဒါများ"

"ဟဲ့"

သိမ့်က စိတ်တိုတိုနှင့် အော်လိုက်ပြီး ...

"နင် စဉ်းစားကြည့်ပါလား၊ ဒီပစ္စည်းလေးလောက်ကို သူက တကူးတက ကိုယ်တိုင်ဝယ်စရာလား၊ တမင်တကာ အကြောင်းရှာလာတာ အသိသာကြီးဟာကို"

ပိုးသည် စိတ်ထဲတော့ တနုံ့နုံ့နှင့် ဘယ်လိုမှမကျေချမ်းနိုင် မနာလိုနိုင်အောင် ဖြစ်နေသော်လည်း လေသံကိုတော့ ခပ်ပေါ့ပေါ့ပင် လုပ်ထားလိုက်ရင်း ...

"ဩော် ... မိသိမ့်ရယ်၊ ကိုယ်တိုင်ဝယ်စရာလားတောင် ပြောရအောင် သူက ဘာမို့လို့လဲဟဲ့၊ နင်ကလည်း အလကားစွတ်အထင်ကြီးနေတာပဲ"

"နင် ကဖျက်ယဖျက်တွေ လျှောက်ပြောမနေနဲ့ မိမိုး၊ သူက SM ထရိတ်ဒင်းပိုင်ရှင်ဟဲ့၊ နင် သိရဲ့လား"

"ဘာ"

"SM ထရိတ်ဒင်း"

"ဟင် ... ဟုတ်လို့လား၊ နင့်ကို ဘယ်သူပြောလဲ"

"သူကိုယ်တိုင် ဗစ်ဇစ်တင်းကတ်ပေးသွားတာ"

ပိုးသည် ဆတ်ဆတ်ခါ ထွန့်ထွန့်လူးအောင် ရင်ထဲအောင့်ကျိန်းပြီး လည်ချောင်းထဲ အလုံးနင်သွားသော်လည်း ချက်ချင်းပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဗစ်ဇစ်တင်းကတ်ကလည်းဟာယ် ငါတို့ကို ဟိုစားပွဲထိုး ကောင် ပြောသလို တစ်နေ့ရာရာက ကောက်ဆွဲလာရင် ရတာပဲ ဆိုသလို ဖြစ်နေတာလေ မီသိမ့်ရဲ့"

"ဟဲ့ ... မိပိုး၊ နင် ငါ့ကို မနာလိုဖြစ်ပြီး အဆိုးတွေချည်း ရှာကြံပြောမနေနဲ့၊ နင့်ဟာနင် ယုံချင်ယုံ မယုံချင်နေ။ သူ့နာမည်က ဗသက်တဲ့၊ ကိုဗသက်၊ SM ထရိတ်ဒင်းပိုင် ရှင်။ တပည့်ကောင်လေးတွေအတွက် ဝေါ့လက်တွေ လာ ဝယ်တယ်ဆိုတာ သက်သက်မဲ့ အကြောင်းပြချက် ရမယ် ရှာတာပဲဟဲ့ မိပိုးရဲ့၊ သူ တမင်တကာကို ရောက်လာတာ၊ နင် မယုံကြည်လည်း မတတ်နိုင်ဘူး၊ နင် မနာလိုလည်း မတတ်နိုင်ဘူး ..."

အဖြစ်အပျက်ကတော့ တကယ်ပဲ ဖြစ်ပျက်ခဲ့ပြီ၊ လာသွားပြီဟဲ့၊ ငါတိုက်တဲ့ ကော်ဖီတောင် ထိုင်သောက်သွား တယ်၊ အနားကပ်ပြီးကြည့်တော့ဟာယ် အသားလေးက သွေးပီပီ ဝင်းစိမ်းပြီး မွတ်ဖန့်နေတာပဲ၊ နင် မနာလိုရင် လည်း မနာလိုချင်စရာပဲဟဲ့ ... အဟိ ဟိ"

"ဟဲ့ ... ငါက ဘာဖြစ်လို့ မနာလိုရမှာလဲ"

"မသိဘူးလေ၊ နင်လည်း ဟိုတစ်နေ့ကတော့ ဂျော့ချ်ကလူနီ ဂျော့ချ်ကလူနီနဲ့ ဖြစ်နေပြီးတော့၊ ခုတော့မှ အင်တင်တင် လိုလို ဘာလိုလိုတွေ နင်ကလုပ်နေတာကိုး"





ပိုးသည် လည်ချောင်းထဲ နင်နေသမျှတွေ သိမ်းကျုံး မျိုချပစ်လိုက်ရလျက် ...

"ဟုတ်ပါတယ်၊ ဒီလူ ဂျော့ချ်ကလူနီနဲ့လည်း တူတယ်၊ ကြည့်လို့လည်း ကောင်းတယ် မှန်ပါတယ်၊ အခု သူ့ရွှေး မင်း ဖြစ်နေတော့ ပိုတောင်ကောင်းတာပေါ့ဟာယ်၊ နင့်ကို မနာလိုမရှိပါဘူး သိမ့်ရဲ့၊ နင့်ကို မနာလိုရအောင် ငါက သူ့ကို ကြိုက်နေတာမှ မဟုတ်တဲ့ဟာ"

"ဘယ်သိမလဲ"

"ဒါပေမဲ့ အရာရာကို ဖြစ်နိုင်ခြေနှစ်မျိုးနဲ့ နင် စဉ်းစားနော်၊ ပေါ့စတာစ်ဗ်သင့်ကာ (Positive Thinker) ဆိုတာ ကောင်း တယ်ဆိုပေမယ့် နက်ဂတစ်ဗ်ဘက်ကလည်း ထည့်တွေးမ ထားရင် ထိစရာရှိ ပိုအထိနာတယ်ဟဲ့"

"ငါကဘာကို နဂ္ဂတစ်ဗ် တွေးရမှာလဲ"

"ဥပမာပေါ့ဟာယ်၊ ဒီရုပ်ဒီရည် ဒီအသက်အရွယ် ဒီစည်းစိမ် ဥစ္စာမျိုးနဲ့ ..."

"တော်တော့၊ မိန်းမရှိနေနိုင်တယ်၊ ဒါပြောမှာ မဟုတ်လား၊ ငါကဖွင့်ကို မေးလိုက်ပြီ၊ လုံးဝ မိန်းမ,မရှိ လွတ်လပ်သူ"

"ဟင် ... နင်က ဖွင့်မေးတယ် ! "

"ဩော် ... မေးတယ်ဆိုတာ ပညာသားနဲ့ပေါ့ဟဲ့၊ ဘလိုင်း ကြီး အစ်ကိုကြီးမှာ မိန်းမရှိလားဟင်ငင်ငင် ... လို့ ဘယ် သူက မေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုမေးတာလဲ"

"သူ့မစ်စစ်စ်အတွက်လည်း အိတ်တွေ ဖိနပ်တွေ Brand အစစ်တွေ ရှိပါတယ်လို့ ပြောတာပေါ့"

"ဒီတော့ ! "

ပိုးက ရင်တဒိတ်ဒိတ် ခုန်လာပါသည်။

"မစ်စစ်စ်မရှိပါဘူးတဲ့၊ တစ်ကိုယ်တည်းသမားပါတဲ့"

"ဘယ်လို တစ်ကိုယ်တည်းလဲ၊ တစ်ခုလပ်လား၊ မုဆိုးဖို လား"

"ဟဲ့ ... လူပျိုကြီးလားလို့ နင် ဘာကြောင့် တွေးမပေးနိုင်အောင် ဖြစ်နေတာလဲ၊ သူ့ဟာသူ ပျိုပျို ဖိုဖို လပ်လပ် ဘာဖြစ်ဖြစ်ပေါ့၊ အရေးကြီးတာက တစ်ကိုယ်တည်းဖြစ်ဖို့ပဲ"

"အင်းပါ ... ဟုတ်ပါတယ်"

ပိုးအသံက ပျော့သွားပါသည်။

"ပိုး ... အဲဒီတော့ နင် ဘယ်လိုထင်လဲဟင်"

"ဘာကိုထင်ရမှာလဲ"

ပိုးအသံက အောက်ကလိအာ ပြန်ဖြစ်လာသည်။

"သူ ငါ့ဆီကို အရေးမပါတဲ့ အကြောင်းလေးပြပြီး ရောက်လာခဲ့တာကိုလေ"





"ဟိုတစ်နေ့က နင့်နာမည်လည်းမသိ၊ နင့်ကတ်လည်း သူတွေ့တာမှ မဟုတ်တာ သိမ့်ရဲ့"

"ဒီတော့ ! ! "

"နင့်ဆိုင်မှန်း မသိဘဲနဲ့ ဆိုင်ရှေ့ဖြတ်ရင်း ဒီဆိုင်လေး ဝင်ကြည့်လိုက်ဦးမယ် ဆိုတာမျိုး ခရီးကြုံ လမ်းကြုံ တိုက်တိုက်ဆိုင်ဆိုင် ဝင်မိတာမျိုးရော မဖြစ်နိုင်ဘူးလား"

သိမ့်က တိတ်သွားရပါသည်။

ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တာပဲလေ။ သိမ့်ဆိုင်မှန်း သိလို့ လာတယ်၊ မသိဘဲ လာတယ်ဆိုတာတွေ ပြောမှမပြောဖြစ်တာ။ ဆိုင်ထဲ ကိုဗသက် ဝင်လာတာ မြင်တာနှင့် သိမ့်က အံ့သြ အကြီး ဖြစ်သွားမိပြီး အစ်ကိုကြီး လာပါ၊ ဘာအလိုရှိပါသလဲ ဆိုတာ တန်းပြီးမေးဖြစ်လိုက်တာမို့ သူ ဘယ်လိုပုံစံနှင့် ရောက်လာတယ်ဆိုတာ မသိရပါ။

သိမ့်က ချက်ချင်းပဲ အကောင်းဘက်က လှည့်တွေးလိုက်ကာ ...

"အင်းပါလေ၊ ဘယ်လိုပုံစံနဲ့ပဲ ရောက်လာလာပါ၊ ငါ့ကို တွေ့ပြီး ငါနဲ့ စကားပြောဖြစ်နေတဲ့ အချိန်မှာတော့ သူလည်း စိတ်လှုပ်ရှားနေတယ်ဟဲ့ ... သိလား"

ကဲ ... ...။

မလှုပ်ရှားနေပါဘူးလို့ နင် ငြင်းလို့ရသလား မိပိုး သိမ့်က ကိုယ့်ဟာကိုယ် ကျေနပ်အားရရင်း ..



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောတာတောင် ရဲရဲတင်းတင်း မဖြစ်ဘဲ သူက နည်းနည်းရှက်နေတာ၊ တစ်ခါတစ်ခါများ ပါးတွေ နားထင်တွေတောင် ရဲတက်သွားသေးတယ်၊ ပိုးရယ် ... ငါလည်း လန့်ကြောင်ပြီး လက်ဖျားတွေကို အေးစက်နေတာပဲ ... အဟီးဟီး"

"နင်က ဘာကိုလန့်တာ ကြောင်တာလဲ"

"ခုလို ရုတ်တရက် ရောက်လာမယ်မှ ထင်မထားတာဟဲ့၊ ဘယ်လိုနေမယ် ထိုင်မယ် ပြောမယ် ဆိုမယ်တွေ ဘာတစ်ခုမှ ကြိုစဉ်းစားမထားရဘူးလေ"

"အမယ်လေး ... မလိုပါဘူးဟယ်၊ နဂိုနေပေါ့"

"အေးပါ၊ နင့်ဆီလာတာ မဟုတ်တော့ နင်က ဝေဖန်ချင်တိုင်း ဝေဖန်လို့ရနေတာပေါ့လေ"

"မဆိုင်ပါဘူးဟယ်၊ နင်က ဖြစ်သင့်တာထက် ပိုစိတ်လှုပ်ရှားလွန်းနေလို့ ငါက ပြောနေရတာ၊ နင့်ကို ဘယ်ယောက်ျားတစ်ယောက်မှ လာမကြိုက်ဖူးတာ ကျနေတာပဲ"

"ဘာပဲဖြစ်ဖြစ်ဟယ်၊ ငါတော့ ရင်တွေအရမ်းတုန်ပြီး ကျန်ခဲ့တာ၊ ခုထိလည်း တုန်နေတုန်းပဲ၊ နင့်ဟာနင် ငါ့ကို ဘယ်လိုဝေဖန်ဝေဖန် သူ ရောက်လာတဲ့အတွက် အရမ်းစိတ်တွေလှုပ်ရှားတာ အမှန်ပဲ၊ ကဲ ... နင် ကျေနပ်လား"

"........."





"ဟဲ့ ... ငါပြောနေတာ ကြားလား"

"........."

"ဟယ်လို"

"မိ ... မိ ... မိသိမ့်၊ ငါ ... ဖုန်း ... ဖုန်းချလိုက်မယ်၊ ဘုရားရေ ... ဘာတွေဖြစ်လာပါလိမ့်၊ သူ ... သူကောဟုတ်ရဲ့လား"

"ဟဲ့ ... နင် ဘာဖြစ်တာလဲ ပိုး"

"မိ ... မိသိမ့်၊ သူ ... သူ လာနေလို့၊ ကျော့ချ်ကလူနီ ငါ့ဆိုင်ထဲ ဝင်လာနေပြီ၊ ဒါ ... ဒါပဲ သိလား"

ဖုန်းလိုင်းက အဆက်အသွယ် ပြတ်တောက်သွားပါသည်။

❤ ❦ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၅

သိမ့်သည် ကားပေါ်တက်ထိုင်လိုက်ရင်း ကားပေါ် မှာ အသင့်ပါလာနှင့်တဲ့ ပိုးကို အကဲခတ်ရသည်။ ဗသက်နေတဲ့ နေရပ်လိပ်စာကနေ ထွက်လာရင် အရင်လမ်းသင့် ခရီးကြုံတာက မိပိုးရဲ့အိမ် ဖြစ်နေတာကတော့ ကုသိုလ်ကံပဲလေ ပြုပြင်လို့မရ

ကားပေါ်အရင်ရောက်ရတဲ့သူက ဗသက်ရဲ့နံဘေး နေရာကို ထိုင်ထားနှင့်လိုက်တာပေါ့။ အဲဒီတော့ ဘယ်တော့ ဘယ်ကိုသွားသွား ပိုးက အမြဲတမ်းလိုလို ဗသက်နံဘေးက နေ ခန်းထိုင်ခုံမှာ။ သိမ့်က နောက်ခန်းက တက်ရတော့တာပေါ့လေ

အပြင်သွားတိုင်း အမြဲလိုလို သုံးယောက်တွဲ။ ဗသက် ဟာ ဘယ်တော့မှ တစ်ယောက်တည်းကိုကွက်ပြီး တစ်ခုခုကျွေး မခေါ်ပါ။ နှစ်ယောက်အတူ ခေါ်သည်။ နှစ်ယောက်မို့ဆိုပြီး ငြင်း ရင် ငြင်းသူကျန်ရစ်ရမှာပဲမို့ မငြင်းသာပါ။ သုံးယောက်တွဲကြ လည်း ခပ်အောင့်သက်သက်နှင့် သွားရတာပင်။





ပိုးနှင့်သိမ့်ဟာ အဝတ်အစားကအစ မသိမသာ လေး ပြိုင်ဆိုင်ကြရလေသည်။ တစ်ယောက် ဘာဝတ်ထားလဲ၊ ယ်လိုပြင်ဆင်ထားလဲ၊ ဘယ်လောက်ရုပ်ထွက်နေလဲတွေကို နိုး အကဲခတ်ကြရတာအမော။ ကိုယ့်ရဲ့အသွင်သဏ္ဌာန်က ကိုကြီး သက်ရဲ့အာရုံကို ပိုဆွဲဆောင်နိုင်ဖို့ သူတို့မှာ အရေးကြီးနေပါ ည်။

ဒီနေ့အဖို့ ပိုးက စကိုင်းဘလူး ဂျင်းဘောင်းဘီဒူး င်ကျော်ရုံလောက်နှင့် အပေါ်က ဖာလေးတွေ အရှုံ့အတွန့်လေး တွေ အထပ်ထပ်နှင့် ချည်သားစစ်စစ် အင်္ကျီဖြူပါးပါးကလေး တ်ထား၍ ဖျော့တော့လတ်ဆတ်ပြီး ကလေးပုံလေး ထွက်နေ သည်။ စတက်ပ်ညှပ်ထားတဲ့ ဆံပင်လေးနဲ့ အတော်ငယ်နေပေါ ဟု သိမ့်က အမှတ်မပေးချင့် ပေးချင် တွေးနေချိန်တွင် ...။

ပိုးက ကားပေါ်တက်လာတဲ့ သိမ့်ကို ကိုယ်လိမ်ကာ ကြည့်လိုက်ပါသည်။ ပေါ့ပါးအေးမြတဲ့ ချည်ထည်ဂါဝန်ပန်းဖျော့ က ဒူးကျော်ကျော်လောက်နှင့် လက်ခပ်ပြတ်ပြတ် လည်ပင်း လေး ချုပ်ထားတာမို့ သွယ်လျတဲ့ သိမ့်ရဲ့ခန္ဓာကိုယ်ကို ပိုလှ လိုပါပဲ။ အတန်ငယ် ပြည့်ဖြိုးတဲ့ ပခုံးကျောပြင်တို့ကိုတော့ အတိုင်း ဆံနွယ်ခွေတို့က ဖုံးအုပ်ထားလျက်သား။ အပွင့်နုပ် အဆင်နုနုကလေးက လူကို နုမျစ်စေတယ်။ ဒီအစလေးမျိုး လည်း ချုပ်ဦးမှလို့ ပိုးက တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ပိုးတို့ သိမ့်တို့ ဘယ်မှာစားချင်လဲ"

ဗသက်ရဲ့မေးခွန်း ထွက်လာလျှင် သိမ့်က –

"ဒီနေ့ ယိုးဒယားစာ စားကြရအောင်လေ အစ်ကို

ပိုးသည် ချဉ်ချဉ်စပ်စပ် ပူပူအီအီတွေ သူလည်း

သော်လည်း ...

"ဟာ ... ဒီနေ့ ဂျပန်ဆိုင်သွားမယ်၊ ဆူရှီလည်း စား

တယ်"

ကိုယ့်ဆန္ဒ မတင်ပြလိုက်ရပဲ သိမ့်ဆန္ဒကိုသာ

လျော့ရတာမျိုး မဖြစ်လိုတဲ့စိတ်ကြောင့် ဆန့်ကျင်စကား

လိုက်ပါသည်။

"ဟင် ... နင်က ဂျပန်စာလည်း မကြိုက်ဘဲနဲ့၊ ဂျပန်

လည်း သွားလေ့မရှိဘဲနဲ့"

"သွားလေ့မရှိလို့ တစ်ခါတလေ သွားချင်တာပေါ့"

"ဟိုးတုန်းက တစ်ခါသွားတုန်းက နင်ပဲ စားရသေး

ဘာ ညီတယ်ဆို"

"အပြောင်းအလဲပေါ့ဟယ်"

"စားမကောင်းလို့ စားမကုန်ဘဲ ဗိုက်လည်းမပြည့်၊ ငါ

ကုန်တာပဲ အဖတ်တင်တယ်၊ ငါတော့ ဂျပန်စာလုံးဝ

တာ"





ငြင်းခုန်နေကြတာကို ဗသက်က နားထောင်နေပါသည်။ ဒီမိန်းကလေး နှစ်ယောက်ဟာ အတော်ငြင်းကြတဲ့နှစ်ယောက်။ တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်း ဆန္ဒချင်း ထပ်တူညီတယ်ပဲ မရှိ။ ဒါနဲ့တောင် နှစ်ပေါင်းကြာရှည်တော့ စွဲစွဲမြဲမြဲ ခင်မင်ပေါင်းသင်းနေနိုင်သည်။

ကြာတဲ့အထိ အဖြေမထွက်တော့ ဘယ်ကိုမောင်းမယ်မသိတဲ့ ဗသက်က ကြားဝင်ကာ ...

"တစ်ယောက်ယောက်က လုံးဝမစားချင်တဲ့ဆိုင် ဆိုရင်တော့ မသွားရင် ကောင်းမယ်ထင်တယ်ဗျ၊ အဲဒီတစ်ယောက် စားစရာမရှိ ဖြစ်နေမှာပေါ့"

ပိုးက ချက်ချင်းလျှော့လိုက်ကာ ...

"ဒါဖြင့် ဂျပန်ဆိုင် မသွားတော့နဲ့လေ အစ်ကိုကြီး"

"အစ်ကိုကြီးကော ဘာစားချင်လဲ၊ အစ်ကိုကြီးသွားချင်တဲ့ ဆိုင်ပဲ ရွေးလိုက်ပါလား"

"သိမ့်တို့ပဲ ရွေးပါ၊ ကျွန်တော်က သိမ့်တို့ ပိုးတို့ စားချင်တာကို ကျွေးချင်တာပါ"

"ပိုးတို့နှစ်ယောက် ရွေးနေရင်တော့ ငြင်းခုန်နေတာနဲ့ ခရီးတွင်မှာ မဟုတ်ဘူး အစ်ကိုကြီး၊ အစ်ကိုကြီး စားချင်တာပဲ လိုက်စားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုရွေး ဆိုရင်တော့ ကျွန်တော်က ခုတလော အကင်တွေပဲ အာရုံကျနေတာဗျ၊ အကင်ဆိုင် တစ်ဆိုင်ဆိုင် မောင်းလိုက်ရမလား"

"မောင်းလိုက်ပါ အစ်ကိုကြီး၊ ပိုးတို့လည်း အကင်မစား တာ ကြာပြီ"

"အကင်တော့ သိမ့်လည်း ကြိုက်တယ်"

"ဒါဖြင့် အကင်ဆိုင် သွားလိုက်မယ်"

သူတို့နှစ်ယောက်နှင့် ဗသက်တို့ရဲ့ ခင်မင်မှု အချိန်တိုတိုနှင့် ခပ်မြန်မြန် ရင့်သန်စည်ပင်လာတာပါ။ အဲသည် ခပ်မြန်မြန် ရင်းနှီးမှုဟာ ဗသက်ရဲ့ အရည်အချင်းကြောင့်မဟုတ် ပိုးနှင့် သိမ့်တို့ဘက်က မသိမသာ အားထုတ်ကြိုးပမ်းမှုကြောင့် ဖြစ်ပါသည်။

ငိုးပုလဲရဲ့ဆိုင်က Beauty Spa ဖြစ်နေတဲ့အတွက် တစ်ခေါက်ဘစ်မျိုး မရိုးရအောင် အကြောင်းအမျိုးမျိုးနှင့် ထပ်ခါ ထပ်ခါ ရောက်နိုင်သည်။ သိမ့်ရဲ့ဆိုင်ကတော့ မကြာ မကြာ စရာ ရှိမှတာမျိုးမဟုတ်၍ တမင်တကာ အကြောင်းမရှိဘဲ လိုက်မှ ရောက်ဖြစ်တာမျိုးပင်။

အကင်ဆိုင်မှာကင်ဖို့ သားငါးပုစွန်တွေ ရွေးချယ် တဲ့အခါမှာလည်း ပိုးရော သိမ့်ရောဟာ ဗသက်ကို မသိမသာ





စေတနာပိုပါကြောင်း သူ့ထက်ငါ ပြသရပါသည်။ အဲသလို အမူ အရာပြရာမှာလည်း သိသိသာသာကြီး ပြဇာတ်ဆန်ဆန် ပြလို့မရ။ သိမသာလေး ရိပ်မိတာကသာ ရင်ကို လှုပ်ခတ်စေမှာဖြစ်ရာ ညာသားပါပါကလေး စေတနာပိုရတာပါ။

တကယ်တော့ တစ်ယောက်တည်းဆိုရင် ဒီလောက် အားထုတ်ကြိုးပမ်းနေဖို့မလို။ နှစ်ယောက်ဖြစ်နေလို့ တစ်ယောက် ကိုတစ်ယောက်က မသိမသာ ပုတ်ထုတ်နိုင်အောင် ကိုယ့်နေရာ ကိုယ် တည်ဆောက်နေရတာ ဖြစ်ပါသည်။

"အစ်ကိုကြီး မန်းဒေးကျ ဆိုင်လာခဲ့ပါဦးလား၊ ဆံပင်နည်း နည်းလေးရှည်ပြီလားလို့၊ မန်းဒေးမှ လူရှင်းတာဆိုတော့ ဒီမန်းဒေးမလာလိုက်ရင် နောက်မန်းဒေးထိ စောင့်နေရဦး မယ်"

ဗသက်က သူ့ခေါင်းသူ သပ်ကာ သူ့ဆံပင် သူစမ်း သာ ...

"ရှည်ပြီလား"

"မိပိုးရယ်၊ လွန်ခဲ့တဲ့ နှစ်ပတ်ကမှ အစ်ကိုကြီးကို နင်ညှပ်ပေး ညှပ်တာမဟုတ်လား၊ တစ်လလောက်လေးများတော့ စောင့် လိုက်ပါဦးဟယ်၊ တကတဲ၊ ဒီထက်ထပ်ညှပ်ရရင် အစ်ကိုကြီး လည်း ခေါင်းတုံးဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်စကားကို ဗသက်က တကိကိ သဘောကျရယ် မောမဆုံး ဖြစ်နေပါသည်။ ဒီတော့ ပိုးမှာလည်း သူ့ အကဲပိုတာ မသိမသာ ပေါ်လွင်သွား၍ ရှက်ပြုံးတုံ့တုံ့နှင့် ...

"အစ်ကိုကြီးက ဆံပင်တိုနဲ့ ပိုလိုက်လို့ပါဟဲ့"

"တစ်လတစ်ခါလောက်ညှပ်ရင် တော်ပြီပေါ့"

"အစ်ကိုကြီး မျက်နှာလာဆေးဦးလေ၊ ဒါကတော့ မကြာ မကြာလုပ်လည်း ရပါတယ်၊ မွေးညင်းပေါက်လေးတွေ ကြေးမရှိဘဲ ပွင့်သွားတာပေါ့"

"ကျွန်တော်က တစ်သက်လုံး ခပ်ကြမ်းကြမ်းပဲ နေလာတာ ဗျာ၊ ပိုးတို့နဲ့ မသိခင်အထိ မျက်နှာဆေးတယ်၊ ဘာညာ ဆိုတာတော့ တစ်ခါမှ မလုပ်ခဲ့ဖူးဘူး၊ ဟိုတစ်ရက်ကမှ ပိုးက စမ်းပြီးလုပ်ကြည့်ပါဆိုလို့ စ,လုပ်ဖူးတာ၊ မျက်နှာ တွေ ဘာတွေ ဒီလိုသ,တာမျိုးကကျတော့ ကျွန်တော်တို့ကို သာမန်လူတွေနဲ့ သိပ်မအပ်စပ်ပါဘူးဗျာ"

"သာမန်လူလည်း Skin care တော့ လိုတာပဲ အစ်ကိုကြီး ရဲ့"

"တော်ရုံတန်ရုံတော့ ကိုယ့်အိမ်မှာပဲ ကိုယ်လုပ်လိုက်တာ ပေါ့ဗျာ၊ အိမ်မှာလည်း နေ့တိုင်း မျက်နှာသစ်နေရတာပဲ ဟာ၊ နည်းစနစ်တော့ ကျချင်မှ ကျမယ်ပေါ့၊ ဒါပေမဲ့ ဆပ်



ပြာနဲ့ရော facial foam နဲ့ပါ သေချာလေးတော့ သစ်ဖြစ် ပါတယ်။ ကျွန်တော်တို့ အသားအရေတွေကလည်း အဆီ ပြန်တတ်တဲ့ အသားအရေဆိုတော့ မနက်မိုးလင်း မျက်နှာ သစ်တာတစ်ခါ၊ နောက် ရေချိုးတော့တစ်ခါ၊ ညအိပ်ရာ ဝင်ခါနီးတစ်ခါ၊ တစ်နေ့ သုံးကြိမ်လောက်ဆာတော့ သစ် ဖြစ်နေတာပါပဲ၊ မင်းသားလည်း မဟုတ်တော့ ဒီလောက် တော်ပြီပေါ့ဗျာ"

"ဒါဖြင့် အစ်ကိုကြီး မုတ်ဆိတ် ပါးမြိုင်းမွေးရိတ်ပြီး ပုံသွင်းဦးမလား"

ဗသက်က ရယ်ပါတော့သည်။ သိမ့်က သိသိသာသာ သက်ပြင်းတစ်ချက်နှင့် ...

"မိပိုးရယ် ... တစ်ခုမဟုတ် တစ်ခုတော့ ငင် လုပ်ရမှ ဖြစ်နေတာပဲ၊ နင့်မားကက်တင်း ကောင်းလှချည်လား"

"အမယ် ... ကိုယ့်ဆိုင် အာ ပေးအောင်သက်သက် မဟုတ် ပါဘူးနော်၊ အစ်ကိုကြီးက ရုပ်သန့်တယ်၊ ရုပ်ထွက်တယ် မဟုတ်လားဟဲ့၊ အဲဒီတော့ ပိုပြီး အရောင်ထွက်အောင် အမြဲတမ်း သ,နေစေချင်လို့ပါ၊ ငါ့ဆိုင်မှာ ကိုယ့်အစ်ကို တစ်ယောက် အလကားအမြဲတမ်း လုပ်ပေးရလည်း ငါက ဝဲလက်ကမ်းနော်၊ ပိုက်ဆံလိုချင်တယ်များ နှင်ထင်နေလား"

www.burmeseclassic.com



"ပနာ"မ ...။

သိမ့်က စိတ်ထဲက ကျိတ်မဲ့ရွဲ့လိုက်သော်လည်း
က အဲသလို လိုက်ပြောနိုင်အားမရှိ။ သူ့ဆိုင်က တစ်ပတ်တစ်
ပစ္စည်းဝယ်ရ အားပေးရမည့် ဆိုင်မျိုးမှ မဟုတ်တာ။

"နင်တို့ဆိုင်မှာ ဒီ မှတ်ဆိတ်ပါးမြိုင်းမွေး ပုံသွင်းတဲ့
ကောင်းကောင်းရှိလို့လား၊ နင့်ဆိုင်က Hair နဲ့ Skin
ပဲ ကောင်းတာ မဟုတ်လား"

ပိုးက ပြုံးစိစိ လုပ်နေပါသည်။

"အဲဒါမျိုးက Beauty salon တိုင်းလည်း ရတာမဟုတ်
ဗျ၊ ဆံပင်ညှပ်ဆိုင်တိုင်းလည်း မရဘူး၊ အဲဒါက
ကျွန်တော့်ကို ပုံသွင်းနေကျလူ ရှိပါတယ်၊ တခြားတစ်
ရာမှာလုပ်လို့ မဖြစ်ဘူးဗျ"

"အင်းပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကိုလည်း ပိုး
အတင်းဆွဲပြီး လုပ်မခိုင်းပါဘူး"

"ကြာရင်တော့ နင့်ကို အစ်ကိုကြီး ကြောက်လာမှာ အ
ပဲ"

"အောင်မာ ... ဘာဖြစ်လို့ ကြောက်ရမှာလဲ"

"ငါကို ပိုးပုလဲ ဘာတွေဆွဲလှဲပြီး ညှပ်တိဖြတ်တောက်
ကြောဦးမလဲလို့ပေါ့"

"ဟား ဟား ဟား"





ဗသက်က ခေါင်းမော့ပြီး အားရပါးရ ရယ်မိသည်။

သူ့ဘဝမှာ အမျိုးသမီးတွေနှင့် အတော်ကင်းကင်းရှင်းရှင်း ရှိခဲ့တာပါ။ သူကိုယ်တိုင်က သူ့ရဲ့မတောင့်တ မကြောင့်ကြရသော တစ်ကိုယ်ရည်ဘဝကိုပဲ မက်တွယ်နေခဲ့တာ။ မိန်းမတွေအပေါ် သိပ်ကိုစိတ်မဝင်စားခဲ့တာ။

Stage Show ညကတော့ ဗသက်သည် ပိုးပုလဲနှင့် သိမ့်သိမ်မွေ့ နှစ်ယောက်တွဲကို ရုတ်တရက် စိတ်ဝင်စားမှု ဖြစ်ထွန်းခဲ့ရတာပင်။ ကော်ရစ်ဒါမှာ ရပ်နေတဲ့ သူတို့နှစ်ယောက်ပုံစံက ထူးခြားနေပါသည်။ ပြောရခက်တဲ့ ထူးခြားမှုကတော့ သူမတို့နှစ်ယောက်ဟာ တစ်ယောက်ရဲ့ အနေအထားက နောက်တစ်ယောက်ကိုဟပ်ပြီး အပြန်အလှန် အပေးအယူရှိကာ စိတ်ဝင်စားစရာ ကောင်းနေတာ ဖြစ်ပါသည်။

တစ်ယောက်တည်း မြင်ရရင်တောင် ဒီလောက်စိတ်ဝင်စားစရာ ဖြစ်လိမ့်မယ်မထင်။ သူတို့နှစ်ယောက်အကြားက ရင်းနှီးမှု ခင်မင်မှု ဝန်တိုမှု ပြိုင်ဆိုင်မှုတွေက မျက်နှာပေါ်မှာ တစ်ပြိုင်နက် ပေါ်လွင်နေတာကိုက ထူးခြားချက်ပင်။ နှစ်ယောက်စလုံးက ဗသက် မျက်စိထဲ အပြိုင်အဆိုင် ကြည့်ကောင်းကြတာပါပင်။ ဘယ်သူက ပိုလှတယ်လဲ ပြောမရ။ ဘယ်သူက ပိုနှစ်သက်စိတ်ဝင်စားစရာ ကောင်းတယ်လဲ မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံ မရှိတဲ့ ဗသက်က သူတို့ထံ စ,ဝင်ဝင်ချင်း အနည်းငယ် မရွံ့တရွံ့ ရှိခဲ့ပေမယ့် ပိုးရော သိမ့်ရော နှစ်ဦးလုံးက သူ့ကို လိုလိုချင်ချင် လှိုက်လှိုက်လှဲလှဲ ရှိခဲ့ကြတာကို အံ့ဩရင်ဖိုရပါသည်။ နွေးနွေးထွေးထွေး ဆီးကြိုလိုက်လှဲကာ ပြန်လည်ခင်မင်ကြသား။

အစ်ကိုစိုးမိုး ပေးနေကျ ပိုက်ဆံတို့က သူ့မှာသုံးစရာ မရှိပါ။ စားစရိတ် နေစရိတ်မရှိ ထောက်ပံ့ရမည့်သူ မရှိဖြစ်၍ တစ်ကိုယ်ရည် ဝတ်စားဆင်ယင်မှုမှာသာ သုံးရတာဖြစ်မှာ ဗသက်က ပစ္စည်းကောင်းသုံး ကြော့ကြော့မော့မော့ နေရတာ ဝါသနာပါသည်။ တပည့်တပန်းတွေကို ပြန်ပေးကမ်း။ ဆိုင်ကောင်းကောင်းကိုဝင်ကာ စားသောက်။

သူ့ကမ္ဘာက ကျဉ်းကျဉ်းလေးသာ။ ဘွဲ့ရခဲ့ပေမယ့် စာပေးစာယူနှင့်မို့ သူငယ်ချင်းသိပ်များများစားစား မရခဲ့။ ရခဲ့သလောက် သူငယ်ချင်းတွေကလည်း ဘွဲ့ရအပြီးနောက်မှာ ကွဲကွာဝေးလှမ်းကုန်တာ ဆယ့်ငါးနှစ်အထက် ကြာခဲ့ပြီ။ အမြဲတွေ့မနေတော့ အဆက်ပြတ်ကုန်ပါသည်။

ရှုံးလည်းအမြဲတက်ဖို့ မလိုတဲ့ ဗသက်ဟာ ပတ်ဝန်းကျင်အသိုင်းအဝိုင်း ခပ်ကျဉ်းကျဉ်းထဲသာ ကျင်လည်နေရတာဖြစ်ပါသည်။ သူ အခုကလုပ်ရတာတွေက အမြဲစိမ်းကို ကာကွယ်စောင့်ရှောက်ဖို့။ အမြဲစိမ်းရဲ့ လိုအပ်သမျှ ကိစ္စအဝဝကို စီမံခန့်ခွဲ





ဆောင်ကျဉ်းပေးဖို့။ ဦးစိုးမိုးက အာဏာကုန်လွှဲအပ်ထားသည်မှာ သက်က ခွင့်မပြုတဲ့လမ်းဆိုရင် အမြဲစိမ်း သွားခွင့်မရှိတဲ့အထိ င်။

ဦးစိုးမိုးရဲ့ ငွေပေး ငွေယူ ငွေရှင်း ကိစ္စတွေထဲက ကြီးမားတဲ့ တလုံးတခဲ ကိစ္စတို့မှာ စိတ်ချလက်ချ မျက်နှာလွှဲ၍ သက်ကို ခိုင်းတတ်ပါသည်။ များသောအားဖြင့်ကတော့ Bank Bank မို့ ဒါလည်း အမြဲဆောင်ရွက်ရတဲ့ကိစ္စ မဟုတ်။ စီးပွား းလုပ်ငန်း အကွက်အကွင်းတို့အတွက် ဝင်ထွက်သင့်တဲ့ သူတွေ ဝင်ထွက် လက်ဆောင်ကမ်း ကန်တော့ပန်းဆင်ကာ မျက်နှာ သွေးရတဲ့ ကိစ္စတို့၌လည်း ဦးစိုးမိုးက ဗသက်ကို ခိုင်းပါ သည်။

အင်မတန် အရေးကြီးတဲ့ကိစ္စမျိုး နယ်တွေ ဘာတွေ ရက် သုံးရက် သွားရတာမျိုးကတော့ တစ်နှစ်မှာ တစ်ကြိမ် သာက် ရှိတတ်ပါသည်။

နောက်တစ်ခုက ဦးစိုးမိုး အလုပ်အတွက် ကျွေးမွေး ကျင်းပရတဲ့ ဒင်နာပွဲတို့ကို စီစဉ်ရတာပါ။ ကြီးမားကျယ်ဝန်း ခြံကြီးထဲက ရေကူးကန်နားမှာပဲ သူပေးလိုတဲ့ ဒင်နာပွဲတွေကို မိုးက ကျင်းပတတ်တာမို့ ဟိုတယ်စားဖိုမှူးတို့နှင့် ချိတ်ဆက်၊ သားသားနားနား ခင်းကျင်းစီရင်။ ဒါမျိုးတွေလည်း ဗသက်က မ်းကျင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြုံပြီးတော့ ပြောရလျှင်တော့ တခုတ်တရ အလုပ်လုပ်နေရတယ်ဆိုတဲ့ အဖြစ်အပျက်မျိုးဟာ ဗသက်မှာ နေ့စဉ်ပုံမှန်မရှိ။ အားလပ်နေတာက များပါသည်။ ညနေခြောက်နာရီရဲ့နောက်ပိုင်းတွေဟာလည်း ဗသက်ရဲ့ ပုံမှန်အားချိန်တွေပင်။ ဒါကတော့ ကိုယ်ပိုင်အချိန်လို့လည်း ပြောနိုင်ကာ ဘယ်ကားကိုသုံး၍ ဘယ်ပဲသွားသွား ဦးစိုးမိုးထံမှာတောင် လုံးဝခွင့်တောင်းဖို့မလို။

ဗသက် အမြဲသုံးနေကျကားကတော့ အမြဲစိမ်းစီးဖို့ထားတဲ့ ပရာဒိုကားပင်။ ဒရိုင်ဘာသီးသန့်မထားပဲ သူကိုယ်တိုင်ပဲ မောင်းနှင်နေကျဖြစ်၍ ကိုယ့်ဟာကိုယ်သွားလည်း ဒီကားပဲမောင်းဖြစ်သည်။

အိမ်ကအလုပ်သမားတွေစီးဖို့ ဈေးတွေ ဘာတွေသွားဖို့ ဝယ်ခြမ်းဖို့ရှိတဲ့ တောင်းအေ့စ်ကို ဗသက်စီးလျှင် ဦးစိုးမိုးရော အမြဲစိမ်းကပါ မကြိုက်ချင်ပါ။

"ကိုကြီးဗသက်နဲ့ ဒီကားနဲ့ မလိုက်ပေါင်၊ လူက သားနားတောက်ပြောင်ပြီး ကားက နုတ်နေတယ်၊ ကိုကြီးဗသက်ရုပ်က ပရာဒိုထဲကပဲ ထွက်လာရမှာပါကွာ"

ဦးစိုးမိုးနှင့် အမြဲစိမ်းဟာ ဗသက်ကို မိသားစုရင်းချာအတိုင်း ချစ်ခင်ကြပါသည်။ ချစ်ခင်ကြတဲ့အတိုင်းလည်း အရေးပေး အမွှမ်းတင် ဆက်ဆံကြမြဲ။ မသိတဲ့သူတွေက ဗသက်ကို ဦးစိုးမိုး ညီအရင်းပဲ ထင်သည်။ ရုပ်ကလည်းသန့်၊ လုပ်ပိုင်ခွင့်





အပြည့်ပေးထားခံရ၍ Confidance အပြည့်ရှိနေတဲ့ မျက်နှာထားကလည်း ရှိန်စရာ၊ လူကလည်း မြင့်မြင့်မတ်မတ် ထွားထွားကျိုင်းကျိုင်းနှင့် မထင်လျှင် မထင်သလို လက်ပါမလားလို့ လန့်ချင်စရာ။ လူပုံကြည့်တော့လည်း ဦးစိုးမိုးထက် တစ်ရေမှမနိမ့်ဘဲ တောက်ပြောင်နေသည်။

"နည်းနည်းထပ်မှာရအောင်၊ ပိုးတို့ သိမ့်တို့ မှာစားတာ သိပ်နည်းတာပဲ"

"တော်ပါပြီ အစ်ကိုကြီးရဲ့"

"ဝိတ်လျှော့ကြလို့လား"

ဝိတ်လျှော့ကာမှသာ လျှော့ရော ဝိတ်လျှော့နေရတယ်ဆိုတဲ့ အဖြစ်တော့ အရောက်မခံလိုကြတာဖြစ်ရာ ...

"မလျှော့ပါဘူး အစ်ကိုကြီးရယ်၊ ဗိုက်ပြည့်တာပါ"

"ဒီလောက်လေးနဲ့ ဘယ်လိုဗိုက်ပြည့်မှာလဲ၊ မဟုတ်တာဗျာ၊ ကျွန်တော် သွားထပ်မှာရင်းနဲ့ ပိုမှာခဲ့မယ်၊ ဝက်လားကြက်လား အစုံယူခဲ့လိုက်မယ်နော်"

"အသည်းကင်လေး စားချင်တယ် အစ်ကိုကြီး"

ပိုးက သိမ့်ကို မျက်စောင်းထိုးလိုက်ပါသည်။ ငအီမ။ အသည်းကင်စားချင်တယ်လေး ဘာလေးနဲ့။

"ယူခဲ့မယ် ... ယူခဲ့မယ်"

ဗသက် ထွက်သွားလျှင် ပိုးက မအောင့်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ ... လွန်ကိုလွန်တယ်။ အသည်းကင် စားချင်သတဲ့ ဟွန်း"

"ဟဲ့ ... စားချင်လို့ စားချင်တယ် ပြောတာပဲဟာကို"

"နင် အနှောင့်အသွားမလွတ်အောင် တမင်ကလီတာပါနော်"

"ဘုရားရေ ... ငါက တမင်ပဲ ကလီရဦးမယ် ... ဟင်း ဟင်း ဟင်း၊ ဘာလဲ ... နင်က မြွေမြွေချင်း ခြေမြင်နေတာလား ... အဟိ"

"ဒါ နင့်ကိုယ်နင် ဝန်ခံနေတာနော်၊ ငါက အဲလိုမဟုတ်ပါဘူးနော်"

"လာသေးတယ် မိပိုး၊ မဟုတ်ပေလို့ပဲ၊ ဟုတ်များဟုတ်ရင် ကိုဗသက် တစ်ကိုယ်လုံး အမွှေးအမျှင် တစ်ပင်မှ ကျန်မှာမဟုတ်ဘူး၊ နင် အကြောင်းမရှိ အကြောင်းရှာ ရိတ်ပစ်နေတာနဲ့လေ ... ဟွန်း၊ ဒီမှာ မိပိုး၊ နင်ထွင်တဲ့ အကွက် မှားနေပြီနော်"

"ဘာမှားတာလဲ"

"နင့်ဆီ ခဏ ခဏ လာရအောင် ဟိုဟာရိတ်မယ်၊ ဒီဟာ ညှပ်မယ် လုပ်နေတာကို စိတ်ညစ်ပြီး နောက်မလာရဲတော့ဘဲ ဖြစ်နေမှာ"

"အို ... သူ လုပါစေတော့လို့ ငါက စေတနာနဲ့လုပ်ပြီး ပြောနေတာ၊ ရိုးရိုးလေးပါ"





"လှပြီးသား၊ နင်ပြင်မှ မဟုတ်ဘူး သိရဲ့လား"

"ဟောတော် ... ဇွတ်ပဲ တကတဲ၊ နင်လည်း အိတ်ဆိုင် ဖိနပ်ဆိုင် ဖြစ်နေလို့သာ ါ မိသိမ့်ရယ်နော်၊ မသိရင်ခက်မယ်၊ ရှပ်ဆိုင်ဆိုရင် နင်လည်း ကိုဗသက်ကို တစ်ပတ် အင်္ကျီတစ်ထည် ပေးနေမှာပါ"

"မပေးပေါင်၊ ကိုယ့်စီးပွားအပျက်ခံလို့၊ ယောကျ်ားတစ်ယောက်ကို ငါက ငါ့ဘက်ကပေးပြီးတော့တော့ မပေါင်းသေးဘူးနော်၊ နင် သိထားဖို့က"

"ဘာလဲ ... နင်က ငါ့ကို ပေးပေါင်းနေတာလို့ ပြောချင်တာလား"

ပိုးက ဒေါသတကြီး မေးလိုက်လျှင် ...

"ငါကပြောတာ မဟုတ်ပါဘူး၊ နင်ပဲ ပြောတာလေ၊ ဟိုနေ့က ကိုဗသက်ကို မျက်နှာအလကား လက်ဆောင်ဆေး ပေးလိုက်တယ်ဆို"

"ဒါက မိတ်ခေါ်တာပေါ့ဟဲ့၊ ကိုယ့်ဆိုင်မှာ နောက်လည်း အားပေးအောင်ပေါ့"

"ဗလောင်းဗလဲတွေ ပြောနေလိုက်တာ၊ ငါးမိနစ် ဆယ်မိနစ် အတွင်းမှာကို စကားနှစ်ခွန်းက ဖြောင့်ဖြောင့်ဆန့်ကျင်နေပြီ၊ နင့်ဆိုင် အားပေးအောင် မဟုတ်ဘူးဆို၊ အစ်ကိုကြီးကို အရောင်ထွက်စေချင်လွန်းလို့ ဆို"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်က ပလီပလာ မပီကလာ လုပ်ပြောလျှင် ပိုးမှာ အောင့်သက်သက်နှင့် မရယ်ဘဲလည်း မနေနိုင်။ တခွိခွိကျိတ်ကာရယ်ရင်း ...

"ဟဲ့ ... မိသိမ့်၊ နင့်ရုပ်ကြီးကို နှုတ်ခမ်းကြီးရှေ့ထုတ်ပြီး ရွံစရာကြီး လုပ်ထားလိုက်တာ၊ ဟိုဘက်စားပွဲက သကောင့်သားလေး နင့်ကို ပြုံးပြီးကြည့်နေတယ် ... ဟိ"

သိမ့်က ရုပ်ကိုမြင်ပြီး ပိုး ရည်ညွှန်းတဲ့ စားပွဲဆီဖျတ်ခနဲ လှမ်းကြည့်လိုက်ပါသည်။ ဟင် ... ဟုတ်ပါရဲ့။ အဲဒီစားပွဲက ကောင်လေးတစ်ယောက်က (ကောင်လေး ဆိုပေမယ့် ကိုယ်တွေနဲ့ ရွယ်တူရှိနိုင်ပါသည်) ပိုးနှင့် သိမ့်တို့ ထိုင်နေတဲ့စားပွဲဆီ လှမ်းကြည့်နေပါသည်။

"တွေ့လား ... နင့်ကိုကြည့်နေတာ"

"ဘယ်က ဟုတ်ရမှာလဲ၊ နင့်ကိုကြည့်နေတာ"

"နင်ကသာ နှုတ်ခမ်းကြီး ထော်ထုတ်ထားတာ၊ ငါက ဘာလုပ်နေလို့ ငါ့ကိုကြည့်ရမှာလဲ"

"နင်ကလှလို့ ကြည့်တာပေါ့"

"သေလိုက် ... ကောင်မစုတ်"

စပို့ရှပ် မီးခိုးရောင်လေးနှင့် ကချင်ပုဆိုးလေးဝတ်ဆင်ထားတဲ့ ထိုလူရွယ်ရဲ့အဆင်းသဏ္ဌာန်ဟာ ထူးခြားအရောင်





သွက်နေတာမျိုး လုံးဝမရှိဘဲ မှိန်တုပ်ရီးသားပြီး အများထဲရောနေတဲ့ တစ်ယောက်အဖြစ် ဘာမှ အဆင်းအရောင် တောက်တောက်ပပ ရှိတာမို့ ဘော်လီဘောပုတ်သလို တစ်ယောက်ဆီ တစ်ယောက်က ပုတ်ထုတ်နေတာပင်။

"ဟဲ့ ... ဟဲ့ ... ရယ်ပြနေတယ်"

"တွေ့လား၊ နင့်ကို ရယ်ပြတာ"

"အမယ် ... နင့်ကို ရယ်ပြတာ ဖြစ်မှာပေါ့၊ ငါကသွားကြည့်မိလျက်သား ဖြစ်နေလို့ ငါ့ကို ရယ်ပြသလို ဖြစ်သွားတာပေါ့ဟဲ့"

"နင် ဘာလို့ကြည့်သေးလဲ"

"နင့်ကိုကြည့်နေလားလို့ ကြည့်တာ"

"ပိုမနေပါနဲ့ဟာ၊ နင့်ကို ကြည့်နေလားလို့ ရင်ခုန်ပြီးလှမ်းကြည့်တာ မဟုတ်လား"

"ရင်ခုန်စရာလား ... မိန်းမနော်၊ နင့်ဉာဏ်တွေ ငါမသိဘူးများ မှတ်နေလား"

"သိရင်ပြီးရောပေါ့ ... ဟီး ဟီး"

"ဟဲ့ ... တစ်ချက်လောက် ကြည့်လိုက်စမ်းပါ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး တစ်ချက်လေးပါဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်က ယောင်ပြီးကြည့်လိုက်မိလျှင် ထိုစားပွဲ
လူမွယ်က သိမ့်ကိုလည်း သိသိသာသာ လှမ်းပြီးပြုံးရယ်ပြလိုက်
ပါသည်။

"အောင်မာ ... နာဦးမယ်၊ မလောက်လေး မလောက်စား
လေးကတော့"

"ဟား ဟား ... တွေ့လား၊ နင့်ကို ရယ်ပြဖို့ ချောင်း
တာဟဲ့"

"ဘာမှပြောမနေနဲ့ မဟုတ်ဘူး၊ မျက်နှာချွေးလေးက ကြ
သူ ရယ်ပြနေတာ၊ သွားကြည့်မနေနဲ့ အောက်တယ်"

ဗသက်က စားပွဲဆီ ပြန်လာနေ၍ နှစ်ယောက်သား
စကားစဖြတ်လိုက်ပါသည်။

❤ ❤





၆

"ဟယ်လို"

"ဟယ်လို ... အစ်ကိုကြီးလား"

"ဟုတ်ပါတယ်၊ ပိုးလား သိမ့်လား"

ပိုးက မျက်နှာလေး ပုပ်သွားပြီး ...

"အစ်ကိုကြီးကလည်း ဒီဖုန်းနှစ်လုံးကို ခုထိ မခွဲနိုင်ဘူး"

"ဟား ဟား ... နှစ်ယောက်လုံးက ငါးတစ်ရှစ် ဖြစ်နေ
တော့ ရောနေတာပါ"

"နံပါတ်က ဆင်နေလည်း အသံကို မခွဲနိုင်ဘူးလား"

"အသံက တူနေတယ်"

"အစ်ကိုကြီးကလည်း ဘာမှန်းမသိဘူး၊ ပိုးတို့နံပါတ်တွေ
ကို ဖုန်းထဲမှာ လူနာမည်နဲ့တွဲပြီး ဆေ့ဗ်လုပ်ထားလိုက်လေ၊
ဒါမှ ဖုန်းလာရင် ပိုးပုလဲ သိမ့်သိမ်မွေ့ဆိုပြီး နာမည်တွေ
ပေါ်လာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ... ကျွန်တော် မှတ်ထားလိုက်ပါမယ်"

ကိုဗသက်က ကိုယ့်အပေါ် သီးသီးခြားခြား ဆန်းဆန်းပြားပြား စွဲလမ်းမှုမရှိဘူးလို့ မှတ်ယူရတော့မှာဖြစ်လေသည်။ ကိုယ့်အပေါ် မရှိလို့ သိမ့်အပေါ်ရှိသလား ဆိုတော့လည်း မဟုတ်ပြန်ပါ။ သိမ့်အသံကိုလည်း သူ ခွဲသိတာမှ မဟုတ်တာ။ သူတို့နှစ်ယောက်အသံကလည်း ဆင်တာတော့ အမှန်ပါ။ တခြားအပေါင်းအသင်းတွေလည်း ပြောကြပါသည်။

ဒါပေမဲ့ လေယူလေသိမ်းကတော့ အနည်းငယ်ကွဲပါသေးသည်။ သုံးလေးခွန်း ပြောလိုက်ရင်တော့ ကွဲပြားသွားတတ်တာပါ။ ကိုဗသက် အဖို့လည်း ဒီနှစ်ယောက်ထဲက ကိုယ်ပိုပြီအလေးထား ဂရုစိုက်သူကို ခွဲခြားတတ်ဖို့ သင့်ပါသည်။

"ကဲ ... ပြောလေ သိမ့်"

"ကျွတ် ... ပိုးပါဆို၊ အစ်ကိုကြီးကလည်း"

"ဩော် ... ဆောရီး ... ပိုး ... ပိုး၊ ဆောရီးပါ ပိုးရယ် ကျွန်တော် ဒီဘက်မှာ အာရုံလေး နည်းနည်းများနေလို့ မခွဲလိုက်နိုင်တာပါ"

"ဘာတွေ အာရုံများနေတာလဲ"

"အိမ်က ရေကူးကန်ကို အလုပ်သမားတွေ သန့်ရှင်းရေးလုပ်နေတာ ကျွန်တော်က ညွှန်ကြားနေရတာပေါ့၊ ရာသီဥတုက ပူနွေးလာပြီဆိုတော့ ရေကူးဖြစ်တော့မှာလေ ကန်သန့်နေတာ"





"ဩော် ... အစ်ကိုကြီးက ရေအမြဲကူးတာပေါ့"

"ကျွန်တော်က တစ်ခါတစ်ရံပါ၊ အမြဲကူးတာက အမြဲစိမ်းပါ"

"အမြဲစိမ်း ဆိုတာ ဘယ်သူလဲ"

"ကျွန်တော့် တူမလေးပါ"

"ဩော် ... တူမလေး ရှိတယ်လား"

"ဟုတ်တယ် ခင်ဗျ၊ သူ့ကိစ္စဝိစ္စတွေ သူ့ဝေယျာဝစ္စတွေပဲ ရှုပ်နေတာပါပဲဗျာ"

"အစ်ကိုကြီးပြောပုံက ဒီတူမလေးကို အရမ်းချစ်တယ်ထင်တယ်"

"ဟုတ်တယ်ဗျ ချစ်တယ်"

အင်း ... လူပျိုကြီးဖြစ်ပေမယ့် အလွန်ချစ်သောတူမတစ်ယောက် ရှိတယ်ဆိုတာကလည်း သတိထားရမည့် တစ်ချက်ပင်။ လူပျိုကြီးဖြစ်သက် ကြာလေလေ ၎င်းနှင့်နိုင်စားထားမည့် တူမက အပိုင်ချည်နှောင်ထားမည် ဖြစ်လေသပင်။

"ပိုး ... ပြောလေ၊ ကျွန်တော်က ဒီမှာ ကန်ပေါင်ပေါ်ကုလားထိုင်တစ်လုံးနဲ့ထိုင်ပြီး ကြည့်ရှုကြည့်နေတာပါ၊ ပိုးပြောလို့ ရပါတယ်"

"အရေးမကြီးတာလေးပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကိုဟိုတစ်ခါ မှာပေးမယ် ပြောထားတဲ့ Hair tonic လေး၊



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အားဆေးပေါ့၊ ဆံပင်သန်တယ်၊ ဆံပင်စောစောမဖြူဘူး၊ ဆံပင်သား ကျန်းမာတယ် ဆိုတဲ့ဆေးလေ"

"ဟုတ်ကဲ့"

"အင်္ဂလန်က မိတ်ဆွေတစ်ယောက်ကို မှာထားလိုက်တာ၊ အခု လူကြုံနဲ့ ရလာပြီ၊ အဲဒါ အစ်ကိုကြီးကို ပေးမလို့ပါ၊ အားကဲ့ရက် လှည့်ဝင်ယူလိုက်ပါလို့"

"ဩော် ... ကျေးဇူးပါပဲ ပိုးရယ်၊ တကူးတက မှာပေးတာ၊ ဘယ်လောက်ကျလဲ ပိုး၊ ပိုက်ဆံယူလာရအောင်"

"အို ... ဘယ်လောက်မှ မကျပါဘူး၊ အစ်ကိုကြီးကလည်း"

"အလကား ရလို့လား"

"ဩော် ... အလကားတော့ ဘယ်ရမလဲ၊ ဒါပေမဲ့ ပိုးက အစ်ကိုကြီးဆီကတော့ ပိုက်ဆံမယူပါဘူးနော်"

"အာ ... အဲလိုမလုပ်ပါနဲ့ ပိုးရဲ့"

"အို ... အစ်ကိုကြီးကလည်း ပိုးတို့ကို အမြဲ စားကောင်းသောက်ဖွယ်တွေ လိုက်ကျွေးနေကျပဲဟာ၊ အစ်ကိုကြီးကို ဒီ Hair tonic ဖိုး ပြန်ယူစရာလား၊ ကိုယ့်ခင်မင်ရင်းနှီးတဲ့သူချင်း လက်ဆောင်ပေးတာကို"

"ကျွန်တော်က ကျွန်တော်လည်း ဒီလိုပဲ အမြဲထွက်ပြီး စားသောက်နေကျမို့ ပိုးနဲ့ သိမ့်နဲ့ကို ခေါ်သွားရတာ ဘာမှ ထူးပြီး အပန်းမကြီး မကုန်ကျပါဘူး ပိုးရဲ့"





"ဘာပဲဖြစ်ဖြစ်ပေါ့ အစ်ကိုကြီးရယ်၊ ပိုး လက်ဆောင်မှာပေးတာကို ယူပါ"

"ပိုးတို့ သိမ့်တို့က မိန်းမသားလေးတွေဆိုတော့ ဟန်ဖိုးကြီးတဲ့ လက်ဆောင်တွေ ယူရမှာ ကျွန်တော်က လိပ်ပြာမသန့်လို့ပါ"

"အစ်ကိုကြီး ဝယ်သုံးနိုင်ပါတယ် ဆိုတာ ပိုး သိနေတာပဲ၊ ပိုးကိုက သက်သက်ပေးချင်တာ"

"ဟိုတစ်နေ့ကလည်း သိမ့်က ဒေါက်တာမာတင် ကွင်းထိုးလေးတစ်ရန် မှာပေးတယ်ဗျာ၊ ကျွန်တော်လို ကွင်းထိုး သိပ်စီးနေမကျတဲ့သူတောင် တော်တော်သဘောကျတယ်၊ တော်တော်လှတာဗျ၊ ပေါ့ပေါ့ပါးပါးနဲ့၊ ခြေထောက်မှာနေလို့ တော်တော်ကောင်းတာ၊ ကျွန်တော် ခုတလော ရှူးစ်တွေမစီးဘဲ အဲဒါလေးတောင် စီးဖြစ်နေတယ်၊ သိမ့်ကို ပိုက်ဆံယူဖို့ပြောတာ လုံးဝပေးမရဘူးဗျာ"

ကြည့်စမ်း ...။

အတော်လက်သွက်ခြေသွက်ရှိတဲ့ သိမ့်။ သူ့ဆိုင်က ည်းတွေက ပိုး ခေါင်းလျှော်ပေးတာ မျက်နှာသစ်ပေးတာတွေ အလကားပဲတင် ပေးလို့မရဘူးလေး ဘာလေးနဲ့၊ သိန်းနား ကပ်နေမယ့် တန်ဖိုးကြီး Brand ကွင်းထိုးဖိနပ်ကြီး လက်ောင်ပေးထားတယ် ဆိုပါလား။ ဒေါက်တာမာတင်က Shoes



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူမှာတဲ့ နိုင်ငံပေါ်လိုက်ပြီး သိန်းချီကျနိုင်တာ။ ကွင်းထိုးတောင်မှ ဈေးနည်းမှာ မဟုတ်ပါ။

ဒါကြီးကို အလကားပေးသတဲ့။ ကပ်စေးနဲ့မ ... သူများအတွက် ကုန်ကျရတော့မယ်ဆိုရင် လက်တုန်နေတဲ့ မိန်းမက ကိုဗသက်ကိုတော့ ရက်ရက်ရောရောပါလား။ မသိရင်ခက်ပါ့မယ်။ ဒါ ရင်းနှီးမြှုပ်နှံမှု လုပ်နေတာလေ။ တကယ်တော့ ကိုယ်တိုင်လည်း အပါအဝင် ပိုးပုလဲနဲ့ သိမ့်သိမ်မွေ့ဟာ အလကားနေရင်း စေတနာ သဒ္ဓါတရား ပေါက်နေတာထက်ကို အကျိုးအမြတ်ခိုင်မာနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ကို မျိုးစေ့ချနေကြတာပါ။

"ဟင်း ဟင်း ... သိမ့်ကလည်း အစ်ကိုကြီးကို စီးစေချင်လို့ပေါ့ အစ်ကိုကြီးရဲ့၊ ပိုးလိုပဲပေါ့၊ သိမ့်လည်း ပိုးလိုပဲ အစ်ကိုကြီးကို စေတနာထားလို့ပေါ့"

သူတို့ဟာ ပညာမတတ်တဲ့သူတွေ ပြိုင်ဆိုင်နည်းကားမျိုး တစ်ယောက်ကွယ်ရာမှာ တစ်ယောက်က အပုပ်ချပြောဆိုတာမျိုး လုံးဝမလုပ်ကြပါ။

ဒါဟာ တစ်ဖက်သားက ကိုယ့်ကိုပဲ အထင်သေးသွားစေနိုင်တဲ့ တက္ကနစ်မျိုးဆိုတာ နားလည်သည်။

"သိမ့်ရော ပိုးရော တူတူပါပဲ၊ အမျိုးသားမိတ်ဆွေတွေ မရှိကြတဲ့သူတွေလေ၊ မမျှော်လင့်ဘဲ အစ်ကိုကြီးနဲ့ပဲ လာခင်နေမိကြတာ၊ ရေစက်ပဲ အစ်ကိုကြီးရဲ့"





"ဟုတ်ပါတယ် ပိုးရယ်၊ ကျွန်တော်လည်း တူတူပဲ၊ သိမ့်နဲ့ ပိုးနဲ့ကို မြင်မြင်ချင်း စိတ်ထဲနှစ်လိုပြီး မကြုံစဖူး ရင်းနှီးခင်မင်ချင်စိတ် ဖြစ်လာတာ၊ ပိုးတို့နှစ်ယောက်ကို အစိမ်းသက်သက်နဲ့ကို မမျှော်လင့်ဘဲ သံယောဇဉ် လာတွယ်နေတာ"

ဟွန်း ...။ လူလည်ကြီး။ ရွေးချယ်နေတုန်းမို့ ဘယ်သူ့ကိုမှ သင်းက ပိုပုံမပြတာပေါ့။ မသိဘူးများ မှတ်နေလား။ ပိုးကိုရွေးရမလို သိမ့်ကိုရွေးရမလို၊ သူကိုယ်တိုင် ဝေခွဲမရ ဒွိဟဖြစ်နေတုန်း။ ပိုလှတာလေး သူ့ကိုပိုလိုက်လျော စေတနာပိုနိုင်တာလေး ပိုကောင်းမယ့်ဟာလေးကို ချိန်ခွင်ပေါ်တင် ချိန်စက်ကြည့်တုန်းနေမှာပေါ့။

ဒီကဟာတွေကလည်း ချိန်ခွင်ပေါ် အတင်ခံနေရမှန်းသိသိနှင့်ကို မနာနိုင်ဘဲ ကိုယ့်ဘက်ချိန်ခွင်ညွှာထွက်အောင် ခန်ပေါက်လျှပ်ရှား ကြိုးပမ်းအားထုတ်နေကြရတာလေ။ သင်းကြီးက စကားပြောတာတောင် နှစ်ယောက်ပူးတွဲ။ သိမ့်နဲ့ပိုးကို မြင်မြင်ချင်း စိတ်ထဲနှစ်လိုတယ်ဆိုတာမျိုး။ တစ်ယောက်ကို ဖုံမချန်ရဘ်။

"ပိုးတို့ကလည်း ဒီလိုပါပဲ အစ်ကိုကြီးရဲ့"

"ဒါဖြင့် ပိုး၊ ကျွန်တော် နက်ဖြန်လောက် လာခဲ့မယ်၊ လာခါနီး ဖုန်းကြိုဆက်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကိုကြီး၊ အလုပ်များနေရင် လုပ်တော့လေ၊ တော်ကြာ အလုပ်သမားတွေက တလွဲတွေလုပ်နေကြဦးမယ်"

"ဟုတ်ပြီ ပိုး ... ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင် ... အစ်ကိုကြီး"

ပိုးက ဖုန်းကိုပိတ်လိုက်ပြီး နှုတ်ခမ်းလေးမဲ့မဲ့နှင့် မျက်စောင်းထိုးလိုက်ပါသည်။ ဒီဖုန်းထဲမှာပဲ ဗသက် တစ်ယောက် အကောင်လိုက်ရှိနေတဲ့အလား သူ့ကို ထိုးမရတော့ ဖုန်းကိုပဲထိုးရတဲ့ မျက်စောင်းပါ။

သူ့ရဲ့နားနေခန်းလေးထဲက ထွက်၍ အပေါ်ထပ် အောက်ထပ် တစ်ပတ်ပတ်၍ စစ်ဆေးရင်း မျက်မှန်းတန်း ကျွမ်းဝင်တဲ့ ကပ်စ်တမ်မာတွေကို နှုတ်ဆက်၊ လိုတာလေး လိုက်နှမ်းဖြူး နေတဲ့ ပိုးပုလဲသည် အောက်ထပ်ရှေ့ဘက်က ဧည့်သည်တွေစောင့်ဖို့ ဧည့်ခန်းလေးဆီ လူအနည်းအများကြည့်ရင်း ရောက်လာသည်တွင် ...။

စောင့်နေတဲ့ ဧည့်သည်တွေက ကျားမ ဆယ်လောက်နီးပါးရှိနေတဲ့ အထဲမှာ တစ်ယောက်သော လူရွယ်က ထိုနေရာက လှမ်းပြုံးနှုတ်ဆက်လိုက်၍ ပိုးပုလဲကလည်း ပြန်လည်ဖော်ရွေစွာ ပြုံးချိုရင်း ...

"ခဏလေး စောင့်ပါနော်"





ဧည့်သည်တွေကို နှုတ်ဆက်နေကျထုံးစံ အလိုက်သင့် လှမ်းပြောလိုက်ပါသည်။ ဤတွင် ထိုလူရွယ်က ထ,ရပ်လိုက်ရင်း...

"မ,"

"ဟုတ်ကဲ့"

ပိုးပုလဲက ခေါင်းလေးညိတ်ရင်း ရှေ့တိုးသွားလိုက်ပါသည်။

"ဆံပင်က မ,ကိုယ်တိုင် ညှပ်ပေးလားဟင်"

မေးလိုက်တဲ့လေသံက ခုမှတွေ့ဖူးပြီး အရောတဝင်ရှိလွန်းလှ၍ ပိုးက နည်းနည်းတော့ သတိလေးပြုရင်း ...

"မ, မညှပ်ပါဘူး၊ ညှပ်ဆရာတွေက စပါယ်ရှယ်လစ်စ်တွေ ရှိပါတယ်၊ ကိုရီးယားက ဆံပင်ညှပ်ဆရာလည်း ရှိပါတယ်၊ ညှပ်နေကျလား"

"ဒုတိယအကြိမ် လာတာပါ မ,၊ ပထမအကြိမ် လာတုန်းက မ,မအားဘူး၊ ဧည့်သည်ရှိနေတယ်"

"ဪ ... ဟုတ်လား၊ တို့ လူရွေးပေးမယ်လေ၊ အခုလက်ရှိပုံမျိုးပဲ ညှပ်မှာလား၊ ပုံပြောင်းချင်လား၊ လိုချင်တဲ့ဆံပင်ပုံပေါ်မူတည်ပြီး အဲဒီပုံကျွမ်းကျင်တဲ့သူနဲ့ အပ်ပေးပါမယ်"

ပြောနေရင်းက ပိုးသည် ဒီလူကို သူ မြင်ဖူးသလိုပဲလို့ အဆောတလျင် တွေးနေမိပါသည်။ ဦးနှောက်ကလည်း တွေ့ဖူးတာကိုတော့ သေချာမှတ်မိ အချက်ပြနေလျက် ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးတာကိုတော့ ဘယ်လိုမှ စဉ်းစားလို့မပေါ် အဖြေမထွက်ဘဲ ရှိသည်။

"ကျွန်တော်က ရိုးရိုးပုံပဲ ညှပ်နေကျပါ မ,"

"ဒါဆို မနေဇာနဲ့ ညှပ်လိုက်၊ မနေဇာ ဆိုတာ Gentleman တွေ Businessman တွေကို ရိုးရိုးလူကြီးဆန်ဆန် ညှပ်နေကျ အစ်မကြီးပါ"

"မ, ညှပ်ပေးလို့ မရဘူးလား"

ထိုသူရဲ့ အရောခပ်ဝင်ဝင် စကားကို သတိဆွဲရင်း ဖျတ်ခနဲ သူ့ကိုအကြည့် လျှပ်ခနဲနေအောင် မှတ်ဉာဏ်လင်းလက် မှတ်မိသွားပါသည်။ ဒါ ဟိုးတစ်ရက်က စားသောက်ဆိုင်မှာ မလှမ်းမကမ်းစားပွဲမှာ ရှိနေပြီး ပိုးနဲ့ သိမ့်တို့ကို လှမ်းပြုံးပြနေတဲ့ သူပဲ။ ကြည့်စမ်း ...။

သူက အခု ပိုးရဲ့ဆိုင်ကို ရောက်လာတယ်။

သဘောက ဟိုတစ်နေ့က ပြုံးရယ်ပြတာဟာ ပိုးကို ဆိုတဲ့ သဘောလား။ ပိုးက မကြည်မလင် ဖြစ်သွားရပါသည်။ ခုလည်းပဲ ရှပ်လက်တိုနဲ့ ကချင်ပုဆိုးလေးပဲ ဝတ်ဆင်ထားတဲ့ မပြောင်မယောင် ဤလူရွှယ်ဟာ ပိုးကို အရောဝင်ချင်တာဆိုတာ ကို လက်သင့်မခံနိုင်ပါ။

ဗသက်နဲ့တုန်းက ဒီလူ အာရုံစိုက်နေတာဟာ သူ့ကိုလား၊ ကိုယ့်ကိုလား ဆိုပြီး ပိုးနှင့်သိမ့်တို့ အသီးသီးဟာ ကိုယ့်





ကိုပဲ စိတ်ဝင်စားတာ ဖြစ်စေလိုမှုနှင့် ကိုယ့်ဆိုင်ကို ဗသက် ရောက်လာတော့ ဝမ်းသာအားရ ကျေနပ်ရင်ခုန်ခဲ့ကြပေမယ့် အခု ဒီလူနှင့်ကျတော့ သူ့ကိုလား ကိုယ့်ကိုလား တွေးမိသော်လည်း သူ့ကိုသာ စိတ်ဝင်စားတာဖြစ်ပြီး ကိုယ့်ကို စိတ်ဝင်စားတာ မဟုတ်စေလိုတဲ့ဆန္ဒက ပိုးပုလဲမှာတင်မက သိမ့်သိမ့်မွှေ့လည်း ဒီအတိုင်းပဲဖြစ်မှာ ပိုးသိသည်။

ပိုးပုလဲက မျက်နှာကို ဖျတ်ခနဲ ခပ်တည်တည်လေး ထားလိုက်ရင်း ...

"တို့ မညှပ်ပါဘူး"

"မ,က မျက်နှာပေါင်းတင်တာတို့ ဘာတို့ facial ပဲလုပ် တာထင်တယ်နော်"

"အဲဒါလည်း တို့ကိုယ်တိုင် လုပ်မပေးပါဘူး"

"ဒါပေမဲ့ မ,ကိုယ်တိုင် လုပ်ပေးလိုက်တယ်ဆိုတာ တချို့ အမျိုးသမီးကြီးတွေဆီက ကြားဖူးပါတယ်"

မိုးက မျက်မှောင်လေး မသိမသာတွန့်သွားရပါသည်။ သူ ဘယ်ကကြားဖူးပါလိမ့်။ ရှိတော့ရှိပေမယ့် အင်မတန်ရှားပါး တာပါလေ။

"အဲဒါက လေးစားလောက်တဲ့ ... အဲ ... ဘယ်လိုပြောမလဲ၊ ဂုဏ်သရေရှိလူကြီးတွေ ဗီအိုင်ပီတချို့ကိုမှ မလွှဲမရှောင်သာ တောင်းဆိုလို့ လုပ်ပေးတာမျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … ကျွန်တော့်ကတော့ ဂုဏ်သရေမရှိဘူးပေါ့ နော်"

"အဲဒီလို မဆိုလိုပါဘူး၊ ဆိုင်ကိုလာတဲ့ ကပ်စ်တမ်မာ အားလုံးကိုလည်း တို့က လေးစားပါတယ်၊ မလွဲရှောင်သာမှ ပဲ တစ်ခါတစ်ရံ လုပ်ပေးလိုက်ရတဲ့သဘော ပြောတာပါ"

"မလွဲရှောင်သာတဲ့ အခြေအနေက ဘယ်လိုမျိုးများလဲ မ၊ ဘယ်ဆိုရင် မ၊ မလွဲမရှောင်သာပဲ ဖြစ်မလဲ"

ပိုးက မျက်နှာလေးကို တစ်ဆင့်ထပ်တင်းလိုက်ရင်း…

"အမျိုးသားတွေ မပါပါဘူး"

"ကျွန်တော် ပထမအကြိမ်လာတုန်းက မပိုးပုလဲ ရှိလား လို့မေးတော့ ညွှဲသည်ကို ကိုယ်တိုင် မျက်နှာဆေးပေးနေ တယ်လို့ ပြောပါတယ်၊ အဲဒီတုန်းက ဒီဘက်အတွင်းခန်း က ဘယ်ဘက်ဆုံးခုတင်မှာ အမျိုးသားတစ်ယောက်ကို မ၊ကိုယ်တိုင် မျက်နှာဆေးနေတာလား၊ ပေါင်းတင်တာလား တစ်ခုခု လုပ်ပေးနေတာ တွေ့ဖူးလို့ပါ"

ပိုးမျက်နှာက ထပ်မံတင်းသွားရပြန်ပါသည်။ ဒီလူ ဘယ်လိုလူလဲ။ ရိသဲ့သဲ့လိုလို ဘာလိုလိုနဲ့။ အဲဒါ ကိုဗသက် ဖြစ် မှာပေါ့။ ကိုဗသက်ကလွဲပြီး ပိုးက ဘယ်အမျိုးသားကိုမှ ကိုယ် တိုင်ဝင်လုပ်မပေးဖူးတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲလေ။

"ဒါက သာမန်ညွှဲသည် မဟုတ်ပါဘူး"





"သာမန်ညွှဲသည် မဟုတ်ရင် ဘယ်လိုညွှဲသည်လဲ မ၊"

"နေပါဦး၊ ရှင် ဘာတွေလာမေးနေတာလဲ၊ ကျွန်မက အမျိုးသားညွှဲသည်တွေကို လုပ်ပေးလေ့ မရှိပါဘူးဆိုရင် သူ့ကိုကျတော့ ဘာဖြစ်လို့ လုပ်ပေးတာလဲ ဆိုတာမျိုးက ကပ်စ်တမ်မာအနေနဲ့ ပြန်မေးပိုင်ခွင့် မရှိဘူး ထင်ပါတယ်။ ကျွန်မရဲ့ဆွေမျိုး ဒါမှမဟုတ် ဆွေမျိုးကဲ့သို့ ရင်းနှီးကျွမ်း ဝင်တဲ့သူ စသဖြင့် သာမန်ညွှဲသည် မဟုတ်တဲ့ တစ်ယောက် တလေကို ကျွန်မ လုပ်ပေးဖူးကောင်း လုပ်ပေးဖူးမယ် …

အဲဒါ ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ စီးပွားရေး ပိုင်း အနေနဲ့တော့ ကျွန်မက ဆိုင်ပိုင်ရှင်ပါ၊ သူ့အပိုင်း သူ့ကဏ္ဍနဲ့သူ ကျွမ်းကျင်ဝန်ထမ်းတွေ ခန့်ထားပါတယ်၊ တချို့ဆို ကျွန်မထက် ပိုကျွမ်းကျင်ပါတယ်၊ ဒီက ဟို … ရှင့်အနေနဲ့ ကြိုက်နှစ်သက်ရာ ကျွမ်းကျင်သူနဲ့ ရွေးချယ် ခံယူနိုင်ပါတယ်၊ ကျွန်မကတော့ လုပ်မပေးပါဘူး"

"ကျွန်တော့်နာမည် ဇေရတ်ပါ"

"ဟုတ်ကဲ့"

"မ၊နဲ့လည်း ခင်မင်ချင်လို့ပါ"

"ကိုယ့်ဆိုင်ကို အားပေးတဲ့ ကပ်စ်တမ်မာတွေ အားလုံးကို ကျေးဇူးတင် ခင်မင်ပြီးသားပါရှင်"

"ဒါဖြင့် ကျွန်တော့်ကိုလည်း ခင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက မျက်နှာခပ်တင်းတင်းနှင့် ...

"အမျှားတန်းတူပါပဲ"

"အမျှားတန်းတူလောက်ပဲ ခင်ရင်လည်း ရပါတယ်ဗျာ၊ ဟိုတလောက မ,တို့ကို ကျွန်တော် '......'အကင်ဆိုင်မှာ တွေ့မိသေးတယ်၊ မ, မှတ်မိလား မသိဘူး"

"မာင့်အင်း မမှတ်မိပါဘူး၊ စားသောက်ဆိုင်တွေက သွား နေကျပဲ၊ ဘယ်နေ့က ဘယ်ဆိုင်သွားလို့ ဘယ်သူနဲ့တွေ့ တယ်တွေ သတိမပြုမိတာ ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ခိုင်းဖို့ထိ မလိုပါဘူး မ,ရယ်၊ မ,တို့ကို ကျွန် တော် စားသောက်ဆိုင်တွေမှာ မကြာမကြာတွေ့ပါတယ်"

"ဟုတ်မှာပေါ့၊ တို့က ရောက်နေတာပဲဟာ"

"ဟိုနေ့ကတွေ့တဲ့ အကင်ဆိုင်တုန်းကတော့ မျက်လုံးချင်း ဆိုင်မိတာနဲ့ ကျွန်တော် လှမ်းပြုံးပြမိသေးတယ်"

"ဘယ်သူ့ကိုလဲ"

"မ,တို့ကို"

"မ,တို့ ... ဆိုတာက ဘယ်သူတွေကို ဆိုလိုတာလဲ"

"မ,နဲ့ မ,သူငယ်ချင်း မသိမ့်သိမ်မွေ့လေ"

ပိုးက မျက်မှောင်ကုတ်လိုက်ရင်း ...

"ရှင်က သိမ့်ဆီရော ရောက်ပြီးပြီလား"

"မရောက်ရသေးပါဘူး"





"ဒါဖြင့် သိမ့်နာမည် ဘယ်က သိနေတာလဲ"

"ဒီလိုပဲ သိတာပါ၊ ပိုးပုလဲနဲ့ သိမ့်သိမ်မွေ့ ဆိုတာ အမြဲတွဲ တဲ့ သူငယ်ချင်းတွေပဲဟာ"

"အမြဲတွဲတာလည်း ဟုတ်တယ်၊ သူငယ်ချင်းလည်း ဟုတ် တယ်၊ ဒါကို တွေ့ရုံမြင်ရုံနဲ့တော့ နာမည်သိနေစရာ အကြောင်းမရှိဘူးလေ"

"ကျွန်တော်က စိတ်ဝင်စားတဲ့သူ ဆိုတော့ စုံစမ်းကြည့်ရင်း နဲ့ သိထားရတာပါ"

ပိုးက မျက်နှာကို တင်းသထက်တင်းရင်း ...

"ဘာကို စိတ်ဝင်စားတာလဲ"

ပြုံးကျဲကျဲနှင့် နောက်တာလိုလို အရောဝင်တာလိုလို အမူအရာမျိုး ပြနေသည့် ဝေရတ်က ပိုးရဲ့မျက်နှာရိပ်ကြောင့် သူ့ မျက်နှာပိုးကို သတ်လိုက်ရင်း ...

"မ,စိတ်ဆိုးသွားလား မသိဘူး၊ ဆောရီးပါဗျာ၊ ကျွန်တော် က ဘယ်လိုသဘောမှ မဟုတ်ပါဘူး၊ ကျွန်တော့်စိတ်ထဲ မှာ မ,တို့ကို မတော်တဆ တွေ့မြင်နေရင်းက ရင်းနှီးခင် မင်စိတ် ပေါက်လို့ပါ၊ မ,ရဲ့အမြင်မှာ ဘလိုင်းကြီး လိုက် အရောဝင်နေတယ်လို့ ထင်နေမလား မသိဘူး"

ထင်နေတယ်။

လက်ပိုက်ရပ်ရင်း ပိုးက စိတ်ထဲကပဲ ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အနှောင့်အယှက် ဖြစ်စရာ ဖြစ်သွားရင် ခွင့်လွှတ်ပါ ခင်မင်မှုရဖို့ ဘယ်လိုအစပျိုး ဝင်ထွက်ရမယ်ဆိုတာ သိ နားမလည်လို့ပါ၊ အပေါင်းအသင်းထဲမှာလည်း မိန်းကလေ ရှားလို့ပါ"

ဖိုးက စကားမယောက်ဘဲ ဘာတွေ လျှာရှည်နေ လိမ့်ဆိုတဲ့ ပုံစံနှင့်ပဲ မျက်မှောင်လေး ယောင်ယောင်တွန့်၍ ဆ စိုက်ကြည့်နေလိုက်ပါသည်။

"မ,တို့ကိုတော့ သိက္ခမ်းခင်မင်ချင်တာနဲ့"

"မ,တို့ကိုဆိုတော့ ရှင်က တစ်ပြိုင်နက်နဲ့ နှစ်ယောက် ကို ခင်ချင်တာပေါ့"

"မ,တို့နှစ်ယောက်ကိုလည်း တွေ့လိုက်ရင် အမြဲပဲ တွ ပါ"

"တွဲတွဲတွေ့...နဲ့ တွဲတွဲခင်ချင်တာနဲ့တော့ မဆိုင်ပါ ကပါ ... ဒါဖြင့် ရှင်က သိမ့်ဆီက ခင်မင်မှုကိုလ ကြိုးစားချဉ်းကပ်မယ့်သဘော ရှိဘယ်ပေါ့"

"ဟုတ်ကဲ့"

"အင်းပေါ့ ... ကြိုးစားလိုက်ပါဦး၊ ဒါနဲ့ ရှင်က ဆံပင် တကယ်ဂုပ်မှ သား၊ ဒါတွေပြောဖို့ ဆံပင်အဆုံး စီစဉ်တာလား"

ဇေရတ်က တဟက်ဟက် ရယ်မောမိရင်း ...





"တကယ်ညှပ်မှာပါ မ,ရယ်"

"ဒါဖြင့် ရှင်နဲ့လိုက်မယ့်သူဆီ စာရင်းပေးထားနှင့်မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါဗျာ"

"ကျေးဇူးက ကိုယ့်ဆိုင်အားပေးတဲ့သူမို့ ကျွန်မက တင်ရမှာပါ၊ ဒါနဲ့ ရှင်က မ, ... မ,နဲ့ ခေါ်နေရအောင် ရှင်ကဘယ်လောက် ငယ်နေလို့လဲ"

ဇေရတ်က ရယ်ချင်စိတ်ကို အောင့်တာတောင် ပြုံးစိစိကိုတော့ မဖုံးဖိလိုက်နိုင်ပါ။

"ဒီလိုပါဗျာ၊ မ,တို့နဲ့ ငယ်ငယ်က စိန့်ဖလောမီးနားစ်မှာ ကျောင်းနေဖက်တစ်ယောက်က ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့မိန်းမပါ။ မ,တို့နဲ့ တစ်ခန်းတည်းတက်ဖူးတယ် ပြောတယ်၊ နာမည်က ခင်သီတာပါ"

ဖိုးက စဉ်းစားကြည့်သော်လည်း နာမည်ကြားရုံနှင့် မှတ်စိထဲ ရုပ်ပေါ်မလာ။ တအားတွဲဖက်ပေါင်းသင်းခဲ့တာ မဟုတ်လို့ ဖြစ်ပါသည်။

"မ,တို့နှစ်ယောက်က မွေးနေ့တစ်လထဲ၊ ရက်ပဲကွာတာတဲ့၊ သူက မ,တို့မွေးနေ့တွေကို သိနေတယ်၊ ကျွန်တော်က တွက်ကြည့်လိုက်တော့ မ,တို့ထက် ငါးလငယ်နေတာပါ၊ ဒါကြောင့် မ,လို့ ခေါ်မိတာပါဗျာ"

"ငါးလငယ်တာ ရွယ်တူပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ကျွန်မဟို မွေးလတွေထဲက ငါးလနုတ်ကြည့်ရင် ရှင်နဲ့ ကျွန်မတို့ တစ်ခုနှစ်တည်း မွေးတာတွေပဲလေ"

"ဟုတ်ပါတယ်"

"ဒါဆို ဘာဖြစ်လို့ မ,လို့ လာခေါ်နေရတာလဲ"

ဇဝရတ်က ပြုံးမိရင်း ...

"မကြိုက်ရင် မခေါ်တော့ပါဘူးဗျာ"

"ဟုတ်တယ်လေ၊ မ,ဆိုတာ 'အစ်မ'ဆိုတဲ့ သဘော

ကိုယ့်ထက် အနည်းဆုံး နှစ်နှစ် သုံးနှစ် ငယ်နေရင်တော

ခေါ်ချင်ခေါ်ဦးပေါ့၊ ဒါတောင် အသက်ကြီးလာကြတဲ့အ

နှစ်နှစ်လောက် ကွာတယ်ဆိုတာ ဘာမှကွာတာမဟုတ်

ဘူး၊ ရှင်က ငါးလငယ်ပြီး အစ်မ, အစ်မနဲ့ ရှင်က အင

လုပ်နေတော မလွန်ဘူးလား"

"အဟင်း ဟင်း ... ဒါဖြင့် အများကခေါ်သလို မပိုး

မသိမ့်၊ ဒါမှမဟုတ် ပိုး ... သိမ့်လို့ပဲ ခေါ်ပါ့မယ်"

"ရတယ်လေ၊ အစ်မ, မခေါ်ရင် ပြီးတာပဲ"

"ပိုးသဘောပါ၊ ပိုးပဲခေါ်တော့မယ်နော်၊ ကျွန်တော်

ခင်ဗျင်ဝ, သူဆိုတော့ ခင်မင်ခွင့်ရအောင် ပိုးတို့ဆန္ဒ

သဘောနဲ့ပဲ နေမှာပါဗျာ"





ဒီလူဟာ ပိုးတို့နဲ့ရွယ်တူဆိုရင်တော့ သူကပိုပြီး ကလေးဆန်သည်။ ရုပ်လက်တိုနဲ့ ပုဆိုးလေးကြောင့် သူ့ပုံစံက ကျောင်းသားလောက်ပဲ ရှိသေးသလိုလို။ ပြုံးကျဲကျဲနဲ့ ဘွန်း။ သိပ်ပြီး မတောက်ပြောင်တဲ့ ဒီလိုရုပ်လေးတစ်ယောက်က ကိုယ့်ကို လာအရောဝင်တာကို မကြိုက်ချင်ပါ။ ပိုးထံ သူ လာသွားပါကြောင်းကိုလည်း သိမ့်ထံ ဖုန်းဆက်အသိပေးနေဖို့ မလိုအပ်ဘူးလို့လည်း ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၇

ဝေရတ်က ဆိုင်ရဲ့မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်ပါသည်။ အရောင်းဝန်ထမ်း ကောင်မလေးတွေက သူ့ကို ဆီးကြိုနှုတ်ဆက်ကာ ဖော်ဖော်ရွေရွေနှင့် လိုချင်တာ မေးမြန်းပြသကြသည်။

အမျိုးသားသုံးပစ္စည်းက နည်းတဲ့အတွက် ရှုံးသွားရင် စာရွက်စာတမ်းထည့်တဲ့ လက်ဆွဲအိတ်ပြားပြားတစ်လုံးကို ကြည့်ရှုစစ်ဆေးနေရင်း ဝေရတ်မျက်ဝန်းများက သိမ့်သိမ်မွေ့ကို ရှာဖွေနေမိပါသည်။ သိမ့်သိမ်မွေ့ကို မတွေ့ဘဲ လေ့ကားလေး တစ်ခုတော့ တွေ့တာမို့ ...

"အပေါ်ထပ်ခိုးမှာရော ရှိသေးတာလား"

"ထပ်ခိုးမှာက ပစ္စည်းပိုထားတာပဲ ရှိတာပါရှင့်၊ ခုံ အရောင်းခန်းတော့ မဟုတ်ပါဘူး"





ဆိုင်ခန်းကျယ်မို့ အပေါ်ထပ် ထပ်ခိုးလည်းကျယ်မှာပင်။ ကြည့်ရတာ သိမ့်သိမ်မွေ့ရဲ့ရုံးခန်း နားနေခန်းလိုဟာမျိုးက အပေါ်မှာ ဖြစ်ပုံရပါသည်။ ဝေရတ်က လက်ဆွဲအိတ်မှာ ကပ်ထားတဲ့ဈေးကိုကြည့်ရင်း ...

"မလျှော့တော့ဘူးလား"

"ပစ္စည်းတွေအားလုံးက ကပ်ဈေးပါပဲရှင်"

"တစ်ခါတလေတော့ မသိမ့်က လျှော့တတ်ပါတယ်၊ များများဝယ်ရင်လေ"

"ဟုတ်ကဲ့၊ အဲလိုဆိုရင်တော့ လျှော့ပေးတတ်ပါတယ်၊ ဒါပေမဲ့ အခုက တစ်ခုတည်းပဲယူမှာ ဆိုရင်တော့ ..."

"တစ်ခုတည်းပေမယ့် ဒီပစ္စည်းက သိန်းကျော်လေဗျာ"

ကောင်မလေးက ခေါင်းငုံ့၍ ပြုံးစိလုပ်နေပါသည်။

"လုပ်ပါ၊ ဆိုင်ရှင်ကို ခေါ်ပေးလိုက်ပါဦး"

"မမက ထမင်းခဏ တက်စားနေတာပါ"

"မသိမ့်က လျှော့ပေးမှာပါ"

"အစ်ကိုက မ,မိတ်ဆွေလား"

"ဟုတ်ပါတယ်၊ ထမင်းစားပြီးနေရင်တော့ ခဏခေါ်လိုက်ပါလား၊ အချိန်က ၁၁ နာရီခွဲဆိုတော့ ထမင်းတော့စားပြီးနေလောက်ပါပြီ၊ ဈေးဆစ်ကြည့်မယ်လေ၊ မသိမ့်ကလျှော့ရင် လျှော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနော်၊ ကျွန်မ မေးကြည့်ဦးမယ်"

"ဟုတ်ကဲ့"

"နာမည်ဘယ်သူလို့ ပြောရမလဲဟင်"

"ကျွန်တော် ဝေရတ်ပါ"

"ဟုတ်ကဲ့ ... ခဏနော် အစ်ကို"

ကောင်မလေးက ထပ်ခိုးပေါ်ကို တက်သွားပါသည်။ ဝေရတ်က ဆိုင်ခန်းလေးကို လှည့်ပတ်ကြည့်ရင်း စောင့်နေစဉ် မကြာခင် လှေကားလေးမှ သိမ့်နှင့် ကောင်မလေး ဆင်းလာပါသည်။ ကောင်မလေး ညွှန်ပြမှုကြောင့် သိမ့်က ဝေရတ် အနားကပ်လာလျှင် ဝေရတ်က လက်ပိုက်ထားလျက်မှပင် ပြုံးပြုံးကြီးနှင့် ခေါင်းညွှတ်ဆတ်ကာ ...

"သိမ့် ... ကျွန်တော် ဝေရတ်ပါ"

"ဘယ်က ဝေရတ်လဲ၊ မသိဘူး"

"သိမ့် မမှတ်မိဘူးထင်တယ်"

"ဟုတ်ကဲ့၊ ကျွန်မ မြင်တော့ မြင်ဖူးသလိုပဲ"

"ကျွန်တော်ကတော့ သိမ့်တို့ကို စားသောက်ဆိုင်အတော်များများမှာ ပတ်ပြီး မကြာမကြာ ဆုံနေတာ တွေ့နေတာ"

"သိမ့်တို့ ဆိုတာ ... ! ! "

"သိမ့်နဲ့ ပိုးလေ"

"ဟုတ်လား၊ ရှင်က ပိုးအသိလား"





"ဟင့်အင်း ... မဟုတ်ပါဘူး"

"ဩော် ... မသိပါဘူး၊ ရှင်ပြောပုံက တရင်းတနှီးနိုင်လွန်းလို့ပါ"

"ကျွန်တော်က ခင်မင်ရင်းနှီးချင်နေတဲ့သူဆိုတော့ ကိုယ့်ဘက် တစ်ဖက်သတ်ကတော့ ရင်းနှီးပြီးနေသလို စိတ်ထဲက ဖြစ်နေတာ"

"ရှင်"

သိမ့်က အံ့ဩသွားရင်း ဒီလူကို စေ့စေ့အကဲခတ်မိသည်။ အင်း ... မြင်ဖူးပါတယ်။ ဘယ်မှာမှန်းသာ မသိတာ။ ဒါပေမဲ့ ဒီလူက တစ်ဆိတ် အရောဝင်နေသလို ဖြစ်မနေဘူးလား။

"ကျွန်တော်တို့ နောက်ဆုံး '......'အကင်ဆိုင်မှာ တွေ့ကြတယ်လေ၊ တွေ့ကြတယ် ဆိုတာက လှမ်းတွေ့တာကိုပြောတာပါ၊ ကျွန်တော်တောင် သိမ့်တို့ကို ဟိုဘက်စားပွဲကနေ လှမ်းပြုံးပြ နှုတ်ဆက်သေးတယ်"

သိမ့်သည် ရုတ်ခြည်း မှတ်မိကာ ...

"ဩော် ... ရှင် ... ဟုတ်ပြီ သိပြီ၊ ဟင် ... ရှင်က အဲဒါ ကျွန်မကို ပြုံးပြတာလား"

"သိမ့်ကိုရော ပိုးကိုရောပါ ကျွန်တော်က သိမ့်တို့နှစ်ယောက်ကို ခင်မင်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လူတွေက ဘယ်လိုဖြစ်နေပါလိမ့်။

ချဉ်းကပ်လာလိုက်ရင် နှစ်ယောက်တွဲကို နှစ်ယောက်လုံးကို ဖြစ်နေသည်။ ကိုဗသက်လည်း ဒီအတိုင်းပဲလေ။ အခု ဒီလူကလည်း နှစ်ယောက်စလုံးကို တစ်ပြိုင်နက် ခင်ချင်တယ်ဆိုပါလား။ ကိုဗသက်ကိုတော့ ဘာမှစောဒက မတက်ဘဲ နှစ်ယောက်လုံး အပြိုင်အဆိုင် ပြန်ခင်ခဲ့ကြပေမယ့် ဒီလူကတော့ ဘယ်တူမလဲ ဘာဆိုင်လဲ။

ကိုဗသက်က လူကြီးလူကောင်းသူဌေးမင်း။ သူက ဘာလဲ။ ရုပ်လက်တိုလေး ပုဆိုးလေးနှင့် တော်ရိလျော်ရိ လူတစ်ယောက်ကို နှစ်ယောက်လုံးက သူ့ထက်ငါပြန်ပြီး ခင်နေစရာလား အဓိပ္ပာယ်မရှိတာ။

သိမ့်က မျက်နှာထားလေး ခပ်တည်တည်ပြင်လိုက်ရင်း ...

"ရှင့်ကို မှတ်မိပါတယ်၊ ဒါနဲ့ အခုဘာကိစ္စရှိလို့လဲ"

"ဩော် ... အခုက ရုံးသွားရင်ကိုင်ဖို့ အိတ်တစ်လုံးတွေ့တာနဲ့ ဒီကညီမတွေက မလျှော့ဘူး ကပ်ဈေးပဲဆိုလို့ပါ။ သိမ့်တို့က မမှတ်မိပေမယ့် ကျွန်တော်က မျက်မှန်းလည်းတန်း၊ စိတ်ကလည်း ရင်းနှီးနေလို့ သိမ့်ကို ဈေးလျှော့ပါဦးလို့ ဆစ်ချင်လို့ သွားပြောခိုင်းလိုက်မိတာပါဗျာ"





သိမ့်က သူ့ကို အားအားလျားလျား လာခေါ်ရကောင်းလားဆိုတဲ့ အကြည့်နှင့် ကောင်မလေးကို ခပ်တည်တည်တစ်ချက် ကြည့်လိုက်ပါသည်။ ကိုယ့်ရဲ့အသိမိတ်ဆွေ ဧည့်သည်ဆိုလို့ ဆင်းလာတာ။ ဒီလူလောက်ဆို ဆင်းလာစရာလား။

သို့သော် ဆိုင်ရှင်ဖြစ်၍ ဝယ်သူကို ဝတ်ကျေတန်းကျေ ဆက်ဆံတော့ဖြင့် အလိုက်အထိုက် ရှိရမည်ဖြစ်ရာ ...

"ဘယ်အိတ်လဲ မသိဘူး"

"ဒီအိတ်ပါ သိမ့်"

"ဩော် ... ဒီအိတ်လား၊ အဲဒီအိတ်ကတော့ ဈေးကြီးတယ်ရှင့်"

"ဩော်"

ရုံးသွားဖို့အတွက် သိန်းကျော်တန်အိတ် ကိုင်နိုင်ပုံရပါဘဲနှင့် အလကား မေးနေတယ်ရယ်လို့ပဲ တန်း၍သတ်မှတ်ကာ ရှည်ရှည်ဝေးဝေး ပြောမနေချင်တော့တာ။ ဝေရတ်ကတော့ သိမ့်စကားကြောင့် အောင့်သွားရရင်း ...

"ဈေးကြီးတာလည်း တွေ့ပါတယ်၊ ဒါပေမဲ့ ဈေးလျှော့နိုင်ရင်တော့ ဒီထက်နည်းသွားမှာမို့လားဗျာ"

"ဈေးက မလျှော့နိုင်ပါဘူး၊ စတစ်ကာမှာ ရေးထားတဲ့ဈေးပါပဲ"

"ဩော် ... ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကွာလတီလည်း ကောင်းတာရယ်၊ Branded လည်း ဖြစ်တာရယ်ပေါ့၊ အသင့်အတင့် သုံးချင်ရင်တော့ ဒီဘက်ထဲက ကြည့်လိုက်လေ"

သိမ့်ညွှန်ပြတဲ့ဘက်က အိတ်တွေကို ဝေရတ်က မျက်စိဝေ့ကြည့်လိုက်ပါသည်။ မှုန်တုန်တုန် မှိုင်းတိုင်းတိုင်းကြီးတွေ။ ခပ်ညံ့ညံ့တွေ။ ဝေရတ်က အောင့်သက်သက်နှင့်ပေမယ့် ပြုံးတောင် ပြုံးချင်မိပါသည်။

"ကျွန်တော်က သိမ့်နဲ့လည်း ခင်မင်ချင်တော့ မိတ်ဖြစ်ဆွေဖြစ်သဘောနဲ့ ပစ္စည်းတစ်ခုခု အားပေးမလားလို့ပါ"

သိမ့်က မျက်နှာတင်းတင်းနှင့် …

"မလိုပါဘူးရှင့်၊ ကျွန်မဆီက ပစ္စည်းဝယ်ယူအားပေးတဲ့သူတွေကိုမှ ကျွန်မက မိတ်ဆွေသတ်မှတ်တာမှ မဟုတ်တာ။ ပစ္စည်းဝယ်တိုင်းလည်းပဲ မိတ်ဆွေဖြစ်လာမှာတော့ မဟုတ်ဘူး"

"သိမ့်တို့က မာနကြီးတာပေါ့နော်"

"ရှင် ဘာတွေလာပြောနေတာလဲ"

"မသိဘူးလေဗျာ၊ ဘာကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ဆိုင်ကပစ္စည်းကိုဝယ်ဖို့ အားပေးဖို့ ရောက်နေတဲ့ ဧည့်သည်တစ်ယောက်ကို မျက်နှာထားတင်းတင်းနဲ့ ဆက်ဆံတယ်ဆိုတော့ ဒါမာနကြီးလို့ပဲ ဖြစ်မှာပေါ့"





"ရှင် စဉ်းစားကြည့်လေ၊ ဆိုင်ဆိုတာ လူမျိုးတစ်ရာ့တစ်ပါး ဥဒဟိုဝင်ထွက်နေတာ၊ ဝယ်ဖို့ဝင်လာတဲ့လူလည်းရှိတယ်၊ ကြည့်ရုံ ဈေးရုံ ဝင်လာတဲ့သူလည်း ရှိတယ်၊ လစ်ရင် တို့ဖို့ အလစ်သုတ်ဖို့ ဝင်လာတဲ့သူလည်း ရှိတယ်၊ နဖူးမှာ စာကပ်ထားတာမှ မဟုတ်တာ၊ ဒီတော့ ကျွန်မတို့က ဘာရည်ရွယ်ချက်မှန်းမသိတဲ့သူကို ဆီးကြိုပြီး ဖက်လဲတကင်း ရင်းရင်းနှီးနှီး မဆက်ဆံနိုင်ဘူးရှင့်"

"မှန်ပါတယ်ဗျာ၊ လက်ခံပါတယ်"

"ဒါဖြင့် ရှင် ဒီအိတ်ယူမှာလား"

"မသိဘူးလေဗျာ၊ ခင်ဗျားတို့တစ်တွေက ဒီအိတ်ကဈေးကြီးလို့ ကျွန်တော်နဲ့ သိပ်မအပ်စပ်သလို ပြောနေမှတော့ မဝယ်တော့ပါဘူးဗျာ"

အစကတည်းကလည်း ဝယ်မယ်မထင်ပါဘူး။ ဒီလောက်ဈေးကြီးတဲ့အိတ်နဲ့ ရုံးသွားမယ့်သူက CEO အဆင့်လောက်တော့ ရှိရမှာပေါ့။ ဒီလူ့ပုံကြည့်ရတာ ဝတ်စားပြင်ဆင်ပုံက ရိုးပဲရိုးတာလား မတတ်နိုင်တာလား တစ်ခုခုပင်။

"ရပါတယ်၊ အဆင်ပြေမှ ဝယ်ပါ၊ အဆင်ပြေတဲ့ဟာကို ကြည့်ပြီး ဝယ်ပေါ့"

ဝေရတ်က ကျိတ်ပြီးပြုံးမိပါသည်။ သူ့ကိုကြည့်ပြီး သိမ့် အထင်မကြီးဘူးဆိုတာ ရိပ်မိပါသည်။ အထင်ကြီးရုံနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်ဆိုင်ထဲဝင်လာတဲ့ ဈေးဝယ်သူကို ခပ်တင်းတင်း ဆက်ဆံမှာ မဟုတ်ပါ။ သူတို့စိတ်ထဲမှာ ဝေရုတ်ကို အလကားနေရင်း အရောတဝင် လာလုပ်နေတဲ့သူဆိုတဲ့ အမြင်နှင့် သူက ဘာမို့ ငါတို့ကို လာအရောဝင်နေတာလဲဆိုတဲ့ အထင်သေးမှုပါ ပါဝင်နေတာကြောင့် ဖြစ်ပါမည်။

သို့ပေမယ့် သူကတော့ သူ့စိတ်ကူးနဲ့သူ ဒီအမျိုးသမီးတွေနှင့် ရင်းနှီးသိကျွမ်းချင်နေတာဖြစ်၍ ဘယ်လိုပဲထင်ထင် မြင်မြင် ခင်မင်ခွင့်ရဖို့ အဓိကပင်။

"ကျွန်တော်က သိမ့်နဲ့ ခင်မင်ချင်လို့ပါ"

"ဘယ်လို !"

သိမ့်က မျက်မှောင်လေးကုတ်ရင်း ...

"နေပါဦး၊ သိမ့် ... သိမ့်နဲ့ ကျွန်မနာမည်ကို ရွယ်တူတန်းတူ ခေါ်နေရအောင် ရှင်က ဘယ်အရွယ်မို့လို့လဲ"

"ကျွန်တော်က သိမ့်တို့ထက် ငါးလပဲ ငယ်ပါတယ်"

"ရှင်က ဘယ်လိုလုပ်သိလဲ"

"သိမ့်တို့နဲ့ စိန့်ဖလောမီးနားစ်တုန်းက အတန်းတူဖူးတဲ့ ခင်သီတာ ဆိုတာက ကျွန်တော့်သူငယ်ချင်းဇနီးပါ၊ သူ ပြောလို့ သိမ့်တို့အသက်တွေကို သိတာပါ၊ သိမ့်ရော ပိုးရော တစ်လတည်းမှာ ရက်ပဲခြားပြီး မွေးကြတယ်ဆိုတော့ ကျွန်တော်က နှစ်ယောက်လုံးထက် ငါးလပဲ ငယ်တယ်ဗျ"





သိမ့်က မသိမသာ မျက်စောင်းရွယ်ရင်း ...

"ငါးလလည်း ငါးလပဲလေ"

"ဗျာ"

"မမသိမ့်ဖြင့်လည်း မမသိမ့်ပေါ့၊ ရှင်က ငယ်တဲ့ဟာကို၊ သိမ့် ... သိမ့်နဲ့ ရဲရဲတင်းတင်း ရှိလွန်းတယ်၊ ဟင်း"

ဝေရုတ်က မအောင့်နိုင်တော့ဘဲ ပခုံးလေး လှုပ်ကာ လှုပ်ကာ ရယ်မိပါတော့သည်။ တစ်ယောက်တစ်မျိုးပါ့လား။

"ရှင် ဘာရယ်နေတာလဲ"

"ဩော် ... ပိုးကကျတော့ သူ့ကို မ,လို့ခေါ်မိလို့ ရှင်က ငါးလတည်းကြီးပြီး သူ့ကို အစ်မခေါ်စရာလား ပိုးပဲခေါ် ဆိုလို့ ပိုးပဲ ခေါ်ရတယ်ဗျ၊ ဒါကြောင့် သိမ့်ကိုလည်း အစ်မခေါ်ရင် မကြိုက်မှာစိုးလို့ သိမ့်ပဲ ခေါ်ရတာပါဗျာ၊ ဒါဖြင့် မမသိမ့်လို့ ခေါ်ရမယ်ပေါ့နော်"

"ဟင် ... နေပါဦး၊ ရှင်က ပိုးနဲ့ ရင်းနှီးပြီးသားလား"

"ပိုးဆိုင်ကိုတော့ ရောက်ပြီးပြီခင်ဗျ"

သိမ့်က ဝေရုတ်ကို စေ့စေ့စပ်စပ် အကဲခတ်သည်။ ရှင်က ဘယ်သူ့ကို ခင်ချင်တာလဲလို့ မေးဖို့ကျတော့ ရှက်သလိုလို အောက်သလိုလို ခက်သလို ဖြစ်နေပါသည်။

"ရှင်က ဘာသဘောနဲ့ ပိုးနဲ့ကျွန်မရဲ့ဆိုင်တွေကို အလှည့်ကျသွားနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိမ့်တို့ကို ကျွန်တော်က ခင်ချင်လို့ပါ သိမ့်၊ အဲ ... မမသိမ့်လို့ ခေါ်ရမှာလားဗျ"

သိမ့်က စိတ်ရှုပ်သက်ပြင်းလေးတစ်ချက်နှင့် ...

"ရှင့်ဟာရှင် ခေါ်ချင်သလိုသာ ခေါ်တော့ရှင်"

"ကျွန်တော် သိမ့်တို့ကို ခင်လို့ရတယ် မဟုတ်လား"

"ခင်တယ် ဆိုတာက ရော့ ... ခင်တယ်ဆိုပြီး ရုတ်တရက် ပေးလို့ ရတဲ့ဟာလား၊ ပေါင်းသင်း ဆက်ဆံမှုကနေ ရင်းနှီးမှု ပေါက်ဖွားလာပြီးမှ ခင်တယ်ဆိုတာက ဖြစ်လာတာ ရှင့်ကျမှ ရုတ်တရက် ပေါ်လာပြီး လာခင်နေတာကို ရှင့် အကြောင်းလည်းမသိ၊ ဘာမှလဲ အကဲမခတ်နိုင်သေးဘဲနဲ့ အလွယ်တကူ ခင်စရာလားရှင့်၊ အဓိပ္ပာယ်မှ မရှိတာ"

"ဒါဖြင့် သိမ့်က တဖြည်းဖြည်းနဲ့မှ ခင်နိုင်မှာပေါ့နော်"

"နေပါဦး၊ ရှင်က ဒါတွေပြောဖို့ ဈေးဝယ်ချင်ယောင်ဆောင်ပြီး ကျွန်မဆိုင်ထဲ ရောက်လာတာပေါ့၊ ဟုတ်လား"

"တကယ်ဝယ်မလို့ပါပဲ၊ ဒါပေမဲ့ ဈေးကကြီးလွန်းနေတော့ မတတ်နိုင်လို့ပါဗျာ၊ ဈေးသက်သာမယ့်ဟာကျတော့လည် မကြိုက်လို့ပါ"

ဟွန်း ...။

အတော်မွဲတဲ့ပုံပဲ။ အလကားနေရင်း အပိုတွေလု ပြီး တစ်သိန်းခွဲတန်အိတ်ကို ဈေးဆစ်မယ် ပြုမယ် လုပ်နေသေး တယ်။





"တီ ... တီ တီ ... တီ တီ"

ရုတ်တရက် ဖုန်းမြည်လာ၍ သိမ့်က လက်ထဲက ဖုန်းကိုကြည့်လိုက်ကာ Screen မှာပေါ်နေတဲ့ နာမည်ကြောင့် မျက်နှာက ရုတ်ခြည်းသိသိသာသာ ဝင်းပသွားပါသည်။

"ဟဲလို"

"........."

"ဟုတ်ကဲ့ အစ်ကိုကြီး ... ပြောလေ"

"........."

"သိမ့်လား ... အားပါတယ် အစ်ကိုကြီးရဲ့၊ အစ်ကိုကြီး တော့အသက်ရှည်ဦးမှာပဲ၊ သိမ့် ခုပဲ အစ်ကိုကြီးအကြောင်း တွေးနေတာ"

"........."

"ဪ ... ဘာရယ်တော့ မဟုတ်ပါဘူး၊ မနေ့ကလည်း ဖုန်းမလာဘူး ဆိုတော့လေ၊ ဒီနေ့မှ ကိုကြီးဆီက ဖုန်းမ လာရင် သိမ့်က ညနေ ဆိုင်ကအပြန်ကျ ဆက်ဦးမယ်လို့ စဉ်းစားနေတာပါ"

ဇေရုတ်က ခုနကနှင့် ပြောင်းပြန်နီးပါး ပြောင်းလဲ သွားသော သိမ့်ရဲ့ချိုလွင်ရွှင်ပျအသံကလေးကို ကြားနေရရင်း ...င်းတညိတ်ညိတ် ဖြစ်နေရပါသည်။ ဪ ... မိန်းမတွေများ ...ိုင်ဖြောင့်ဖြောင့်နှင့် ခပ်ထောထောပုံ ပေါက်နေတဲ့ လူဆိုရင် ...င်မတန်မှ ခင်မင်ကျွမ်းဝင်လွယ်ကြတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဝေရဝ်ကိုတော့ သူတို့နှစ်ယောက်လုံးက အင်တင်တင်တွေ။ တောက်ကောက်ပြောင်ပြောင် မရှိဘဲ မွဲကိမွဲတဲ ပုံတုံးတုံးဆိုတော့ ပုံ ၁အထင်တကြီးပုံမပေါက်။ ခါထုတ်ပစ်ချင်ကြတဲ့ ပုံမျိုး ကိုယ်စီနဲ့ပါလား။

❤ ❤





## ၈

"ဟဲ့ ... စိမ်းလေး"

ဗသက် ခေါ်လိုက်တာမို့ အမြဲစိမ်းက ဗသက်ဘက် ြ:ပြုံးလေး လှည့်ရင်း ...

"ရှင် ... ကိုကြီးဗသက်"

"အခု အိမ်ကထွက်လာခါနီး ညည်းဆီလာတဲ့ဖုန်းက ဘယ်ကလဲ၊ ဘယ်သူလဲ"

"ဘယ်သူမှ မဟုတ်ပါဘူး၊ ကိုကြီးဗသက်ကလည်း"

"ဘယ်သူမှ မဟုတ်ဘူးဆိုတာ ရှိလား၊ တစ်ယောက်ယောက်တော့ ဟုတ်ကို ဟုတ်တာပေါ့၊ ဘယ်သူကမှ မဆက်ဘဲ ဖုန်းဝင်လာပါ့မလား"

"ဘယ်သူမှ မဟုတ်ဘူး ဆိုတာက ဘာမှအရေးမပါလှဘူး ထူးခြားတဲ့သူ မဟုတ်ဘူးလို့ ဆိုလိုတာပါ ကိုကြီးဗသက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အရေးပါပါ မပါပါ ထူးထူး မထူးထူး၊ ဘယ်သူလဲပြော စမ်း ငါ့ကို"

အမြဲစိမ်းက နှုတ်ခမ်းလေး ချွန်ထုတ်ကာ ဗသက်၏ အကဲခတ်ရင်း ရုတ်တရက် ဘာမှပြန်မဖြေပါ။

"ဒီကောင်မလေး ဉာဏ်နီဉာဏ်နက် ထုတ်မနေနဲ့နော် ငါကြားလိုက်တယ်၊ ကျွန်မ လာဖြစ်ပါတယ်တဲ့၊ လာမှာ ပါတဲ့"

"အဟင်း"

ကိုကြီးဗသက် ကြားပြီးပြီဆို၍ အမြဲစိမ်းက ရှိန်း လည်း မဖြစ်နိုင်တော့ရာ ပြုံးဖြဲဖြဲလေး လုပ်နေပါသည်။

"ရယ်မနေနဲ့ ကောင်မလေး၊ ကောင်လေးတစ်ယောက် မဟုတ်လား"

"ဟုတ်"

"ဘယ်ကကောင်လဲ"

"………"

"ခုတလော ညည်းဆီ မကြာမကြာ ဆက်နေတဲ့ကောင် လေး မဟုတ်လား"

"………"

"ပြောလေ"

"ဟုတ်"





"မပွင့်တပွင့်နဲ့ ကောင်မလေး ထူးခြားနေတယ်နော်၊ ဒီကောင်လေးနဲ့ကျမှ ဖုန်းကို တောက်လျှောက်ပြန်ပြောနေတယ်၊ ညည်းတို့ အတော်ရင်းနှီးနေတာလား"

"မရင်းနှီးပါဘူး၊ ကိုကြီးဗသက်ကလည်း ဒီလိုပါပဲ"

"ဖုန်းလက်ခံပြောနေတာကိုက ထူးခြားနေတာ"

"ရိုးရိုးစကားတွေ ပြောနေတာပါ"

"သူစိမ်းကောင်လေးတစ်ယောက်က သူစိမ်းကောင်မလေး တစ်ယောက်ကို ကိုယ့်သူငယ်ချင်းလည်းမဟုတ်၊ ဖုန်းတဆက်ဆက် လုပ်နေတာ ရိုးတာလား၊ ရည်းစားစကား ပြောပြီးပြီလား"

"………"

"ပြောလေ"

"ဟုတ်"

"ဘာ ..! ငါ တယ်လေ ... ရည်းစားစကား ပြောထားတဲ့ ကောင်ကိုများ သူက ရိုးရိုးစကားပြောတာပါတဲ့၊ ဆန်းဆန်း စကားဆိုတာ ဘယ်လိုဟာမျိုးလို့များ နင်က သတ်မှတ်ထားလို့လဲ"

"ရည်းစားစကား တစ်ခါတည်းပဲ ပြောပြီးတော့ သမီးက ဒါတွေ စိတ်မဝင်စားသေးဘူးဆိုလို့ နောက်ပိုင်းမှာ ရိုးရိုး စကားတွေပဲ ပြောတာပါ ကိုကြီးဗသက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဘာထဲ၊ သူက ဘယ်ကို ဘာလာလုပ်မှာလဲ"

"ဆီဒိုးနားကို"

"ဘာ၊ ဘာလာလုပ်မှာလဲ၊ ဒီကောင်တော့ ငါနဲ့တွေ့ဦးမယ်"

"ဟာ ... သူ့ဟာသူ မင်္ဂလာဆောင်လာမှာပေါ့ ကိုကြီးဗသက်ရဲ့၊ သူ့ကိုလည်းဖိတ်လို့ သူလည်း ဒီမင်္ဂလာဆောင်လာမယ့်ကိစ္စကို ကိုကြီးဗသက်က ဘာကိုတွေ့မှာလဲ"

"သူ့ကိုဖိတ်တာ သုတ်ရဲ့ထား"

"ဩော် ... သူက အရင်ပြောတာပါ ကိုကြီးဗသက်ရာ၊ အဲဒါနဲ့ ၁သမီးကလည်း သမီးတို့ကိုလည်း ဖိတ်ထားတယ်၊ ဖေကြီးကတော့ မအားဘူးဆိုတော့ မသွားဖြစ်တာနဲ့ သမီးပဲ သွားမယ်လို့ ပြောလိုက်တာ"

"တစ်ဖယာက်တည်း လာမယ်လို့ အကြောင်းကြားထားတာပေါ့လေ"

အမြဲစိမ်းက ကိုကြီးဗသက်ကို မျက်စောင်းတစ်ချက်ရွယ်ရင်း ...

"ဒါဖြင့်လည်း ကိုကြီးဗသက် ခန်းမထဲကိုပါ ဝင်လိုက်လာခဲ့တော့"

"အောင်မာ ... မလိုက်လာဘူး မှတ်လို့လား"



မင်္ဂလာဆောင်တွေ ညှော်ခံပွဲ ပွဲလမ်းမှန်သမျှကို ကိုကြီးဗသက်က စိတ်ကျဉ်းကျပ်တတ်တဲ့သူမို့ ဘယ်တော့မှ ဝင်ဆိုင်လေ့မရှိတာကို အားကိုးပြီး စိန်ခေါ်သလို ပြောမိတာ ကိုကြီးသက်က ချက်ချင်းတုံ့ပြန်လိုက်၍ အမြဲစိမ်းမှာ ဆက်မပြောရဲတော့ဘဲ ပါးစပ်လေး ပိတ်သွားရပါသည်။

"ဟွန်း ... အလကားနေ လူကို တိုက်စွာနေတာပဲ၊ သူများဖြင့် ဘာမှမလုပ်ဘဲနဲ့"

ပါးစပ်လှုပ်ရုံ တီးတိုးတိုး ပွစိစိတော့ ရေရွတ်နေမိသည်။

"ပွစိ ပွစိ လုပ်မနေနဲ့၊ ဒီကောင်နဲ့ ဘာမှမဖြစ်သေးတာ သေချာလား"

"သေချာတယ်"

"ဒါဆိုပြီးရော"

"ကိုကြီးဗသက်ရော ဟိုဟာတွေနဲ့ ခ…ယ်လို ဲ"

"ဘယ်ဟာတွေလဲ"

"မပိုးပုလဲတို့ မသိမ့်သိမ်မွေ့တို့လေ"

"ဘယ်လိုရမှာလဲ၊ ဒီလိုပဲပေါ့"

ဗသက်က သူ့ဘက်လှည့်လာ၍ မျက်နှာကြီး…သာပါ…သည်။

"ဒီလိုပဲဆိုတာ ဘာလဲ၊ ကိုကြီးဗသက်က ဘယ်သူ့ကိုကြိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့မှ မကြိုက်ဘူး"

"အမယ် ... မပိုပါနဲ့၊ မကြိုက်ဘဲနဲ့ ဘာဖြစ်လို့သွားရစ်နေလဲ"

"ဘယ်မှာ ရစ်လို့လဲ"

"တစ်ပတ်ကို နှစ်ကြိမ်လောက် ဟိုဟာလေး ထွက်စားလိုက် ဒီဟာလေး ထွက်စားလိုက် တတွဲတွဲလုပ်နေကြတာ မသိဘူး များ မှတ်နေလို့လား"

"နင်က ဘယ်လိုလုပ်သိလဲ"

"သမီးလည်း အပေါင်းအသင်း အသိုင်းအဝိုင်း ရှိတာပါပဲ နော်၊ သူမှပဲ အကုန်သိနိုင်တယ် ထင်နေဘယ် ... ဟွန်း"

"အောင်မာ ... နင့်ကို ဘယ်သူက လှမ်းလှမ်းသံတော်ဦး တင်နေလဲ ပြောစမ်း"

"ပြောဘူး"

"တောက် ... ဒီကောင်မလေးတော့နော်၊ ဂျစ်ကန်ကန်နဲ့"

"ဒီတစ်ယောက်ဆိုလည်း ဒီတစ်ယောက်ပေါ့၊ ဟိုတစ်ယောက်ဆိုလည်း ဟိုတစ်ယောက်ပေါ့၊ ဒီတစ်ယောက်လိုလို ဟိုတစ်ယောက်လိုလို မကွဲမပြားနဲ့ မချောနှစ်ယောက် ကိုယ်တစ်ယောက် လုပ်နေတယ် ဟွန်း၊ ဘယ်လိုလူကြီးမှန်း မသိဘူး"

"ဒါတော့ နှစ်ယောက်လုံးနဲ့ ခင်နေတာကိုးဟ"





"နှစ်ယောက်လုံးနဲ့ ခင်လို့ရပေမယ့် နှစ်ယောက်လုံးကို ကြိုက်လို့တော့ မရဘူးနော် သိထားဖို့က၊ ဘယ်သူ့ကိုကြိုက်တာလဲ ဆိုတာလည်း ကိုယ့်ဟာကိုယ် သဲသဲကွဲကွဲဖြစ်အောင် လုပ်ဦး၊ သိရဲ့လား"

ဗသက်သည် သူ့အကြောင်း ဆွေးနွေးနေရ၍ မျက်နှာထားတတ်ဘဲ နဖူးကုတ်သလိုလို ကျောကုတ်သလိုလို ဖြစ်နေပါသည်။

"သူကျတော့ ဘယ်သူ့ရွေးရမှန်းတောင် မသိဘဲ လောဘတကြီးနှစ်ယောက်တွဲနေပြီးတော့ သမီးကိုကျ ဘာမှလဲ မဟုတ်ဘဲနဲ့ အပြစ်လိုက်ပြောနေတယ် ... ဟွန်း"

"ငါက ဘာမှအရေးမကြီးဘူး၊ ငါယောကျ်ား၊ ပြီးတော့ ငါ့အသက်အရွယ်နဲ့ ဘာမှ အမှားအယွင်း မဖြစ်နိုင်ဘူး၊ နင်သာ ငယ်ငယ်လေး ရှိသေးလို့ စိတ်ပူလို့ လိုက်ပြောနေရတာ".

"သမီးက ငယ်ပေမယ့် လည်တယ်၊ နော် !၊ ကိုကြီးဗသက်သာ အူတိအူတနဲ့ အသက်ကြီးမှ လှေနံနှစ်ဖက်နင်းရင်း ပေါင်ကားနေဦးမယ်"

ပြောရင်း အမြဲစိမ်းက အားပါးတရ ရယ်လေရာ ဗသက်က ဘာမှမချေပတတ်ပဲ "ဟင်း" "ဟင်း"နှင့် အမြဲစိမ်းကို ချစ်စနိုး မကျေမချမ်း ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပါးပါး ပြတ်ပြတ်သားသား ရွေးလိုက်ဦး၊ ဟော်ကြာ နှစ်ယောက်လုံး လွှတ်နေမယ်၊ သိလား"

အင်း ... တကယ်တော့၊ ဗသက် အဖြစ်က ဘယ်လိုမှ ပြတ်ပြတ်သားသား ရွေးမရသေးဘဲ ဖြစ်နေတာပါ။ ပိုးရဲ့စကားသံ ဘီတီတာတာလေးကြားတော့လည်း ပိုးကို ပိုပြီးချစ်စရာကောင်းတယ် ထင်မိတာ၊ သိမ့်ရဲ့ချွဲချွဲနွဲ့နွဲ့ စကားသံလေး ကြားပြန်တော့လည်း သိမ့်ကပဲ ပိုစွဲမက်စရာကောင်းတယ် ထင်ပြန်သည်။ ဘယ်သူက သာတယ်လည်း ဝေခွဲမရသလို ဘယ်သူ့ကို သူ့ဘက်က ပိုမိတယ်ကိုလည်း ဆုံးဖြတ်မရ ဖြစ်နေတာပါ။

ကားက ဆီဒိုးနားဝင်းထဲ ကွေ့ဝင်လိုက်ပါသည်။ အမြဲစိမ်းက လက်ဖွဲ့ထုပ်ကို ကောက်ကိုင်လိုက်လျှင် ...

"နေဦး ... ငါလည်းလိုက်မှာ၊ ငါသယ်ခဲ့ပေးမယ်"

"ဟာ ... ကိုကြီးဗသက်က တကယ်လိုက်မလို့လား"

"လိုက်မှာပေါ့၊ ဘာဖြစ်လို့လဲ၊ တကယ်လိုက်လာမယ်ဆိုတော့ ညည်း ကြောက်နေပြီ မဟုတ်လား"

"မကြောက်ပါဘူး၊ ဘာကိစ္စ ကြောက်ရမှာလဲ"

ဗသက်က အမြဲစိမ်းကို ပေါ်တီကိုအောက်မချဘဲ ပါကင်မှာပဲ ထိုးလိုက်၍ အမြဲစိမ်းရဲ့မျက်နှာလေးက စူပုပ်ပုပ် ဖြစ်လာပါသည်။

"ကဲ ... ဆင်း"





ဗသက်က လက်ဖွဲ့ထုပ်ကိုင်ကာ ဆင်းလိုက်ပြီး အမြဲစိမ်းကိုပါ တံခါးလာဖွင့်ပေးလိုက်ပါသည်။ အမြဲစိမ်းက ကိုကြီးဗသက်ကို မျက်စောင်းတစ်ချက်ထိုးရင်း ကားပေါ်ကဆင်း ပြီး ဝင်ပေါက်ဝဆီ ယှဉ်လျှောက်လာရင်းက မျက်စိလေးကို ဝေ့ ပြီး ဝေရတ်ကို ရှာဖွေမိသည်။

ဟော ... ဟိုးရှေ့နားမှာ လှစ်ခနဲပေါ်လာပြီးမှ အမြဲစိမ်း အားက ဗသက်ကိုပါတွေ့လို့ ဖျတ်ခနဲ ပြန်ပြီးပုန်းလျှိုးပျောက် ကွယ်သွားတဲ့ ဝေရတ်ကို အမြဲစိမ်းက မျက်စိလျင်လျင်နှင့် တွေ့ ခြင်အောင် တွေ့လိုက်ပါသည်။ ဝေရတ်က ခန်းမထဲရောက်ရင် အတူထိုင်ရအောင်လို့ တောင်းဆိုထားတာလေ။

အမြဲစိမ်းကလည်း ကိစ္စမရှိပါဘူး၊ အတူလာထိုင်ပေါ့ သို့ ခွင့်ပြုထားတာ။ ခုတော့ ကိုကြီးဗသက် လိုက်ဝင်လာ၍ ဝေရတ် အနားကပ်ရဲတော့မှာ မဟုတ်ပေ။ ဝေရတ်နှင့် ဘာမှမပတ် သက်သေးပေမယ့် အမြဲစိမ်းဟာ ရှိးသားယဉ်ကျေးတဲ့ပုံလေးနှင့် ကိုဝေရတ်ကို စိတ်ထဲက နှစ်လိုရင်ခုန်မိနေတာ မညာချင်ပါ။

ကိုဝေရတ်က အမြဲစိမ်းကို ချစ်စကား ဆိုထားပေမယ့် သူ့စိတ်ထဲမှာ ကိုကြီးဗသက်ကို ဖေဖေ သဘောတူထားတဲ့သူလို့ လည်း ထင်နေသည်။ အမြဲစိမ်းက မဟုတ်ဘူးလို့ ရှင်းမပြပါ။ ကိုယ်စဉ်းစားနေတုန်းမှာ အဟန့်အတားတစ်ခုတောင် ဖြစ်သေး တာပဲ။ ပြီးတော့ အဲသလို အထင်လွဲ သဝန်တိုနေတာကို ခံယူ နေရတာကလည်း ပျော်စရာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကောင်မလေး၊ ဖြည်းဖြည်းလျှောက်လေ"

ဗသက်က လက်ဖွဲ့ထုပ်ပေးနေ၍ နောက်ကျကျန်နေရာ အပြေးတပိုင်း လိုက်လာရပါသည်။ အမြဲစိမ်းက အရိပ်အယောင် မတွေ့ရတော့တဲ့ ဧဝရတ်ကြောင့် ကိုကြီးဗသက်ကို ဒေါ်တွေပွနေမိပါသည်။

"ဟဲ့ ... စိမ်း"

"ဘာလဲ"

"ဒီနားမှာ ထိုင်လိုက်မယ်လေ ... လာ၊ ဆက်မဝင်နဲ့"

"ထိုင်ပါဘူး၊ ဘာလို့ ထိုင်ရမှာလဲ"

"ဒီနားတွေ လွတ်နေတာ၊ ဟိုးရှေ့က မလွတ်တဲ့နေရာတွေဆီ ဘာဖြစ်လို့ သွားနေရတာလဲ၊ ဒီကောင်မလေး"

"အိုး ... နောက်ဖက်ကျကျမှာ နေရာယူစရာလား၊ ဖိတ်ထားတာ ဦးစိုးမိုးကိုလေ၊ ဦးစိုးမိုးက မအားလို့ ပါမလာတာလေ၊ ဦးစိုးမိုးက ဟိုးနောက်ဘက် ချောင်ကျကျမှာ ထိုင်ရမယ့် အဆင့်လား၊ ဟိုးထိပ်စားပွဲက မိဘဆွေမျိုးတွေဆိုတော့ ဒုတိယစားပွဲမှာ ထိုင်မယ်"

"ကျွတ် ... ဒီကောင်မလေးတော့"

"ကိုယ့်နေရာ ကိုယ်ယူတတ်ရမှာပေါ့၊ လာ"

"ကျွတ်"





ဗသက်သည် စုတ်တသတ်သတ် သက်ပြင်းတချချနှင့် အမြဲစိမ်းနောက်က ပါလာရရင်း တစ်ကိုယ်လုံး ထူပူလာပါသည်။ အဲသလို လူအများ အာရုံစိုက်ခံရတဲ့ လူမြင်ကွင်း ခပ်ဆင်းထင်းနေရာတွေကို ဗသက် မကြိုက်ပါ။ နေလည်း မနေတတ်ပါ။ ဒါဟာ တကယ်တော့ ကိုယ့်ကိုယ်ကိုယ် ဘာမှမဟုတ်လှပေဘူးလို့ အလိုအလျောက် ကိုယ်တိုင်သိပြီးသား စိတ်ကြောင့်ပင်။

တအားပွဲတိုးတဲ့ အနေအထားကြီးမှာ မနေလိုပါ။ ခုလို ထိပ်စားပွဲတွေမှာ မထိုင်လိုပါ။ မထိုင်ချင် မထိုင်ရဲ ထိုင်ရမှာ စိတ်ကျဉ်းကျပ်လှပါသည်။

စုံတွဲတစ်တွဲသာ ထိုင်နေတဲ့ ဒုတိယမြောက်ဝိုင်းမှာ အမြဲစိမ်းက ဝင်ထိုင်ချလိုက်ပါသည်။ ဗသက်သည် လိမ်တွန့်ပြီး စိတ်တွေ အကြီးအကျယ် ဆင်းရဲနေရပါသည်။ ထိပ်ဆုံးကြီးမှာ။ ဒီဟာမလေးတော့နော်။

သူ့ဟာသူ ဆိုးဆိုးဆတ်ဆတ် ထိပ်တက်ထိုင်နေသော အမြဲစိမ်းအနား သတို့သမီးရဲ့အဒေါ်၊ အပြေးအလွှား ရောက်လာပြီးလျှင် ...

"သမီး ... စိမ်း၊ တစ်ယောက်တည်းလား၊ ဖေဖေမပါဘူးလား"

"ဟုတ်၊ ဖေဖေ မအားလို့ပါ အန်တီ၊ ကိုကြီးဗသက် ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဗသက် ဆိုတာကို ဖဆေဖဝါနှင့်ပင် ထိုအန်တီက ခေါင်းညွှတ်နှုတ်ဆက်ရင်း ...

"ထိုင်ပါရှင် ထိုင်ပါနော်၊ သမီး အန်တီ ခုနမတွေ့လိုက်လို့ စိတ်မရှိနဲ့နော်"

"ရပါတယ် အန်တီရယ်၊ အန်တီတို့က အလုပ်များနေမှာလေ၊ လုပ်စရာရှိတာလုပ်ပါ အန်တီ၊ စကားပြောဖော်ရှိပါတယ်"

"ကောင်းပါပြီ သမီးရယ်၊ ကျေးဇူးတင်တယ်နော် သမီး"

ထိုအန်တီ လှည့်ထွက်သွားလျှင် ဗသက်သည် အမြဲစိမ်းရဲ့နံဘေးက သာမန်ဆက်တီမဟုတ်ဘဲ ပိုးစအဖြူအုပ်ပြီး ရွှေရောင်ဖဲပြားကြီးတွေ ချည်နှောင်ထားတဲ့ ဗီအိုင်ပီစားပွဲရဲ့ဆက်တီတစ်လုံး အစွန်းမှာ ဖင်ချိတ်ရုံလေး ဝင်ထိုင်လိုက်ကာ ...

"ဟဲ့ ... စိမ်း"

"ဘာလဲ"

"အမယ်လေး ... လေသံက ပုပ်စပ်နေတာ"

"ကိုကြီးဗသက်က လူကို မယုံသင်္ကာသလိုလို ဘာလိုလို ဆက်ဆံနေတာကိုး"

"အမယ်လေး ယုံပါတယ် မမစိမ်းရယ်၊ မယုံလို့ မဟုတ်ပါဘူး၊ အစကတည်းကလည်း အထဲထိပဲ ပို့မလို့ပါ၊ ဒီထိပ်စားပွဲထိတော့လည်း ဟိုကောင် လိုက်ထိုင်ဝံ့မယ်မထင်ပါဘူး၊ ညည်း စားပွဲမပြောင်းနဲ့နော်"





"မပြောင်းပါဘူး၊ စိတ်ချ"

"ငါ ကားဆီကပဲ ပြန်စောင့်နေမယ်၊ ကြားလား"

"အင်း"

"ဟင်း ... ရုပ်ကိုက ခုတော့ ပြုံးစိစိ ပြီတီတီနဲ့"

"ဒါပေါ့လို့၊ ဒီလောက်ကြီးအထိ အလွှတ်မပေး လိုက်စောင့်ရှောက်တာမျိုးကျတော့ ဘယ်သူက ကြိုက်မလဲ၊ သူများတွေက မြင်ရင်လည်း ဒီကောင်မလေး စိတ်မချရလို့ ဒီလောက်ထိ ကပ်လိုက်ပြီး စောင့်ရှောက်နေရတယ် ထင်မှာပေါ့ ... ဟွန်း"

"အင်းပါ၊ ကဲပါ ... စားပြီးတာနဲ့ ပြန်ထွက်ခဲ့တော့နော်"

"ပြန်မထွက်ဘဲ သမီးက ဘာလုပ်ရမှာလဲ၊ ထွက်မှာပေါ့"

"ပြီးရော"

ဗသက်က ရှုတည်တည်တစ်ချက်ကြည့်ပြီး ခန်းမကြီးထဲက ပြန်ထွက်လာခဲ့ပါတော့သည်။ ဗသက် ထွက်သွားတာကို လိုက်ကြည့်နေသော တစ်နေရာမှ ဇဝရတ်သည် လုံးဝပြန်ထွက်သွားတာဖြစ်ကြောင်း သေချာလျှင် အမြဲစိမ်းအနား ခပ်မြန်မြန်ရောက်ရှိလာကာ ...

"အမြဲစိမ်း"

"ဩော် ... အင်း"

"ဟိုလူ ဘယ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်"

"ပြန်လာဦးမှာလား"

"မလာတော့ဘူး ထင်တာပဲ"

"ဒါဖြင့် ကိုယ် ဒီစားပွဲမှာ ထိုင်လို့ရလား"

"အင် ... ဒါ ကျွန်မပိုင်တဲ့စားပွဲ၊ ကျွန်မပိုင်တဲ့ခုံမှ မဟုတ်တာ၊ ရှင်လည်း မင်္ဂလာဆောင်ရှင်က လာစေချင်လို့ ကြွရောက်ချီးမြှင့်ဖို့ ဖိတ်ထားတဲ့ ဂုဏ်သရေရှိ ဧည့်သည်ပဲလေ၊ ရှင်ထိုင်ချင် ထိုင်လို့ရတာပဲ၊ ကျွန်မကို ခွင့်တောင်းဖို့မလိုပါဘူး"

ဝေရတီက အပြုံးနှင့် ဝင်ထိုင်လိုက်ပါသည်။

ရုပ်ဖြူ တိုက်ပုံဖြူ ခဲရောင်ဖျော့ဖျော့ ပိုးပုဆိုးနှင့် ရှင်းသန့်နေတဲ့ ဝေရတီရဲ့ပုံစံကို အမြဲစိမ်းက ဖျတ်ခနဲကြည့်ကာ ပုံရိပ်လေးကို ဓာတ်ပုံရိုက်နှိပ်သလို နှစ်လိုစွာ ရင်မှာမှတ်တမ်းတင်ထားလိုက်မိပါသည်။

"မင်း အရမ်းလှတယ်"

ဝေရတီက ဖက်ဖူးစိမ်းဝတ်စုံလေးနှင့် ဝင်းအိနေမှုညီနေသော အမြဲစိမ်းကို ကြည့်မဝနိုင်အောင်ရှိရင်း တိုးတိုးလေးချီးမွမ်းစကား ဆိုလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်"

"ကိုယ်တစ်ခု မေးချင်တယ်"





"ရှင်က အမြဲမေးရတာ ဝါသနာပါတဲ့လူပဲ"

"ဟိုလူက မင်္ဂလာဆောင်လည်း အတူလိုက်တာပဲလား"

"ဟိုလူဆိုတာ ဘယ်သူလဲ"

"မင်း ကိုကြီးဗသက်လို့ ခေါ်တဲ့သူပေါ့"

"အင်း ... သူ့ဟာသူ လိုက်တာလေ"

"မင်္ဂလာဆောင်တို့ ညစာစားပွဲတို့ အတူတွဲပြီး တက်ရောက်တယ်ဆိုတာကကျတော့ အဓိပ္ပာယ်တစ်မျိုး သက်ရောက်မသွားဘူးလား"

အမြဲစိမ်းက ပြုံးရင်း ...

"ဘာအဓိပ္ပာယ် သက်ရောက်သွားလို့လဲ"

"ကြော်ငြာမောင်းခတ်သလို ဖြစ်နေတာပေါ့"

"ဘာကိုလဲဟင်"

"သက်ဆိုင်တယ်၊ ပတ်သက်တယ် ဆိုတာကိုပေါ့၊ ဒါကြောင့်လည်း ဒီလူက မဏ္ဍာပ်တိုင် တက်သလို အမြဲကပ်လိုက်နေတာပဲ"

"ကိုကြီးဗသက်က လိုက်မယ်ဆိုရင် ကျွန်မက ဘယ်တော့မှ မငြင်းဘူး"

"ဘာဖြစ်လို့လဲ"

"ကိုကြီးဗသက်နဲ့က မောင်နှမတွေလို ဖြစ်နေတာပဲဟာ၊ အရမ်းရင်းနှီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူက အသက်ကြီးနေပြီနော်"

"အင်း ... ကျွန်မထက်စာရင် ကြီးတာပေါ့"

"ကိုယ့်ထက်လည်း အတော်ကြီးမှာပါပဲ"

"ကိုကြီးဗသက်က ခင်ဖို့ ချစ်ဖို့ ကောင်းတယ်"

ဝေရတ်က မျက်နှာညိုညိုနှင့် ...

"သူစိမ်းယောကျ်ားတစ်ယောက်ကို ချစ်ဖို့ကောင်းတ[ယ်] မပြောသင့်ဘူးလေ"

"ရှင်လည်း သူနဲ့ခင်သွားရင် ချစ်ခင်သွားမှာပါ"

"ဘာပဲဖြစ်ဖြစ် မောင်နှမမှ မဟုတ်တာ၊ ငယ်ကတည်း[က] မောင်နှမတွေလို ဖြစ်နေတယ်ဆိုတာတော့ ဟုတ်ပေ[မဲ့] အခုက ကြီးပြီ"

"အဲဒီတော့ ! "

"မင်းအဖေ သဘောတူတယ် ဆိုရင်တောင် မင်းက[ော] ကိုယ်မကြိုက်ရင် ခပ်ရှောင်ရှောင် ခပ်ခွာခွာ နေသင့်တ[ာ] ပေါ့"

အမြဲစိမ်းက ပခုံးလေးတွန့်ပြီး ရယ်လိုက်ပါသည်[။] တော်တော်ရယ်ရတဲ့လူ။ ကိုကြီးဗသက်ကို လူကြီးချင်း သဘော[တူ] ထားတဲ့သူလို့ပဲ သူ့ဟာသူ တစ်ယူသန် ထင်နေသည်။ ကို[ကြီး] ဗသက် ပုံစံကလည်း ရှီးမိုးဂိုက်ဆိုက်အပြည့်နှင့် ထင်မယ်ဆိုလ[ည်း] ထင်လောက်စရာ အဆင့်အတန်း ရှိတာကိုး။





"ဒီလူကြီးနဲ့ မင်း တတွဲတွဲ လုပ်နေတာကို အမြဲစိတ်ဆဲ ခိုးလိုးခုလုနဲ့ တစ်ယောက်တည်း စိတ်တိုနေပေမယ့် မင်း ခုလိုလေး ရယ်လိုက်တော့ ချစ်စရာကောင်းလွန်းလို့ စိတ်တို နေတာတွေအားလုံး ပြေတယ်"

ဝေရတ်က တိုးတိုးလေးကပ်ကာ ပြောလိုက်ပါသည်။

"ကောင်းတာပေါ့၊ ကျွန်မကလည်း အမြဲရယ်နေတတ်တာ"

"ဒီလူကြီးကို မတွဲလို့ မရဘူးလား"

"ဟင့်အင်း"

"မင်း သူ့ကို မချစ်ပါဘူးဆို"

"အင်း ... ရှင် ရည်ရွယ်တဲ့အချစ်မျိုးကြီးနဲ့ မချစ်ပါဘူး"

"ဒါဖြင့် သွားလေရာ လိုက်ခွင့်မပြုနဲ့လေ"

"ဒါပေမဲ့ ဖေဖေက ရှိသေးတယ်လေ၊ ဖေဖေ့စကားကို နားထောင်ရဦးမှာပေါ့၊ ဖေဖေက ကိုကြီးဗသက်နဲ့မှ စိတ်ချ တာကို"

"ဒီလူကြီးကကော မင်းအပေါ် ဘယ်လိုလဲ"

"သိဘူးလေ"

"သူက အပြင်မှာလည်း ရှုပ်တီးရှုပ်တုတ် ဆိုတာ မင်းသိရဲ့ လား"

အမြဲစိမ်းက မျက်ခုံးလေးပင့်ကာ ဝေရတ်ကိုကြည့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား၊ ဟုတ်လို့လား"

"ကိုယ်က ယောကျ်ားချင်း ဒေါက်မဖြုတ်ချင်ပါဘူးကွာ ဒါပေမဲ့ မင်း ကိုကြီးဗသက်က မင်းတစ်ယောက်တည်း အနားမှာပဲ ကပ်နေတာ မဟုတ်ဘူးနော်"

"ဘယ်မှာလဲ ကပ်နေသေးလို့လဲ"

"မင်းကိုတော့ သိအောင်ပြောရမှာပဲ၊ ဒီလူက မိန်းမ ယောက်ကိုလည်း ကပ်နေသေးတယ်"

"နှစ်ယောက် ! "

"အင်း ... ဘယ်လောက် ဒီလူက လည်တယ် အ အကြံများတယ်ဆို၊ ဒီအမျိုးသမီးနှစ်ယောက်ကို တ နက်လည်း အတူခေါ်ပြီး ထွက်တယ်၊ တစ်ယောက်ချ ဆီကိုလည်း ဝင်ထွက်တယ်"

အမြဲစိမ်းက ရယ်ချင်လာမိကာ ...

"ဟုတ်လို့လား"

"ဩော် ... ကိုယ် ညာမပြောပါဘူးကွာ"

"ရှင်က ဘယ်လိုလုပ်သိလဲ"

"ကိုယ်နဲ့ တစ်ခါ နှစ်ခါ ဆုံတော့ ကိုယ်လည်း အင်း တမင်တကာ နောက်ယောင်ခံလိုက်ချောင်းတယ်ဝဲ ပြော တော့၊ သူတို့ကို လိုက်လိုက်ကြည့်နေတာ"

အမြဲစိမ်းက ရယ်ချင်စိတ်ကိုအောင့်ကာ ...





"ရှင်က ဘာဖြစ်လို့ လိုက်ချောင်းရတာလဲ"

"ရှင်းရှင်းပြောရရင် မင်း သိသင့်တယ်ထင်လို့၊ မင်းကိုပြန်ပြောဖို့ပဲ"

"ဒါဖြင့် ရှင်ကိုယ်တိုင် မြင်တာပေါ့"

"ဩော် ... ဟုတ်ပါတယ်ဆိုကွာ"

"ကိုကြီးဗသက်က အိမ်နေတဲ့ ငြိနေတဲ့ပုံ ရလို့လား၊ ရိုးရိုးမိတ်ဆွေတွေလည်း ဖြစ်နေပါဦးမယ်"

"ရိုးရိုးကို မဟုတ်ဘူး၊ သူ့ပုံစံက တစ်ယောက်တည်းကိုလည်း မဟုတ်ဘူး၊ နှစ်ယောက်လုံးကိုပဲ ရစ်နေတာ၊ လူရှုပ်ပဲ"

"ဩော် ... ဟုတ်လား"

"ဒီလူလည်း တော်တော် အားအားလျားလျား နိုင်တာပဲ၊ သူ့ကို လိုက်ကြည့်ဖို့ကို ကိုယ့်မှာ အချိန်ပြည့် မအားနိုင်ဘူး၊ သူကတော့ အမြဲစိမ်းတို့အိမ်ကို လာလိုက်၊ တမေ့တမော နေလိုက်၊ ဟိုအမျိုးသမီးတွေဆီကိုသွားလိုက်၊ ညနေကျ ထွက်ပြီး စားလိုက်သောက်လိုက်နဲ့ ဟုတ်နေတာပဲ"

"ကိုကြီးဗသက်က အလုပ်လုပ်ဖို့မှ မလိုတာ"

"အာ ... ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာပါကွာ၊ လူဆိုတာ တစ်ခုခုတော့ အားကြိုးမာန်တက် တာဝန်ယူလုပ်ကိုင်နေရမှာပေါ့၊ ယောကျ်ားပဲဟာ၊ သူ့ကိုယ်ပိုင်စီးပွားရေး မလုပ်တောင် မိဘလုပ်ငန်းတော့ ဝင်လုပ်ကိုင်ရဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... သူ့အလုပ်က ကျွန်မနား နေဖို့ပဲ"

"ကျွတ် ... မင်းက သူ့အပေါ် အရမ်းအကောင်းမြင်ပြီး အရမ်းခွင့်လွှတ်တာပဲနော်၊ သံယောဇဉ်လည်း အရမ်းကြီးပုံပဲ"

အမြဲစိမ်းက အပြုံးလေးနှင့် ဧဝရတ်ကို စိုက်ကြည့်ကာ ...

"ဒါပေမဲ့ ရှင် သိထားဖို့က သူက ကျွန်မဘဝအတွက် ရွေးချယ်ထားတဲ့သူတော့ မဟုတ်ပါဘူး"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ မင်းအဖေကိုရော မင်း လွန်ဆန်နိုင်ရဲ့လား အမြဲစိမ်း"

"ဖေဖေ့ကို ဘာမှ တစ်ခါမှ မလွန်ဆန်ဖူးပါဘူး၊ ဒါပေမဲ့ ဖေဖေက သူ သဘောတူတဲ့သူ ဆိုတာမျိုးကို အသိပေးရင်သာ ပေးထားမယ်၊ ကျွန်မ မကြည်ဖြူဘဲနဲ့တော့ ခွတ်ပေးစားမယ့် အဖေမျိုး မဟုတ်ပါဘူး ကိုဧဝရတ်"

"အရမ်း ဝမ်းသာပါတယ်ဗျာ"

ဧဝရတ်က ခန်းမဝင်ပေါက်ဘက် ငဲ့ကြည့်ရင်း –

"ဟိုလူ ပြန်ဝင်လာဦးမှာလား"

"မလာတော့ဘူး"

"ဒါနဲ့များ ဘာလို့လိုက်လာသေးလဲ၊ ဟိုတယ်ကို"





"ဟိုတယ်ကိုတော့ ကျွန်မနဲ့ အတူလိုက်လာတာပေါ့၊ ဒါပေမဲ့ ကိုကြီးဗသက်က ခုလို ပွဲတွေလမ်းတွေကို ဝါသနာမပါဘူး၊ သူ စိတ်ကျဉ်းကျပ်တတ်တယ်၊ ကြာကြာမထိုင်ချင်ဘူး ကိုဧဝရတ်ရဲ့။ အပြင်မှာပဲ နေတတ်တယ်"

"ဘယ်လိုလူလဲ မသိပါဘူး"

"ဒါပေမဲ့ ကိုကြီးဗသက်က မိန်းမတော့ စိတ်မဝင်စားဘူး ရှင့်၊ ရှင်ပြောသလို လူရှုပ်တော့ မဟုတ်ရှာပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ မင်းက ကိုယ်ပြောတာ မယုံဘူးလား"

"ရှင့်ကို ယုံပါတယ်၊ ဒါပေမဲ့ ကိုကြီးဗသက် လူရှုပ်ဆိုတာကို မယုံဘူး"

"နှစ်ယောက်ပူးကြီးကို သွားရှုပ်နေပါတယ်ဆို"

ဧဝရတ်က အမြဲစိမ်းကို အသည်းတောင် ယားလာသည်။ ဒီလူကြီးကို အကောင်းတွေ မြင်နေလိုက်တာ။ ဒီထက် ခိုင်လုံလုံ စုံစမ်းသတင်းပေးနိုင်မှ ဖြစ်မည်။

❤ ✌ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၉

ပိုးသည် ကားကို လမ်းဘေးထိုးရပ်ကာ ကားပေါ်က ဆင်းလိုက်ပါသည်။ မသက်ာတဲ့ ရှေ့ဘီးတစ်ဖက်ကို သွားကြည့်လိုက်ပြီး တောက်လေးတစ်ချက် ခေါက်လိုက်ကာ ...

"တောက် ... ဘီးကပေါက်ပြီကွာ"

ပိုးက ပေါက်တဲ့ဘီးကို ခြေထောက်လေးနဲ့တောင် တစ်ချက်ကန်လိုက်မိပါသည်။ ဘီးကလည်း ဒီအချိန်မျိုးမှာမှ လာပေါက်ရတယ်လို့။

ကားပေါ်မှာ ဘီးပိုရော ချိုက်ပါ ပါပေမယ့် ပိုးရဲ့ပုံစံက ကားဘီးလဲဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

မင်္ဂလာဆောင်တစ်ခုကို သွားဖို့အတွက် တစ်ကိုယ်လုံး သန့်ပြန့်တောက်ပြောင် မွှေးကြိုင်နေအောင် ပြင်ဆင်ထားချိန် ဖြစ်ကာ သူ့ကိုယ်ပေါ်မှာ စိန်တွေ ရွှေတွေကလည်း ရှိနေပါသေး





သည်။ ကားဘီးကို လဲလိုက်လို့ကတော့ ကြိုးကြိုးချိတ်တစ်ထည်လုံး လမ်းမပေါ်က သဲတွေ ရွှံ့တွေ ပေကုန်မည်ဖြစ်ကာ ပိုးအကျီတစ်ထည်လုံးလည်း ကျောကုန်းမှာ ချွေးရွဲစိုကွက်သွားမည် ဖြစ်ပါသည်။

"ပြဿနာပဲကွာ၊ ဒီကားဘီးနဲ့တော့"

ပိုးက လက်က ရွှေနာရီလေးကို ပင့်ကြည့်ရင်း အပ်မံရေရွတ်ညည်းတွားလိုက်ပါသည်။ ဒီလိုအချိန်အခါမျိုးမှာ သုမ်းအကူအညီတောင်းစရာ လောက်လောက်လားလား အမျိုးသားမိတ်ဆွေ ဆိုတာမျိုးလည်း သူမမှာ မရှိပါလား။ သိမ့်နဲ့ အဲတင်မခံ အြားသာပြောနေရတာ သူ့မှာ မျက်နှာသာလိုချင်ပြီး ကပ်နေတဲ့ အမျိုးသားဆိုတာ တကယ်တော့ မရှိ။

အရေးအကြောင်းကျတော့ ဘယ်သူ့ကိုမှ ခေါင်းထဲ ပေါ်။ ရှားရှားပါးပါး ခုနောက်ပိုင်းမှ ကိုဗသက် တစ်ယောက် ရှိလာတာ။ အဲဒီကိုဗသက်ကလည်း လူကို စိတ်ဝင်စားပုံတော့ပြပါရဲ့။ ဒါပေမဲ့ ကိုယ့်တစ်ယောက်တည်းကို မဟုတ်ဘဲ သိမ့်နဲ့ သူလား ကိုယ်လား မကွဲပြားပဲ ဖြစ်နေတာ။

ပြီးတော့ သူကကျတော့ တကယ့် ဟိုင်းဘော့စ်ဖြစ်နေပြန်ရာ ခုလို ကားဘီးလေး လာလဲပေးပါဦး ဆိုတာမျိုးကျတော့ ဘယ်လိုလုပ်ပြီး ခိုင်းလို့ကောင်းပါ့မလဲ။ ပိုးသည် အပြင်မှာလည်း နေပူတာမို့ ကားပေါ်ပြန်တက်ထိုင်ပြီး စိတ်တွေညစ်နေရင်း ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ကိုဗသက် ဘယ်ရောက်နေလဲ၊ အားနေလား၊ လှမ်းတောက် ကြည့်လိုက်ဦးမယ်လို့တော့ စိတ်ကူးလိုက်ပါသည်။

ဖုန်းကိုထုတ်ကာ ကိုဗသက်ရဲ့နံပါတ်ကို နှိပ်လိုက်လျှင် ချက်ချင်းနီးပါးပင် ဖုန်းကို တစ်ဖက်က ထူးလာသည်။

"ဟယ်လို"

"ပိုးပါ ကိုဗသက်"

"ပိုး ... ပြောလေ"

"ကိုဗသက် အခု ဘယ်မှာလဲ၊ ဘာလုပ်နေလဲဟင်"

"ကျွန်တော်လား၊ ကိစ္စလေးတစ်ခုရှိတာနဲ့၊ အဲ ... ပြောပါ၊ ပိုး ပြောပါ။ စကားပြောလို့ ရပါတယ်"

ကိစ္စလေးတစ်ခုဆိုတော့ သူလို တော်ရုံတန်ရုံ အလုပ်ထဲမသွားတဲ့ (သူများနဲ့ပဲ စိတ်ချ လက်ချ လွှတ်ထားပုံရတဲ့) လူတစ်ယောက်အဖို့ အတော်အရေးကြီးလို့သာ ကိုယ်တိုင်ဆောင်ရွက်နေရတာ ဖြစ်နိုင်တာမို့ ပိုးက နဂိုကတည်းက ကားဘီးပေါက်လို့ ဆိုတာ နှုတ်မရဲတဲ့ ကြားထဲမှာ ပိုပြီး နှုတ်တွန့်သွားကာ ...

"ခြော် ... ဘာရယ် မဟုတ်ပါဘူး၊ လမ်းမှာ တစ်ယောက်တည်း ကားမောင်းလာရင်း ပျင်းပြီးခေါ်လိုက်တာပါ ကိုဗသက်ရယ်၊ ကိုဗသက် ကိစ္စရှိရင်လုပ်ပါ၊ ပိုးက ဘာ ကိစ္စမှ မရှိပါဘူး"

"ဟုတ်ကဲ့"





အမြဲစိမ်းကို တစ်နေရာလိုက်ပို့နေရတာဖြစ်တဲ့ ဗသက် ကားမောင်းနေရင်းတွာပင် ...

"ဒါဖြင့် ကျွန်တော် ညနေမှပဲ အေးအေးဆေးဆေး ပြန်ဆက်လိုက်မယ် ပိုး"

"ဟုတ်ကဲ့ ... ကောင်းပါပြီ ကိုဗသက်"

ပိုးက စိတ်ပျက်လက်ပျက် သက်ပြင်းချကာ ဖုန်းကို ပိတ်လိုက်စဉ် ချက်ချင်းပဲ ဖုန်းကမြည်လာပါသည်။ ပိုးက စိတ်ရှုပ်သံနှင့် ...

"ဟယ်လို"

ချက်ချင်း ဖွင့်ထူးလိုက်ကာ ဘာဆက်လုပ်ရမှန်းမသိတဲ့ မျက်နှာလေးက မှုန်အိုနေရပါသည်။

"ပိုး ... ကားရပ်ပြီး ဘာလုပ်နေတာလဲ ခင်ဗျာ၊ ကားပျက်လို့လား"

ပိုးက လန့်ဖျပ်အံ့အားသင့်သွားကာ ...

"ရှင် ဘယ်သူလဲ၊ အခု ဘယ်သူပြောနေတာလဲ"

"ကျွန်တော်ပါ ဇေရတ်ပါ ခင်ဗျ"

"ဇေရတ် "

"ဟုတ်ပါတယ်၊ ကျွန်တော် ဒီနားမှာပဲဗျ၊ '......'စားသောက်ဆိုင်ထဲကအထွက် ပိုးကားရပ်ထားတာ ဆင်းကြည့်တာတွေ တွေ့လို့ပါ၊ အခု ဟိုးအရှေ့ဘက်နားက ဆက်နေတာ၊ ပိုးကား ဘာဖြစ်လဲ၊ ပျက်တာလား၊ ဘီးပေါက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ပိုးသည် အလွန်တရာ ဝမ်းသာအံ့ဩသွားကာ —

"ဩော် ... ရှင်၊ ဟို ... ကိုဧဝရတ်"

"ဟုတ်ပါတယ်"

"ဟုတ်တယ်ရှင့်၊ ကျွန်မကား ဘီးပေါက်သွားလို့ ကိုဧဝရတ်ရဲ့"

တစ်ဖက်က ရယ်သံသဲ့သဲ့ ထွက်လာ၍ ပိုးက ရုတ်ချည်း စိတ်တိုသွားကာ ...

"ရှင် ဘာရယ်တာလဲ"

"ဆောရီးပါ ပိုးရယ်၊ ပိုးကို ခုနမြင်လိုက်တာ ပွဲနေပွဲထိုင် အဝတ်အစားတွေနဲ့ ဖြစ်နေတာမြင်တော့ ဖြစ်မှဖြစ်ရပလေဆိုပြီး ရယ်မိတာပါ"

"ရှင် ရယ်စရာမလိုပါဘူး၊ ဟုတ်တယ်၊ ကျွန်မ အခုမင်္ဂလာဆောင်သွားမလို့ရှင့်၊ လူက ကြိုးကြီးချိတ်နဲ့ ပိုးအင်္ကျီနဲ့ ပဝါနဲ့ ဖြစ်နေတယ်၊ ဒီပုံနဲ့ ကျွန်မ ဘယ်လိုလုပ် ကားဘီးဆင်းလဲရမလဲ"

"ဩော် ... ပိုး အဲသလို အခက်အခဲ ဖြစ်နေတာလား ခုနက ဖုန်းဆက်နေတာတွေ့လို့ ဝပ်ရှော့ပ်ကို ခေါ်နေတယ်ထင်တာ"

"ဒီကိုခေါ်ယူရအောင်ခင်တဲ့ ဝပ်ရှော့ပ်လည်း မရှိဘူးရှင့်၊ ကျွန်မ အခု ဒုက္ခရောက်နေတယ်၊ ရှင် ဒီနားမှာပဲဆိုရင်





ကျွန်မကို တစ်ခုကူညီပါလား၊ ကားဘီးရော ချိုက်ရောပါပါတယ်၊ ဘီးလာလဲပေးပါလားဟင်"

ဧဝရတ်ကိုကျတော့ ရှိန်တာလည်းမရှိ၊ လေးစားရင်းနှီးလည်းမရှိ၊ အထင်တကြီးလည်းမရှိသဖြင့် ဒီစကားက နှုတ်က အလွယ်တကူပဲ ထွက်သွားပါသည်။

"အဟင်းဟင်း ... ရပါတယ်ဗျာ၊ ကျွန်တော်က ပိုးတို့နဲ့ ခင်ချင်တဲ့သူပဲ၊ ကျွန်တော် လာလဲပေးပါ့မယ်"

လာပြန်ပြီ ပိုးတို့နဲ့။ တစ်ယောက်တည်း သတ်သတ်မှတ်မှတ် "ပိုး"ဆို"ပိုး"မဟုတ်။ ပိုးတို့ ...။ သိမ့်က ကပ်ပါလာနေပြန်သည်။ ပိုးက စိတ်ရှုပ်ရှုပ် သက်ပြင်းရှိုက်ရင်း ...

"ဒါနဲ့ ရှင် ကျွန်မဖုန်း ဘယ်ကရလဲ"

"ဆိုင်လာတဲ့နေ့က ဆိုင်ကနေ ကတ်တောင်းလာတာဗျ"

"ဩော်"

"ကဲ ... ကျွန်တော် လာပြီ ပိုး"

ပိုးက ဟိုးရှေ့ဘက်ကို မျှော်ကြည့်နေပါသည်။ သူ့ဘ ရှေ့ဘက်နားမှာ ဆိုတာကိုး။ တောင်းအေ့စ်ပစ်ကပ်ပ်ကားတစ်စီးပေါ်က ဧဝရတ် ဆင်းလာတာ လှမ်းတွေ့လိုက်ရပါသည်။

ဒီလူဟာ ရုပ်လေးသန့်ချင်လျက်သားနဲ့ လူငယ်ပီပီ ဆောင်းဘီရှည်လေး ဘာလေး ဝတ်တာမဟုတ်ဘဲ အမြဲချည်ပုဆိုးကွက်နဲ့။ ဒီတော့ ပုံက ရိုးတုံးနေပါသည်။ ရုတ်တရက်ကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



အရောင်မထွက်။ အမြဲတမ်း ပြုံးတုံ့တုံ့ ဖြစ်နေတဲ့ သူ့နှုတ်ခမ်းများ ကြောင့် သေချာကြည့်ရင်တော့ နှစ်လိုဖွယ်ဟန်တစ်မျိုး သူ့မှာ ရှိပါသည်။

ဇဝရတ်ကား သောရောက်လာတဲ့အထိ ပိုးကကြောင် ငေးကြည့်နေမိ၍ ဇဝရတ်က ပြုံးတုံ့တုံ့နှင့် တံခါးမှန်ကို ခေါက် လိုက်ရင်း ...

"ဘီးနဲ့ဂျိုက်ရော နောက်ဖုံးထဲမှာလား"

"ဪ ... အင်း ... ဟုတ်တယ်၊ ရော့ ... ကားသော့ ရှင်ပဲ ထုတ်လိုက်နော်"

"ဟုတ်ကဲ့ခင်ဗျ"

ဇဝရတ်က သော့ယူ၍ နောက်ဖုံးဖွင့်ကာ ဘီးရော ဂျိုက်ရောထုတ်ယူလိုက်ပါသည်။ ပိုးကကားပေါ်ကမဆင်း။ ဇဝရတ် က သူ့ဟာသူ တစ်ယောက်တည်း ဘီးဖြုတ်လဲတပ်နေရင်း ...

"အခု ပွဲတစ်ခုခုကို အသွားလား အပြန်လားဗျ"

"ခုမှသွားမှာ"

"ဪ ... ဒီတော့လည်း ဟုတ်တာပေါ့ဗျာ၊ ကိုယ့်ဟာကိုယ် ဘီးလဲဖို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်သာ ဒီနားရှိမနေရင် ခင်ဗျား ဒုက္ခပဲထင်တယ်"

"အမယ်နော် ...၊ ရှင်က ရှင်ကူညီပေးမှ ပြေလည်သွားတယ် ဆိုပြီး သိပ်ပြီးအမှတ်မယူပါနဲ့"





"ရော် ...၊ ခင်ဗျားကတော့ စဲ ဗျာ၊ လာကူညီပေးတဲ့သူကို ကျေးဇူးတောင် တင်ချင်ပုံ မရပါလား"

"ရှင့်ကြည့်ရတာ မဏ္ဍပ်တိုင် တက်ချင်ပုံ အရမ်းပေါက် နေလို့ပါ"

"မဏ္ဍပ်တိုင် မတက်ချင်ပါဘူး၊ ကူညီတာလေးကိုပဲ အသိ အမှတ်ပြုစေချင်တာပါ"

"အသိအမှတ်ပြုတယ်ဆိုတာက ဘာထူးလို့လဲ"

"ကျွန်တော်က ခင်ဗျားတို့ကို ခင်မင်ချင်တဲ့သူလေ၊ အသိ အမှတ်ပြုတယ်ဆိုရင် ခင်မင်မှုလမ်းစတစ်ချက် ပွင့်တာပေါ့ ဗျာ"

"နေပါဦး၊ ခင်ဗျားတို့ ခင်ဗျားတို့နဲ့ ရှင်က ကျွန်မတို့နှစ် ယောက်စလုံးကို ခင်မင်ချင်တာပေါ့"

"ဟုတ်တယ်ဗျ"

"အဲဒါ ဘယ်လိုဖြစ်တာလဲ၊ ပိုးကိုဖြင့်လည်း ပိုးကို၊ သိမ့် ကိုဖြင့်လည်း သိမ့်ကိုပေါ့"

ဇဝရတ်က ချွေးစို့နေတဲ့နဖူးကို တစ်ချက်သုတ်ရင်း ကားအောက်ကနေ ပိုးထံ တစ်ချက်မော့ကြည့်ကာ ...

"နှစ်ယောက်လုံးကို ခင်လို့မရဘူးလား"

ပိုးက သူ့ကို မျက်စောင်းထိုးလိုက်ပါသည်။ သူ့များ ဒီက တစ်ယောက်တည်း လုခင်ချင်နေတယ်များ ထင်နေလား။



www.burmeseclassic.com

www.burmeseclassic.com



မေးပုံက။ ပိုးကတော့ ကိုဗသက် ချဉ်းကပ်လာလည်း နှစ်ယောက် ပူး၊ ဒီလူချဉ်းကပ်လာလည်း နှစ်ယောက်ပူးမို့ အံ့ဩစိတ်ရှိနေ တာပါ။

ကိုဗသက်ကိုသာ ကိုယ့်တစ်ယောက်တည်းခင်အောင် လုကောင်း လုရဦးမယ်၊ သူ့တော့ ဘာကြောင့်လုရမှာလဲ ... ဟင်း။

"မသိပါဘူး၊ ရှင်က သိမ့်ကိုပဲ ခင်ချင်တာ၊ ကျွန်မတို့ နှစ်ယောက်အတွဲလိုက်ဆိုပြီး ကျွန်မကိုပါ အားနာပါး ထည့်နေရမှာစိုးလို့ပါ၊ သိမ့်ကိုပဲ ရွေးခင်လည်းရတယ်နော် ကိစ္စမရှိဘူး"

ဝေရတ်က ရယ်နေပါသည်။

ပိုးကတော့ ရယ်မောလိုက်ရင် တစ်မျိုးချစ်စရာ ကောင်းသွားတတ်တဲ့ ဝေရတ်ကို ကားပေါ်ကကြည့်ရင်း ခေါင်း ယမ်းခါလိုက်ပါသည်။ အို ... ကိုယ့်ရဲ့ပစ်မှတ်က ကိုဗသက်ပါ။ ဒီအသက်အရွယ်မှာ ကိုယ်လည်း ကိုယ်ပိုင်စီးပွားရေးနဲ့ဟာ လက် တွဲဖော်ကို အနည်းဆုံး ကိုယ်လောက်တော့ အခြေအနေရှိစေချင် တာပေါ့။ ကံကောင်းရင် ကိုယ့်ထက် သာလွန်မြင့်မားတာကို မှန်းချင်တာပေါ့။

သူလည်း ပါးစပ်က ခင်ချင်တယ်သာပြောနေတာ အသိသာကြီးပါပဲလေ။ ဒီအရွယ်နဲ့ ဒီအရွယ် ရုစ်တန်း ကိုးတန်း





အားတွေလည်း မဟုတ်ဘဲနဲ့ ယောကျ်ားက မိန်းမကို ခင်မင်ချင် တယ် လာလုပ်နေတာ တခြားဘာရှိဦးမှာလဲ။ ချဉ်းကပ်ဖို့အတွက် ခင်းနေတာပဲပေါ့။

အဲဒီလို လမ်းခင်းနေတာကိုပဲ နှစ်ယောက်စာ ခင်း တာကို အံ့အားတသင့်နဲ့ အသည်းတွေ ယားနေတာ။

သူ့ဟာသူ သိမ့်အတွက်ပဲ လမ်းခင်းချင်တာဆိုလည်း မရှိပါဘူး။ မနာလိုမရှိပါဘူး။ မက်လောက်စရာလည်း ဟုတ်မှ တာ။

"ဒါနဲ့ ရှင်က ဘယ်မှာလုပ်လဲ"

"Asia Beauty ကုမ္ပဏီမှာပါ"

"သြော် ... အဲဒါ ဆောက်လုပ်ရေးတွေလုပ်တာ မဟုတ် လား"

"ဟုတ်ကဲ့"

"ရှင်က အင်ဂျင်နီယာလား၊ ဒါမှမဟုတ် ရုံးပိုင်းဝန်ထမ်း လား"

ဝေရတ်က ပြုံးမိပြီး ဘယ်လိုဖြေရမလဲ စဉ်းစားကာ တတ်နိုင်သုံး အမှန်အတိုင်းနှင့် မလွတ်စေပဲ ...

"ကျွန်တော်က အင်ဂျင်နီယာဘွဲ့ရပါပဲ၊ ဒါပေမဲ့ ရုံးပိုင်း တာဝန်ယူတာပါ၊ ဆိုက်ထဲဆင်းတဲ့ အင်ဂျင်နီယာ မဟုတ် ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါကြောင့် ရှင့်အသားတွေ နေလောင်ပြီး ညိုမနေကာပေါ့၊ ရှင့်အသားအရေက နုနုနယ်နယ်နဲ့ ကျွန် လည်း ရုံးထဲမှာပဲ လုပ်တာလို့ ထင်သားပဲ"

ဝေရာဘ်က ဘီးကို လက်စသတ်တပ်လိုက်ပြီး ချိုး ကို လှည့်ဖြုတ်ထုတ်လိုက်ကာ ...

"ပြီးပြီဗျ"

ပိုးက စိတ်လက်ပေါ့ပါး ကြည်သာသွားကာ ...

"ကျေးဇူးပဲ ကိုဝေရတ်၊ ဘီးဟောင်းကို တစ်ခါတည်း နောက်ဖုံးထဲ ထည့်ပေးပါဦးနော်"

"ကောင်းပါပြီဗျာ"

"ရှင့်လက်တွေ မည်းပေကုန်ပြီ"

"မင်္ဂလာဆောင်သွားမယ့်ပိုးမှာ မည်းပေမကုန်တာ ဝမ်းသာ လှပါပြီဗျာ"

ဝေရတ်က ဘီးဟောင်းနှင့်ချိုက် နောက်ဖုံးထဲထည့် အဖုံးပိတ်ပြီး ရှေ့ကိုပြန်လျှောက်လာကာ ...

"ဟိုလူကြီးနဲ့ချော တွေ့သေးလား၊ ဘယ်တော့ တွေ့ဦး မလဲ"

"ဘ ယ်လူကြီးလဲ"

"ဟိုလေဗျာ၊ ခပ်ဖြောင့်ဖြောင့် သူဌေးမင်းလေး ဦးဗသ လေ"





ပိုးက မျက်မှောင်ကုတ်သွားရင်း ...

"ရှင့်အပူ ဘာပါလိုလဲ၊ ရှင်က ကိုဗသက်ကို ဘာဖြစ်လို့ သိနေရတာလဲ"

"ဩော် ... ခင်ဗျားတို့ကို သုံးယောက်တွဲကြီး နေရာတကာ တွေ့နေရတာပဲဥစ္စာဗျာ"

"ရှင် လိုက်ကြည့်နေတာလား"

"ကြုံတာပါဗျ"

အင်းပေါ့။ သူကလည်း သူ့ပြိုင်ဘက်နေရာမှာ ရှိနေတဲ့ ကိုဗသက်ကို လိုက်စုံစမ်းကြည့်ရင် ကြည့်ထားမှာပဲလေ။

"ဒါနဲ့ သိချင်လို့ မေးပါရစေဗျာ၊ အဲဒီ အားအားလျားလျား ဘော့စ်က ပိုးကိုလား သိမ့်ကိုလား ဘယ်သူ့ကို ရည်ရွယ် တာလဲ"

တကယ်တော့ "မသိဘူး"လို့သာ အမှန်တိုင်း ဖြေ လိုက်ရရင် ကိုယ်ပဲ အောက်ကျဦးမည်။ ပိုးက စပ်တီးစပ်စုနိုင်နေ တဲ့ ဝေရတ်ကို မျက်ခုံးတွန့်ကာကြည့်ရင်း ...

"ရှင့်အပူ ဘာပါလိုလဲဆို၊ ရှင်နဲ့မဆိုင်ပါဘူး၊ ကျွန်မတို့ ချင်း ရိုးရိုးသားသား ခင်မင်ရင်းနှီးနေကြတာ"

"မဖြစ်နိုင်ပါဘူးဗျာ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ရှင် အလကားလိုက်စပ်စု မနေနဲ့နော်၊ ရှင်လုပ်မှ ရှုပ်ကုန်ဦးမယ်၊ ကျွန်မတို့တွေက



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတွေလို ပေါင်းသင်းဆက်ဆံနေတာ၊ လူကြီးလူကောင်းလို ပေါင်းသင်းနေကြတာ"

ဝေရတ်က ခေါင်းတညိတ်ညိတ်ပြုံးရင်း ...

"ဒီလူကလည်း ဒီတစ်ယောက်ဆို ဒီတစ်ယောက်၊ ဟိုတစ်ယောက်ဆို ဟိုတစ်ယောက် မဟုတ်ဘူး၊ မသဲမကွဲနဲ့ ဘာကောင်ကြီးမှန်း မသိဘူး"

"ဟင် ... ရှင် ... ရှင့်ထက် အသက်ကြီးတယ် သိလား၊ ဒီလို ရိုင်းရိုင်းပျပျ မပြောပါနဲ့၊ ခင်တာပဲ ဘယ်လိုခင်ခင်ပေါ့၊ အခုဆို ရှင်တောင်မှ ကျွန်မကိုရော သိမ့်ကိုပါ ခင်မင်ချင်တာလို့ လုပ်နေတာပဲ မဟုတ်လား"

ဝေရတ်က ပခုံးတွန့်လိုက်ပါသည်။ သူလိုချင်တဲ့ အဖြေကိုလည်း မရပါလား။ အချိန်လေးတော့ စောင့်ရဦးမှာပေါ့လေ။ သူ့အနေနဲ့ အမြဲစိမ်းကို နိုင်နိုင်လုံလုံ ပြောနိုင်ဖို့လိုတယ် မဟုတ်လား။

❤ ❤





# ၁၀

သိမ့်က ဖုန်းမြည်သံကြောင့် ဖုန်းကို ကားမောင်းနေရင်းက ဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"မိသိမ့်"

"အေး ... ပြော"

"နင်အခု ဘာလုပ်နေလဲ"

"ငါလမ်းပေါ်မှာ ကားမောင်းနေတယ်၊ အရေးမကြီးရင် နောက်မှဆက်"

"အမယ်လေး ... အရေးကြီးတယ်၊ ဖုန်းမချနဲ့၊ ခုနကလည်း တောက်လျှောက်ခေါ်နေဟာ နင့်ဖုန်းက တော်တော့်ကို Busy ဖြစ်နေတာပဲ၊ ခေါ်ရခက်လိုက်တာ ပြောမနေနဲ့တော့ တကတဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါက ဖုန်းပြောရင်း ကားမောင်းရင် အာရုံများပြီး ကြောင်တတ်လို့ နောက်မှဆက်ကြပါ၊ အရေးမကြီးရင်ချပါဆိုတာကို နှင့်လိုပဲလေ၊ အရေးကြီးတယ်ဆိုပြီး ဖုန်းမချတာ"

"ဘယ်သူလဲ"

"စပ်စုလိုက်တာဟယ်၊ ငါ့အစ်မဝမ်းကွဲပါ"

"နှင်က Hand free နဲ့ ဘာလို့ မပြောလဲ"

"အားမရဘူး၊ နားယားတယ်"

"ငါဆိုရင် ကားမောင်းနေရင်းဆိုရင် ..."

"ကဲ ... နှင့်လိုရင်းကို ပြော"

ပိုးက တစ်ဖက်မှာ ပါးစပ်လှုပ်ပြီး ပွစိ ပွစိ ပြောတွန်လိုက်ပြီးမှ ...

"ဟဲ့ ... ငါ မေးစရာရှိလို့"

"မေး"

"နှင် အစ်ကိုကြီးမွေးနေ့ သိလား"

"ဘာ"

"ဟဲ့ ... လန့်လိုက်တာ မိသိမ့်ရယ်"

"နှင် သိလား၊ နှင် သိလား"

"ဝေါ် ... နှင်သိလားလို့ ငါကမေးနေတာလေ၊ ငါသိရင်နှင့်ကို မေးစရာလား"





"ငါမသိဘူး၊ နှင် သိမယ် ထင်နေတာ"

"ရှေ့အပတ်ဆိုတာပဲ သိတယ်"

"အေး ... ဟုတ်တယ်လေ၊ ပြီးခဲ့တဲ့ ဥပုသ်က ၁၅ သားစားတော့ မွေးနေ့တွေ မွေးရက်တွေ စကားစပ်ရင်း အစ်ကိုကြီးမွေးနေ့က အခုလာမယ့် နောက်တစ်ပတ်ဆိုတာ သိလိုက်တယ်၊ အတိအကျကို မမေးလိုက်ရသေးခင် စကားလမ်းကြောင်း ပြောင်းသွားတာနဲ့ မေ့သွားတာ၊ ပြန်မမေးဖြစ်ဘူး"

"အေး ... နီးနေပြီ"

"ဟုတ်တယ်၊ ငါလည်း သိချင်တယ်၊ နှင်မေးလိုက်ပါလား"

"အမယ် ... ငါ မမေးချင်ဘူး၊ နှင်မေးလိုက်ပါလား"

"နှင်က ဘာလို့ မမေးချင်တာလဲ"

"မမေးချင်လို့ပေါ့၊ နှင်ကရော"

"တူတူပဲပေါ့၊ ကဲပါ ... ဘာလို့ မမေးချင်ရမှာလဲ"

"နှင့်လိုပဲပေါ့"

"ငါက ဘာလဲ"

"မမေးဘဲ သိနေတယ်ဆိုတာ နှင်ဖြစ်ချင်နေတာ မဟုတ်လား၊ ဒါကြောင့် ငါ့ကို မေးခိုင်းပြီး ငါကတစ်ဆင့် နှင်က သိအောင် လုပ်မယ်လေ"

"ဟွန်း ... မြွေမ၊ အေးပေါ့လေ၊ နှင်လည်းမြွေ၊ ငါလည်းမြွေဆိုတော့ တစ်ယောက်ခြေ ဂစ်ယောက်မြင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား၊ ငါတို့နှစ်ယောက်ရဲ့စိတ်တွေက တူကြလွန်းတယ်"

"ဟုတ်ပါ၊ ငါ စိတ်ကူးတဲ့ဟာဆို နင် လိုက်ကူးပြီ"

"အောင်မာ ... ငါ့စိတ်ကူးကို နင်က လိုက်ကူးတာပါ"

"နင် တကယ်မသိတာ သေချာတယ်နော်"

"ငါက သေချာတယ်၊ နင်သာ သေချာမသေချာ ငါေ တာ"

"အောင်မာ၊ ငါက ဖြူစင်တယ်ဟဲ့ ... နော်၊ ငါသိရင် န ကိုလည်း ပြောမှာပါဟ"

"ငါကလည်း မကောက်ကျစ်ပါဘူး မြွေမရယ်"

ပိုးက တစ်ခဏ အသံတိတ်နေပြီး ...

"ငါတို့ အစ်ကိုကြီးမွေးနေ့သိအောင် ဘယ်လိုလုပ်ကြမေ

သိမ့်သည် စိတ်ကူးထဲ ဉာဏ်နီဉာဏ်နက်တွေ ထု နေရ၍ ကားကိုကြောင်ပြီး တည့်တည့်လိုင်းပေါ်မတက်ဘဲ ဘေ လိုင်းပေါ် ယူလိုက်မိလေသည်။

"ဟာ ... သွားပြီ၊ ကဲ ... ကျွတ်"

"ဘာဖြစ်ပြီလဲ"

"လိုင်းမှားပြီ"

"လိုင်းမှားတာများ လူတိုက်မိတာ ကျနေတာပဲ၊ အ တကြား"





"ဟဲ့ ... ဖွဟဲ့၊ နင့်ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းနဲ့၊ ငါကား မောင်းနေတုန်းကို"

"ကဲ ... ဘယ်လိုစုံစမ်းကြမလဲ၊ အစ်ကိုကြီးကို မမေးဘဲနဲ့"

"သိပ်တော့ နည်းလမ်းစဉ်းစားမရဘူး၊ နင် သို့မဟုတ် ငါ တစ်ယောက်ယောက်ကပဲ သူ့ကို ဖွင့်မေးတဲ့နည်းပဲရှိတာ"

"နင် မေးလိုက်"

"နင် မေးပါလား၊ ဒီကိစ္စကို အခု သယ်ဆောင်အစပျိုးလာတာ နင်ပဲလေ"

"နင်က အစမပျိုးပေမယ့် စိတ်ထဲမှာတော့ ရှိနေတာပဲ မဟုတ်လား"

"နည်းလမ်းစဉ်းစားမရခင် ကြိုပြောထားရဦးမယ်နော်"

"ဘာလဲ"

"နင်သိရင် ဖုံးမထားနဲ့နော်၊ ချက်ချင်းပြော"

"အမယ်လေး ... ဒီစကား နင့်ကိုယ်နင် ပြောပါဟယ်"

"အဲဒီနေ့ ဘာလုပ်မယ်ဆိုတဲ့ အစီအစဉ် ရှိရင်လည်း နှစ်ယောက်အတူ တိုင်ပင်နော်၊ တော်ကြာ နင်က တစ်မျိုး၊ ငါကတစ်မျိုး ကြိုက်သလို လျှောက်စီစဉ်ပြီး တိုက်နေရင် အစ်ကိုကြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေဦးမယ်"

"အင်း ... အဲဒါ ဟုတ်တယ်၊ နင် ဘာလုပ်ဖို့ရှိလဲ"

"ငါက အစ်ကိုကြီးမွေးနေ့ပွဲကို ကျင်းပပေးမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … အဲဒါ ငါလုပ်မလို့ ရည်ရွယ်ထားတာ"

"လာပြန်ပြီ မြွေမ"

"နင့် ငါ့ကို မြွေမလို့ မခေါ်နဲ့"

"ငါလုပ်မလို့ပါဆိုရင် သူလုပ်မလို့ ဖြစ်ရပြန်ရော"

"နင်က အပြောဦးသွားတာ၊ ငါ့စိတ်ထဲ တကယ်ရှိတာပါ ဟဲ့၊ ဘုရားစူးရစေရဲ့"

"အပိုတွေ ကျိန်မနေစမ်းပါနဲ့ဟာ၊ ကဲ … ကဲ … ဒါဆိုရင် ငါတို့နှစ်ယောက်ပေါင်းပြီး အစ်ကိုကြီးရဲ့မွေးနေ့ပွဲကို ကျင်းပပေးကြမယ်"

"အေး … ကောင်းတယ်"

"ပြီးတော့ နင် ဘာလက်ဆောင်ပေးမှာလဲ"

"နင်ရော ! "

"တွေ့လား၊ ငါ့ကို ပြန်မေးပြန်ပြီ၊ ငါက ဖြေလိုက်ရင် ဟယ် … အဲဒါ ငါလည်းလုပ်မလို့ ဖြစ်ဦးမယ်"

"ငါလည်း အကောင်းဆုံးလေးတစ်ခု စဉ်းစားတုန်း ရှိသေးတယ်၊ ဒီတစ်ခါတော့ နင်နဲ့ မတိုက်ဆိုင်နိုင်တော့ဘူး"

"ငါလည်း စဉ်းစားတုန်း"

"ဟော … ဒီတစ်ခါ နင်လိုက်တိုက်တာနော် မြွေမ"

"ဟွန်း … ငါလည်း အကောင်းဆုံး ဖြစ်ချင်တော့ အချိန်ယူ စဉ်းစားနေရတာပေါ့ဟဲ့"





"စိန်တွေ ရွှေတွေတော့ မဟုတ်ဘူးမို့လား"

"နင်ရော"

"ဟော … ကိုယ့်ဟာကိုယ် ဖြေလေဟာ"

"အဲဒီလောက်ကြီး ယောကျ်ားတစ်ယောက်အပေါ် ရင်းနှီးမြှုပ်နှံစရာ မလိုဘူးလားလို့၊ ဒါပေမဲ့ နင်က စိန်လက်စွပ်ကောက်ပေးလိုက်ပြီး ငါက ရှပ်တစ်ထည်လောက် ဖြစ်နေရင် ငါ ရှုံးသွားမှာပေါ့၊ ဒီလိုပဲ ငါ့လက်ဆောင်က တန်ဖိုးကြီးနေပြီး နင့်လက်ဆောင်က တန်ဖိုးသေးနေရင်လည်း နင် ရှုံးမှာပဲ၊ ဒီတော့ လက်ဆောင်ဘာစီစဉ်တယ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်ကြေး"

"ကောင်းတယ်၊ သဘောတူတယ်"

"ပိုကောင်းတာက သူမသာ ကိုယ်မနာ ဖြစ်သွားအောင် တန်ဖိုးရှိရှိလေး တစ်ခုခု ဝယ်လိုက်ပြီး ငါတို့နှစ်ယောက် စပ်တူဆိုပြီး တစ်ပြိုင်နက် ပေးလိုက်ရင် အဲဒါအကောင်းဆုံးပဲ"

"ဟား … ဒီတစ်ခါတော့ နင့်ဦးနှောက်က အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်လာပြီ မိသိမ့်၊ သိပ်ကောင်းတဲ့ အိုက်ဒီယာ၊ ဗရာဗိုသူငယ်ချင်း၊ ငါတို့နှစ်ယောက် တိုင်ပင်ပြီး တူတူသွားဝယ်ကြမယ်"

"အရေးကြီးတာက ဘယ်နေ့လဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ခက်တာပဲ အဲဒါ၊ နင်ပဲ မေးလိုက်ဟာ"

"အားပါး ... ဘုရား ... ဘုရား၊ ဟိုကားကြီးက အတင်း ဖြတ်ဝင်တာပဲတော့၊ အဘိုးကြီး ခေါင်းဖြူနေပြီ စိတ်လျှော့ မောင်းဦး"

ပြတင်းပေါက်မှ ခေါင်းထုတ်၍ သူ့ကို ကရော်ကမယ် လုပ်သွားတဲ့ကားကို အော်ဟစ်နေမည့် သိမ့်ပုံကို ပိုးက မြင်ယောင် ကာ ရယ်နေမိပါသည်။

"မိန်းမ ... ရယ်မနေနဲ့၊ ကဲ ... နင် ဖုန်းချမှာလား၊ ငါချ ရမှာလား"

"ဟဲ့ ... ဘယ်နေ့ ထွက်ဝယ်မယ် ချိန်းဦးလေ"

"နောက်မှ ပြန်ချိန်းလည်း ရတာပဲ"

"အစ်ကိုကြီးကို ဘယ်သူမေးမှာလဲ"

"နင်"

"နင်ပါ"

"မိပိုး ... နင် ဖုန်းမချတာ ဘာသဘောလဲ၊ ငါ ကားတိုက် ပြီး မာလကာသီးကိုက်သွားမှ တစ်တောရှင်းပြီး နင်ချည် သိမ်းကျုံးပြီး ကောင်းစားအောင်လား !၊ ဟုတ်တယ် တကတဲ"

"ဟား ဟား ... စိတ်လျှော့ မိသိမ့်၊ နင့်စိတ်ကိုလျှော့ ဒါပဲ"





"အား ... အမယ်လေးတော် တိုက်ပြီ"

သိမ့်သည် လမ်းတစ်ခုပေါ် ချိုးကွေ့လိုက်ရာ လမ်း ဆုံနားကဖြတ်ပြီး ကားလမ်းကူးဖို့ ပြင်နေသည့်လူက မစောင့်ဘဲ ရုတ်ဖြတ်ကူးချလိုက်၍ ဘရိတ်အုပ် မမီဘဲ အရှိန်ခပ်နည်းနည်းနှင့် ဒန်းခနဲ ဝင်တိုက်လိုက်မိပါတော့သည်။

"ဟယ် ... မိသိမ့် ... မိသိမ့်"

"နင့်ပါးစပ်လည်းပိတ်၊ ဖုန်းလည်းပိတ်တော့ဟေ့"

သိမ့်သည် ရှေ့နားလေး ဘေးကပ်ရပ်လိုက်ရကာ ကက်ထဲကဖုန်းကို ရောက်ရာပစ်လွှင့်ခဲ့ပြီး လဲကျသွားတဲ့ လူရှိရာ အမြန်ဆုံး ပြေးလာရပါသည်။ ဒီနားမှာ ရဲလည်းမရှိ၊ လူလည်း ရှင်း၍ ရုတ်တရက် လူအုံလာတာမျိုးမရှိ။

"ဘာ ... ဘာဖြစ်သွားလဲဟင်"

"ခင်ဗျား ကားကို ဘယ်လိုမောင်းတာလဲဗျ၊ တောက် ... မောင်းရော မောင်းတတ်ရဲ့လား"

"မောင်းတတ်ပါတယ်၊ ဆယ့်ရှစ်နှစ်သမီးက စမောင်းလာ တာ ဆယ်နှစ်ကျော်ပါပြီရှင့်၊ မောင်းတတ်ပါတယ်"

"မောင်းတတ်ရင် လူကို တိုက်စရာလား"

"ကျွန် ... ကျွန်မ ... ဖြည်းဖြည်းပဲလာတာ၊ ရှင်က ရုတ် ဖြတ်ကူးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းလာတော့ ရပ်စောင့်မလို့ထင်ပြီး ဖြတ်ကူးတာပေါ့ဗျ၊ အရှိန်နဲ့လာရင် ဘယ်ကူးမလဲ"

"ဟော်တော်၊ အရှိန်နဲ့သာ မောင်းလာရင်လည်း ခုလောက်ရှိ ရှင်လည်း ကိစ္စချောပြီပေါ့"

"ဘာဗျ"

"ဟုတ် ... ဟုတ်တာပြောတာလေ၊ ဖြည်းဖြည်းမောင်းလာတာကိုပဲ ရှင် ကျေးဇူးတင်ရမယ် မဟုတ်လား"

"ကားတိုက်ခံရတဲ့လူက ခင်ဗျားကို ကျေးဇူးတင်ရဦးမယ် ဟုတ်လား၊ တိုက်သွားလို့ ကျေးဇူးပါပဲဆိုပြီး ကန်တော့ ... လေးနဲ့ပါ ရှိခိုးရဦးမလား"

"ကျွန်မက အကောင်းပြောတာပါ"

"ဘယ်သူက အဆိုးပြောနေလို့လဲ"

"ရော် ...၊ ရှင်ကလည်း ဒေါသချည်းပဲ"

"ကားတိုက်ခံရတာဗျ နာနေတယ်၊ အခန့်မသင့်ရင် ... နိုင်တယ်"

"ရှင် ဒီလောက်တောင် စကားတွေအများကြီး ပြောနေ... တယ်ဆိုတော့ သေတော့ မသေနိုင်ပါဘူးနော်၊ တော်... သေးရဲ့ရှင်"

"ဘာတွေ ထိခိုက်ကျိုးပဲ့ ပွန်းရှကုန်ပြီလဲ မသိဘူး၊ အား ... ကျွတ် ... ကျွတ်"





"ရှင် ဘာဖြစ်သွားသေးလဲ"

"ခုမှပဲ မေးဖော်ရတယ်နော်၊ ခင်ဗျားက"

ထိုယောက်ျားကြီးဟာ အတော်ကို နှုတ်သီးကောင်းသျှာပါး ဆိုသလို ရန်တွေ့ကောင်းလှ၍ သိမ့်ပင် နှုတ်ဆွံ့ ဆွံ့နေရပါသည်။

"ခုနက ရှင်က ရန်တွေတွေ့နေတာကို"

"ကိုယ့်ကို ကားနဲ့တိုက်တာကို ရန်မတွေ့လို့ ဘာပြောရမလဲ၊ ရည်းစားစကား ပြောရမလား"

"ရှင် ... ရှင် စကားကောင်းကောင်းပြောနော်၊ ကဲ ... ထူပေးရမှာလား၊ မထနိုင်ဘူးလား၊ ဘာဖြစ်သွားတာလဲ"

"မထနိုင်ဘူး"

"ကျွတ် ... စိတ်ညစ်လိုက်တာ၊ ထူရမှာလား"

"ခင်ဗျားတွဲပြီး ပလက်ဖောင်းပေါ် ထိုင်နိုင်အောင် တင်ပေးပေါ့"

"လာ ... လာ ... ကျွန်မလက်ကိုတွဲလေ ... ရော့"

"ခင်ဗျားလက်ကိုဆွဲလို့ ဘာလုပ်လို့ ရမှာလဲ၊ ပခုံးမက်မှ အားပြုလို့ ကောင်းကောင်းရမှာပေါ့"

"ရှင်"

သိမ့်သည် ပခုံးဖက်ခံရဖို့တော့ တွန့်သွားရဆဲ သူတို့... နားကို လူရိပ်တစ်ခု ရောက်လာ၍ ရဲများရောက်လာပြီ... သိမ့်က မော့ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိမ့်"

"ဟင် ... ကို ... ကို ... ကိုဇဝရတ်"

သိမ့်သည် သူ သိပ်ကြည့်မရတဲ့ ဇရဝတ်ကို မြင်လိုက်တဲ့အတွက် အခုလောက် အားတက်ပျော်ရွှင်သွားရလိမ့်မယ်လို့ မထင်မိချေ။

"ကိုဇဝရတ် ... ဒီမှာ ... ကျွန် ... ကျွန်မ ... ကားနဲ့တိုက်မိတာနဲ့လေ"

ဇဝရတ်က သိမ့်ကိုမကြည့်ဘဲ လမ်းပေါ်မှလူကို မတ်တတ်ရပ်လျက်ကပင် ...

"ဟေ့လူ ... ထ,လေ၊ ဘာလုပ်နေတာလဲ၊ ဘာမှလဲမဖြစ်ဘဲနဲ့"

"ဘာကွ"

"ခင်ဗျား ဘာမှသေချာမထိပါဘူး၊ ဒါနဲ့တောင် မိန်းမပျို လေးတစ်ယောက်ရဲ့ပခုံးကိုဖက်ဖို့ ကြိုးစားနေသေးတယ် ရဲရောက်လာရင်တော့ ဒါပါထည့်စစ်ချက်ပေးရမယ်၊ ကား တိုက်ခံရတာ အခွင့်ကောင်းယူပြီး ကာကူခြေမှုကပြား အောင် မိန်းမပျိုလေးကို ပခုံးဖက်ဖို့ တောင်းဆိုတယ်ဆို တာ တိုင်မှုဖြစ်မယ်"

"ဘာကွ ... ဟေ့ကောင် ... မင်းက ဘာကောင်လဲ၊ ငါက တိုက်ခံရတာကွ၊ ငါက ရဲတိုင်ရမှာ"





"အမှုတိုင်းက တစ်သမတ်တည်းတာမှ မဟုတ်တာ၊ ခုဆိုရင် ကားက ခင်ဗျားကို တိုက်တာထက် ခင်ဗျားက ကားကိုဝင် တိုက်တဲ့ပုံစံ ပိုပေါက်နေတယ်"

"ဘာ ... မင်း လူပါးဝလှချည်လား"

"ကားလာနေတာ ဒီလောက် နီးနေတာကို ခင်ဗျားအတင်း တိုးဝင်တယ်၊ အရှိန်ကနည်းတော့ မသေနိုင်တာ သေချာ တယ်ဆိုပြီး ဖြတ်တာလေ၊ ပြီးရင် ဆေးဖိုးဝါးဖိုး သိန်းချီ တောင်းမယ်၊ ခင်ဗျားတို့အကြံတွေ ဒါအကုန်ပဲလားဗျ ... ဟင်၊ အဲသလို အသက်တစ်ချောင်းကိုရင်းပြီးတော့တော့ လုပ်မစားပါနဲ့ဗျာ၊ အန္တရာယ်များပါတယ်"

"ဟင် ... မင်း ... မင်း"

ထိုလူဟာ အကြီးအကျယ် ဒေါပွသွားပြီး ကားလမ်းပေါ်မှ ခုန်ထ၍ ဇဝရတ်ကို လက်သီးနှင့်ဝင်ထိုးလိုက်ရာ ဇဝရတ်က ရှောင်တိမ်းလိုက်ရင်း ...

"တွေ့လား၊ ခင်ဗျား ဘာမှမဖြစ်ဘူးဆိုတာပေါ်ပြီ၊ ဟာ ... နီး နီး ... လမ်းပေါ်ပြန်ပစ်လဲထိုင်ဖို့ မကြံနဲ့၊ ဟိုကိုကြည့် လိုက်၊ ဆောက်လုပ်ရေးဝင်းကြီးတွေ့လား"

ဇဝရတ် ညွှန်ပြရာကို ဟိုလူရော သိမ့်ပါ လှည့်ကြည့် လိုက်မိကြလျှင် Asia Beauty ဆောက်လုပ်ရေးဆိုင်းဘုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထော င်ဂ ဘားပြီး အထဲမှာ ဆောက်လုပ်ရေးတွေ လုပ်နေတဲ့ ဖင်းကြီး တစ်ဝင်းကို မြင်လိုက်ရပါသည်။

"ဟိုမှာကြည့်နေကြတာ မြင်လား၊ အဲဒီလူတွေ အားလုံး သက်သေတွေပဲ"

"ဘာ"

"ဘားလာတာကို အတင်းဝင်ဖြတ် အတိုက်ခံတယ် တစ်မှု၊ မိန်းမပျိုလေးကို ကာလနွေ့ထိပါးဖို့ကြံတယ် နှစ်မှု၊ ဘာမှ မဖြစ်ဘဲ အမှုကြီးအောင် လိမ်လည်အမှုဆင်ဖို့ ကြံစည်တယ် သုံးမှု၊ ဘေးက ဖျန်ဖြေသူကို ကိုယ်ထိလက်ရောက် ကျူး လွန်စော်ကားတယ် လေးမှု"

"ဟော့ကောင် ... မင်း လွန်သာပြီနော်၊ မင်း ... မင်း ဘာ ကောင်လဲ"

"ကျွန်တော်က ဒီဆောက်လုပ်ရေးဝင်းမှာ အလုပ်လုပ်နေတာ လေ၊ အဖြစ်အပျက်ကို အစအဆုံး မြင်တယ်"

"ခုကိစ္စမှာ မင်းနဲ့ဘာဆိုင်လို့ ပနာဝင်ယူနေရတာလဲ ဒေ ကောင်"

"သူစိမ်းဆိုလည်း မျက်စိရှေ့ ဘာလိုင်းကြီး တစ်ဖက်စောင်း နင်း ဖြစ်နေရင် ဝင်ကူညီမှာပဲ၊ အခုဟာက ဒီကအမျိုးသမီး ကလည်း ကျွန်တော့်မိတ်ဆွေ ဖြစ်နေသေးတယ်"





ထိုလူက သိမ့်ကို လှမ်းကြည့်သည်။

ထိုအချိန်မှာတော့ သိမ့်သည် ဝေရတ်ရဲ့ဘေးကျကျ နောက်နားမှာရပ်လျက် လက်ပိုက် မျက်နှာချိုကာ အကြံအဖန် သမား ရှေ့ကလူကို ထီမထင်တဲ့မျက်နှာနှင့် ကြည့်နေလေပြီ။

"ဟင်း ..."

ထိုလူက ဒေါသတကြီး ရေရွတ်သည်။

"ခင်ဗျားမှာ ရသွားတဲ့ဒဏ်ရာရှိလား၊ ကျွန်တော်တို့ဆိုက် ထဲမှာ ဆောက်လုပ်ရေးလုပ်သားတွေ ထိခိုက်ဒဏ်ရာရရင် ချက်ချင်းကြည့်နိုင်ဖို့ ဆရာဝန်တစ်ယောက်လည်း အမြဲ တမ်းရှိတယ်၊ ထိခိုက်ဒဏ်ရာကို ကျွမ်းကျင်စွာ ကုသနေ ကျပါ၊ လာပါ ... ဆရာဝန်နဲ့ ပြကြည့်လိုက်ပေါ့"

"မလိုပါဘူးကွ"

"မလိုရင်လည်း ပြီးတာပါပဲဗျာ၊ တခြားမှာလည်း ဆေးခန်း ပြရမှာပဲ ဆိုရင်တော့ ဒီမှာ အလကား ဝင်ပြလိုက်ပါလို့ ပြောတာပါ၊ ဘာမှမဖြစ်ဘူး၊ ဆရာဝန်ပြဖို့ မလိုဘူးဆိုရင် လည်း ပြီးတာပါပဲ"

"တောက်"

ထိုလူက ဘာမှပြောမနေတော့ဘဲ မာကျောခက်ထန် သော မျက်နှာနှင့်ပင် သူတို့ရှေ့မှ ထွက်ခွာသွားပါသည်။ ထိုသူ ...က် ...ပဲ သိမ့်သည် ရင်ဘတ်ကိုဖိကာ သက်ပြင်းကြီးတစ်ချက် ...သတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ကိုဝေရတ်ရယ်"

"ကိစ္စမရှိပါဘူး မမသိမ့်"

"သိမ့်ပဲခေါ်ပါ ကိုဝေရတ်ရယ်"

သိမ့်က ဝေရတ်ကို မော့ကြည့်လိုက်ပါသည်။ ဖြ
တုံ့တုံ့နှင့် ခြေခွဲရပ်ကာ လက်နှစ်ဖက် နောက်ပစ်တွဲထားတဲ့
ဝေရတ်ရဲ့ပုံစံက ပေါ့ပေါ့ပါးပါး ရှိလှသည်။ ဆိုက်ထဲရောက်နေ
တာတောင်မှ သူက ပုဆိုးလေးပဲ ဝတ်ထားပါသည်။ သူ့နှုတ်ခမ်း
မှ အမြဲတမ်းလိုလို ကြည်လင်လတ်ဆတ်တဲ့ အပြုံးတစ်ပွင့်က
ခိုတွဲနေသည်။

သိမ့်က ချက်ချင်း ကောက်ခနဲ ပြန်သွားဖို့ မကောင်း
တတ်တာမို့ စကားစရှာကာ ...

"ရှင်တို့ဒီနေရာမှာ ကွန်စထရပ်ရှင် ဝင်နေရတာပေါ့"

"မှုတ်တယ်ဗျ"

"ပရောဂျက်က အကြီးကြီးပဲ"

"ဟုတ်ကဲ့ ... ဆောက်လုပ်ရေးနဲ့ ပတ်သက်ပြီး လိုအပ်တဲ့
အကူအညီရှိရင် ပြောပါ သိမ့်"

"ဘာမှ မဆောက်နိုင်သေးပါဘူးနော်၊ ငွေကိုရှာတုန်းပဲရှိ
သေးတာ မစုနိုင်သေးပါဘူး"

"ဟား ဟား ... ဓားပြတိုက်မှာကြောက်လို့ လျှိုမနေပါနဲ့
ဗျာ၊ သိမ့်ရော ပိုးရော အမျိုးသမီး လူတော်တွေပါ၊ အခ





ကတော့ ဒီလိုပဲ မြင်ဖူးပြီး ခင်မင်ချင်တဲ့စိတ် ပေါက်ရုံပါပဲ၊
နောက်တော့ ခင်ဗျားတို့အကြောင်းတွေ စုံစမ်းရင်းက
ငယ်ငယ်လေးတွေတည်းက ကိုယ်ပိုင်စီးပွားရေး လုပ်နေကြ
တာ သိရပြီး ကျွန်တော်က လေးစားပါတယ်"

"ရှင်လည်း ဒီ ခင်မင်ချင်တဲ့ သံသရာထဲကကို မထွက်ပါ
လား၊ ဒါနဲ့ နေပါဦး၊ ရှင်က ကျွန်မတို့နှစ်ယောက်ထဲက
ဘယ်သူ့ကို ခင်ချင်တာလဲ"

"နှစ်ယောက်စလုံးကို"

သိမ့်က စိတ်ထဲကကျိတ်ကာ နှာခေါင်းလေး ရှုံ့မိ
သည်။ ဘာသဘောလဲ။ ဒီအသက်အရွယ်ကြီး သူစိမ်းယောကျ်ား
က သူစိမ်းမိန်းမကို ဘာလိုင်းကြီး မိတ်ဖွဲ့တယ်ဆိုတာ ကလေးတွေ
လို သူငယ်ချင်း လုပ်ချင်တာချည်းပဲ ဘယ်ဟုတ်ပါ့မလဲ။ မိတ်ဆွေ
သူငယ်ချင်းကတော့ တကူးတက ဖွဲ့ယူနေဖို့မှ မလိုတာ။ အကြောင်း
တိုက်ဆိုင်ရင် တွေ့ရင်း ကြုံရင်း ဆုံရင်းက သူ့အလိုလို ဖြစ်သွား
မှာပဲလေ။

သူ ချဉ်းကပ်လာတာဟာ ဘယ်နည်းနဲ့မှ ထုပ်ဆီး
အီးဖို့ ဖန်ခုန်ဖို့ သူငယ်ချင်းလုပ်တာ မဖြစ်နိုင်တာ အားလုံးသိ
သိကြီးဟာ။

မရိုးမသားဆန်းပြားချင်တယ်လို့ ထင်ပြန်တော့လည်း
သင်းက နှစ်ယောက်ပူးလို့ အမည်တပ်ထားတာ မခက်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေ ဘာဖြစ်နေပါလိမ့်။ ပိုးနှင့် သူမ နှစ်ယောက်တွဲပဲ မြင်ကြတော့သလား။ တစ်ယောက်ချင်းစီ မမြင် နိုင်တော့ဘူးလား။ သူက ခင်ချင်တာလို့ စကားခံထားတဲ့အတွက် နှစ်ယောက်ပူးတွဲ အမည်တပ်တာကို ကိုယ်တွေက ပြဿနာရှာ လည်းမရ။

"ဝန်ခံရရင် ပထမတော့ ကျွန်တော်က ခင်ဗျားတို့ သာမန်သဘောနဲ့ ခင်မင်ခွင့်ရလည်း အမြတ်ပဲဆိုပြီး မိတ် ဖွဲ့ချင်တာပါ။ တဖြည်းဖြည်းနဲ့ သိမ့်တို့ကို မြင်ဖန်တွေ့ဖန် များပြီး သိမ့်တို့အကြောင်းတွေလည်း သိလာတော့ တကယ် ခင်လာတာဗျ"

"ဘာဖြစ်လို့ မြင်ဖန် တွေ့ဖန်များလာရတာတုန်း"

"ခင်ဗျားတို့နှစ်ယောက်က ဟိုလူနဲ့ အမြဲတမ်း စားသောက် ဆိုင်တကာပတ်ပြီး လှည့်စားနေကြတာ မကြာ မကြာတွေ့ ဆုံနေလို့ပေါ့"

"ဪ ... ဒါဖြင့် ရှင်ကရော ဆိုင်တကာပတ်စားနေတာ လား"

"ဆိုပါတော့ဗျာ၊ ကျွန်တော်တို့ လုပ်ငန်းက ကျေးရွာ တာတွေ ရှိတာပဲလေ"

"ဒါဖြင့် ရှင် ကိုဗသက်ကိုလည်း တွေ့နေတာပေါ့"

"တွေ့တာပေါ့၊ လူရှုပ်ကြီး"





"ဘာရှင့်"

သိမ့်က ဆတ်ဆတ်ထိမခံ ဒေါလေးပွသွားကာ ကောင်းကောင်း လက်ခံပြောနေရာမှ ဝေရတ်ကို ချက်စောင်း ရွယ်ရင်း ...

"ရှင် လူကြီးလူကောင်း တစ်ယောက်ကို ဒီလိုမပြောပါ နဲ့"

"ဟား ဟား ... လူကြီးတော့ ဟုတ်တယ်၊ ကျွန်တော်တို့ အားလုံးထက် ကြီးတယ်လေ၊ လူကောင်း ဟုတ်မဟုတ်တော့ မသိဘူး"

"ရှင်နော် ... ရှင်က ကိုဗသက် အကြောင်း ဘာသိလို့ ဒီလိုပြောနေရတာလဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ရဲ့မိတ်ဆွေ တစ်ယောက်ပါ၊ ရှင် ဒီလိုပြောခွင့် မရှိပါဘူး"

"သူ့အကြောင်း သေချာမသိပေမယ့် နည်းနည်းပါးပါးတော့ ကြားဖူးပါတယ်ဗျာ၊ ဒါနဲ့ တစ်ဆိတ်မေးပါရစေ၊ သူက ခင်ဗျားတို့နှစ်ယောက်ကို ဘယ်လိုပုံစံနဲ့ ချဉ်းကပ်နေတာ လဲ"

"ဘယ်လိုပုံစံ ရှိရမှာလဲ မိတ်ဆွေတွေပေါ့ရှင်"

"ဟုတ်ရဲ့လားဗျာ၊ ဒီလူကြီးပုံ ကြည့်ရတာ ဘယ်သူ့အပိုင် ကြံရမလဲ ရွေးနေပုံပါပဲ၊ ရွေးရခက်နေတာနဲ့ တူတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစိစိ ပြောနေတဲ့ ဇေရတ် စကားကို သိမ့်လည်း ဒီလိုင်း ယုံကြည်သဘောတူပေမယ့် ဟန်ကိုယ့်ဖို့လေး လုပ်ရသေးကာ ...

"ရှင် လူတစ်ဖက်သားကို ပစ်ပစ်ခါခါ မဝေဖန်ပါနဲ့"

"သိမ့်နဲ့ ပိုးနဲ့ကလည်း ဒီလူ့ကို တော်တော်တော့ အလေးထားပုံပဲ ထင်တယ်"

"အလေးထားတော့ ဘာဖြစ်လဲရှင့်၊ သူကလည်း အလေးထားသင့်တဲ့ လူတစ်ယောက်ပဲဟာ၊ ရှင်က နေရင်းထိုင်ရင်း သူ့ကို ဘာတွေကြည့်မရ ဖြစ်နေတာလဲ"

ဇေရတ်သည် အမြဲစိမ်းထဲမှာတော့ "မင်းရဲ့ကိုဗသက်က တခြားမှာ ဘယ်အမျိုးသမီးကိုလည်း လိုက်နေသေးတယ်"ဆိုတာ အခိုင်အမာ သက်သေသက္ကာရနှင့် အပြစ်ပေါ်လာအောင် လက်ဆုပ်လက်ကိုင် ပြောပြချင်သော်လည်း တခြားတခြား နေရာတွေမှာတော့ နေရင်းထိုင်ရင်း ကိုဗသက်ကို ယောက်ျားချင်းဒေါက် ဖြုတ်မနေလို။

အမြဲစိမ်းထဲမှာတော့ ဒေါက်ဖြုတ်ရဖြုတ်ရ။ ဖြုတ်ရတာ အဓိပ္ပာယ်လည်းရှိသည်။ တော်ကြာ အမြဲစိမ်းက သူ့တစ်ယောက်ကိုပဲ သူ့ကိုကြီးဗသက်က အနားကပ် ဂရုစိုက်နေတယ် ထင်နေဦးမယ်လေ။ တခြားမှာလည်း ရှုပ်နေတယ်ဆိုတဲ့ ဇာတ်လမ်းကို ပြန်ပြောပြချင်တာ။





"ဘာရယ်မဟုတ်ပါဘူးဗျာ၊ ဒီလူကြီး အလကားနေ ရှိုးပေးပြီး ခင်ဗျားတို့နှစ်ယောက်လုံးကို သူ့လိုလို သူ့လိုလို ခွချက်လုပ်ထားတာကို မျက်စိထဲ ခရေ့စ်ဖြစ်လို့ပါ"

ဒါ သဝန်တိုနေတာပဲလို့၊ သိမ့်က ယူဆလိုက်သည်။

"သူ ရှိုးပေးတာကလည်း သူ ပိုက်ဆံရှိလို့ သူ့ဟာသူဝယ်ပြီး ဝတ်ပြီး ရှိုးပေးတာပဲရှင်၊ ရှင့်စည်းစိမ်နဲ့ ရှိုးပေးတာမို့လား"

"ဟင်း ဟင်း ... ခင်ဗျားတို့နှစ်ယောက်က ဒီလူကြီးထိရင် တော်တော် မခံမရပ်နိုင်ကြဘူးပဲ၊ ခုခံချေပလိုက်ကြတာ သွက်လို့"

"သူများမကောင်းကြောင်းပြောတာ မကြိုက်လို့ပါ"

"ဒါနဲ့ ခင်ဗျားတို့တွေက စနေနေ့တိုင်းလိုလို ထွက်စားနေကျနော်၊ တခြားရက်မှာ ထွက်ဖြစ်တာသာ ရက်လွဲရင် လွဲမယ်၊ စနေဆိုရင်တော့ ထွက်နေကျလို ဖြစ်နေတာမို့လား"

"ရှင် အတော်သိပါလား"

"ဒီစနေတော့ ထွက်စားဖို့ ပျက်လိမ့်မယ် ထင်တယ်ဗျ"

သိမ့်က အံ့အားသင့်သွားပြီး ...

"ဘာဖြစ်လို့လဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစနေ ဒီလူကြီးမွေးနေ့လို့ ကြားတယ်ဗျ၊ ပွဲလုပ်မယ်ဆို လား ဘာလားပဲ"

"ဟင် ... ဟုတ်လား၊ ရှင် ဘယ်ကသိလဲ"

"ဒီလိုပဲ ဟိုချောင်ဒီကြားက ကြားတာပါဗျာ၊ မေးကြည့်ပေါ့၊ ခင်ဗျားတို့နဲ့ ထွက်မလား တခြားအစီအစဉ်ရှိမလား ဆိုတာ"

သိမ့်က ငိုင်ပြီး ဦးနှောက်ထဲမှာ အတွေးရောင်စုံတွေ ယှက်ဖြာသွားရပါသည်။ မမျှော်လင့်ဘဲ အစ်ကိုကြီး မွေးနေ့ကို သိလိုက်ရပြီ။ သူက ပွဲလုပ်မယ် ဆိုပါလား။ လုပ်ရင်တော့ ပိုးနဲ့ သိမ့်တို့ကို မဖိတ်ဘဲနေမှာ မဟုတ်ပေ။





## ၁၁

"ဟဲ့ ... ငါ သစ္စာရှိတယ်နော်"

"ဘာကိုလဲ"

"ကြည့်စမ်း ... နင် မေ့ပစ်ပြီ၊ တောက်"

သိမ့်က ပိုးကို မျက်စောင်းရွယ်ရင်း ...

"အစ်ကိုကြီးမွေးနေ့ နင့်ကို ပြောပြပြီး နင်နဲ့လက်ဆောင်တူတူ ချိန်းဝယ်တယ်လေ၊ ငါတစ်ယောက်တည်း ကျိတ်မလုပ်ဘူး"

"အောင်မယ်လေးနော်"

"ဘာလဲ"

"ဒါကြီးကို နင်ပြောတာ တစ်ရာ့ရှစ်ကြိမ်ရှိပြီ၊ ပုတီးများစိပ်နေလား ထင်ရတယ်၊ ငါက အသစ်များလားလို့၊ တခြားအသစ်တစ်မျိုး သစ္စာရှိတာများ ရှိသေးလားလို့"

www.burmeseclassic.com



"အောင်မာ ... သူက ကျေးဇူးသိပ်မတင်ချင်ဘူး — ဟင်း"

"ကျေးဇူးပဲ တစ်ခါတင်ပြီး တော်ပြီပေါ့ ... အဟီ"

နှစ်ယောက်သားဟာ ကောင်းနိုးရာရာ ရှော့ပင်စင်တာတွေကိုပတ်ပြီး ကိုဗသက်အတွက် အကောင်းဆုံးမွေးနေ့လက်ဆောင်ကို ပတ်ရှာနေကြတာပါ။ တစ်ယောက်ကြိုက်ရင် နောက်တစ်ယောက်က မကြိုက်။ သူကပယ်လိုက် ကိုယ်ကပယ်လိုက်နဲ့ စိတ်ကြိုက်ကို မရနိုင်သေး။

အချိန်မဆွဲနိုင်ပါ။

ကိုဗသက် မွေးနေ့၊ ဒီစနေဆိုတာ သိမ့်သီရတာ ဗုဒ္ဓဟူးနေ့။ ကြားမှာ ကြာသပတေး သောကြာ နှစ်ရက်ပဲကျန်တာ။ ကြာသပတေး တရက်ကို မွေးနေ့လက်ဆောင် ဝယ်ဖို့ကိစ္စ အပြတ်ဖြတ်မည်ဟု တိုင်ပင်ထားပါသည်။

တစ်ယောက်ကိုတစ်ယောက် ဖွင့်မပြောသော်လည်း သောကြာနေ့တစ်ရက်ကိုဖြင့် ကိုယ့်ကိုယ်ကိုယ် အလှဆုံးဆင်ယင်ဖို့ အဝတ်အစား အရှာထွက်ဖို့ ကျိတ်၍အစီအစဉ်ရှိပြီးသားပါ။ နေရာအနံ့ဖြန့်၍ ရယ်ဒီမိတ်ဝတ်စုံ ဝယ်ရမည်။ ချုပ်ဖို့က မီမှမမီတော့တာ။

ပိုးပုလဲကလည်း ကိုယ်ဝတ်မယ့် ဝတ်စုံကို မဝတ်ခင် သိမ့်သိမ်မွှေ့ မမြင်စေချင်သလို သိမ့်သိမ်မွှေ့ကလည်း သူ





ဝတ်မယ့်ဝတ်စုံကို ဝတ်တဲ့နေ့ကျမှပဲ ပိုးပုလဲ ရင်သတ်ရှုမော မြင်တွေ့စေချင်တာမျိုးဖြစ်သည်။

ဒါကြောင့် ကိုယ့်အဝတ်အစားဝယ်မည့် သောကြာတစ်ရက်ကိုတော့ တစ်ယောက်နှင့်တစ်ယောက် မချိန်းကြပါ။ ဝယ်မယ်လို့လည်း အသီးသီး လေသံမဟ။ တိတ်တိတ်ကျိတ်ပြီး ကြံစည်ထားကြတာသာဖြစ်သည်။

"နှင် ကြေးကများလွန်းပြီနော် မိသိမ့်"

"ဟင် ... ငါက နှင် သိပ်ကြေးများတယ်လို့ ခုပဲတွေးနေတာ"

"ငါ မများဘူး၊ နှင်ပဲ ဒါလည်းမဟုတ်၊ ဟိုဟာလည်းမဟုတ်၊ ငြင်းနေတာ"

"နောက်ဆုံး ရှူးဖိနပ်ကို ငြင်းလိုက်တာ နှင်လေ"

"ဟဲ့ ... Shoes ဆိုတာမျိုးက ခြေထောက်နဲ့ လုံးဝဖစ်တင်ကျမှပေါ့။ သူ့နံပါတ် သူ့ဆိုက်ဇ်လည်း မသိ၊ လှမ်းမေးဖို့လည်းမဖြစ်၊ ရမ်းဝယ်ရမယ့်ပစ္စည်းကို နှင်မို့ စဉ်းစားတယ်၊ ချေးဘာရိန်း"

"ငါ မှန်းနိုင်တယ်၊ အစ်ကိုကြီးခြေထောက်က ဒက်ဒီ့ခြေထောက်ထက် သေးတယ်၊ ယောင်ယောင်ပဲသေးတာ၊ ဒက်ဒီ့ဂေါ့ဖ်ရှူးစ်တွေ ငါ ဆိုက်ဇ်သိနေတာပဲဟာ၊ Euro ဆိုရင် 45 ၊ US ဆိုရင် 11.5 ၊ ဒီတော့ အစ်ကိုကြီးကို ဆိုက်ဇ် 44 လောက်ဝယ်ရင် အနေတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ နှင် ထင်တာလေ"

"မှန်လည်းမှန်မှာပဲ"

"မှန်မှာပဲဆိုတာ မှန်တယ် မဟုတ်ဘူး"

"တွေ့လား ... အလကား ငြေးများတယ်"

"မတော်ရင် တန်ဖိုးကြီးပစ္စည်းကြီး သူ မစီးဖြစ်ဘဲနဲ့ နှမြောစရာကြီး ဖြစ်နေမှာ စဉ်းစားဦးလေ၊ ကိုယ်ပေးမှတော့ အစ်ကိုကြီး အသုံးပြုတာကိုပဲ လိုချင်တာပေါ့"

"နှင် ဆိုက်ဖ်ကို မငုံ့မရဲ မသေမချာ ဖြစ်နေရင် ရှပ်တို့ စတိုင်ပဲန်တို့ကျတော့ ဘာဖြစ်လို့ စဉ်းစားနေလဲ"

"ဟဲ့ ... ရှပ်က မှန်းရလွယ်တယ်ဟဲ့၊ ဖိနပ်လို မှန်းရမခက်ဘူး"

"ဒါတော့ နှင်ပြောတာ နှင့်အကောင်းပေါ့"

"တော်ပြီဟာ"

"ကဲ ... ဒါဖြင့် ပစ္စည်းတွေလည်း စုံနေပြီ၊ တစ်ခုမှ နှင် ယောက်သဘောနဲ့ မလိုက်ဘူး၊ နှစ်ယောက်လုံး စိတ်တိုင်းကျပြန်တော့လည်း ဈေးနှုန်းတန်ဖိုးက သိပ်မများဘူး ဖြစ်နေတော့ နှစ်ယောက်ပေါင်းမှ ဒီလောက်ပဲ ပေးတယ်ဆိုတာကို မဖြစ်စေချင်ပြန်ဘူး၊ ဘာလုပ်ကြမလဲ"

"တွေ့ဦးမှာပေါ့ဟာ"

"MK ဆိုင်တွေလည်း နှံ့စုံနေပြီ"





နှစ်ယောက်သားဟာ မနက်ကတည်းက ထွက်လိုက်တာ မွန်းလွဲလာတဲ့အထိ စိတ်တိုင်းကျတဲ့ မွေးနေ့လက်ဆောင် ခရနိုင်သေး။ ကိုယ့်အတွက်ကိုယ် ဆိုရင်တောင် ဒီလောက်ကြီး ရွေးချယ်နေဖြစ်မှာ မဟုတ်တော့။ ခုတော့ ဗသက်အတွက်မို့၊ အစ်ကိုကြီး အတွက်မို့။ စေတနာလည်းရှိ ဂုဏ်လည်းရှိချင် Romantic ကလည်း ဖြစ်ချင်ပြန်။ အတော်ကို မလွယ်ကူတဲ့ အလုပ်။

"ဗိုး ... မောပြီဟာ၊ ဗိုက်အရင်ဖြည့်မယ် ပိုး"

"အင်း ... ကောင်းတယ်"

"ဘယ်နှနာရီတောင် ရှိနေပြီလဲ"

"နှစ်နာရီတောင် ထိုးတော့မယ်"

"အဲဒါကြောင့် ဒီလောက် သေလုမတတ် ဆာနေတာကိုး"

"ဟဲ့ ... ငါသိပြီ"

"ဘာလဲ"

"နာရီ ... နာရီ"

"ဘာနာရီလဲ"

"ဒုံးဝေးချင်ရင်လည်း သူ့အပြင် မရှိတော့ဘူး၊ အစ်ကိုကြီးကို နာရီပေးမယ်လို့ ပြောနေတာ၊ လက်ပတ်နာရီကောင်းကောင်းလေး ဝယ်ပေးရအောင်"

"ဟယ် ... ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါပဲ ငါတို့ဆန္ဒချင်း ကိုက်ညီသေးတယ်"

"အေး ...၊ နာရီဆိုင် ကောင်းကောင်းကို သွားလိုက်မယ် ဟိုကျမှ ရွေးလိုက်တာပေါ့"

"အင်းပေါ့"

"လာလေ"

"ဟဲ့ ... ခုနက သေမလို ဆာနေတာ ဘယ်သူလဲ၊ ငါ လည်း ဆာတယ်၊ စားပြီးမှ သွားမယ် ဒါပဲ၊ ဖွတ်ပဲ အခု သွားမယ်ဆိုလည်း နင့်ဟာနင် တစ်ယောက်တည်းသွားတော့ ငါ စားပြီးမှ လိုက်လာခဲ့မယ်"

"ခွစာမ၊ ငါ မေ့သွားလို့ပါဟဲ့၊ ငါလည်း အရမ်းဆာနေ တာပါ၊ စားပြီးမှပဲ သွားမှာပါ"

"ပြီးတာပဲ"

နောက်ဆုံးမှာတော့ ပိုးနှင့်သိမ့်တို့သည် နာမည်ကြီး နာရီဆိုင်တစ်ဆိုင်မှာ ကိုဗသက်အတွက် အလက်ဇွားခရစ်စေး နာရီအမည်းရောင်လေးတစ်လုံးကို ဝယ်ဖြစ်လိုက်ပါသည်။ နှစ် ယောက်စပ်တူ ငွေရေတွက်ချေပြီးတဲ့အခါ ...

"ကဲ ... ငါယူသွားလိုက်မယ်"

"ကြည့်ပါလား၊ ငါယူသွားလည်း ဖြစ်တာပဲဟာ"

"ဘယ်သူယူယူပါဟယ်"

"အေးလေ ... ဘယ်သူယူယူဆိုရင် ငါ့ကိုပေးပေါ့"





"ငါအရင်ပြောလိုက်တာလေ ... ဟီး ဟီး"

"လုပ်မနေနဲ့ နှင်သိပ်ယူသွားချင်ရင် ယူသွားလိုက်ပါ၊ စနေနေ့မတိုင်ခင် နင့်လက်ထဲမှာ နာရီပျက်စီးရင် နင်စိုက် လျော်ရုံပဲ၊ ထိန်းသိမ်းရတဲ့သူက တာဝန်ကြီးတယ်"

"ပျက်စီးစရာလား၊ အမိပွာယ်မရှိ၊ ငါက အကောင်းနဲ့ယူ သွားမှာပါ မိပိုးရယ်၊ ငါက ပက်ကင်လှလှလေး ထုပ်ဦး မှာ၊ နှင်ဆိုရင် ပက်ကင်ထုတ်တတ်တာ မဟုတ်ဘူးလေ"

"မလိုပါဘူး၊ နာရီက သူ့အော်ရှဂျင်နယ်လ်ဘူးနဲ့ သူလှ နေပြီးသားပဲဟာ၊ အပေါ်က ရှုပ်ရှုပ်ယှက်ယှက် ထပ်ထုပ် ရင် မျက်စိနောက်စရာကြီး၊ ပိုမလှဘဲ ရွံစရာကောင်းသွား လိမ့်မယ်၊ လုံးဝမထုပ်နဲ့"

"တွေ့လား ခွစာမ၊ ငါက အကောင်းလုပ်မလို့ကြံရင် သူ က ဖျက်လိုဖျက်ဆီးလုပ်ပြီ"

"နှင်ဟာက ကောင်းမှမကောင်းတာ"

"ငါကတော့ ပက်ကင်ပေပါဖိုး၊ ဖဲကြိုးဖိုးတွေ ထပ်ကုန်ရ ဦးမှာ"

"ကုန်ကုန် မကုန်ကုန်၊ မထုပ်နဲ့ဟာ"

"ငါတို့နှစ်ယောက်ရဲ့ ငြင်းခုန်မှုတွေ ဘယ်တော့များမှ အဲဆုံးသတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ အဆုံးမသတ်ဘူး၊ အထူးသဖြင့် ကိုဗသော နဲ့ပတ်သက်ရင် နင်ကလည်း ကောင်းစေချင်ဖော၊ ငါ လည်း ကောင်းစေချင်ဖောနဲ့ စိတ်ချင်း အကြိုက်ချင်း မတဲ့ူတော့ အမြဲငြင်းနေရမှာပဲ"

"တစ်နေ့တော့ အဲဒီငြင်းခုန်မှုတွေ နိဂုံးချုပ်မှာပါဟယ်"

ပိုးက သိမ့်ကို ရှုတင်းတင်းငဲ့ကြည့်ရင်း ...

"ဘယ်တစ်နေ့လဲ"

"အစ်ကိုကြီး ငါ့ကို ရွေးချယ်လိုက်တဲ့နေ့ပေါ့ ... အဲ"

"အလိုလေးလေး ... ကောင်းကင်မှာ နေနှစ်လုံးပူပြီး ငါးတွေလေထဲမှာ ပျံဝဲမယ့်နေ့ကို နင်က စောင့်နေတာလား ဟင်း ဟင်း ဟင်း၊ အဲဒီနေ့ဆိုတာ ရှိလာမှာ မဟုတ်ဘူး"

"ဘာ ... ဘာကြောင့်လဲ"

"အစ်ကိုကြီးက ငါ့ကိုပဲ ရွေးလိုက်လို့"

"ဝါးဟားဟား ...၊ Joke of the year ပဲ၊ တစ်နှစ်အတွင်း အရယ်ရဆုံး ဟာသ၊ ဟား ဟား၊ မျှော်လင့်လွန်းရာကျ နေဘူးလား ပိုးရယ်"

"နင်ကိုယ်တိုင်လည်း မျှော်လင့်ချက်နဲ့ အသက်ရှင်နေတာ မဟုတ်လား"

"ဒါပေမဲ့ ငါ့မှာ အဲသလောက် မရှားဘူးဟဲ့ ပိုးရဲ့၊ အဓိက မဟုတ်တဲ့ အရုံလေးတွေ အများကြီးရှိသေးတယ်"





"ဥပမာ ... ဝေရတ်လား ... ဟား ဟား ဟား"

သိမ့်သည် သူ့ကို ပိုးက ဝေရတ်နှင့် ရက်ရက်ရောရော သမုတ်လိုက်တာကို အတော်ခါးသီးဆတ်ဆတ်တွန့်သွားပြီး သျှင် ...

"ဝေရတ်က နင့်ကိုဟဲ့"

"ဟင် ... ဖြစ်ရပြန်ပြီ"

"နင့်ကိုကြိုက်လို့ ငါ့ကိုပါ လာပြီးတပူးတည်း ချဉ်းကပ်နေတာ"

"ဟောတော် ... သူ့ Version ချည်းပဲ"

"ဟုတ်တာပဲလေ"

"ဝေရတ်က နင့်ကိုဟဲ့ မိသိမ့်ရဲ့၊ ငါသေချာသိပြီးပြီ"

"ဘာသိတာလဲ"

"သူကိုယ်တိုင်ပြောတာ ... အဟိ"

သိမ့်သည် ပိုး တမင်တကာ လူလည်ကျပြီး ဝေရတ်ကို သူ့ထံ ဘော်လီဘောပုတ်တယ်ဆိုတာ အစင်းသိလေရာ ဒေါ်လေးပွပွနှင့် ...

"ငါ့ကိုလည်း ပြောတာပဲလေ၊ နင့်ကို ကြွေတယ်ဆိုတာ နင် ဒါကိုသိလို့ ငါ့ဘက် အတင်းပုတ်ထုတ်နေတာ မဟုတ်လား"

"ဟား ဟား ... ငါတို့နှစ်ယောက်က အတော်ရယ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါမပါဘူး နင်၊ ဇေရတ်နဲ့ နင်နဲ့ တိတ်တခိုးတွေ ကြ
တာတွေကို ဖုံးထားတယ်၊ ငါ့ကိုမပြောဘူး၊ နင်တို့ချင်း
တော်တော်တောင် ရင်းနှီးနေပြီဟာကို"

"ဟဲ့ ပြောင်းပြန်တွေ မပြောနဲ့၊ အဲဒါ နင်၊ နင်တို့ချင်းသာ
တွေ့နေတာ၊ ဒါကြောင့်လည်း အခု အစ်ကိုကြီးမွေးနေ့
တောင် သင်းဆီကနေ နင်သိတာ မဟုတ်လား၊ သူငါ့
ပြောလို့လား၊ ပိုရင်းတဲ့ နင့်ကိုပဲ ပြောတာလေ"

"ဘာမှမဆိုင်ဘူး၊ အဲဒီနေ့က မတော်တဆတွေ့လိုက်လို့
စကားစပ်ရင်း သူက ပြောပြလိုက်တာ၊ အဲဒီနေ့က နင်
ပေရှည်နေတာနဲ့ ငါ လူတစ်ယောက်ကို ကားနဲ့တိုးမိတာ
သူတို့ဆိုက်နားမို့ သူတွေ့ပြီး ထွက်လာတာ"

"နင်ကများ အဲဒီဆိုက်နား ပတ်ပတ်မောင်းနေတာများလား"

"စိတ်ပုပ်မ"

ထို့နောက်တော့ သူတို့နှစ်ယောက်သည် အသီးသီး
ခွက်ထိုးခွက်လန် ရယ်နေမိကြပါသည်။ နှစ်ယောက်လုံးဟာ တကယ်
ဟိုင်းသော့စ်ဖြစ်တဲ့ ကိုဗသက်ကိုဆိုရင် လုပြီးဦးနေကြကာ သိပ်
အရောင်အသွေး မပြောင်ရောင်တဲ့ ဇေရတ်ကိုတော့ သူ့ဘက်လွှဲ
ချ ငါ့ဘက်လွှဲချနှင့် ကိုယ်နှင့်မဆိုင်အောင် ပုတ်ထုတ်နေကြတဲ့
စိတ်ရင်းသဘောချင်း ဆင်တူထပ်တူပင်။





တကယ်တော့ ဖူးစာဆိုတာ ကိုယ်တိုင်ရေးယူလို့ရ
တဲ့ အရာတစ်ခုမဟုတ်တာ နှစ်ဦးလုံး သိကြပါသည်။ ကိုယ်ဖြစ်
ချင်သလို ဖန်တီးလို့မရတဲ့ ကိစ္စတွေထဲမှာ ဒီကိစ္စက ထိပ်ဆုံးကပဲ
မဟုတ်လား။ သို့သော်လည်း မျှော်လင့်ချက်ဆိုတာကတော့ အဆုံး
အစမရှိထားချင်တိုင်း ထားလို့ရပါသေးသည်။

"ကဲ ... လက်ဆောင်ကလည်း ရနေပြီ၊ ဘိုးတော်က လှမ်း
မဖိတ်သေးတာ ခက်တယ်"

"သူပြောကော ပြောပါ့မလား"

"ဘာမပြောစရာ အကြောင်းရှိလဲ"

"သူပွဲလုပ်မယ်ဆိုတာကလည်း ဇေရတ်ပြောစကားပဲ ရှိတာ
လေ"

"ဒါပေမဲ့ ဟုတ်နိုင်မယ်လို့ ထင်ပါတယ်၊ ပွဲလုပ်ဖြစ်ရင်
လည်း ငါတို့နှစ်ယောက်ကို မဖိတ်စရာ အကြောင်းမရှိဘူး
လေ"

"ဒါတော့ ဒါပေါ့"

"နင့်ဆီ ဖုန်းဆက်ဖိတ်ပြီဆိုရင် နင်ပြောနော်"

"နင်လည်းပြော"

"စိတ်ချစမ်းပါဟာ၊ ဘယ်လိုပဲဖြစ်ဖြစ် အစ်ကိုကြီးက
ကိုယ့်ကို မဟုတ်ရင်တောင် ကိုယ့်အချစ်ဆုံး သူငယ်ချင်း
ကို ရွေးမှာပဲလို့ တွေးလိုက်ရင် ဖြေသိမ့်နိုင်ပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင် မှန်တယ်၊ ငါမဟုတ်ရင်တောင် နှင်ဆိုရင် ကြည်ဖြူ ပေးရမှာပေါ့လေ"

တကယ်တမ်းမှာ ကိုဗသက်ဟာ သူတို့ကို ဖုန်းဆက် မလာခဲ့။ သောကြာနေ့မှာ နှစ်ယောက်လုံးဟာ ကိုယ့်အတွက် အဝတ်အစားကို ကိုယ်အသည်းအသန် ပတ်ရှာဖွေနေဆဲ ဖုန်းကို လည်း တောက်လျှောက်မျှော်နေကြသလို တစ်ယောက်နဲ့တစ် ယောက်တော့ တစ်နာရီခြား တစ်ခါလောက် ဖုန်းဆက်နေကြပါ သည်။

"သိမ့်လား"

"အေး"

"နှင့်ဆီ အစ်ကိုကြီး ဖုန်းဆက်ပြီလား"

"မဆက်သေးလို့ပေါ့ဟယ်၊ ဆက်ရင် ငါပြောမှာပေါ့"

"သိဘူးလေ၊ ပျော်လုံးဆို့ပြီး ငါ့ဆီဆက်ဖို့မေ့တွားလားလို့ ဟိ ဟိ"

.........

"ပိုးလား"

"အင်း"





"ဖုန်းရပြီလား"

"No"

"ဟုတ်ရဲ့လား၊ နှင့်လေသံက တစ်မျိုးပဲ"

"No ဆို No ပေါ့ဟယ်၊ နှင်ဟာ ကွန့်ချင်တွန့်ချင်စိတ်ကို များတယ်နော် မိသိမ့်၊ ဆက်ရင်ဆက်တယ် ပြောမှာပေါ့"

"ဘယ်သိမလဲ၊ ငါ့ကိုဆက်ပေမယ့် ရေိယာပြင်ပတွေ ဘာ တွေ ရောက်နေလားလို့၊ ငါကပဲ ဆက်လိုက်ရတာ"

"နှင်က ဘယ်ချောင်တိုးနေလို့လဲ"

"နှင်တိုးနေတဲ့ချောင်ပဲ၊ သဘောပေါက်၊ ဒါပဲ"

.........

"ဟဲ့"

"No"

"ဟုတ်သေးရဲ့လား၊ ခုထိ ငါ့ဆီမလာသေးရင် နှင့်တစ် ယောက်တည်းကိုပဲ ကွက်ဖိတ်သွားပြီလားပဲ"

"နှင် ရူးမယ် သိလား"

"နှင်ကတော့ ရူးပြီးနေပြီ မဟုတ်လား"

"ငါကတော့ အမှန်ပြောနေတာ၊ နှင်က အမှန်ပြောနေတာ ဟုတ်ရဲ့လား"

"သေလိုက်ပါလား"

.........



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင့်ကို ငါ သိပ်အယုံအကြည် မရှိဘူးဆိုတာ ဖုန်း ဆက်ပြောတာ"

"နင့်ဖုန်းဖိုး နင်ပဲဆောင်ရမှာလေ"

"ငါက သစ္စာရှိတယ်"

"ငါက ပိုတောင်ရှိသေး၊ ငါလည်း နင့်ကို လုံးဝမယုံပါဘူး ဟယ် ... နော်"

"တစ်ယောက်တည်းကိုပဲ ကွက်ဖိတ်လိုက်ပြီလို့ နင်ရော ငါရော ထင်နေကြတာ မဟုတ်လား"

"တစ်ယောက်ကတော့ လျှို့နေပြီထင်တယ်"

"နင်လား"

"နင် ... နင်၊ နင်ပဲဖြစ်မှာ"

"အဲလိုဆို ငါက ဖုန်းဆက်မေးပါ့မလား၊ တိတ်နေမှာပေါ့"

"ဟန်ဆောင်ကောင်းနေတာလည်း ဖြစ်နိုင်တယ်လေ"

........ဒီ

"ဟယ်လို ... ကဲ ... ပြော ... ပြော"

"မိုးချုပ်ပြီ"

"မိုးချုပ်ရင် အိပ်ပေါ့"

"နင်ရော အိပ်နိုင်လို့လား"

"မအိပ်ချင်သေးလို့ပေါ့ ... နော်"

"နင့်ဆီ ဒီနေ့ လုံးဝကို ဖုန်းမလာတာပေါ့"





"သေချာတာပေါ့"

"အစ်ကိုကြီး ဒါ ဘာလုပ်တာလဲ၊ ငါတို့ကိုစာရင်းထဲ မထည့်တာလား"

"ဒီမှာ မိသိမ့်၊ ငါတို့ဘက်က စ,ဖုန်းဆက်လိုက်ဖို့ပဲ ကျန် တော့တယ်"

"ငါလည်း စဉ်းစားနေတာ"

"ဘယ်သူဆက်မလဲ"

"ငါတို့နှစ်ယောက်က ကိုယ့်နားနဲ့ ဆတ်ဆတ်မကြားရရင် မယုံချင့်ယုံချင် အင်တင်တင် ဖြစ်နေမယ့်တူတူ နှစ်ယောက် လုံး ဆက်မယ်"

"အေး ... ဒါလည်း ကောင်းတာပဲ"

"ဆက်ရင် ဘာပြောရမှာလဲ"

"ထုံလိုက်တာဟာ၊ နက်ဖြန် စနေနေ့၊ ခါတိုင်းလိုပဲ ထွက် စားဖြစ်မလား၊ ဘယ်နေရာ ရွေးမလဲ စသဖြင့် တခြား အကြောင်းတစ်ခုနဲ့ ဆက်ရမှာပေါ့၊ သူ ပြန်ပြောတဲ့စကား အပေါ်မှာထောက်ပြီး ကြည့်ကျက်ပြောရတော့မှာပေါ့"

"နင် တော်တယ် မိပိုး၊ ဟုတ်တယ်၊ နက်ဖြန် စနေနေ့ ထွက်စားနေကျရက်မို့ ဆက်သလိုပဲ လုပ်ရမှာပဲ"

"နင် ငါ့ကို အထင်ကြီးစမ်းပါဟ"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဟယ်၊ စိတ်တွေရှုပ်နေရတဲ့ကြားထဲ"

"နင်က စိတ်ရှုပ်နေ၊ ငါက စိတ်တိုနေပြီ … ဟွန်း"

.........

"ဟယ်လို"

"မိသိမ့် … ငါ ဆက်လိုက်ပြီ၊ သိလား"

"အေး … အဲဒါကြောင့် ခုနဖုန်းမအားတာကိုး၊ ဘာတဲ့လဲ"

"ငါ သိပ်အစာမကျေဘူးဟာ၊ နင်လည်း ဆက်မယ်မဆက်ဘူး ပြန်စဉ်းစားလိုက်၊ အဲဒါကြောင့် ဖုန်းချပြီးပြီးချင်း နင့်ဆီ ခေါ်လိုက်တာ"

"အေး … ပြောပါဦး"

"ငါက ငါတို့တိုင်ပင်ထားတဲ့အတိုင်း စနေနေ့ထွက်ဖြစ်လား မေးလိုက်တာပေါ့နော်၊ အစ်ကိုကြီးက ဟာ … ဟုတ်ပါရဲ့၊ ဖျက်ဖို့မေ့နေလိုက်တာတဲ့၊ အလုပ်လေး နည်းနည်းရှုပ်နေလို့တဲ့၊ နက်ဖြန်ကို သူ့ ကိစ္စလေးတစ်ခုရှိလို့ ငါတို့နဲ့ထွက်မစားဖြစ်တော့ဘူးတဲ့၊ နောက်အပတ်မှပဲ တွေ့ကြမယ်တဲ့၊ သိမ့်ကိုပါ ပြောလိုက်ပါတဲ့"

"ဒါပဲလား"

"ငါက လှည့်ပတ်ကွေ့ဝိုက်ပြီး တခြားစကားတွေ လျှောက်ပြောနေပါသေးတယ်၊ ပြောရင်းက သူ့ဆီက ဘာများထွက်





လာဦးမလဲလို့လေ၊ ခုတလော ဘာအလုပ်တွေ ရှုပ်နေလဲတို့၊ နက်ဖြန်ရော အလုပ်ကိစ္စတွေလား၊ ဧည့်သည်နဲ့တွေ့ဖို့လိုမျိုးလား၊ ဘာလား ညာလားတွေပေါ့ဟယ်"

"အင်း"

"အိမ်မှာပဲ လုပ်စရာလေးတွေ ရှိလို့ပါတဲ့၊ အပြင်မထွက်နိုင်လို့ပါတဲ့၊ ဒါပဲပြောတယ်၊ ဘာတစ်လုံးမှ ထွက်မလာဘူး၊ သူ ငါတို့ကို အသိကိုမပေးတာဟ၊ မေ့နေတာမဟုတ်ဘူး"

"သေချာတာပေါ့"

"ငါတို့ကို သူ ဘလိုင်းကြီး လာမိတ်ဖွဲ့ပြီး ခင်ခင်မင်မင် တွဲသွားတွဲလာ နေလာတာ လေးငါးလကျော်ပြီပဲ၊ တစ်ပတ်မှာ သူ့ရဲ့ညနေပိုင်း နှစ်ရက်လောက်ကို ငါတို့ရထားတာပဲ၊ ငါတို့က အရေးမပါတဲ့ နေရာတော့ မဟုတ်လောက်တော့ပါဘူး၊ ချန်ထားရလောက်တဲ့ အဆင့်လို့လည်း ငါမထင်ဘူး"

"သူဖိတ်မယ့် တခြားဧည့်သည်တွေက အဆင့်မြင့်လွန်းလို့ ငါတို့ကို ပွဲမထုတ်တဲ့ သဘောလား၊ ဒါမှမဟုတ် စီးပွားရေး အသိုင်းအဝိုင်းလောက်ကိုပဲ ရွေးဖိတ်တာမျိုးလား၊ ကျွေးမွေးရမယ့်သူမျိုးတွေကို မွေးနေ့နဲ့ ရောချလိုက်တာမျိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အဲလိုဆိုရင်လည်း ပြောရမှာပေါ့၊ စီးပွားရေးလောက,က လူကြီးတွေပဲ ဖိတ်မှာမို့ မင်းတို့ကို မခေါ်တော့ဘူးနော်၊ နောက်မှပဲ တစ်ရက်သပ်သပ်ကျွေးတော့မယ်လို့ အကျိုးအကြောင်းသင့် ပြောရင်ကော ငါတို့က မရဘူးလာမှာပဲဆိုပြီး ကလေးတွေလို ပူဆာမယ့်ဟာမျိုးတွေလား"

"ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ဟ"

"အင်း ... ဘာလဲ"

"ငါတို့ဟာ အခု ဇဝရတ်စကားပေါ်မှာ အခြေပြုပြီး တွေးနေကြတာလေ၊ မွေးနေ့ဆိုတာကတော့ မှန်နိုင်တယ်၊ ပွဲလုပ်ဖို့ရှိတယ်ဆိုတာကကော ဟုတ်ကော ဟုတ်ရဲ့လား၊ သူ့ဟာသူ ဘာပွဲမှမလုပ်ဘဲနဲ့ အိမ်မှာ တခြားအရေးကြီးကိစ္စရှိနေတာမျိုးရော ရိုးရိုးသားသား မဖြစ်နိုင်ဘူးလား"

"ဘယ်ပြောနိုင်မလဲ၊ ဖြစ်ရင် ဖြစ်နိုင်တာပဲ"

"အေး ... အဲလိုဆိုရင် ငါတို့ အခုအစာမကျေနေ့တာတွေက အပိုပဲ"

"ဒါပေမဲ့ အမှန်က ဘာလဲသိရသင့်တာပေါ့၊ ပွဲရှိတယ် မဖိတ်တာဆိုရင်တော့ ဘာဖြစ်လို့လဲဆိုတာ သိခွင့်ရချင်သေးတာပေါ့"

"ပွဲသာရှိတယ်၊ ချန်ခဲ့တာ ဆိုရင်တော့ ဒီလူကြီး ငါတို့ကို သက်သက်လာလှည့်စား အရူးလုပ်နေတာပဲ"





"အေး ... ဘယ်သူ့ကိုမှ ဘာမှ အတိအလင်း မပြောပေမယ့် ငါ့ကိုလည်း မသိမသာ စိတ်ကူးယဉ်ချင်စရာ စကားလုံးလေးတွေ အမှတ်တမဲ့ ပစ်သွင်းတတ်တယ်ဆိုတော့ နင့်ကိုလည်း ဒီလိုပဲ နေမှာပဲ"

"ဟုတ်တယ်၊ တစ်ယောက်တည်းချင်း ဆိုင်မှာတွေ့ရင် ဖုန်းပြောရင် မထိခလုတ် ထိခလုတ်လေးတွေ ထည့်တတ်တယ်လေ"

"နှစ်ယောက်လုံးနဲ့ ပြိုင်တူတွေ့ရင်ကျတော့ မခုတ်တတ်တဲ့ ကြောင်ကြီးလို နေပြန်ရော၊ ဟိုလိုလို ဒီလိုလိုနဲ့ ငါတို့ကို သက်သက်မဲ့ အရူးလုပ်နေတာလို ဖြစ်နေပြီ"

"ငါတို့ကလည်း သူစ,ချဉ်းကပ်တာနဲ့ မျက်ကလဲဆန်ပျာတွေဖြစ်ပြီး ဟန်မဆောင်နိုင်အောင် ချက်ချင်းလက်ခံရင်းနှီးမိတယ်"

"ကျွတ် ... ဟုတ်တယ်၊ လုံးဝအိုက်တင်မခံမိဘူး"

"ငါတို့က အစ်ကိုကြီးအပေါ် ယုံကြည်မှု လွန်ကဲနေတာဟ၊ ဟိုင်းဘော့စ်ကြီးက ငါတို့ထက်သာတာ ငယ်တာချောတာလေးတွေလည်း ရနိုင်ရက်နဲ့ ငါတို့ကို ချဉ်းကပ်လာတယ်ဆိုတာကိုပဲ အံ့သြဘနန်းနဲ့ ယောက်ယက်တွေခတ်မိတာကိုး"

"ဒါဖြင့် သူ့ရဲ့အတွင်းပုံရိပ် အမှန်က ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သိချင်တယ်"

"ငါတို့မှာတော့ ဈေးကြီးတဲ့နာရီကြီးတောင် ဝယ်ထားမိပြီ"

"ဒီလိုလုပ်မလား"

"ဘယ်လိုလဲ"

"ဝယ်ပြီးတဲ့ တူတူပဲလေ၊ ငါတို့ နက်ဖြန် သူ့အိမ်ကိုခေါ် တည်တည် သွားလိုက်ကြမလား"

"သွားပြီး ဘာလုပ်ရမှာလဲ၊ ပွဲရှိနေရင် ကိုယ့်လည်းမဖိတ်ဘဲ နဲ့ ရှက်စရာကြီး"

"ပွဲရှိမှန်း ငါတို့ကို သူ မပြောတဲ့အတွက် ငါတို့မှမသိတာ မသိဘဲ ရောက်လာမိတယ်ပေါ့၊ နာရီကိုဝင်ပေးပြီး ပြန်ကြ တာပေါ့၊ ဒါပေမဲ့ အစစအရာရာ ဘာကအမှန်လဲဆိုတာ ကိုယ့်မျက်စိနဲ့ တွေ့ရတာပေါ့"

"သူ့အိမ်လိပ်စာကို အတိအကျမှ မသိတာ"

"အင်းလျားလမ်းဆိုတာ သိနေတာပဲလေ၊ သူ့လမ်းသွယ် ထိပ်က '......'လေ၊ အဲဒီလမ်းသွယ်ထဲ ဘယ်နှခြံရှိမှာမို့လဲ ပြီးတော့ ငါတို့သိထားတဲ့ အချက်အလက်တွေအရ ခြံထဲ မှာ ရေကူးကန်ရှိတယ်"

"အင်း ... ဟုတ်တယ်"

"ဂိတ်မှာလည်း ဂိတ်ရုံလေးနဲ့ အစောင့်ရှိတယ်၊ ပါးစပ်ပါ တာပဲဟယ်၊ ရှာမတွေ့ဘဲ မနေပါဘူး"





"အင်း ...၊ ပွဲသာလုပ်နေရင် ပိုတောင်ရှာတွေ့ဖို့ လွယ်သေး တယ်"

"ဒါဆိုလည်း ငါတို့ နက်ဖြန်ချိန်းပြီး အတူသွားလိုက်ကြ တာပေါ့"

"သွားမိတယ် ရှိမှတော့ ငါကတော့ နဂိုတည်းက သူဖိတ် ရင်ဝတ်ဖို့ ရည်ရွယ်ထားတဲ့ လှလှပပလေး ဝတ်လာမယ်၊ ကြိုပြောထားတာ၊ တော်ကြာ နင်က ခပ်စုတ်စုတ် ဝယ်လာ မိရက်သားဖြစ်ပြီး ငါ့ကို မပြောရကောင်းလား အပြစ်တင် နေဦးမယ်၊ မပြောမရှိနဲ့"

❤ ✌ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ပိုးက စနေညနေမှာ အရေးကြီးသည့်သည် ဗီအိုင်ပီ တစ်ယောက်ကို ရှေ့ဖယ်ပစ်ဖို့ မဖြစ်နိုင်၍ အိမ်တစ်ခေါက်ပြန် ရေမိုးချိုး ပြင်ဆင်လဲလှယ်ဖို့ အချိန်မရှိလေရာ သူ့ဆိုင်မှာပဲ ရေချိုးပြင်ဆင်လိုက်ရပါသည်။

သိမ့်နဲ့လည်း ချိန်းပြီးသား။ သိမ့်က ပိုးကို ဆိုင်မှာပဲ လာခေါ်လိမ့်မည်။ ပိုးသည် ဗီအိုင်ပီအန်တီကို ဆံပင်ဆက်တင်တွေ ဖြုတ်ပြီး သေသပ်အဆင့်မြင့်သော ဆံထုံးလေး ထုံးဖွဲ့ပေးနေရင်း နာရီလေး မသိမသာ မော့ကြည့်ရသေးသည်။

"ပိုးလည်း သွားစရာရှိတယ်ဆို ဟုတ်လား၊ ခုန မျက်နှာ ပြင်ပေးရင်း မတူးက ပြောနေတယ်"

တကယ်တော့ ဒီအန်တီ ပိုးသွားစရာရှိမှန်းသိကာ အားနာပြီး တစ်မျိုးပြီးတစ်မျိုး မရစ်အောင် ပြင်ခိုင်းနေတာမျိုးမရှိအောင် ကိုယ့်ဝန်ထမ်း မတူးကို မသိမသာ ပြောပြပေးဖို့ မှာထားရတာပါ။





"အဟင်း ဟင်း ... ဟုတ်ကဲ့ အန်တီ"

"ဘယ်အချိန်လောက်လဲ၊ နီးပြီလား"

"စစ်စ်သာတီပါ အန်တီ၊ ရပါသေးတယ်၊ အဲဒါကြောင့် အန်တီ့ကိုလည်း စောစောလေးလာဖို့ မလွဲမရှောင်သာ ခေါ်ရတာပါ၊ အားတောင်နာပါတယ် အန်တီရယ်"

"အို ... ရပါတယ်၊ အန်တီကလည်း အားနာပါတယ်၊ အန်တီကလည်း ပိုး ထုံးထုံးပေးတဲ့ အဲဒီ အပျောက်ဆံထုံးလေးပဲ ကြိုက်လွန်းလို့၊ သူများတွေထုံးရင် ပိုးလိုသဘာဝ ကျကျလေး မနေဘူး၊ တင်းတောင့်တောင့်ကြီး ဖြစ်ဖြစ်နေတတ်တာ"

"ဟုတ်ကဲ့ အန်တီ၊ ပိုးကလည်း အန်တီ့အကြိုက် သိနေတာလေ ... ဟင်း ... ဟင်း"

"ဒါနဲ့ ပိုးရဲ့ပွဲကလည်း စစ်စ်သာတီဆိုတော့ အန်တီသွားရမှာနဲ့များ တိုက်ဆိုင်နေလား၊ ပိုးက ဘယ်သွားရမှာလဲ"

"ဩော် ... ဟို ... သူငယ်ချင်းမွေးနေ့ပွဲလေးပါ အန်တီ"

"ဩော် ... ဒါဆိုရင်တော့ မတူပါဘူး၊ အန်တီကတော့ ဆောက်လုပ်ရေးတစ်ခု ကွန်ထရက်လက်မှတ်ထိုးပွဲ ဒင်နာလေးပါ၊ အန်ကယ့်လ်ကို ဖိတ်ထားလို့၊ အန်တီပါကြွရမှာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"တူတူ ... တူတူ ..."

ဖုန်းမြည်သံက အန်တီကြီးရဲ့ လက်ကိုင်အိတ်ထဲ
ထွက်ပေါ်လာတာမို့ ပိုးက ရှေ့မှန်တင်ခုံစင်လေးပေါ်က လက်
အိတ်ကို တရိုတသေ ယူပေးလိုက်ပါသည်။

"ဟယ်လို"

"အန်တီ ... ဇေရတ်ပါခင်ဗျ"

"ဩော် ... အေး ... ကိုဇေရတ် ပြောပါ"

"ကျွန်တော် ဘဘကို ကွန်ဖမ်းမ်လုပ်တော့ ဘဘက
ရုံးကပဲတန်းပြီး ထွက်လာမှာလို့ ပြောလို့ပါ၊ ရုံးမှာပဲအ
အစားလဲပြီး ထွက်မှာဆိုလို့ ကျွန်တော်က အန်တီ့ကိုလ
လာစေချင်တာလေ၊ အဲဒါ"

"လာမှာ ... လာမှာ၊ အန်တီလာမှာပါ ကိုဇေရတ်"

"ဒါဖြင့် ဘဘက ရုံးကထွက်လာမယ်ဆိုတော့ အန်တီ
ဖို့ အဆင်ပြေရဲ့လားခင်ဗျာ၊ ကျွန်တော် အန်တီ့ဖို့
လွှတ်ပေးမလို့ပါ အန်တီ"

"ပြေတယ် ... ပြေတယ် ကိုဇေရတ်ရေ၊ ကျေးဇူးပါပဲ
အိမ်က ဦးစောကိုလည်း ဒီညချောဆွဲထားတာလေ၊ မော
မယ့်သူ ရှိပါတယ်"





"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ သေချာရင် ဝမ်းသာသွား
ပါပြီ အန်တီ"

"သေချာတယ်၊ အခု ဆံထုံးတောင် ထုံးနေပြီ ... ဟင်း
ဟင်း ဟင်း"

"ဟုတ်ကဲ့ပါ အန်တီ။ ဒါဆို ကျွန်တော် ဖုန်းချလိုက်ပြီ
နော်"

"အေး ... အေး"

အန်တီကြီးက ဖုန်းပိတ်ရင်း ...

"ပွဲရှင်လေ၊ အန်ကယ်ရော အန်တီရော မအားမှာသိပ်စိုး
တာ၊ လှုငယ်လုပ်ငန်းရှင်ပေမယ့် တော်တယ်၊ ဒီကလေးက"

စကားတွေကို ဒီဘက်ကတော့ အကုန်ကြားနေရတဲ့
ဇဝေဇဝါ မျက်မှောင်တွန့်တွန့်လေးနှင့် ...

"ဟို ... အန်တီရယ်၊ စပ်စုတယ် မထင်ပါနဲ့နော်၊ ကိုဇေရတ်
ဆိုတာ ဟို ... Asia ......"

"ဟုတ်တယ်၊ Asia Beauty Constructione လေ၊ အဲဒီ
ကိုဇေရတ်ပေါ့"

"ဩော် ... သူက အဲဒီဆောက်လုပ်ရေးမှာ ဘာရာထူးပါလဲ
အန်တီ"

"ဟင် ... ဘာရာထူးကမှာလဲ ပိုးရဲ့၊ ပိုင်ရှင်လေ၊ Asia
Beauty သူ့ငွေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ရှင်"

"သူ့အဖေက တစ်ကုမ္ပဏီသတ်သတ်၊ Imoprt & Export လုပ်တာ၊ သူက သူ့ဟာသူ Consrtuction လုပ်တာ၊ အတော်ကြီးကျယ် အောင်မြင်တာ၊ တော်တယ်၊ တော်တယ်၊ လူငယ်လေးပဲ ဘာရှိဦးမှာလဲ နှစ်ဆယ့်ရှစ်ကိုးပေါ့၊ သုံးဆယ် မရှိသေးဘူးလေ"

"ဩော် … ဟို … ဟုတ်လား အန်တီ၊ ဩော် …"

ပိုးသည် ကယောင်ကတမ်းနှင့် အတော်ကြီး အံ့အားတသင့် ဖြစ်သွားပါသည်။ အဲဒီရုပ်လက်တို့ ချည်ပုဆိုးလေးနဲ့လူကလေ။

"ဒါ … ဒါပေမဲ့ သူက နေတာထိုင်တာ ဝတ်စားဆင်ယင်တာ အရမ်းရိုးတယ်နော် အန်တီ၊ ခပ်ကုပ်ကုပ်ပဲ နေတတ်တာလားလို့"

"ဟုတ်ပ၊ သူ့စတိုင်က အဲဒီအတိုင်းပဲ၊ ရေပြည့်တဲ့အိုး အသီးပြည့်တဲ့အနှံပေါ့ သမီးရယ်၊ ရိုးရိုးပဲနေလည်း အကြောင်းသိတဲ့ သမီးရှင်တွေကတော့ ဝိုင်းဝိုင်းလည်နေတာပါပဲ ဩော် … ပိုးနဲ့လည်း ခင်တယ်လား"

"ဟို … ဟို … အခင်လှကြီးတော့ မဟုတ်ပါဘူး အန်တီ နည်းနည်းပါးပါး သိရုံပါပဲ"





ပိုးသည် အန်တီကြီး ပြန်သွားမှ ရေကမန်းကတန်း ဝင်ချိုးရင်း စိတ်တွေလှုပ်ရှားကာ အယောင်ယောင် အမှားမှားပင် ဖြစ်နေပါသည်။ သူက သူဌေးလေးတဲ့။ အနီးဆုံးမှာ ကျနေတဲ့ ရွှေထုပ်ကြီးကို အပြင်ကထုပ်ထားတဲ့ ပုဆိုးစုတ်ကြည့်ပြီး ကိုယ်တွေက အမှိုက်ထုပ် အစုတ်ထုပ် ထင်နေမိတာပါလား။

အင်းဟင် …။

တကယ်တမ်းတော့ သူ ပြုံးလိုက်တတ်တဲ့ သန့်စင်ကြည်လင်တဲ့ အပြုံးကလေးကို ပိုးရဲ့စိတ်ရင်းအမှန်က နှစ်လိုမိခဲ့သားလေ။ သူ ပြုံးပုံလေးက ချစ်မွေးပေါက်စေတယ် လို့တော့ တွေးတွေးမိသား။ သူ့ကို Asia Beauty က ဝန်ထမ်းလေးပဲထင်နေမိတော့ အချိုကြီး အမြင့်ကိုသာ မှန်းချင်တဲ့ ပိုးတို့က အရေးတယူ နေရာမထားချင်ခဲ့ကြတာလေ။

ကြည့်စမ်း … ကြည့်စမ်း …။

လက်မတင်လေး။ လက်မတင်ကလေး ကပ်သိ‌သွားတာပါလား။ ဘာပဲဖြစ်ဖြစ် သင်းကိုလည်း သိပ်ပစ်ပစ်ခါခါ ဆက်ဆံလို့ မဖြစ်တော့ဘူးလေ။ ဒါပေမဲ့ သင်းကလည်း အစ်ကိုကြီးအတိုင်းပါပဲ။ သူ့လိုလို ငါ့လိုလို။ နှစ်ယောက်စလုံးကို တစ်ပြိုင်နက် လိုးနေတာပဲ။

ဘုရားရေ …



www.burmeseclassic.com

www.burmeseclassic.com



ပိုးနဲ့သိမ့်တို့နှစ်ယောက်ရဲ့ ကံကြမ္မာကလည်း ဘယ့်နှယ်ပါလိမ့်။ ဓာတာနဲ့ စန်းလာဂ်တွေတက်နေတဲ့နှစ်လို့ပဲ ပြောရမလား။ လျှမ်းလျှမ်းတောက် သူဌေးနှစ်ယောက် အပြိုင်ချဉ်းကပ်တာကို ခံနေရတာပါလား။

“တီတီ … တီတီ”

ဖုန်းမြည်သံက သိမ့်ထံမှဖုန်းကို သီးသန့်ခွဲသိအောင်ထားတဲ့ တီးလုံးဖြစ်ရာ ပိုးက ချက်ချင်းဖွင့်ရင်း …

“ဟဲ့ … သိမ့်”

“ငါလာနေပြီနော်၊ နင် ရယ်ဒီလား”

“အမယ် … နင်တောင် နောက်ကျနေသေးတယ်”

“ငါရွှေဂုံတိုင်မီးပွိုင့် ရောက်နေပြီနော်၊ ဟင်း”

“နင် ရွှေဂုံတိုင်ပြောရင် ခုလောက်ရှိ နင့်အိမ်က ခုမှစထွက်တာဖြစ်မှာ၊ နောကြေပြီးသား မိန်းမ၊ နော်”

“ဩော် … တကယ် ရွှေဂုံတိုင်နား နီးလာပြီဟဲ့၊ နင် ဆိုင်ဝထွက်ရပ်နေ”

ပိုးက ဝေရတ်အကြောင်း သိမ့်ကို အသိပေးဖို့သင့်မသင့် စဉ်းစားနေမိပါသည်။ တကယ်လို့ ကိုယ်က အသိမပေးလည်းပဲ မကြာခင်မှာ သိမ့် သိသွားဖို့ သိပ်မခဲယဉ်းသလို ကိုယ်ဘယ်လိုလျှို့ထား လျှို့ထား ဝေရတ်ရဲ့ဦးတည်ရာဟာ ကိုယ့်ထံမဟုတ်ရင် အလကားပဲ။ ပြီးတော့ သိမ့်က အစ်ကိုကြီးကိုဗသက်





ခွေးနေ့ကို သူ သိသိချင်း ပိုးကို သစ္စာရှိရှိ ချက်ချင်းပြောထားတဲ့ အဖြစ်အပျက်ကလည်း ပူပူနွေးနွေးမို့ ပိုးက သူသိထားကဲ့အတင်းကို တစ်ယောက်တည်း မြိုထားဖို့ လိပ်ပြာမလုံဖြစ်ကာ …

“မိသိမ့် … ငါပြောစရာရှိတယ်”

“တွေ့မှပြောလေ … ဒါပဲ”

“ဟဲ့ … ငါ ဆယ်မိနစ်လောက် မအောင့်နိုင်ဘူး”

“ဘာ”

“လုံးဝမအောင့်နိုင်ဘူး၊ ချက်ချင်းပြောရမှ ဖြစ်မယ်”

“ငါ ကားမောင်းနေတယ်နော်၊ ဟိုတစ်ခါလည်း နင်ဒီလိုလုပ်လို့ ငါ ဝေရတ်နဲ့ သွားဖူးစာဆုံရပြီးပြီ၊ အခု တစ်ခုခုတိုက်မိရင် ဝေရတ်တို့ဆိုက်နားမှာ မဟုတ်ဘူးနော်၊ လာကယ်မယ့်သူ မရှိဘူးဟဲ့”

“အေး … အဲဒီ ဝေရတ်အကြောင်းပဲ ပြောမှာ”

“သူ့အကြောင်းက တစ်မိနစ်မအောင့်နိုင်အောင် ဘာအရေးပါစရာရှိလဲ”

“ငါပြောလိုက်မှ နင်လန့်ပြီး အက်ဆီးဒန့်ဝ် မဖြစ်စေနဲ့နော်”

“တယ်ဆိုတဲ့ စာပါလား … အဟိ၊ သူ့သတင်းက ငါ့ကို ရင်တုန်ပန်းတုန် ဖြစ်စေမှာမို့ ငါက ကားဘောင်ဘိုက်ယူရမယ်လား … ခွိ”



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ ... နားထောင်၊ ဝေရတ်က Asia Beauty ပိုင်ရှင် သူဌေးဟဲ့"

"ဘာ ... ဘာ"

"Asia Beauty ဝန်ထမ်းမဟုတ်ဘူး၊ သူက ပိုင်ရှင်၊ သူ့ အဖေမဟုတ်ဘူးနော်၊ သူကိုယ်တိုင်သူဌေး"

ပိုးက သူသိလိုက်ရပုံကို လုံးစေ့ပတ်စေ့ ပြောလိုက် ပါသေးသည်။

"ဘာ ... ဘုရားရေ ... ဘုရား ... ဘုရား ... တိုက်မိအောင် မှာပဲ သီသီလေး၊ မိပိုး ... ငါ့ကိုကားတိုက်သေပြီး နင် ဘက်ကင်းအောင် လာအကောက်ကြံနေတာ မဟုတ်လား"

"ယုံတာ မယုံတာ နင့်ကုသိုလ်၊ ငါက နင့်ကိုသစ္စာမရှိရာ မှာစိုးလို့ ပြောပြရတာ၊ ဒါပဲ ... ဖုန်းချပြီ"

"ဟဲ့ ... ဟဲ့ ... နေဦး ... လူဆိုးမ"

သိမ့်သည် လိုင်းပြတ်သွားတဲ့ဖုန်းကို အားနာ လှမ်းပစ်ပြီး ပါးစပ်လေးတောင် အဟောင်းသားဟအောင် အံ့ မိ အရှိုက်ထိနေပါသည်။

Asia Beauty ရဲ့ ပိုင်ရှင်သူဌေး။ ကြားသားမိုး ဒီတော်ရိလျော်ရိ လူကလေ။ လောကကြီးမှာ မဖြစ်နိုင်တာ ရှိမလဲ။ ဟိုတစ်နေ့ကပဲ ဝေရတ်ကို အလွန်မော်ဒယ်လ် ဂယ်နံ့ပါတ်ကားမည်းကြီးပေါ် လှမ်းတွေ့လိုက်သလိုရှိပြီး မရှားတာ ဖြစ်မှာပါလေလို့ ယူဆလိုက်မိသေးတာ။





တော်ရိလျော်ရိ အဝတ်အစား ဝတ်ထားလို့ လူချမ်းသာမဟုတ်ဘူးလို့ ဘယ်လိုလုပ်ပြီး ပြောလို့ရမလဲ။ လူဆိုတာ ကိုယ့်ဉာဉ်နဲ့ကိုယ်။ ရှိုးပေးတတ်သူက ပေးချင်ပြီး ကုပ်ကုပ်နေသူက နေတာပဲ။

ဘုရားရေ ...။

ဒီလိုဆိုရင်ဖြင့် ပိုးပုလဲနဲ့ သိမ့်သိမ်မွေ့တို့ ဇာတာစန်းလာဂ်တွေ တက်ချင်တိုင်း တက်နေတဲ့သဘောပေါ့။ ဒိတ်ဒိတ်ကြဲ ဂရိတ်သူဌေးနှစ်ယောက်က တစ်ပြိုင်နက် ချဉ်းကပ်နေတာ။ သို့သော်လည်းပဲ ဤအနီးသူဌေးနှစ်ယောက်ဟာ ဘယ်သူ့ကိုရယ်လို့ အတိအကျ ရည်ရွယ်ပုံလည်းမပြ။ ဂဏန်းတွေ မသဲမကွဲ ပျက်နေတဲ့ ထီလက်မှတ်ကြီးနှစ်စောင် ကျနေတာပဲ။

တိစ္စမရှိပါဘူးလေ။ ဟိုဘက်နှစ်ယောက် ဒီဘက်နှစ်ယောက်ဆိုတော့ အဝေတော့တည့်သား။ မိပိုးက အစ်ကိုကြီးမှ အစ်ကိုကြီးဆိုလည်း ကိုယ်က ဝေရတ်ပေါ့လေ။ အစ်ကိုကြီးက သိမ့်မှသိမ့်ဆိုရင်လည်း ဝေရတ်ကို မိပိုးယူ။ အင်း ...။ အရေးကြီးတာက ဟို ... သူကောင်းသားနှစ်ဦးဟာ တစ်ဦးတည်းကိုပဲပြိုင်လုမနေဖို့။

ဒါကိုတော့ ပိုးနဲ့သိမ့်တို့ လက်တွဲညီညီ ကြိုးပမ်းယူရမှာပဲ။ ခုမှ ပွဲပိုကောင်းသွားပြီ။ အရင်ကတော့ တစ်ယောက်တ



www.burmeseclassic.com

www.burmeseclassic.com



မလွဲမရှောင်သာ ကျန်ရစ်ဖြစ်ရမယ့် သဘောတွေရှိနေသည်။ ဒီက ရှေ့ကို ပိုးနဲ့သိမ့် သိပ်ငြင်းခုန် ရန်ဖြစ်လို့မဖြစ်။ ပွင့်ပွင့်လင်းလင်း တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေးရှိမှ ဖြစ်မည်။

သိမ့် ပိုးရဲ့ဆိုင်ရှေ့ရောက်လျှင် ပိုးက အချိန်မှန်းပြီး ဆိုင်ဝတောင်ထွက်ရပ်နေပြီ။

ကားတွေ ပိတ်နေတာနှင့် မှောင်ရီတရောတောင် ဖြစ်သွားတာကြောင့် သူ့ကားပေါ် အပြေးလေးတက်လာတဲ့ ပိုးကို ကားပေါ်ရောက်မှပဲ သဲသဲကွဲကွဲ တွေ့ပါသည်။

"ဟင်"

"ဟောတော်"

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

"နင်ကိုက ငါ့စိတ်ကိုများ ဖတ်နိုင်နေလား"

"ငါကြိုက်တာ ငါဝယ်တာဟဲ့ သိရဲ့လား၊ ငါ ဝယ်နေတုန်း နင် နောက်ကွယ်နားကနေ တွေ့များ တွေ့သွားသလား"

"ဘာမှမဆိုင်ဘူးနော်၊ နင် ဘယ်ကဝယ်တာလဲ"

"ငါက လပြည့်ဝန်း '......'ကဝယ်တာ"

"စိတ်ချင်းက ဘယ်လောက်ဆက်နေလဲဆို '......'ဆိုင်ချင်းတော့ တူလိုက်သေးတာပဲ၊ ဒါပေမဲ့ ငါက ကက်ပီတယ်လ် ဟိုက်ပါမားထဲက '......'ဆိုင်"





"ဆိုင်ချင်းတူနေမှတော့ ချွတ်စွတ်ဖြစ်နေတာ မဆန်းတော့ပါဘူးလေ"

နှစ်ယောက်သား သက်ပြင်းချမိရအောင်ပင် မနေ့ကမှ ပြေးလွှားဝယ်ခြမ်းလိုက်တဲ့ ရယ်ဒီမိတ်အင်္ကျီအသီးသီးက ချွတ်စွတ်ကျအောင် ပုံစံရော အရောင်ရော ဆင်တူဖြစ်နေခဲ့တာပါ။

ကွဲတာလေးက ပိုးက အောက်ကစကတ်အနက်တုပ်ဘုပ်လေးနဲ့ ဝတ်ထားပြီး သိမ့်က အလတ်စတစ်ဂျင်းအနက်ကောင်းနီးနဲ့ တွဲဝတ်ထားတာပါ။

"ကဲ ... ဘယ်လိုလဲ၊ ယိမ်းကတာ ကျနေတာပဲ၊ နင်ပြန်လဲမလား"

"ဘယ်လိုလုပ်လဲမလဲ၊ ဆိုင်ထဲမှာ ငါ့အင်္ကျီဟောင်းပဲရှိတော့တာ၊ တခြားလည်း ဝတ်စရာအဆင်ပြေပြေမှ မရှိတာ၊ လဲချင်းလဲ နင်ပြန်လဲမှ"

"အို ... အိမ်ပြန်လဲနေရမှာ မလဲချင်တော့ပါဘူး၊ အိမ်မှာလည်း ဝတ်ပြီးသားတွေချည်းပဲ၊ ဒါလေးပဲ မနေ့ကမှဝယ်လို့ အသစ်ဆုံး"

"ငါလည်းတူတူပဲ၊ ကျန်တဲ့ဝတ်စုံတွေက နွမ်းပြီးသားတွေ၊ ပြန်လဲမနေတော့ဘူး"

"ဒါဖြင့် ဆင်တူကြီးဖြစ်လည်း ဖြစ်ပေါ့"

"ဒါပဲရှိတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



အင်းယားလမ်းထဲ ရောက်လာတဲ့အထိ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း သူတို့ရဲ့စိတ်ချင်း ဆက်သွယ်နေပုံကို အံ့အားတသင့် လက်မှိုင်ချနေမိကြပါတော့သည်။ ကြိုက်လိုက်ရင် တူတူချည်းပဲ။ ဒါ နိမိတ်များလား။

ကိုဗသက် စကားထဲမှာ အမှတ်တမဲ့ ပါလာဖူးတဲ့ သူတို့အိမ်ရှိရာ လမ်းသွယ်ထိပ်က '......'ဆိုင်ကိုတွေ့လျှင် ထိုလမ်းသွယ်ထဲ ချိုးကွေ့ဝင်လိုက်ကြပါသည်။ အဆုံးတစ်ဖက်မှာ ပိတ်သွားတဲ့ ထိုလမ်းသွယ်ဟာ သိပ်လည်းမရှည်လျား။ သူတို့ နေခက်ကျပြီး ညခုနစ်နာရီကျော်နေတာတောင်မှ လမ်းသွယ်ထဲ ခြံတစ်ခြံမှာ ညှော်ခံပွဲရှိတဲ့ အရိပ်အယောင်မျိုး ညှော်သည်ကားတွေ တန်းစီရပ်နေတာမျိုး မတွေ့ရ။

ခြံတစ်ခြံခြံမှာ ညှော်ခံပွဲရှိပြီဆို ခြံပြင်ကားလမ်းမ တစ်လျှောက်မှာ ညှော်သည်ကားတွေ စီတန်းမဆုံး ရှိတတ်တာ မဟုတ်လား။ ခုတော့ တိတ်ဆိတ်လို့။

"ဟဲ့ ... ဘာပွဲမှ ဘယ်ခြံမှာမှ ရှိပုံမပေါ်ပါလား"

"နင့်ကို ဝေရတ် နှိုးသွားပြီထင်တယ်"

"သူက နှိုးရအောင်ကလည်း အစ်ကိုကြီး ကိုယ်တိုင်က ဒီတစ်ပတ်ထဲ သူ့မွေးနေ့ရှိတာ ဟိုအရင်ကတည်းက စကားထဲ လွှတ်ခနဲ ပါလာတာပဲ"





"အင်းလေ ... ဝေရတ်ကလည်း သူ့အဆင့်အတန်းနဲ့သူပဲ၊ အလကား အာလူးပေးမယ် မထင်ပါဘူး"

"တရားကျတယ်နော်၊ အရင်က ဘာမဟုတ်တဲ့ ဝန်ထမ်း ထင်တုန်းက ဆိုရင်တော့ ဒီကောင် နှိုးသွားပြီလို့ ချက်ချင်း တွေးမှာပဲ၊ အဖြစ်အပျက်က ဒါပဲ၊ သူက အဆင့်မြင့်သွားတော့ ညာပြောတယ်တောင် မထင်ရဲတော့ဘူး၊ တရားကျတယ်"

"ကျမနေနဲ့၊ ဒါ သဘာဝပဲ"

ဘီးလိမ့်ရဲ့ မောင်းလာတဲ့ကားဟာ ခြံတစ်ခြံရှေ့က ဖြတ်ချိန်မှာတော့ ခြံထဲကလှပတဲ့မီးရောင်ကို မြင်လိုက်ရပါသည်။ ခြံစည်းရိုးမှာ နွယ်ပင်တစ်မျိုး တက်နေတဲ့ကြားက အဲဒီစိမ်းပြာပြာ မီးရောင်လှလှကို လက်ခနဲ လက်ခနဲ ဆလိုက်ထိုးနေသလို မြင်လိုက်ရတာနှင့် ဒါဟာ ရေကူးကန်တစ်ခုထဲက မီးရောင်နှင့် ရေပြင်အရောင်ဟပ်ပြီး လက်လာတဲ့ ရောင်ပြန်ဆိုတာ ချက်ချင်းသိလိုက်ကြပါသည်။

"ဟဲ့ ... ဒီမှာ ... ဒီမှာ"

"အေး ... အေး ... ဒါ ရေကူးကန်ပဲ"

နှစ်ယောက်သားဟာ ကားကို လမ်းဘေးကပ်ရပ်လိုက်ပြီး ကားပေါ်က ဆင်းလိုက်ကြပါသည်။ ဟုတ်ပါ့။ ဂိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဂိတ်ရုံအိမ်ကလေးနှင့်။ ခြံတံခါးသံပန်းရွှေရောင်ကြီးကတော့ ဘာနွယ်မှ တက်မနေ၍ ခြံထဲကို အတိုင်းသား လှမ်းမြင်နေရစေပါသည်။

ပိုးနဲ့သိမ့်သည် ဟိန်းနေတဲ့ နတ်ဘုံနတ်နန်း ရဲတိုက်ကြီးလို အိမ်ကြီးကို ပါးစပ်အဟောင်းသား ငေးကြည့်နေမိကြသည်။ ခြံဝင်းကျယ်ကြီးထဲမှာ အမှောင်ထု စိုးမိုးနေတာတောင် ပန်းပွင့် ပန်းပင် ပန်းခင်းလေးတွေကို မီးရောင်လက်လက်နှင့် မြင်နေရသည်။ ပြီးတော့ ရေကူးကန်ကြီး။ ပဲစေ့ပုံစပ်ကွေးကွေး ရေကူးကန် စိမ်းပြာလဲ့လဲ့ကြီးဟာ ရေအောက်မီးကြောင့် ညမှာ အရမ်းကို... နေသည်။

"မိသိမ့်"

"အင်း"

"ခုခေတ်ကြီးမှာ ဒီလိုအခြေအနေ ဒီလိုကြွယ်ဝပုံမျိုး ဒီလောက် တခမ်းတနား လျှမ်းလျှမ်းတောက်နေတဲ့ သူဌေး အစွယ်ကောင်းတစ်ယောက်က လူပျိုကြီးတော့ ဘဝမ... နဲ့မှ မဖြစ်လောက်ဘူးထင်တယ်"

"မဆိုးဖိုလား၊ တစ်ခုလပ်လားပဲ၊ နင်ပြောတဲ့အတိုင်းပဲ..."

"ဒါလည်း တစ်ခုခု လွဲနေသေးသလိုပဲ၊ သူလောက်အော... မြင်ကြွယ်ဝနေတဲ့ သူဌေးတစ်ယောက်ရဲ့ပုံစံက ..."





ရှက်ကန်းလိုလို လူတောမတိုးသလိုလို အဟာန့်ပျက်နေတဲ့ အမူအရာမျိုး ရှိပါ့မလား၊ ငါတို့လို ဘာမှမဟုတ်လှတဲ့ မိန်းမတွေကို ယဉ်ကျေး...ကတဲ့ ကျိုးယိုတဲ့ဆက်ဆံပုံမျိုး ရှိပါ့မလား"

"မသိဘူး၊ မစဉ်းစားဘူးဟာ၊ ခေါင်းပူရင်ဆံပင်ဖြူပေါက်လာလိမ့်မယ်၊ ဂိတ်မှာမေးလိုက်ရုံပဲ၊ ဒါ ဦးဗသက်အိမ်လားလို့"

"ဟုတ်ရင် ရှိရင် နင်ဝင်တွေ့မလို့လား"

"ညှော်ခံပွဲမှ ရှိမနေတာ"

"အစ်ကိုကြီးက ကိစ္စရှိတယ်လို့တော့ ပြောထားတယ်လေ၊ သူ မအားပါဘူးဆိုပြီး အပြင်ထွက်နေကျကိုတောင် ဖျက်ထားရက်နဲ့ ဖွတ်လိုက်လာကြည့်တာ ကောင်းပါ့မလား"

"ဟင် ... ဟဲ့ ... ဟဲ့ ... မိပိုး၊ နင် မြင်ရလား၊ ကန်ပေါင်မှာ ... ကန်ပေါင်မှာ"

သိမ့်ရဲ့အလန့်တကြား အသံကြောင့် ပိုးက ခါးလေး...င်ကုန်းကာ လှမ်းမျှော်ကြည့်လိုက်ပါသည်။

"အေး ... မြင်တယ်"

ရေကူးကန်ကြီးရဲ့ပေါင်တစ်ဖက် ကျောက်ပြားဖြူ...ကြီးတွေ ခင်းထားတဲ့နေရာမှာတော့ အဖြူရောင်စာ ပွဲလှလှလေး

www.burmeseclassic.com



တစ်လုံးနှင့် ပန်းကနုတ်ကျွေးတွေ အလှဆင်ထားတဲ့ ကုလားထိုင်အဖြူသုံးလုံး ချထားကာ ထိုသုံးနေရာမှာတော့ တစ်နေရာမှာ ကိုဗသက်၊ ကျန်တစ်နေရာမှာ လူဖြူဖြူဝဝတစ်ဦး၊ ကျန်တဲ့တစ်နေရာမှာတော့ ချစ်စဖွယ် လှပနုနယ်တဲ့ မိန်းမပျိုလေးတစ်ယောက်တို့ အသီးသီး ရှိနေကြပါသည်။

"အဲဒါ ဘယ်သူတွေလဲ မသိဘူး"

စားပွဲပေါ်မှာတော့ စားသောက်ဖွယ်ရာတို့နှင့် ဖယောင်းတိုင်သုံးတိုင် ဆင့်ကဲ ဆင့်ကဲ စိုက်ထူထွန်းညှိထားတဲ့ မီးတိုင်လှလှတစ်ခု ရှိနေပါသည်။

"ဘာပဲဖြစ်ဖြစ် သူ့မှာ ဧည့်သည်ရှိနေတာတော့ အမှန်ပဲ၊ ငါတို့ အထဲမဝင်ကြပါစို့နဲ့"

"ဒါပေမဲ့ နာရီဘူးကိုတော့ ပေးခဲ့မယ်ဟာ"

တီးတိုးလေးတွေ တိုင်ပင်နေကြဆဲ ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ ခင်ဗျ"

"အမယ်လေး"

တံခါးနား ကပ်ပေါ်လာတဲ့ တံခါးစောင့်ကလည်း ကုန်းကွကွချောင်းနေတဲ့ သူတို့နှစ်ယောက်ကိုလန့်၊ သူတို့ကလည်း ရုတ်တရက် ပေါ်လာတဲ့ တံခါးစောင့်ကိုလန့်။

"ဟို ... ဟို ... ဒါ ကိုဗသက် အိမ်လားလို့ပါ"





"ဩော် ... ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ဆရာကိုဗသက်အိမ်ပါပဲ၊ ကိစ္စရှိလို့လား၊ ကျွန်တော် သွားပြောလိုက်ရမလား ခင်ဗျ"

"ဟင် ... နေ ... နေ... ရပါတယ်၊ ဒီနေ့ သူ့မွေးနေ့ထင်တယ်"

"ဟုတ်တယ် ခင်ဗျ၊ ဒီနေ့ ဆရာကိုဗသက်မွေးနေ့ခင်ဗျ၊ ဩော် ... မိတ်ဆွေတွေထင်တယ်၊ ဝင်မလားခင်ဗျ"

"နေပါစေ ... နေပါစေ၊ ဒါ ... ဒါလေးသာ သူ့ကိုပေးပေးပါ၊ မွေးနေ့လက်ဆောင် လာပေးတာ သက်သက်ပါ"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဘယ်သူလာပေးသွားတယ် ပြောရမလဲ ခင်ဗျ"

"သူ့မိတ်ဆွေ အမျိုးသမီးနှစ်ယောက် ဆိုရင် သူသိပါတယ်"

"ဩော် ... ကောင်းပါပြီ"

"သွားဦးမယ်နော်"

နှစ်ယောက်သား ခပ်သုတ်သုတ် ကားပေါ်ပြေးတက်ကာ မောင်းထွက်လာခဲ့ကြပါသည်။

"သေချာပါတယ်ဟဲ့၊ ဆရာလည်းခေါ်တယ်၊ ဆရာကိုဗသက်အိမ်လို့လည်း ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညှော်သည်နှစ်ယောက်က သူ့အတွက် အရေးပါတဲ့ ညှော်သည်တွေပဲ သေချာတယ်၊ နှင် ဇေရတ်ကို မေးကြည့်ပါလား"

"ဩော် ... ဒီလောက်ထိတော့ သိပါ့မလားဟဲ့၊ နှင်က လည်း"

"သူက ကိုဇာသက်ကို သိပုံရပါတယ်ဟ၊ သိရလို သိရငြား ပေါ့၊ ဖုန်းဆက်မေးလိုက်စမ်းပါ၊ အရမ်းသိချင်လာပြီ၊ သူ မသိဟော့လည်း ပြီးရောပေါ့"

နောက်ဆုံးတော့ သိမ့်က ဖုန်းထဲမှာရှိနေတဲ့ ဇေရတ်ရဲ့ နာမည်နှင့် နံပါတ်ကိုရှာကာ ဖုန်းလှမ်းဆက်လိုက်ပါသည်။ အတော် ကြာမှ ဇေရတ်ရဲ့ဖုန်းမှ ထူးသံပေါ်လာသည်။

"ဟယ်လို ... မသိမ့် ... ပြော"

"ဩော် ... ဟိုလေ ကိုဇေရတ် အလုပ်တော့ရှုပ်နေမလား မသိဘူး၊ တစ်ခုလောက် မေးကြည့်ချင်လို့ပါ၊ ရှင်က ကိုဇာသက်ကို ချောင်ကြိုချောင်ကြားက သိတယ်ဆို မဟုတ် လား၊ ကျွန်မတို့ အခု သူ့ကို မွေးနေ့လက်ဆောင်ပေးဖို့ သူ့အိမ်သွားတော့ ညှော်သည်နှစ်ယောက် ရှိနေတယ်ရှင့်၊ ဖြူဖြူဝဝ ခပ်ခန့်ခန့်လူတစ်ယောက်ရယ်၊ တော်တော်လှတဲ့ ကောင်မလေးတစ်ယောက်ရယ်"





"အဲဒါ သူနဲ့ လူကြီးချင်း သဘောတူထားတဲ့ ကောင်မလေး နဲ့ ကောင်မလေးအဖေပဲဗျ"

မေးခွန်းမဆုံးခင် ဖြေလိုက်တဲ့ ဇေရတ်စကားကြောင့် သိမ့်က အံ့သြဆွံ့အသွားခဲ့ရပါသည်။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်ရ ... မွေးနေ့လက်ဆောင် လာပေးသွားတဲ့ ညော့်သည်ကို မင်း တံခါးလေးဘာလေး ဖွင့်မပေးဘူးလား၊ ဗသက်ကိုလည်း လာမခေါ်ဘူး"

"မဟုတ်ဘူး ဆရာကြီး၊ ကျွန်တော်က ခေါ်ပေးမယ်လို့ ပြောပါတယ်၊ သူတို့ကိုက ပေးရုံပဲပေးသွားမယ် ဆိုလို့ပါ၊ တံခါးမဖွင့်နဲ့ ဆိုလို့ပါ"

ဗသက်က ဝင်းစိုး လက်ထဲက ဘူးကလေးကို ဇဝေဇဝါ လှမ်းယူရင်း ...

"ဘယ်သူက ပေးသွားတာတဲ့လဲ"

"ဆရာကိုဗသက်ရဲ့ မိတ်ဆွေအမျိုးသမီးနှစ်ယောက်လို့ ပြောရင် ဆရာကိုဗသက် သိပါတယ်တဲ့"

"ဟော"

အမြဲစိမ်း ပြောင်ချော်ချော်လေး ရေရွတ်လိုက်ချိန်တွင် ဗသက် မျက်နှာကြီးက ရဲပဒေါင်းခတ်တက် သွားပါသည်။ အဲဒီမျက်နှာကြီး ဖြစ်ပျက်သွားပုံကြောင့် အမြဲစိမ်းက မအောင့်နိုင်ဘဲ တဟက်ဟက် ရယ်မောပါတော့သည်။

"မိတ်ဆွေအမျိုးသမီး နှစ်ယောက်တဲ့လားကွ"

သူ့သမီး ရယ်မောနေ၍ ဦးစိုးမိုးက သူပါအူမြူးလာပြီး ရယ်ဟဟဆိုသည်။

"ဟာ ... အလကားပါ အစ်ကိုကြီး"





## ၁၃

"ဟော့ ... ဘာလဲကွ ဝင်းစိုးရေ"

ဂိတ်ရုံမှာစောင့်ရတဲ့ ဝန်ထမ်း ဝင်းစိုး အနားကပ်လာတာမို့ ဦးစိုးမိုးက လှမ်းမေးလိုက်တာ ဖြစ်ပါသည်။ ဗသက်က ကျောခိုင်းထားတာမို့ ဦးစိုးမိုးမေးမှ ဝင်းစိုးကို လှည့်ကြည့်လိုက်ပါသည်။

"ဟို ... ခြံဂိတ်မှာ လက်ဆောင်လာပေးသွားလို့ပါ ဆရာကြီး"

"ဘာလက်ဆောင်လဲကွ"

"ဆရာကိုဗသက်အတွက် မွေးနေ့လက်ဆောင်လို့ ပြောပါတယ်"

"ဟင်"

ဦးစိုးမိုးက အံ့အားတသင့်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အလကား မဟုတ်ဘူး ဆရာကိုဗသက်၊ အဲဒီအတိုင်း တကယ်ပြောသွားတာ"

"အေး ... အေး ... ရပြီ ဝင်းစိုး၊ ရပြီ ... သွားတော့"

ဦးစိုးမိုးက ဝင်းစိုးကိုပြောရင်း ...

"လုပ်ပါကွ ဗသက်၊ ဘူးကြည့်ရတာတော့ အထဲကပစ္စည်းက အဖိုးတန်မယ့်ပုံပဲ၊ ကဲ ... ဖွင့်ပါဦး၊ ကြည့်ရအောင်"

"ကိုကြီးဗသက် သမီးတစ်ဝက်နော်"

"ညည်းက ဘာလို့တစ်ဝက်လဲ"

ဗသက်က ရှက်ရမ်း ငုမ်းလိုက်ပါသည်။

"ဟင် ... သူတို့ကို ဘယ်သူဘယ်ဝါတွေပါဆိုတာ ကိုကြီးဗသက် သိအောင် သမီးက စုံစမ်းပြောပြပေးရတာလေ"

"ညည်းနဂိုတည်းက သိနေတာပါ၊ မစုံစမ်းရပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ သမီးပြောပြလို့ ကိုကြီးဗသက် အသင့်သွားနိုင်တာပေါ့"

သူ့သမီးရဲ့ပြုံးစိစိရုပ်ကို ဦးစိုးမိုးက အကဲခတ်ရင်း ...

"သမီးက ဒီအမျိုးသမီးနှစ်ယောက်ကို သိတယ်ပေါ့"

"ဟုတ်တယ် ဖေကြီး"

"ဟော့ကောင် ဗသက်၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဒါပေမဲ့ နှစ်ယောက်ဆိုတာကတော့ မလွန်ဘူးလားကွာ ... ဟားဟား"

"အာ ... အစ်ကိုကြီးကလည်း"





"ကဲ ... ဖွင့်လေ ကိုကြီးဗသက်"

"အေးလေကွာ၊ ဖွင့်လေကွာ"

ဗသက်က ဘူးကိုလက်လှမ်းရင်း ...

"သူတို့ကလည်း၊ မိန်းမတွေဆီက လက်ဆောင်ပစ္စည်း မလိုချင်လို့ မွေးနေ့ကိုတောင် ပြောပြမထားပါဘူးဆိုမ ဘယ်ကများ သိသွားကြလဲ မသိပါဘူး"

ရှက်ရမ်းရမ်းနှင့် ရေရွတ်နေပါသည်။ သူ့အစ်ကို ရင်းနှယ်လောက်တောင်မက ဦးလေးနှယ် အဖေနှယ် သူ့ဘဝရဲ့ ကျေးဇူးရှင်လည်းဖြစ်တဲ့ အစ်ကိုကြီးကိုစိုးမိုး ရှေ့မှာမို့ ဗသက်က လူငယ်လေးတစ်ယောက်နှယ် ပိုရှက်နေပါသည်။

ဦးစိုးမိုးရဲ့ရှေ့မှာ သူ့ရဲ့နှလုံးသားရေးရာကိစ္စဆန်ဆန် တွေကို ဒီလိုကြီး ဘွင်းဘွင်းဖွင့်ချပြောပြနေရတာကိုလည်း မျက်နှာ တွေ ပူနေပါသည်။ ပိုးနှင့်သိမ့်ကိုလည်း တကယ်ပင် သြချမိတာ ပါ။ အာဂအမျိုးသမီးတွေ။ ဘယ်ကနေ ဘယ်လိုစုံစမ်းသိရှိသွား ပါလိမ့်။

"ဟ ... ဟော့ကောင်၊ ဒါ နာရီဘူးကွ"

ဦးစိုးမိုးက မှတ်ချက်ချလိုက်စဉ် ဗသက်က ဘူးအဖုံးကို ဖွင့်လိုက်ပါသည်။

"ဟား"

"Wow"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးမိုးရော အမြဲစိမ်းပါ အံ့သြဘနန်း ရေရွတ်လိုက်ရအောင်ပင် နာရီလေးက လှပပါသည်။ ဘူးထဲက နေရာတကျလေးထဲ ကတ္တီပါစ အနီအုပ်ထားတဲ့ ဖော့တုံးမှာ ပတ်ထားတဲ့ အမည်းရောင်နာရီလေးကို ဦးစိုးမိုးက ကုန်းကြည့်ရင်း ...

"ဟာ ... အလက်ဇန္ဒားခရစ်စတီကွ"

လှပသော နာရီလေးကို ဗသက်လည်း သဘောကျမိပါသည်။

"ဟုတ်ကောင် ... တန်ဖိုးမသေးဘူးနော်၊ မောင်ဒယ်လ်အသစ်ဖြစ်ပုံရတယ်၊ ပုံကဆန်းသစ်တယ်၊ အနည်းဆုံး တစ်သိန်းခွဲနှစ်သိန်းပဲ ဗသက်"

ဦးစိုးမိုးက ဘူးထဲက ကတ်ပြားဖြူလေးကိုပါ ကောက်ကြည့်ရင်း ...

"အစ်ကိုကြီး ကိုဗသက်အတွက် မွေးနေ့မှာ ပျော်ရွှင်ပါစေ မွေးနေ့တစ်ရာတိုင်ပါစေ။ ပိုး၊ သိမ့် ဆိုပါလား"

"ဟီဟိ ... တို့ကိုကြီးဗသက်ကတော့ စွံတယ်ကွာ၊ လေးငါးခြောက်လအတွင်း မိန်းမနှစ်ယောက်လုံးက ပူးတွဲပြီး တန်ဖိုးကြီးပစ္စည်း လက်ဆောင်ပေးချင်တဲ့ သဒ္ဒါတရားပေါက်တဲ့ အထိအောင် အရည်အချင်းရှိတယ်၊ နော် ဖေဖေ"

"အင်း ... ဒီကောင် ပေါ့သေးသေးတော့ မဟုတ်ဘူး"





"ဘယ်ပေါ့သေးသေး ဟုတ်ပါ့မလဲ ဖေဖေရယ်၊ သူ့အရပ်ကြီးနဲ့ပေါင်က တစ်ရာ့ခုနစ်ဆယ် ကျော်နေပြီလေ၊ ဖေဖေ့ကို အမိုကပ်လိုက်နေတာ ... ဟား ဟား"

"လုပ်ပါဦးကွ ... ဗသက်ရာ၊ ပြောပြပါဦးကွ၊ မင်းကလည်း"

ဗသက်က အမြဲစိမ်းကို မျက်စောင်းထိုးရင်း ...

"ညည်းပဲ ပြောပြလိုက် ဇာတ်ဆရာမကြီး"

"မင်းဘဝထဲမှာ အမျိုးသမီးတွေ ဘာတွေ စိတ်ဝင်တစားဖြစ်လာအောင် ဒီလိုရင်းနှီးတဲ့ အမျိုးသမီး မိတ်ဆွေကောင်းကောင်းတွေ ရှိလာအောင် ငါ့သမီးက ဇာတ်ဆရာလုပ်ထားတာဆိုရင်တော့ ငါ့သမီးကို ငါ ကောင်းကောင်းဆုချရလိမ့်မယ်"

"ဟေး ... ဖေကြီးကွ"

အမြဲစိမ်းက လက်ခုပ်လေး တီးလိုက်ပါသည်။

"ပြောစမ်းပါကွ"

"ဟို ... ဟိုဟာပါ၊ ရိုးရိုးပါ အစ်ကိုကြီး"

"ဟုတ်ကောင် ... ငါက ရိုးစေချင်တာ မဟုတ်ဘူး၊ ဆန်းစေချင်တာ"

"ကျွန်တော်နဲ့ ဘာမှမဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်သေးပေမယ့် ဒီမွေးနေ့လက်ဆောင်ကို ကြည့်ခြင်းအားဖြင့် မင်းကို တန်ဖိုးထား အလေးထား ခင်မင်ကြတာ ပေါ်လွင်နေတယ်"

"ဖေဖေ ... ကိုကြီးဗသက်ကို စောင့်နားထောင်နေရင် တစ်လုံးထွက် နှလုံးထွက်နဲ့ နောက်နေ့မနက် မိုးလင်းသွားတော့မယ်၊ သမီးပဲ ပြောတော့မယ်၊ ပိုးဆိုတာက ပိုးပုလဲတဲ့၊ ရွှေဂုံတိုင်နားမှာ နာမည်ကြီး Beauty Spa တစ်ခုပိုင်တယ် ဖေဖေ၊ သိမ့်ဆိုတာက သိမ့်သိမ်မွေ့တဲ့ Branded အိတ်တွေ ဖိနပ်တွေ ရောင်းတာ၊ ဆိုင်ခွဲတွေ သုံးခုတောင် ဖွင့်ထားတယ် ...

နှစ်ယောက်လုံး ကိုယ့်စီးပွားရေးကိုယ် ဦးဆောင်လုပ်ကိုင်နေတဲ့ ထက်မြက်တဲ့ အမျိုးသမီးတွေချည်းပဲ၊ ပိုက်ဆံလည်း ရှာနိုင်ကြသလို ရုပ်တွေလည်း လှပကြတယ်၊ သူတို့နှစ်ယောက်က အမြဲတမ်းတွဲတဲ့ သူငယ်ချင်းအရင်းနှစ်ယောက်ဆိုတော့ ကိုကြီးဗသက်လည်း စ,လုံးကတည်းက နှစ်ယောက်ပူးနဲ့ ဖြစ်နေတာ ...

ကြည့်ရတာ ဖေဖေ့ကိုကြီးဗသက်က တစ်ယောက်ရွေးထုတ်ဖို့ မလွယ်မကူ ခက်ခဲနေတယ် ထင်တယ်၊ ပထမတော့ ကိုကြီးဗသက် ရွေးလို့မပြီး ဖြစ်နေတယ်လို့ သမီးက ထင်နေတာ"





"နောက်တော့ ဘယ်လိုဖြစ်နေလဲ"

"ဖေဖေကြည့်လေ၊ တန်ဖိုးကြီးကို နှစ်ယောက်စပ်တူပေးတာ တစ်ယောက်ကိုတစ်ယောက်လည်း အပိုမခံ အကြောမခံသလို ဖြစ်နေသလို နှစ်ယောက်လုံးကိုက ကိုကြီးဗသက်ကို မျှော်လင့်ချိန်ရွယ်နေပုံပဲ၊ ကိုကြီးဗသက်တော့ တစ်ယောက်ကို ဖြတ်ချန်ထားရစ်ခဲ့ရမှာ အားနာနေရပြီထင်တယ်"

"ဟား ဟား ... ဟုတ်လား ဗသက်"

ဗသက်က ခေါင်းဖွဖွကုတ်ကာ ...

"အဲ ... အဲဒီသဘောပါပဲ အစ်ကိုကြီး ... ဟဲ ဟဲ"

"မင်းကလည်း မိန်းမတွေ ကျချင်စရာ စတိုင်ကြောဖြောင့်တာကိုးကွ၊ မိန်းမတွေက ကျချင်ရက်နဲ့ မင်းကစိတ်မဝင်စားခဲ့တာ၊ ခုတော့ စိတ်ဝင်စားမလိုရှိမယ် ကြံပြန်တော့လည်း နှစ်ယောက်ပူးထဲက ရွေးမရဘူး ဟုတ်လား"

"ဟုတ်ကဲ့"

"ဟကောင်ရ၊ တစ်ယောက်တော့ မဖြစ်မနေ ရွေးရတော့မှာပေါ့ကွ၊ နှစ်ယောက်လုံးကိုမှ ရည်ရွယ်ဖို့ မဖြစ်နိုင်တာ ဟား ဟား ဟား"

ဗသက်က မျက်နှာရဲရဲနှင့် လိုက်ရယ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက တစ်ယောက်ကို နည်းနည်းကလေးတောင် မပို ဘူးလား"

"ကျွန်တော် မသိဘူး အစ်ကိုကြီး"

"အာ ... မင်းကလည်း"

"ကျွန်တော် တကယ်မသိတာ အစ်ကိုကြီး၊ မရွေးတတ်ဘူး ဖြစ်နေတယ်"

"ဘယ်သူပိုလှလဲ"

"တူတူလိုပဲ အစ်ကိုကြီး၊ ဘယ်သူမှ ပိုလှတယ် ပြောမရဘူး"

"မင်းအပေါ်ရော ဘယ်သူက ပိုကောင်းလဲ"

"အတူတူပဲဗျ၊ နှစ်ယောက်လုံးက ဂရုစိုက်ကြပါတယ်"

"ကောင်းကွာ၊ မင်းဟာကလည်း"

"စိတ်ထဲမှာ တစ်ယောက်ကို ရွေးကြည့်တော့ နောက်တစ် ယောက်ကို သနားနေတယ် အစ်ကိုကြီး"

"ခွိ ခွိ"

အမြဲစိမ်းက ရယ်သည်။ ဗသက်က အမြဲစိမ်းကို မျက်လုံးကြီးပြူးပြီး ကြည့်လိုက်ပါသည်။ သူ့စိတ်ထဲက စကား အမှန်တွေပဲလေ။ သူ ဘယ်သူ့ကိုမှ ပိုကြည့်လို့ မရဘူး။ နှစ် ယောက်လုံးကို တစ်မျိုးစီ နှစ်လိုသဘောကျနေသည်။ တစ်ယောက် ကို မရွေးနိုင်ဘဲ ဖြစ်နေသည်။

"မင်းဟာက လွယ်မယောင်နဲ့ခက်ပဲကွ"





"သူတို့ပုံစံကလည်း ကျွန်တော်ပြောရင် လက်ခံမယ့်ပုံက နှစ်ယောက်လုံး ပေါက်နေတော့ ..."

"ခွိ ခွိ"

"မိစိမ်းနော်"

"သမီး နေစမ်း၊ ဒီမှာ ညည်းကိုကြီးဗသက် တကယ့်ကို ကျဉ်းထဲကျပ်ထဲ ဒုက္ခတွေ့နေပုံပဲ"

"အဟိ ... ဟုတ်ကဲ့"

"ဒါပေမဲ့ ဗသက်၊ မင်း ဒီကိစ္စကို အမြန်ဆုံးရှင်းထုတ်ရ မယ်၊ စောနိုင်သမျှ အစောဆုံး အဖြေထွက်ရမယ်"

"ဟုတ်ကဲ့"

"မင်း မဆုံးဖြတ်နိုင်ဘဲ အချိန်ကြာလာလေ ချန်ခဲ့ရမယ့် တစ်ယောက်ကို အားနာဖို့ကောင်းလေပဲလေ၊ မဟုတ်ဘူး လား၊ သူ့ဘက်ကလည်း ကြာလေ မျှော်လင့်ချက်က ပိုပြီး နက်ရှိုင်းလာလေ ဖြစ်မယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"အခုဆိုရင်ပဲကြည့်၊ မင်းရွေးမယ့်တစ်ယောက်နဲ့တန်းတူ မင်းပယ်ခဲ့ရမယ့်တစ်ယောက်ကလည်း နာရီရဲ့တန်ဖိုးငွေ တစ်ဝက် ရင်းနှီးမြှုပ်နှံလိုက်ရပြီ"

"........"

www.burmeseclassic.com



"ဟိုးအစကတည်းက မင်းက တစ်ယောက်ကိုပဲ ရွေးချဉ်းကပ်ခဲ့တာဆိုရင် ကျန်တဲ့တစ်ယောက်က သူ့ကိုမချိန်တာ သိသိကြီးနဲ့ ဘာမှ မျှော်လင့်ချက်ထားနေစရာ အကြောင်းမရှိဘူး၊ ခုတော့ ပုံစံက နှစ်ယောက်လုံးက သူ့ကို ဖြစ်နိုင်သလို ငါ့ကိုလည်း ဖြစ်နိုင်တယ်ဆိုတာ စိတ်ထဲမှာ ကိုယ်စီ မျှော်လင့်ထားနေကြပြီကွ"

"………"

"မင်း မပြတ်သားပဲ တွေဝေနေလေ ရွေးရခက်နေလေ တစ်ယောက်သော မိန်းကလေးကို ဒုက္ခပေးထားရာ ကျလေပဲ၊ ငါပြောတာ နားလည်လား"

"ဟုတ်ကဲ့၊ နားလည်တယ် အစ်ကိုကြီး"

"လုပ်ကွာ … ရွေးကွာ … မြန်မြန်၊ မင်းကိုလည်း မင်္ဂလာလေး ဘာလေး ဆောင်ပေးရအောင်၊ မင်းအသက်လည်း လေးဆယ်နား တဖြည်းဖြည်းနဲ့ ကပ်လာပြီ၊ မနည်းတော့ဘူး"

"ဟုတ်ကဲ့"

"ပြီးတော့ မင်း ဒီမွေးနေ့လက်ဆောင်ပေးတဲ့အတွက်လည်း သူတို့ကို တစ်ခုခုတော့ Treat ပြန်လုပ်လိုက်ဦး၊ ဒင်နာလေး ဘာလေး ကျွေးလိုက်ပါဦး"





"ကျွေးမှာပါ အစ်ကိုကြီး၊ ဒီနေ့ကတော့ အစ်ကိုကြီးသမီးက ကျွန်တော့်ကို တမင်တကာ ဖိုလ်ကျပြီး ချောဆွဲထားတာ၊ ဟိုနှစ်ယောက်နဲ့ မွေးနေ့သစာ ထွက်စားနေမှာစိုးလို့ အိမ်မှာပဲ သူတို့သားအဖနဲ့ ဦးဦးဖျားဖျား စားရမယ်ဆိုတာနဲ့ ကျွန်တော် သူတို့ကို မွေးနေ့မှန်းတောင် မပြောပြထားတာ"

"မင်းတို့မှ အနိုင်ကျင့်တာကို လိုက်နာနေစရာလား၊ အပြင်လူ သူစိမ်းက အရင်ဦးစားပေး ကျွေးမွေးရမှာပေါ့ကွ၊ ငါတို့က မိသားစုတွေပဲ၊ တစ်အိမ်တည်းနေနေတာ၊ နေ့တိုင်းတွေ့နေကြရတာပဲဟာ၊ ဘယ်တော့ကျွေးကျွေးပေါ့၊ ဒီကောင်မလေး မြှောက်ပေးတုန်းကလည်း သူပဲအားလုံးစုံစမ်းပြောပြပြီး တကယ်တမ်းကျတော့ သူ့ထက်ဦးစားပေးသွားမှာ ပြန်တိုနေပြန်ရော၊ သူ့အကြောင်း ငါ ကောင်းကောင်းသိတယ်"

"ဟုတ်တယ် ဖေကြီး"

"ဟုတ်မနေနဲ့၊ ညည်းကိုကြီးဗသက် လူပျိုကြီး ဖြစ်သွားလိမ့်မယ်"

"ဖြစ် ဗရစ်ပေါ့"

"အောင်မယ် … ညည်းတောင် ချစ်သူ မရှာဘဲ အိမ်ထောင်မပြုဘဲ အထီးကျန်ဆန်ဆန် နေနိုင်လို့လား"

"နေနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ်က တိမ်ဝင်သွားသလိုပဲ"

"တကယ်ပြောတာ"

အမြဲစိမ်းက ဟာန်မပျက် ဆက်ပြောနေရပေမယ့် မျက်ဝန်းထဲမတော့ ဇဝေရတ်ကို ဖျတ်ခနဲ မြင်ယောင်လာပါသည်။

"တီ … တီ … တီတီ"

"ဟော … ဖုန်းလာပြီ၊ ခုတလော အစ်ကိုကြီးသမီး ဖုန်းတွေသိပ်ပြောတာ"

ဗသက်က အခွင့်ရတုန်း ဝင်နှိပ်ကွပ်၍ အမြဲစိမ်းက စားပွဲမှ ထ,ထွက်ရင်း …

"ဘာဖြစ်လဲ"

"ကြည့် … အစ်ကိုကြီး၊ အဝေးမှာ တီးတိုးတီးတိုး သွားပြောမယ် သူ"

"ဟား ဟား ဟား"

အမြဲစိမ်းက ဖုန်းကိုဖွင့်ရင်း …

"ဟယ်လို … ဒင်နာရှိတယ်ဆို"

"ပြီးပြီ ခုနပဲ"

"အဆင်ပြေလား"

"မပြေစရာ အကြောင်းမရှိပါဘူး"

"ဟီဟိ … စိတ်တိုနေတယ်"

"ဒါပေါ့၊ မင်းကို လာခဲ့ပါဆိုတာ လာမှမလာတာ"





"အိုး … လာစရာလား၊ စာချုပ်လက်မှတ်ထိုးပွဲ ဒင်နာဆို"

"တချို့ညေ်သည်တွေလည်း ဖိတ်ပါတယ်၊ လူခြောက်ဆယ်လောက် လာမှာပါဆို"

"ကျွန်မက အလုပ်ကိစ္စ သိကျွမ်းခင်မင်သူလည်း မဟုတ်ဘဲနဲ့ ဧည့်သည်တွေထဲမှာ ပြူးပြူးကြီး ထင်းနေမှာပေါ့ ပြီးတော့ အန်ကယ်သော်ကြီးတို့ အန်တီယုတို့လည်း လာမယ့်ဟာ၊ ကျွန်မလာရင် သူတို့က ဘာလာလုပ်တာလဲ၊ တအံ့တသြ ဖြစ်ကြမှာပေါ့"

"ကိုယ်နဲ့ခင်လို့ ဖိတ်လို့လာတာလို့ ပြောပေါ့"

"ဟင့်အင်း … ရှက်တယ်"

"ကိုယ်နဲ့ခင်ရတာ ရှက်စရာလား"

"ကျွန်မက ယောက်ျားလေး အပေါင်းအသင်း မရှိတာ အန်ကယ်သော်ကြီးတို့လည်း သိနေတာ၊ တန်းပြီး တစ်မျိုးထင်မှာပဲ"

"ထင်ပစေပေါ့၊ ကောင်းတာပေါ့"

"ဟွန်း"

"ပြီးတော့ မင်း ကိုယ့်ကို ညာတယ်"

"ဘာညာလို့လဲ"

"ကိုယ်ညာတာ ကိုယ်သိပေါ့"

"ညာမှမညာတာ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က လေ့ကားနှစ်ထစ်ကို ခြေခေါက်လဲပြီး ခြေထောက် လည်းနာနေလို့ မလာချင်တော့တာဆို"

"ဟုတ်တယ်လေ"

"တော့နဲ့ဖြစ်နေတာဆို"

"ဟုတ်တယ်လေ အမှန်ပဲဟာ၊ အဲဒါ ညာတာမှ မဟုတ် တာ"

"မင်း အခု ဘယ်မှာလဲ"

"အိမ်မှာ"

"အိမ်ပြန်ရောက်ပြီပေါ့"

"တစ်နေ့လုံး အိမ်ကနေ တစ်ဖဝါးမှ မခွာတာ"

"ညာတယ်"

"ရှင်နော်၊ ညာလည်းမညာဘဲနဲ့ လူကို"

"မင်းကို ခုနလေးလောက်က တခြားတစ်နေရာမှာ တွေ့ခဲ့ တဲ့လူ ရှိတယ်"

"ဘယ်သူလဲ၊ အံ့သြစရာကြီး၊ လူမှားတာ နေမှာပေါ့"

"မမှားနိုင်ပါဘူး၊ မင်းပါပဲ"

"ရှင် လူကို ဘာတွေလာစွပ်စွဲနေတာလဲ၊ ခုတောင် ခြေ ထောက်နာတုန်းပဲ၊ အိမ်မှာပဲ နေနေတာ၊ ကဲပါ ဘယ်သူက အခြေအမြစ်မရှိ လုမ်းသတင်းမှားပေးထားလဲ ပြောစမ်းပါ ဘယ်မှာတွေ့တာတဲ့လဲ"





"ဟိုးတစ်နေ့က မင်းပဲ ပြောတယ်လေ၊ ဒီစနေက ကိုကြီး ဇသက်မွေးနေ့ဆို၊ မွေးနေ့ပွဲ ရှိတယ်ဆို"

"အင်းလေ"

"အဲဒီ မင်းရဲ့ကိုကြီးဇသက် အိမ်ကို လွန်ခဲ့တဲ့ တစ်နာရီ လောက်က ညွှေ့သည်လာတယ်"

"ဟင် ... မလာပါဘူး"

"ဟော ... အဲဒါ မင်း ဒီလူကြီး ဇသက်ရဲ့အိမ် ရောက် နေလို့ပေါ့"

"အဟိ"

"ရယ်မနေပါနဲ့ကွာ၊ ညာတာပေါ်ပြီ၊ တွေ့လား"

"ဟား ဟား ဟား ... ကိုကြီးဇသက်ဆီ ဘယ်ကညွှေ့သည် လာတာတဲ့လဲ၊ အဲဒီလူတော့ ညာနေပြီ"

"အမျိုးသမီးနှစ်ယောက် မွေးနေ့လက်ဆောင် လာမပေးဘူး လား"

"ဟင်"

အမြဲစိမ်းက အရမ်းလန့်သွားရပါသည်။

"ရှင် ... ရှင် ဘယ်ကသိလဲ"

"ကိုယ် အားလုံးသိတယ်၊ မင်းနဲ့ပတ်သက်တာတွေအပြင် ကိုဇသက်နဲ့ ပတ်သက်တာတွေပါ ရနိုင်သလောက် စုံစမ်း ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က မပိုးတို့ မသိမ့်တို့နဲ့ သိတယ်လား"

"သိတယ်၊ ကဲ ... တွေ့လား၊ မင်း ကိုဗသက်အိမ်မှာ သူ့မွေးနေ့ပွဲကို ရောက်နေတာ ဝန်ခံပြီလား၊ မင်းအဖေပါ ရှိနေပုံရတယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ နည်းနည်းတော့ လွဲနေတယ် ကိုဝေရတ်"

"ဘာလွဲနေလို့လဲ"

"ရှင်အရင် ပြောပြစမ်းပါ၊ ရှင်က မပိုးပုလဲတို့ မသိမ့်သိမ်မွေ့တို့နဲ့ သိတာကြာပြီလားဟင်"

"မကြာသေးပါဘူး"

"ဘယ်တုန်းက ဘယ်လိုသိတာလဲ"

"ကိုယ်အမှန်ဖြေရင် မင်းလည်း ကိုဗသက်နဲ့ပတ်သက်ပြီး အမှန်ဖြေမလား"

အမြဲစိမ်းက ခဏငြိမ်ကာ စဉ်းစားလိုက်ပြီး အပြုံးလေးနှင့် ...

"အင်း ... ဖြေမယ်"

"တကယ်နော်"

"တကယ်"

"ကိုယ်က ပိုးတို့ သိမ့်တို့ကို ကိုဗသက်နဲ့ တွဲတွေ့ဖူးတာ ဒီလူကြီးကို အမြဲစိမ်းနား ကပ်လွန်းလို့ သူ့ကို နည်းနည်း





လိုက် ချက် ကြည့်တာလေ၊ ဒီအမျိုးသမီးနှစ်ယောက်ကို လိုက်လုံးနေတာတွေ့လို့ ဘယ်အမျိုးသမီးနဲ့ ဘယ်အခြေအနေလဲဆိုတာ သိချင်တာနဲ့ သူတို့ကို ကိုယ်ပါရင်းနှီးအောင် လိုက်လုပ်တာ"

"သိတော့ ဘာလုပ်မလို့လဲ"

"မင်းကို သတင်းပေးမှာပေါ့၊ မင်းအဖေ သဘောတူတဲ့လူက မင်းကွယ်ရာမှာ လူရှုပ်ကြီးဆိုတာ"

အမြဲစိမ်းက သက်ပြင်းလေးတစ်ချက်ချရင်း ...

"ရှင်လည်း ထင်ချင်ရာတွေ တစ်ယူသန် ထင်နေတော့တာပဲနော်"

"ဘာတွေလဲ"

"ရှင့်ကို ဒီနေ့ ဒီအချိန်ထိ ကိုကြီးဗသက်က ဖေဖေသဘောတူတဲ့သူပါလို့ လုံးဝမပြောဘူးနော်၊ ရှင့်ဟာရှင် တလွဲထင်နေတာ"

"ဟင် ... ဒါဖြင့် သူက ဘယ်သူလဲ၊ ပြောပါ အမြဲစိမ်း၊ အမှန်တိုင်း ပြောပါ"

"ကိုကြီးဗသက်က ကျွန်မကို မွေးကတည်းက ချီထိန်းလာတာ၊ ကျွန်မက အစ်ကိုကြီးရင်းလို ဦးလေးရင်းလို ချစ်ပေမယ့် အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင်ဘော့ သူက ဖေဖေ့လူယုံ၊ ကျွန်မရဲ့ဘော်ဒီဂတ်အဖြစ် ဖေဖေအနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ထားတဲ့သူပါ၊ သူ့အဖေလက်ထက်ကတည်းက ဆွေမျိုးလို နေခဲ့ကြတာပါ”

“ဟင်”

“ဟုတ်တယ်၊ ကိုကြီးဗသက်က ကျွန်မတို့ခြံထဲမှာပဲ ခြံဆောင့်မှာ တိုက်တင်လုံးနဲ့ သီးသန့်နေတာ၊ ကိုကြီးဗသက် မွေးနေ့လုပ်နေတယ်ဆိုတဲ့ခြံက ရှင်သိထားတဲ့ ကျွန်မတို့ခြံပဲ၊ ကျွန်မ ဘယ်မှမသွားပဲ အိမ်မှာပဲရှိနေတာ၊ မွေးနေ့က အခု ခြံထဲမှာ ဖေဖေနဲ့ပါ သုံးယောက်တည်း စားနေကြတာပါ”





၁၄

ဗသက်မှာ စေ့စပ်ထားတဲ့မိန်းကလေး ရှိတယ်ဆိုတဲ့ အသိအပေါ် ဖိုးလ်ငုပ်သွားကြတဲ့ ပိုးနှင့် သိမ့်တို့နှစ်ယောက်ဟာ နောက်နေ့ သူတို့နှစ်ယောက်လုံးရဲ့ ဆိုင်ပိတ်ရက် တနင်္ဂနွေမှာတော့ သိမ့်ရဲ့အိမ်မှာ အတူချက်ပြုတ်စားကြမယ်ဆိုပြီး အကူနဲ့နေကြပါသည်။

သိမ့်အဖေနဲ့အမေက ဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့နှင့်ပါသွား၍ သိမ့်အိမ်က ပိုပြီးတလွတ်တလပ် ရှိနေကာ သူတို့နှစ်ယောက်အဖို့ ဒီနေ့မတွေ့လို့ မဖြစ်အောင် စိတ်ကတွက တစ်ယောက်ကိုတစ်ယောက် လိုအပ်နေကြပါသည်။

သူတို့နှစ်ယောက်ဟာ တစ်ယောက်မှာ ခံစားရတဲ့ အရေးကြီးတဲ့ မှုခေဖို့ကိစ္စတစ်ခုခု ရှိနေရင် တစ်ယောက်ထံ တင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရောက်လာပြီး ဆုံတွေ့ရင်ဖွင့်မြဲထုံးစံ။ ခုတော့ နှစ်ယောက်စလုံးဟာ ဒီကိစ္စကို စားမြုံ့ပြန်ပြီးဖြစ်နိုင်ချေတွေကို သုံးသပ်ဖို့ ပြောချင်တာတွေပြောဖို့ ရင်ဖွင့်ဖို့ ကောက်ချက်ဆွဲဖို့ လိုအပ်နေပါသည်။

ဒါကြောင့် သိမ့်ကပဲစပြီး ...

"ဟဲ့ ... နက်ဖြန် နင် ငါ့အိမ်လာခဲ့၊ ဖေဖေတို့လည်းမရှိဘူး၊ ဒေါ်ဥကြီးကို နန်းကြီးသုပ် လုပ်ခိုင်းထားမယ်၊ စားရင်းသောက်ရင်း စကားလေး ဘာလေး ပြောရအောင်"

ဆိုသည်နှင့် ပိုးကလည်း ချက်ချင်းပဲ ဒေါက်ခနဲ ဝမ်းသာအားရ သဘောတူလိုက်တာပါ။ ပိုးဟာ သိမ့်အိမ်ကို စောစောကြီးကတည်းက ရောက်နေပြီး မီးဖိုထဲမှာ ဒေါ်ဥကြီးက သူ့ဟာသူ သူ့လက်တိုလက်တောင်း ကောင်မလေး မေရီနှင့် နန်းကြီးသုပ်အတွက် ပြင်ဆင်လုပ်ကိုင်နေချိန်မှာ ပိုးနှင့်သိမ့်က ညှော်ခန်းက ဆိုဖာရှည်တွေမှာ ခြေပစ်လက်ပစ်တွေ နေရာယူကာ မနေ့ကကိစ္စကိုပဲ ပြန်အစဖော် ဝေဖန်ဆွေးနွေးနေပါသည်။

"သူ သက်သက် ငါတို့ကို လာကစားတာပဲ ဖြစ်မယ်ဟာ"

"အေး ... ငါလည်း ဒီလိုပဲ ထင်လာတယ်၊ ဒါပေမဲ့ ခုဟာက ငါတို့ သူနဲ့စကားမပြောရသေးဘူးနော် မိသိမ့်ရဲ့၊ နင့်ကို ဇဝရက်ပြောတဲ့ သတင်းပဲ ရှိသေးတယ်"





"ဇဝရက်ပြောတာတွေက အခု မှန်နေတာပဲဟာ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ငါကတော့ သူနဲ့ထပ်တွေ့ပြီး စကားပြောဖို့ သင့်တယ်လို့ထင်တယ်"

"တွေ့စရာရှိ တွေ့မှာပါ၊ ရုတ်တရက် သူ့ကို မခေါ်သလို မပြောသလို မတွေ့တော့ဘဲတော့ ဘယ်နေပါ့မလဲဟာ၊ ကလေးကလားနဲ့၊ ပြီးတော့ စေ့စပ်ထားတယ်၊ လူကြီးချင်း သဘောတူထားတယ် ဆိုတာတွေက လက်ထပ်ထားတာ မိန်းမရှိတာမှ မဟုတ်တာ"

"အေး ... ဟုတ်တယ်၊ ဒီအရွယ် လွတ်လပ်နေတဲ့ လူတစ်ယောက်ကို ငါတို့က မုဆိုးဖိုလား တစ်ခုလပ်လား၊ ကလေးတွေ ဘာတွေတောင် နောက်ကွယ်မှာ ရှိနေမလား ဆိုတာအထိ စဉ်းစားထားသင့်တယ်"

"ကောင်မလေးအဖေပါ သူနဲ့အတူ ရှိနေတာနော်"

"ဒါ ကောင်မလေးအဖေပါဆိုတာကလည်း ဇဝရက်မမြင်ရဘဲနဲ့ ဖြစ်နိုင်ချေကို ရမ်းပြီးမှတ်ချက်ချတာပဲ ရှိသေးတာပါဟာ"

"ငါထင်တာ လွဲရင်တော့ မသိဘူး၊ ငါတော့ ဒီနေ့ အစ်ကိုကြီး ငါတို့ဆီ ဖုန်းဆက်မယ်လို့ ထင်နေတယ်"

"သေချာတာပေါ့၊ ဘာလွဲစရာရှိလဲ၊ မနေ့က ငါတို့ သူ့ခြံဝရောက်ခဲ့မှန်းလည်း သူ သိနေပြီ၊ မွေးနေ့လက်ဆောင်လည်း ရပြီးနေပြီ၊ သူ ဆက်ကိုဆက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်လည်း ငါက ငါတို့နှစ်ယောက် အတူရှိနေချင်တာလေ၊ ငါ့ဆီ အရင်ဆက်လည်း နင်ပါသိမယ်၊ နင့်ဆီအရင်ဆက်လည်း ငါပါသိမယ်၊ သူ ဘာပြောရင် ဘယ်လိုဆိုတာလဲ ငါတို့နှစ်ယောက် ချက်ချင်းတိုင်ပင်နိုင်တယ်"

"အေး ... ဟုတ်တယ်"

သူတို့မျှော်လင့်စောင့်တနေသော ဗသက်ထံမှ ဆက်သွယ်မှုက အချိန်သိပ်မဆိုင်းဘဲ ရောက်ရှိလာခဲ့ပါသည်။ သူတို့စကားတွေ ပြောလို့မဆုံးခင်မှာပဲ ...

"တူတူ ... တူတူ"

ဖုန်းမြည်သံကြောင့် ဆိုဖာရှည်အသီးသီးမှာ သက်သောင့်သက်သာ မှီမှီပြုပြု ရှိနေကြတဲ့ ပိုးနှင့်သိမ့်ဟာ စားပွဲပေါ်တင်ထားတဲ့ ကိုယ့်ဖုန်းကိုယ် အသီးသီး လှမ်းယူလိုက်ကြပါသည်။ ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်လုံးဟာ တိုက်တိုက်ဆိုင်ဆိုင်ပင် ဗသက်ထံမှဖုန်းခေါ်သံကို ရှင်ဖုန်းရဲ့တယ်လီဖုန်းသီချင်းနှင့် Set လုပ်ထားမိ၍ပင်။

ရှေ့ပိုင်းမှာ တူတူဆိုတဲ့ ဖုန်းခေါ်သံလေး ပြီးတာနှင့် တီးလုံးသံလေးက ဆက်ထွက်လာပြီးသော် ...

"ချမ်းအေးလွန်းတဲ့ မိုးသည်းသောညလေးမှာ
တယ်လီဖုန်းလေး အမှတ်မထင် ထမြည်သွားတယ်
ထူးထူးခြားခြား မင်း ဘယ်သူလဲ မေးစဉ်မှာ
တစ်နေ့နေ့ သိမှာပါ ပြောခဲ့တယ်"





တိုက်တိုက်ဆိုင်ဆိုင် ဖုန်းသံမျှော်တဲ့ သီချင်းလေးကို နှစ်ယောက်ဆင်တူ ထည့်ထားမိ၍ ကိုယ့်ဆီလာတာလို့ ထင်လိုက်ကြတာပါ။ လက်ထဲကို ဖုန်းကိုယ်စီ ရောက်တဲ့အခါ သိမ့်ဖုန်းက မီးမလင်းဘဲ ပိုးရဲ့ဖုန်းကိုဝင်လာတာ ဖြစ်နေပါသည်။ ပိုးကဖုန်းကို စိတ်လှုပ်လှုပ်ရှားရှားနှင့် ဖွင့်လိုက်ချိန်မှာ သိမ့်ကတော့ အောင့်သီးအောင့်သက်နှင့်အနည်းငယ် ဖီလင်အောက်သွားပြီး ဖုန်းကို ပြန်ချထားလိုက်ပါသည်။

"ဟယ်လို"

"ပိုးလား ... ကျွန်တော်ပါ"

"သြော် ... အစ်ကိုကြီး ပြော"

"ပိုးတို့နှစ်ယောက် ညက ခြံရှေ့ရောက်ကြသေးတာပေါ့နော်၊ ကျွန်တော် အားနာလိုက်တာဗျာ၊ နှစ်ယောက်အတူတူ တောင်လာပြီးမှ အထဲဝင်ခဲ့ကြတာ မဟုတ်ဘူးဗျာ"

ပိုးက သိမ့်ကိုကြည့်ရင်း ...

"သြော် ... ဒီလိုပဲ လမ်းကြုံတာနဲ့ ဝင်ပေးလိုက်တာ၊ အစ်ကိုကြီးကလည်း မအားဘူး ပြောထားတာဆိုတော့ မဝင်တော့တာပါ၊ သြော် ... ဒါနဲ့ အခု ပိုးက သိမ့်အိမ်မှာ ရောက်နေတာ အစ်ကိုကြီးရဲ့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆိုင်ပိတ်ရက် သိမ့်အိမ်မှာ နန်းကြီးသုပ် လုပ်စားကြတာလေ အစ်ကိုကြီး၊ အခု နှစ်ယောက်အတူတူထိုင်နေတာ၊ တစ်ခါတည်း စကားပြောလို့ရအောင် ပိုး စပီကာဖွင့်လိုက်မယ်နော် ... သိလား၊ ပြိုင်တူပြောလို့ ရတာပေါ့"

"ဟုတ်လား၊ အင်း ... ဖွင့်လေ"

ပိုးက စပီကာခလုတ်ဖွင့်ပြီး ဖုန်းကို စားပွဲပေါ်တင်ထားလိုက်ပါသည်။

"သိမ့်လည်းရှိတယ် ... ဟုတ်လား"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ညက ဝင်လာကြရောပေါ့ သိမ့်ရာ"

"အစ်ကိုကြီးက မအားဘူး ပြောထားတော့ အနှောင့်အယှက် မပေးချင်တာပါ"

"အနှောင့်အယှက် ဖြစ်စရာ မရှိပါဘူးဗျာ၊ ပြီးတော့ ကျွန်တော်က ပိုးတို့ သိမ့်တို့ ခုလို မွေးနေ့လက်ဆောင်တွေဘာတွေ ပေးမှာစိုးလို့ကို တမင်တကာ မွေးနေ့ကို ပြောပြခဲ့တာပါဗျာ၊ ဘယ်ကများ သိသွားကြတာလဲ"

"တိုက်ဆိုင်မှုလေးတစ်ခုနဲ့ အပြင်တစ်နေရာက သိခွင့်ရလိုက်တယ်ပဲ သဘောထားပါ အစ်ကိုကြီးရယ်"

"အံ့သြစရာကြီးဗျာ၊ ကျွန်တော်က မိတ်ဆွေအပေါင်းအသင်းလည်း သိပ်သိုင်းသိုင်းဝိုင်းဝိုင်း ရှိတာမဟုတ်ဘူး၊ ကျွန်တော့်မွေးနေ့ကိုလည်း သိတဲ့သူ ခပ်ရှားရှားဗျ၊ ဘယ်ကသိလဲဆိုတာ မပြောနိုင်ဘူးလား"

"လူတစ်ယောက်ဆီကပါ၊ သူကလည်း အစ်ကိုကြီးမိတ်ဆွေမဟုတ်ပါဘူး၊ အကြောင်းတိုက်ဆိုင်ပြီး သိထားရုံပါ၊ အဲဒါအရေးမကြီးပါဘူး ထားလိုက်ပါ အစ်ကိုကြီး"

"သိမ်တို့ပေးတဲ့ လက်ဆောင်ပစ္စည်းက တန်ဖိုးကြီးလွန်းတယ်ဗျာ၊ ကျွန်တော် အမျိုးသမီးတွေဆီက အဲသလိုတန်ဖိုးကြီးလက်ဆောင် မလိုချင်ဘူးဗျ၊ဟိုးတစ်ခါကတည်းက ပိုးကလည်း Hair tonic မှာပေး၊ သိမ့်ကလည်းဖိနပ်ပေးနဲ့ အားလည်းနာလို့ လက်ခံထားလိုက်ရတော့လည်းနောက်တစ်မျိုး အားနာရတာနဲ့ မွေးနေ့ကိုပြောကိုမပြတော့တာဗျ"

"ကိစ္စမရှိပါဘူး အစ်ကိုကြီးရာ၊ အမှတ်တရပေါ့"

"အခု အဲဒါ သိမ့်နဲ့ပိုးကို ကျွန်တော် တစ်ခုခုကျွေးချင်လို့မွေးနေ့အတွက်လေ"

"ဩော် ... ထားလိုက်ပါတော့ အစ်ကိုကြီးရယ်"

"အင်းလေ ... အမြဲလည်း ကြုံသလို အစ်ကိုကြီးက လိုက်ကျွေးနေတာပဲဟာ၊ မွေးနေ့အတွက်ဆိုပြီး သတ်သတ်ထပ်ကျွေးမနေပါနဲ့တော့"




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းကျွေးသလို မဟုတ်ဘဲ ဒီတစ်ခါ ကျွန်တော့်အိမ်ကို ဖိတ်ကျွေးချင်တာဗျ"

"........."

သိမ့်ရော ပိုးပါ အသံတိတ်သွားပြီး တစ်ယောက်ကို တစ်ယောက် ဆန္ဒခံယူသော မျက်လုံးများနှင့် ကြည့်လိုက်မိကြပါသည်။ မျက်လုံးအသီးသီးက ကိုဗသက် စကားကို စိတ်ဝင်တစား စိတ်လှုပ်ရှားသွားတဲ့ အရိပ်တွေကို မဖုံးကွယ်နိုင်။

"အိမ်မှာဆိုပေမယ့် ကျွန်တော် ဟိုတယ်ကပဲ မှာကျွေးမှာ ခင်ဗျ"

"သြော် ... ဘယ်ကမှာကျွေးတယ် ဘာညာတွေကအရေးမကြီးပါဘူး အစ်ကိုကြီးရယ်၊ အိမ်မှာကျွေးတယ်ဆိုတော့ အလုပ်တွေ ရှုပ်နေပါဦးမယ်၊ အိမ်သားတွေ ဘာတွေလဲ အနှောင့်အယှက် ဖြစ်နေပါဦးမယ်"

"ဘာမှမဖြစ်ပါဘူး၊ အိမ်မှာ ဒီလိုပဲ ပွဲတစ်ခုခု စီစဉ်ရင် ခြံထဲမှာပဲ ရေကူးကန်ဘေးနားလေးမှာ ပေါ့ပေါ့ပါးပါး စီစဉ်လိုက်တာပါပဲ၊ အပန်းမကြီးပါဘူး၊ ကျွန်တော် စီစဉ်နေကျပါ၊ အခုကလည်း လူများများမှ မဟုတ်တာပဲ"

"ရေကူးကန်ဘေးဆိုလို့ မနေ့က ခြံတံခါးဝကနေ လှမ်းတွေ့လိုက်သေးတယ် အစ်ကိုကြီး၊ ဧည့်သည်ရှိနေတာ နော်၊ အမျိုးသားတစ်ယောက် မိန်းကလေးတစ်ယောက်"





"သြော် ... အဲဒါက ဧည့်သည် မဟုတ်ပါဘူးဗျ၊ အိမ်ရှင်ပါ၊ ကျွန်တော် ပြောဖူးတဲ့ တူမလေးလေ၊ တူမလေးရယ် သူ့အဖေရယ်"

"သြော် ... တူမလေး ... ဟုတ်လား ! "

"ဟုတ်ကဲ့"

"အတူနေတာလား အစ်ကိုကြီး"

"ဟုတ်ကဲ့"

"သူ့အဖေက အစ်ကိုကြီးရဲ့ အစ်ကိုပေါ့"

"ဟုတ်ကဲ့ ... အဲ ... အစ်ကိုဆိုတာထက်ဗျာ ကျေးဇူးရှင်ပါ"

"ဧည့်သည်တွေ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

သိမ့်နှင့် ပိုးက တစ်လှည့်စီ စကားကိုဖြတ်ကာဖြတ်ကာ ဆက်တိုက်မေးနေကြ၍ ဗသက်မှာ ဆက်တိုက်ဖြေနေရပါသည်။ သိမ့်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အကြည့်ချင်း ဆန္ဒခံယူ တိုင်ပင်နေမိကြပါသည်။

"ဒီအစ်ကိုတွေ တူမတွေနဲ့လည်း တွေ့ရတာပေါ့၊ မနက်ဖြန် သိမ့်တို့ ပိုးတို့ ဆိုင်ကပြန်ချိန်ပေါ့၊ ခြောက်နာရီခွဲ ခုနစ်နာရီလောက် အတော်ပါပဲ၊ လာနိုင်မယ် မဟုတ်လား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အစ်ကိုကြီးက ဖိတ်တော့လည်း လာရမှာပေါ့"

"အစ်ကိုကြီး အလုပ်ရှုပ်မှာ စိုးတာပါ"

"ဘာမှမရှုပ်ပါဘူး၊ ပွဲကြီးလမ်းကြီးရယ်လည်း မဟုတ်ပါဘူးဗျာ ... နော်၊ မိသားစု စားတဲ့ပွဲလေးလိုပါပဲ၊ ဟုတ်တယ်မို့လားဗျာ"

"အင်းပါ အစ်ကိုကြီးရဲ့"

"ကျွန်တော် စောင့်နေမယ်၊ ဒါပဲနော်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ဖုန်းကို ပိတ်လိုက်ပြီးနောက် သိမ့်နှင့် ပိုးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြရင်း ...

"အစ်ကိုနဲ့ တူမ ဆိုပါလား"

"အေးလေ ... ဇဝရတ်စကားနဲ့ဗျော့ အရမ်းလွဲနေပြီ"

"ကောင်မလေးနဲ့ ကောင်မလေးအဖေဆိုတာတော့ ဟုတ်နေပြန်တယ်"

"အိုး ... ဘာပဲဖြစ်ဖြစ် နက်ဖြန် ကိုယ့်မျက်စိနဲ့ကိုယ် နီးနီးကပ်ကပ် မြင်ရပြီး၊ ကိုယ့်နားနဲ့ကိုယ် သူတို့ပြောဆိုသမျှကို ဆတ်ဆတ်ကြားရမှာပဲလေ"





နှစ်ယောက်လုံးဟာ ဗသက်ရဲ့အိမ်ကို ရောက်ရတော့မည့် အဖြစ်အတွက် ကိုယ်စီစိတ်တွေလှုပ်ရှားနေမိကြပါသည်။ အဲဒီနေ့အဖို့ နန်းကြီးသုပ်တောင် အားရပါးရ မစားနိုင်၊ တခြားအကြောင်းအရာလည်း စကားမစနိုင်အောင် နောက်တစ်နေ့ကို ဗသက်အိမ်ရောက်ဖို့ ကိစ္စကိုပဲ စိတ်လှုပ်ရှားစွာ တွေးနေမိတော့တာပါ။

❤ ✌ ❤

ရွေးလိုက်ရတဲ့အင်္ကျီ။ လေ့ကျင့်လိုက်ရတဲ့ ဟန်မူရာ၊ ပြင်ဆင်ခြယ်သလိုက်ရတဲ့ သင့်တင့်လျောက်ပတ်ဖွယ်ရာ။ ဒီနေ့က တကယ်တော့ ဗသက်တစ်ယောက်တည်းက ဖိတ်တာလိုမဟုတ်ဘဲ သူ့အစ်ကို သူ့တူမတွေနဲ့ပါ တွေ့ဆုံရမှာ။ အလည်အပတ်သွားတာထက်ကို အင်တာဗျူးသွားဝင်ရမယ့် သဘောမျိုးကိုလည်းဆောင်သည်။

ဗသက်နဲ့ ရေရှည်ဆက်ဆံလက်တွဲသွားနိုင်ဖို့မှာ သူ့ဆွေမျိုးသားချင်းကလည်း တစ်စိတ်တစ်ဒေသ အရေးပါတာပင်။ ဗသက်မှာ မိဘတွေ ကွယ်လွန်ပြီလို့ သိထားတဲ့အတွက် ယောက္ခမလောင်းဆိုတာ မရှိတာကပင် အတော်ဇယားရှင်းလှပြီ။ ဗသက်အလွန်ချစ်မြတ်နိုးပါတယ်လို့ သိထားရတဲ့ သူ့တူမချောကိုလည်း မျက်နှာရအောင် ဆက်ဆံရမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာ မယှဉ်ရ မပြိုင်ရတဲ့ ပိုးနှင့်သိမ့် နှစ်ယောက်သား အကြိတ်အနယ် ပြိုင်ပွဲဝင်ရမည့်အရေးပါသော နေ့တစ်နေ့ဖြစ်ပေသည်။

ပိုးရဲ့အိမ်က ဇသက်အိမ်နှင့် ပိုနီးတာမို့ သိမ့်က အိမ်ကကားနှင့် ထွက်လာပြီး ပိုးကိုဝင်ခေါ်ကာ သွားကြမည်ဖြစ်သည်။ တစ်ယောက်စီသွားနေရင် တစ်ယောက်ယောက်ကအရင် ရောက်နှင့်ကာ အမှတ်တွေ သယ်ယူထားမည်ကို ဘယ်သူကမှ မလိုလား။ ပြိုင်တူသာ ရောက်ချင်သည်။

သိမ့် ကားရပ်လိုက်လျှင် ပိုးက အဆင်သင့် တက် ထိုင်လာပါသည်။

"နောက်ကျလိုက်တာဟယ်၊ ပြီးနေတာ ကြာလှပြီ"

"အံမယ် ... နင်က အိမ်ကနေ ကြော့ကြော့လေး ထိုင်စောင့် ရတာ၊ ငါက ဒီလောက်ကျပ်တဲ့ မီးပွိုင့်တွေကို ဖြတ်လာရ တာ၊ နင့်ထက် မိနစ်နှစ်ဆယ်စော အိမ်ကထွက်ရတယ် ကားမောင်းချိန် ယူရသေးတယ်၊ နင့်ဟာနင် ပြီးနေတာကြာ ကြာ၊ ဘာမှမတတ်နိုင်ဘူးနော်၊ ဒါ ငါရောက်နိုင်တဲ့အထဲ မှာ အစောဆုံးပဲ"

"အမယ်လေး ... ဘုရား ... ဘုရား၊ တစ်ခွန်းလောက် အပြစ်တင်မိပါတယ်၊ မရပ်မနား ခုခံချေပတော့တာပဲ စိတ်လျှော့ သိမ့်၊ နင့်စိတ်တွေ လှုပ်ရှားနေတယ်"





"အိုး ဟိုး ... မှားနေပြီ မိပိုး၊ နင်သာ ရောက်ချင်စောတွေ စိတ်စောပြီး ငါ့ကို နောက်ကျတယ်ထင်နေတာလေ ဟား ဟား၊ မရှိလို့လုပ်စားတာ ဖြည်းဖြည်းပေါ့ဟယ်"

"ဟွန်း"

ထို့နောက် ထုံးစံအတိုင်း တစ်ယောက်နှင့်တစ်ယောက် အကဲခတ်ကြရပါသည်။ အကဲခတ်ပြီးနောက်တော့ နှစ်ယောက်သား ဟာ တဟိဟိ တခွိခွိမှသည် ဝါးလုံးကွဲအထိ ရယ်ချလိုက်မိကြ ပါတော့သည်။

"ဟား ဟား ဟား ... မြွေမ"

"နင်သာမြွေမ ... ငါ့ခြေမြင်နေတာ"

"ငါက လင်းမြွေလေးပါဟယ်၊ နင်က မြွေပွေးမ"

"ဘာ ... ဘာကြောင့်လဲ"

"အဆိပ်ပြင်းလို့"

"ငါက ဘာကိစ္စ အဆိပ်ပြင်းသွားရပြန်တာလဲ"

"လည်ပင်းကြီး ဟိုက်နေလို့လေ၊ မသိမသာလေးတော့ မပေါ့တပေါ်လေး ကလူ၏သို့ မြူ၏သို့ လုပ်ချင်သေးတာ မဟုတ်လား မြွေပွေးမရဲ့"

"တကယ်တော့ နင်လည်း စိတ်ထဲမှာ ငါလည်းနည်းနည်း တော့ ဟိုက်ခဲ့ဖြစ်ခဲ့ရင် ကောင်းသားလို့ ကျိတ်ဆွေးနေပြီ မဟုတ်လား၊ လင်းမြွေရောင်ဆောင်သော မြွေဟောက်မရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ငါက ဏ္ဍမြွေရရလေးပဲ၊ နင်က ဏ္ဍမြွေတစ်ဝက်၊ ကလက်တစ်ဝက်"

"တော်ဟာ နားငြီးတယ်၊ ကားမောင်းနေတယ်နော်"

ပိုးနှင့်သိမ့်ဟာ နှစ်ယောက်လုံး အပြိုင်အဆိုင် မြန်မာဆန်ဆန်လေးတွေ ဆင်ယင်လာကြတာ ဖြစ်ပါသည်။ မတိုင်ပင်ရပါပဲ အင်္ကျီထဘီချပ်ချပ်ရပ်ရပ်လေးတွေ ဝတ်ဆင်ကာ ဗသက်ရဲ့ အစ်ကိုနဲ့ တူမရှေ့ ဏ္ဍမြွေရရလေး အမှတ်သဲ့ဖို့ပင်။ သို့ပေမဲ့ အင်္ကျီကတော့ ပိုးက လည်ပင်းတိ စေ့စေ့လေးဖြစ်လျက် သိမ့်ရဲ့ အင်္ကျီဇိပုံအဟိုက်က ရပ်မဆိုးလွန်းသော်လည်း အတော်လေးတော့ ခပ်နိမ့်နိမ့် ဖောက်ထားတာ။

ဟွန်း ... ဒီမိန်းမကတော့ နည်းနည်းကလေးတော့ စွကွန့်လေး ကွန့်လိုက်ရမှလို့ ပိုးက မကျေမချမ်း တွေးနေသည်။ သိမ့်ကလည်း သူကဖြင့် အပေါ်ပိုင်းမရှိ ပြားချပ်ချပ်နဲ့ အင်္ကျီဟိုက်လို့မှ မလှတာ ဘယ်ဟိုက်ပါ့မလဲလို့ နှိမ်တွေးလေး တွေးနေပါသည်။

ဒီလိုနှင့် ခမ်းကြီးနားကြီး နိုင်လှသော ဗသက်ရဲ့ ခြံဝင်းကြီးထဲသို့ အသင့်ပွင့်ဟသော ခြံတံခါးဝမှ ခြံဂိတ်စောင့်ရဲ့ ဦးညွှတ်ဆလံသမှုကို ခံယူကာ ဝင်လာခဲ့ပြီးတဲ့ နောက်မှာတော့ ပိုးနှင့်သိမ့်တို့ဟာ နန်းတော်တမျှဟိန်းတဲ့ အိမ်ကြီးရဲ့ဧည့်ခန်းထဲ ဝင်မထိုင်ရပါ။ ရေကူးကန်နံဘေး အသင့်ခင်းကျင်းထားတဲ့ စားပွဲကုလားထိုင်ဖြူဖြူကလေးတွေမှာ နေရာယူလိုက်ကြရပါသည်။





"သိမ့် ထိုင်ပါ၊ ပိုး ထိုင်ပါခင်ဗျာ"

ဗသက် ခမျာ ပျာယာခတ်နေပါသည်။ နောက်နားက စားပွဲရှည်မှာတော့ ဟိုတယ်စတိုင် ခင်းကျင်းထားတဲ့ စတီးအုပ်လုံးလုံးကြီးတွေ ခုနစ်ခု ရှစ်ခုထဲမှာ ဘူဖေးယူစားနိုင်ဖို့ ဟင်းပွဲတွေ လုပ်စွာထည့်သိထားသည်။ ဖျော်ရည်ဖန်ချိုင့် သစ်သီးပွဲ၊ ပူတင်း ကော်ဖီတွေပါ စုံနေပါသည်။

နဂိုကတည်းက အစားအသောက် ဝါသနာခပ်ပါးပါး သိမ့်နှင့် ပိုးဟာ မွှေးပျံ့လှတဲ့ ဟိုတယ်စာဟင်းလျာတို့ရဲ့ ရနံ့ကို ရှူရှိုက်ရင်း နေရာယူကြရပါသည်။ ဗသက်က အနားမှာရှိနေတဲ့ ချစ်စရာကောင်းလှတဲ့ မိန်းကလေးငယ်လေးကို ခေါင်းတစ်ချက် အုပ်ကိုင်လှုပ်ခါရင်း ချစ်စနိုးနှင့် ...

"ဒါ ကျွန်တော်ပြောနေကျ တူမလေး အမြဲစိမ်းပါ၊ ဟဲ့ ... ဒါက ..."

"အမယ် ... သိပြီးသားပါနော်၊ မမပိုးနဲ့ မမသိမ့်က အရမ်းလှတာပဲ၊ တကယ်တော့ '......'စတိတ်ရှိုးမှာ မမပိုးနဲ့ မမသိမ့်ကို ကိုကြီးဗသက် လှမ်းရိုက်နေကတည်းက သမီးက အဲဒါဘယ်သူတွေပါဆိုပြီး သူ့ကို ပြောပြပေးရတာ အပင်း ဟင်း၊ သမီးက မမပိုးဆိုင်မှာလည်း ပြင်ဖူးတယ်၊ မမသိမ့်ဆိုင်မှာလည်း ဝယ်ဖူးတယ်လေ၊ ကိုကြီးဗသက်တို့ များ အပေါင်းအသင်းရွေးတာ တော်မှတော်"



www.burmeseclassic.com

www.burmeseclassic.com



တူမသာဆိုတယ် ကိုကြီးဗသက်လို့သာ ဝေဝေဆာဆာထည့်သုံးသွားတဲ့ မြင့်မားသားနားလှပုံ ပေါက်နေတဲ့ မိန်းကလေးရဲ့ ပေါ့ပေါ့ပါးပါးအလှဟာ အထူးခြွယ်သ ပြင်ဆင်လာတဲ့ ပိုးနဲ့သိမ့်ရဲ့ အရောင်အဝါကိုပင် လွှမ်းခြုံဖုံးအုပ်လိုက်သလိုပင်။

"အစ်ကိုကြီးလည်း လာပါလိမ့်မယ်၊ ကားသံကြားရင် ဆင်းလာမှာတဲ့၊ ဟော ... ဟိုမှာတောင် လာနေပြီ"

သိမ့်တို့ ပိုးတို့က အိမ်ကြီးဘက်ဆီက ရွှင်ရွှင်မြူးမြူး လှမ်းလာနေတဲ့ ဖြူဖြူပြည့်ပြည့် ဂျပန်ကြီးတစ်ယောက်နှင့် တူသော လူကြီးကို ထိုင်မည်ပြုပြီးမှ မတ်တတ်ရပ်နှုတ်ဆက်လိုက်ရပါသည်။ စိတ်က အလိုလို မတ်တတ်ပြန်ရပ်ချင်အောင်လည်း ဒီလူကြီးရဲ့အရှိန်အဝါက တောက်ကြွားလင်းလက်လွန်းလှတာပါ။

"ထိုင်ပါဗျ ... ထိုင်ပါ၊ မနေ့က ဗသက်ကို တစ်ခါတည်း မဖိတ်ထားရကောင်းလား အပြစ်တင်နေတာ၊ ဗသက်က ဒီလိုပဲဗျ ရိုးတယ်၊ အားနာတတ်တယ်၊ ကျွန်တော့်ညီ အတွေ့အကြုံလည်း မရှိရှာဘူးဗျ ... ဟား ဟား၊ သူ့အမျိုးသမီးမိတ်ဆွေတွေဆိုတာနဲ့ ကျွန်တော်တောင် အံ့သြသွားတယ်၊ ဒါကြောင့် တွေ့ဆုံကြရမယ့်သူတွေပဲလို့ နားလည်လိုက်တာပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

"အစ်ကိုကြီး ဒါက သိမ့်သိမ်မွေ့၊ ဒါက ပိုးပုလဲပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ သမီးလည်း ပြောပြပြီးပါပြီဗျ"





"သိမ့် ... ပိုး ... ဒါကတော့ ကျွန်တော့်အစ်ကိုကြီးဆိုလည်း မမှား၊ ကျေးဇူးရှင်လည်းဖြစ်တဲ့ SM ထရိတ်ဒင်းရဲ့ ဥက္ကဋ္ဌ ဦးစိုးမိုးပါ"

သိမ့်နှင့် ပိုးက ခေတ္တမျှ ကြောင်အမ်းသွားပါသည်။ SM ထရိတ်ဒင်းရဲ့ဥက္ကဋ္ဌ။ ဒီအသံကို ပြန်စဉ်းစား ခွဲခြားစိတ်ဖြာနေမိကြသည်။ စားပွဲမှာ အားလုံး နေရာယူထိုင်လိုက်ကြတဲ့အခါ စားပွဲထိုးပြီး Serve လုပ်ပေးမည့် ကောင်ကလေးက ဖျော်ရည်အေးဆွဲ လိုက်ချပေးလိုက်ပါသည်။

"ဝင်ပါ ထွက်ပါ ခင်မင်ပါဗျာ၊ ဗသက် မိတ်ဆွေတွေဆိုတော့ ကျွန်တော့်သမီးအတွက်လည်း အဒေါ်တွေလို အစ်မတွေလိုပဲပေါ့၊ သမီးက ဗသက်ကို သိပ်ချစ်တာလေ၊ မွေးကတည်းက ဗသက်လက်ပေါ်ပဲ ကြီးရတာလေ၊ ကျွန်တော်က အလုပ်ကများ၊ သမီးရဲ့အမေက ကျန်းမာရေးချူချာ၊ အစစအရာရာ ဗသက်ပဲ လူပျိုလေးတန်မယ့် စီမံခန့်ခွဲကြည့်ရှုထိန်းသိမ်းရတာ ...

လူတိုင်းကို ကျွန်တော် ပြောတယ်၊ ခုလိုကျွန်တော့်စီးပွားရေးတွေ တရိပ်ရိပ် တရှိန်ထိုး အောင်မြင်နေတယ်ဆိုတာဟာ ကျွန်တော် တော်လွန်းလို့ချည်း မဟုတ်ဘူးဗျ၊ လူတစ်ယောက်က စီးပွားရှာတာ ဘယ်လောက်တော်တော် နောက်ကွယ်မှာ နောက်ကြောင်းမအေးရင် စိတ်မဖြောင့်ရရင် ရှေ့မှာ စိတ်မနှစ်နိုင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဗသက်ကြောင့် ကျွန်တော် အိမ်ကိစ္စ သမီးကိစ္စ လူမှုရေး သာရေး နာရေး ဘာတစ်ခုမှ လှည့်မကြည့်ရဘူးဗျာ၊ သမီးကို စောင့်ရှောက်တာလည်း ဗသက်။ တစ်အိမ်လုံးစားရေးသောက်ရေး မီးဖိုချောင်ကအစ ငွေကိုင်စီမံခန့်ခွဲရတာလည်း ဗသက်၊ ကျန်းမာရေး ဖျားရေး နာရေး အစစအရာရာပါ ခြုံကြီး ဒီလောက် ပန်းတွေဝေဆာလှပနေတာ အိမ်ထဲဝင်လိုက်လည်း အပြစ်ဆိုစရာ တစ်ချက်မရှိအောင် ထောင့်စေ့ စီမံခန့်ခွဲထားတာ အားလုံး ဗသက်ပဲ ...

ခုလို ကျွေးတာ မွေးတာ ဒင်နာစီစဉ်တာမျိုးဆိုရင်တော့ ဘယ် ဒီလိုလေး,ငါးယောက်ဟုတ်မလဲ၊ လူရာချီပြီး ပါတီပေးလည်းပဲ တစ်ချက်လေး မလစ်ဟာရအောင် ဗသက် စီမံသွားတာ၊ ဘာဆိုဘာမှ လှည့်မကြည့်ရပဲ အားလုံးစိတ်ချလက်ချ မျက်နှာလွှဲရတဲ့ လူယုံပါပဲ၊ သူ့အဖေလက်ထက်ကတည်းကပဲဗျ၊ ဦးလေးကျော်လည်း သိပ်တော်တာ ကျွန်တော့်အဖေ မျက်နှာလွှဲခဲ့ရတယ်လေ ...

အဲဒါကြောင့်လည်း ဆွေမျိုးရင်းချာလို့ပဲ ကျွန်တော်က သတ်မှတ်ထားတယ်။ တခြားလည်း ဘယ်မှသွားခွင့်ပေးမနေတော့ဘူး ခြံထဲမှာပဲ အတူထားတယ်၊ ဟိုတိုက်က ဗသက်တိုက်ပေါ့၊ သူနေတာ၊ မင်းနော်လို့ အိမ်ထောင်ကျ





ပြီးလည်း မိသားစုပဲလို့ ကြိုပြောထားရတယ်၊ ညီရင်းလို ချစ်ပေမယ့် တကယ်တမ်းတော့ ကျွန်တော့်ရပ်တည်နိုင်မှုဟာ ဗသက်ကျေးဇူးမကင်းလို့ ကျေးဇူးရှင်တစ်ပိုင်းအဖြစ် သတ်မှတ်ထားတာပါ"

ဦးစိုးမိုး စကားတွေက ရင်ထဲကမေတ္တာစေတနာ ချစ်ခင်ရင်းနှီးမှုတို့ ပေါ်လွင်ထင်ဟပ်လွန်းပါသည်။ သိမ့်နှင့်ပိုးတို့ဟာ စကားရေယာဉ်ကြောမှာ အံ့သြခြင်းကြီးစွာ ပါးစပ်အဟောင်းသား။ ဗသက်ကတော့ မျက်နှာများပင် ရဲတက်လာပြီး ...

"အစ်ကိုကြီးကလည်းဗျာ၊ အစ်ကိုကြီးကသာ ကျွန်တော့်ကျေးဇူးရှင်ပါ၊ ကျွန်တော်က ဘာကျေးဇူးရှိတာမို့လဲ၊ မချီးမွမ်းပါနဲ့ဗျာ"

"ဟကောင်ရ ... မင်းကျေးဇူးတွေ ခုနကပဲ ပြောသွားတာတွေပေါ့၊ တွေ့လား ... ချီးမွမ်းရင်လည်း ရှက်နေတာ၊ ကျွန်တော့်ညီ လူရိုးပါ၊ အမျိုးသမီးဆို လုံးဝမပတ်သက်တတ်တာ၊ ဒီသမီးကိုပဲ သူပဲ ကလေးအဖေတစ်ယောက်လို စောင့်ရှောက်တာ၊ ဟောဒီက ပိုးတို့ သိမ့်တို့ကျမှပဲ ပထမဆုံး သူ ခင်မင်ရင်းနှီးတာ၊ ဂုဏ်ယူပါတယ်ဗျာ၊ ဝင်ပါထွက်ပါ၊ မိသားစုတွေ ဖြစ်ချင်လည်း ဖြစ်လာမှာနော ... ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်နှင့် ပိုးသည် ပါးစပ်အဟောင်းသား ဖြစ်နေရာမှ တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲကြည့်မိကာ ပျာပျာသလဲ အလုအယက်ပင်။

"ဟာ ... ကျွန်မတို့က ကိုဗသက်နဲ့ ရိုးရိုးခင်မင်နေကြတာပါရှင့်"

"ဟုတ်ပါတယ်၊ သာမန်မိတ်ဆွေတွေပါ ဦးစိုးမိုး၊ ဟိုလို မိသားစုဝင် ဖြစ်လာမယ့်သဘော မဟုတ်ပါဘူးရှင့်"

"ဆောရီးပါဗျာ၊ အစ်ကိုလုပ်သူက အသားယူပြောလိုက်တာ မဟုတ်ပါဘူး၊ ဖြစ်စေချင်တာလေးကို ရင်းရင်းနှီးနှီး ကျီစယ်တာပါ၊ ကဲ ... စားကြပါဗျာ၊ သုံးဆောင်ပါ၊ ဗသက် ... ညှော်ခံလေကွာ နှုတ်နည်းလိုက်တာ"

"ပိုး ... သိမ့် စားပွဲမှာသွားခပ်ယူရအောင်၊ ကျွန်တော်ခပ်ပေးရမလားခင်ဗျ"

"အင် ... ရ ... ရပါတယ် ကိုဗသက်"

"နေပါစေ၊ ကိုယ့်ဟာကိုယ်ပဲ ထခပ်ပါ့မယ် ကိုဗသက်"

ကိုယ်နဲ့ပိုရင်းနှီးတယ်လို့ မြင်သွားမှာ စိုးရွံ့စိတ်နှင့် နှစ်ယောက်သားဟာ စကားတွေတောင် နည်းနေကြရပါသည်။ ရင်ထဲမှာ ဝမ်းနည်းသွားသလိုလို။ ဆုံးရှုံးမှုကြီးတစ်ခုခု ကြုံကြိုက်လိုက်ရသလိုလို လစ်ဟာတစ်ဆို့ပြီး မွန်ထူနာကျင်နေမိကြပါသည်။





ဦးစိုးမိုး စကားထဲမှာ ဗသက်ဟာ ဘာဆိုတာ ကွင်းကွင်းကွက်ကွက် မြင်သာပြီလေ။ သူက ချစ်ခင်မြတ်နိုးစွာ အမွှန်းတင် ပြောသွားပေမယ့် လူယုံတပည့်က လူယုံတပည့်ပဲပေါ့။ သားအဖနှစ်ယောက်လုံးက ဗသက် ညှော်သည်တွေနဲ့အတူ လက်ဆုံစားတဲ့အထိ ချစ်ခင်မြှောက်စားထားလို့လည်း သူ့ပုံစံဟာန်ပန်ကပါ တပည့်နဲ့မတူတော့တာ။ သုံးစွဲနိုင်တော့ လူကလည်း ပြောင်ရောင်ပေတာကိုး။

ထိုနေ့ည ဒင်နာလေးမှာ ဦးစိုးမိုး အသံချည်းပင်။ သူတို့ကတော့ ဒီအမျိုးသမီးနှစ်ယောက် ရှိန်နေတာ ရက်နေတာ ထင်မလားပင်။ ဗသက်ကလည်း အရိုးခံနှင့် ရွှင်ရွှင်ပျပျသာ။ မရွှင်ပျနိုင်တာ သိမ့်နှင့် ပိုး။ ရက်သလိုလို ငုပ်သလိုလို။ အောင်သီးအောင်သက်နှင့် အပြန်လမ်း ကားပေါ်မှာလည်း စကားတစ်လုံးမှ မပြောဖြစ်ကြ။ ဗသက်ထံမှ တဖြည်းဖြည်း ခြေလှမ်းလေးတွေရတ်ကာ ခွာကာ အလှမ်းကွာပစ်ဖို့ ကိုယ်စီဆုံးဖြတ်လာခဲ့ကြပါသည်။

❤ ✿ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"ဟယ်လို ... အမိန့်ရှိပါခင်ဗျာ"

"ဩော် ... ကိုဇေရတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"ကျွန်မ ပိုးပုလဲပါ၊ မှတ်မိလား မသိဘူး"

"ဩော် ... ပိုး၊ မမှတ်မိစရာလားဗျာ၊ နံပါတ်မကြည့်လိုက်မိဘူး၊ ပိုး ဖုန်းနံပါတ်လည်း ကျွန်တော် သိထားပါတယ်၊ ပြော ပိုး၊ ဘာကူညီရမလဲ"

အမယ်လေး ... ပိုင်နိုင်လိုက်တာ။ အသံကိုက Confidence ပြည့်ဝလိုက်တာ။ အထက်စီးအမြင့်က တကယ်ကျလာတဲ့လေသံ ပီသလိုက်တာ။

"ဩော် ... အကူညီတောင်းဖို့ဆက်တာ မဟုတ်ပါဘူး ကိုဇေရတ်ရယ်၊ နောက်ဆုံး ကားဘီးလဲပေးလိုက်ကတည်း





က ဒုက္ခရောက်တုန်း သိကြားမင်းလို ပေါ်လာပြီး ကူညီပေးတဲ့အတွက် ကျေးဇူးရှင်လို သတ်မှတ်ပြီး ခင်မင်လိုက်ပြီမဟုတ်လား၊ ဒါကြောင့် ကိုယ့်မိတ်ဆွေကို သတင်းဦးသတင်းထူးလေး ပေးချင်လာပါ"

"ဟုတ်လား၊ ပြောပါဦး၊ ဘာသတင်းများပါလိမ့်"

"ဩော် ... ကိုဇေရတ်က ကိုဗသက်နဲ့ ဘယ်လိုပတ်သက်လဲ ပိုးတို့မသိပေမယ့် တစ်နည်းနည်းတော့ အဆက်အစပ်ရှိတယ်မို့လား၊ လိုသော်ရှိ မလိုသော်ရှိ သတင်းမှားကြီး သိထားတဲ့အစား အမှန်သိရအောင်ပါ"

"ဟုတ်ကဲ့"

"ဟိုတစ်နေ့ကလေ ကိုဇေရတ်က ကိုဗသက်နဲ့ စေ့စပ်ထားတဲ့ လူကြီးသဘောတူထားတဲ့ မိန်းကလေးလို့ ထင်နေတာလေ၊ အဲဒါ အဲလိုမဟုတ်ဘူးရှင့်"

ဇေရတ်က ပြုံးလိုက်မိရင်း ...

"ဩော် ... ဟုတ်လား ခင်ဗျ"

"အဲဒီကလေးမလေးက သူ့တူမလိုနေတာပါ၊ သူ့ဧည့်ဦးစိုးမိုးသမီးလေ၊ အမြဲစိမ်းတဲ့"

"ဩော် ... ဟုတ်လားခင်ဗျ၊ ဘာရယ်မဟုတ်ပါဘူး၊ ကျွန်တော်ကလည်း ကြားဖူးနားဝသတင်းလေး ပေးမိတာပါ၊ အမှန်သိလိုက်ရတော့ ကောင်းတာပေါ့ဗျာ၊ ကျေးဇူးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုဇေရတ်လည်း အားရင် ဆိုင်ဘက်လာဦးလေ၊ ကိုယ့်ကိုလည်း ကျေးဇူးပြုဖူးပြီဆိုတော့ ပိုးလည်း ဒီတစ်ခါ ကိုဇေရတ် ဆန္ဒရှိရင် ပိုးကိုယ်ကိုင် မျက်နှာလေး ဘာလေး စကရပ်ဘက်လုပ်ပေးဦးမလားလို့ပါ ... ဟင်း ဟင်း ဟင်း”

“ကျေးဇူးပါပဲဗျာ၊ အားရင် လာခဲ့ပါ့မယ်”

“ဒါပဲနော် ကိုဇေရတ် ... ဘိုင့်ဘိုင်”

ဇေရတ်က ဖုန်းကိုဆက်ကိုင်ထားမိရင်း အပြုံးနှင့် မျက်မှောင်ကုတ်ကုတ် စဉ်းစားနေမိပါသည်။ သူက ဒီကိစ္စကို ကိုဇသက် မွေးနေ့ညကပင် အမြဲစိမ်းထံမှ သိရပြီးကာ နောက်တစ်ရက်မှာတော့ အတိအလင်း အဖြေမရသေးတာတောင် အမြဲစိမ်းနှင့် အခြေအနေကတစ်ဆင့်တောင် တက်ခဲ့ပါပြီ။

“တီ တီ”

“ဟယ်လို”

“ကိုဇေရတ်လား မသိဘူး၊ ကျွန်မသိမ့်ပါ သိမ့်သိမ်မွေ့ပါရှင့်”

ဇေရတ်က မျက်ခုံးပင့်တက်ကာ တအံ့တဩဖြစ်ရင်း ...

“ဩော် ... ဟုတ်ကဲ့ သိမ့်၊ ကျွန်တော် ဘာများကူညီရမလဲဗျာ”

“မကူညီရပါဘူးရှင်၊ လူကို အကူအညီတောင်းဖို့ပဲ ဖုန်းဆက်တယ်ထင်နေလား မသိပါဘူး၊ ကိုယ့်ကို ကူညီထားတဲ့





သူမို့ မိတ်ဆွေသဘောနဲ့ ဆက်တာပါ၊ ဘာအကူအညီမှ ထပ်မတောင်းပါဘူးနော်၊ ကြောက်မနေပါနဲ့”

“မဟုတ်ရပါဘူးဗျာ၊ လိုအပ်ရင် ကူညီဖို့အသင့် ရှိတဲ့သူပါ”

“ဟိုတစ်ခါ ဆိုင်မှာ ရှူး ဝယ်နိုင်ရက်သားနဲ့ မဝယ်နိုင်ချင်ယောင်ဆောင်သွားတဲ့ အိတ်လေး၊ အဲဒီ Brand တွေ ထပ်ရောက်လာလို့၊ ကိုယ့်မိတ်ဆွေကြီး ရုံးအိတ်တွေ ရွေးချယ်လို့ရအောင် ဦးဦးဖျားဖျား ဆက်လိုက်တာပါနော်”

“ဩော် ... ကျေးဇူးပါပဲဗျာ၊ လာကြည့်ပါဦးမယ်”

“ပြီးတော့လေ ရှင် အသိလွဲနေတဲ့ သတင်းလေးတစ်ခုလည်း အမှားပြင်ပေးစရာရှိလို့ရှင့်”

ဇေရတ်က ပြုံးရင်း ...

“ဟုတ်ကဲ့ ပြင်ပါဗျာ”

“ဟိုတစ်နေ့ကလေ ... ကိုဇသက်ရဲ့ ...”

“... ... ...”

“အဲဒါ တကယ်တော့လေ ...”

“... ... ...”

“... ... ...”

“... ... ...”

“... ... ...”

“... ... ...”



www.burmeseclassic.com

www.burmeseclassic.com



၁၆

“ဟဲ့ ... မိန်းမ၊ ငါသိပြီးပြီနော်၊ နင် ကိုဝေရတ်ဆီ ဖုန်းစဆက်ပြီး ကြူနေတာ”

“အောင်မာ ... နင်လည်းဖုန်းဆက်ပြီး နွဲ့နေတာ ငါလည်း သတင်းရပြီးပြီ၊ လုပ်မနေနဲ့”

“မြွေမ”

“နင်သာမြွေမ”

“... ... ...”

လမင်းမိုမို

BURMESE CLASSIC

www.burmeseclassic.com